7Day Daily သတင်းစာ ပိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၂မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
LIVES BRILLIANTLY

အတွဲ(၁၂)၊ အမှတ်(၁၉) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူး ။ (ဇူလိုင် ၁၇ ။ ၂၀၁၃)



ပြည်သူ့လွှတ်တော်အစည်းအဝေးတက်ရောက်နေသည့် လွှတ်တော်ကိုယ်စားလှယ်များ

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# လွှတ်တော်အမတ်များရဲရင့်ပါ

ဉက္ကာကိုကို၊ အိဖြူလွင်

လွှတ်တော်ကိုယ်စားလှယ်များ၏ အဆုံးအဖြတ်ရယူရန် မဲခွဲဆုံးဖြတ်သည့်အခါ မည်သည့်စနစ်ဖြင့် မဲခွဲဆုံးဖြတ်သည်ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိယုံကြည်ချက်အတိုင်း ပြည်သူ့မျက်နှာသာကြည့်၍ ရဲရဲဝံ့ဝံ့မဲပေးနိုင်ရန် လိုအပ်လာပါပြီ။

စာ(၈)သို့



## ‘စိတ်ရှည်ရှည်နဲ့ ညှိနှိုင်းတတ်တဲ့ အလေ့အကျင့်ရှိဖို့ လိုတယ်’

ဦးကိုကိုကြီးနှင့်တွေ့ဆုံခြင်း

စာ(၂၃)သို့

## နေပြည်တော်မှ အားပြိုင်မှုများ

မြန်မာနိုင်ငံ၏ အစပျိုးစ ယိုင်ယဲ့ယဲ့ ဒီမိုကရေစီစနစ်မှာ အထူးအဆန်းများ ကြုံနေရသည်။ လွှတ်တော်အတွင်းက ရည်မှန်းချက်ကြီး ကြီးနှင့် အာဏာအပေးအယူလုပ်နေသူများ၊ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များ၊ တိုင်းရင်းသားအရေးလှုပ်ရှားသူများ၊ စစ်အရာရှိများအပါအဝင် ယာယီခေတ္တမဟာမိတ်ဖွဲ့ထားသူများက အခြားတစ်ဖက်က အာဏာလက်ဝယ်ကိုင်ထားသူ အစိုးရကို စိန်ခေါ်ပြိုင်ဆိုင်လာမှုက အရှိန်ကောင်းလာသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော သမ္မတ၊ အာဏာလက်ဝယ်ရှိသူများနှင့် လွှတ်တော်အမတ်များကြားက ပြဿနာများသည် စစ်တပ်ကို ဖောင်းပေးထားသည့် အခြေခံဥပဒေနှင့် မြန်မာနိုင်ငံ၏ ပွင့်လင်းမြင်သာမှုမရှိသော အာဏာချုပ်ကိုင်မှုကိုပြသနေပြီး ကြီးမားသော ထိပ်တိုက်ရင်ဆိုင်မှုများဖြစ်လာရန် အစပျိုးနေသည်ဟု အခြေခံဥပဒေကျွမ်းကျင်သူများကဆိုသည်။

စာ(၂)သို့



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဒီချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်

## ကံကောင်း၍ အာဇာနည် မဖြစ်ခဲ့သူများ

မျိုးအောင်(အငြိမ်းစား)

စာ(၁၄)သို့



7 DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013

မျက်နှာဖုံးမှဆက်

ယခုကဲ့သို့ ပြဿနာမီးပွားများသည် နေပြည်တော်လွှတ်တော်ကြီးထဲတွင် ၂၀၁၁ ခုနှစ် အစောပိုင်းကတည်းက အရှိန်ပျိုးလာခြင်းဖြစ်သည်။ လွှတ်တော်စတင်စဉ်ကခန့်မှန်းထားခဲ့သည့် ရုပ်သေးရုပ် လွှတ်တော်ဆိုသည့် စကားနှင့် သွေဖည်ကာဝန်ကြီးများနှင့် အစိုးရအုပ်ချုပ်သူများအကြား ဥပဒေကြမ်းများကို ပြင်ဆင်ရေးဆွဲရေးအတွက် အချိန်ကြာမြင့်သည့် ငြင်းခုံမှုများ၊ နှစ်ဖက်စလုံး၏ အကြိုက်ကိုရယူရန် အစိုးရအဖွဲ့အချို့၏ ပြောစမှတ်ပြုရသည့် အဆန်းတကြယ်လုပ်ဆောင်ချက်များက တိုးပွားလာနေပြီး အချို့က ထိုအခြေအနေကို စိုးရိမ်ကြောင်း ပြောဆိုလာကြပါပြီ။

အဆုံးစွန်ပြောရလျှင် တချို့အကြီးအကဲများက တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးဆောင်ရွက်မှုအပါအဝင် အစိုးရ၏ လုပ်ဆောင်ချက်များကို သတိပေးလာကြသည့်အဖြစ်က သမ္မတဦးသိန်းစိန်နှင့် သူ၏ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်သူများက အသုံးမကျရာရောက်သလို သူတို့ကိုသိက္ခာချသည့်အနေအထားလည်းဖြစ်လာပါသည်။ တချို့ အကြီးအကဲများက သမ္မတနှင့် လွှတ်တော်အကြားက ပဋိပက္ခကိုလျှော့ချဖို့ကြိုးစားနေသည့်ပုံစံဖမ်းထားပြီး ထိုကဲ့သို့ ဖြစ်ရပ်များသည် ဒီမိုကရေစီစနစ်၏ အသီးအပွင့်များဟု ဆိုပါသည်။

"ဒါပုံမှန်ပါပဲ။ ကမ္ဘာတစ်ဝန်းမှာဖြစ်နေကြတာပါ။ ရွေးကောက်ခံအမတ်တွေက အစိုးရကို မေးခွန်းထုတ်မယ်၊ ဝေဖန်မယ်။ ဒါဒီမိုကရေစီစနစ်ရဲ့ လုပ်ဆောင်ချက်ပဲ။ အခုနေပြည်တော်မှာ တွေ့နေရတာလည်း အဲဒါပဲလေ"ဟု အထက်လွှတ်တော်အမတ်တစ်ဦးက ပြောသည်။

ပြဿနာမှာ မြန်မာ့လွှတ်တော်ဆိုသည်က လွတ်လပ်စွာရွေးချယ်တင်မြှောက်ထားသည်ဟု အနောက်နိုင်ငံမှ လေ့လာသူများ မခေါ်ဆိုနိုင်သည့်လွှတ်တော်မျိုးဖြစ်ပါသည်။ လွှတ်တော်အမတ် ၆၆၄ နေရာ၏ လေးပုံတစ်ပုံကို ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်ထားပြီး လိုသလိုနေရာအပြောင်းအလဲရှိသည့် စစ်သားအမတ်များက ပိုင်ဆိုင်ထားသည်။

လွှတ်တော်နှစ်ရပ်စလုံးကို ၂၀၁၀ ရွေးကောက်ပွဲတွင် အများဆုံးအနိုင်ရခဲ့သည်ဆိုသည့် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီက လွှမ်းမိုးထားသည်။ အနောက်နိုင်ငံများကမူ ထိုပါတီသည် ကြိုတင်မဲများဖြင့် မဲလိမ်အနိုင်ရခဲ့သည်ဆိုပြီး ပြစ်တင်ရှုတ်ချခဲ့သည်။

၂၀၁၂ကြားဖြတ်ရွေးကောက်ပွဲ၌ ၄၄ နေရာတွင် ၄၃ နေရာအနိုင်ရခဲ့သည့် အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထိုအထဲတွင် လက်တစ်ဆုပ်သာသာနေရာယူထားသည်။ ၎င်းတို့အပြင် ဒေသအရေးကို အမျိုးသားရေးအဖြစ် ပုံစံပြောင်းနေသည့် အမျိုးမျိုးသော တိုင်းရင်းသားပါတီများရှိသည်။

လွှတ်တော်ထဲရှိထိုကဲ့သို့ကွဲပြားခြားနားနေသည့် အုပ်စုများကြား မျှော်မှန်းမရနိုင်သည့်ပြဿနာမီးပွားများက ပြီးခဲ့သည့် ဇွန်လတွင်စိုးရိမ်ရေမှတ်အထိပင်ရောက်လာခဲ့သည်။ လွှတ်တော် ပြန်စသည့်ပထမအချိန်မှာပင်အာဏာပြင်းသည့် ပြည်သူ့လွှတ်တော်က မြန်မာအစိုးရ လုပ်ဆောင်နေသည့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်း နိုင်ငံခြားကုမ္ပဏီများကို ဆက်သွယ်ရေးလိုင်စင်ထုတ်ပေးခြင်းကို စတင်ထိုးနှက်တိုက်ခိုက်ခဲ့သည်။

ထိုအဖြစ်များက မြန်မာလွှတ်တော်တွင် တင်းမာမှုကြီးထွားလာခြင်း၏ နောက်ဆုံးလက္ခဏာဖြစ်ပြီး ပြည်တွင်းနှင့်နိုင်ငံခြားက အကြံပေးများအားလုံးက အစိုးရ၏ အာဏာစီရင်မှုအပေါ်တွင် လွှတ်တော်ကဝင်ရောက်စွက်ဖက်နေခြင်းအတွက် လွှတ်တော်ကို သတိပေးရသည့်အဖြစ် ရောက်ရှိလာစေသည်။

ထိုအရှိန်အဟုန်သည်တရားရုံးချုပ် တရားသူကြီးများနှင့် သမ္မတကိုပင်စွဲချက်တင်နိုင်သည့် အခြေခံဥပဒေတရားရုံး၏ အာဏာအပေါ်မှာ လွှတ်တော်က အနိုင်ရလိုက်သည့် ပြီးခဲ့သည့်နှစ်စက်တင်ဘာလတည်းက အားကောင်းလာခြင်းဖြစ်သည်။


အစည်းအဝေးတစ်ခုတွင်တွေ့ရသည့် သူရဦးရွှေမန်းနှင့်ဒေါ်အောင်ဆန်းစုကြည်
foreignpolicy.com

ထို့အပြင် အာဏာရအစိုးရကို အားစမ်းသည့်အနေဖြင့် အစိုးရ၏ တရားရုံးများသို့ ရွေးချယ်ခန့်အပ်မှုအပေါ်မှာလည်း လွှတ်တော်က ဖိအားပေးထားသည်။ ယခုအခါ တရားစီရင်ရေးမှာ အားနည်းလာပြီး လွှတ်တော်အမတ်များသည် အစိုးရ၏ အာဏာစီရင်ရေးတွင် လိုသည်ထက်ပိုမိုကစားနေကြသည်ဟု အကဲခတ်များက ဝေဖန်သတိပေးကြသည်။

ဝေဖန်သံသောသောညံခဲ့သော ၂၀၁၀ ရွေးကောက်ပွဲဖြင့် အစပြုခဲ့ပြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေက အာဏာလွှဲပြောင်းပေးခဲ့သည့် ဦးသိန်းစိန် သမ္မတဖြစ်လာသော ၂၀၁၁ ခုနှစ် အစောပိုင်းကစပြီး မြန်မာ့လွှတ်တော်သည်တ ဖြည်းဖြည်းအားကောင်းလာသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များ လွှတ်တော်တွင်း ဝင်ရောက်လာသော ၂၀၁၂ကြားဖြတ်ရွေးကောက်ပွဲ နောက်ပိုင်းတွင် ထိုအရှိန်က ပို၍မြင့်တက်လာသည်။

စစ်သားအမတ်များနှင့် ကြံ့ခိုင်ရေးပါတီသည် ယခင်အစိုးရ၏ ကျောထောက်နောက်ခံဖြစ်ကာ လွှတ်တော်ကို လွှမ်းမိုးထားဆဲဖြစ်သည်။ သူတို့က လူကြိုက်များသည့် အချက်များကို ထောက်ခံပြီး တစ်ချိန်က သူတို့နှင့် ခိုင်မာစွာ လက်တွဲခဲ့သည့် လက်ရှိအစိုးရကိုပင် တစ်ခါတစ်ရံ ပြန်လည်ဝေဖန်တိုက်စစ်ဆင်တတ်ကြသည်။

အနောက်နိုင်ငံများနှင့် စေ့စပ်ညှိနှိုင်းရန် အရေးကြီးသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဲ့သို့ကိစ္စများတွင် မျှတလွတ်လပ်သော ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွန်ရေးဥပဒေများ ဖြစ်မလာစေရန် အာဏာကိုသုံးပြီး ဝင်ရောက်စွက်ဖက်သည်ကို တွေ့မြင်ရသည်။ မကြာသေးခင်က အစိုးရ၏ နိုင်ငံခြား ကုမ္ပဏီနှစ်ခု ဆက်သွယ်ရေးလိုင်စင်ချပေးမှုကို လွှတ်တော်က အချိန်ဆွဲရန်ကြိုးစားမှုက လွတ်လပ်စွာလုပ်ကိုင်ခွင့်အပေါ်တွင် ကန့်သတ်ချက်များ၊ ပြဿနာများရှိနေသည်ဆိုသည်ကို ပြသနေသည်။



စစ်သားအမတ်များအပါအဝင် ရှေးရိုးစွဲသမားများဟု ခေါ်ဆိုသတ်မှတ်ရမည့်သူများက အံ့အားသင့်စရာကောင်းလောက်အောင် နိုင်ငံရေးနှင့် လူမှုရေးကိစ္စများမှာ ပိုမိုလွတ်လွတ်လပ်လပ်ပွင့်ပွင့်လင်းလင်း ဆုံးဖြတ်လာကြခြင်းကို တွေ့ရပါသည်။ ဥပမာအားဖြင့် အလုပ်သမားဥပဒေနှင့် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေးကိစ္စများအတွက် ဖြစ်သည်။

မြန်မာနိုင်ငံ၏ အချက်အချာလွှတ်တော်မှာ ပုံစံများပြောင်းလဲနေပြီဆိုသည့် အချက်မှာ ဒေါ်အောင်ဆန်းစုကြည်နှင့် အာဏာကြီးလှသော လွှတ်တော်ဥက္ကဋ္ဌ သူရရွှေမန်းတို့နှစ်ဦး သမ္မတအဖြစ် ဆောင်ရွက်လိုကြောင်း ကြေညာလိုက်သည့်အချိန်တွင် သိသိသာသာထင်ရှားလာပါသည်။ ထိုကြေညာမှုသည်ပြီးခဲ့သည့်ဇွန်လ လွှတ်တော်ပြန်လည်စတင်သည့်အချိန်မှာ သိသိသာသာကြီး ဂယက်ရိုက်ခတ်ခဲ့သည်။ ထိုအချိန်တွင် အစိုးရအတွင်း ပြဿနာသုံးရပ်ကြောင့် အကျပ်ရိုက်နေချိန်လည်းဖြစ်သည်။

ဘယ်သူမျှ မျှော်လင့်မထားခဲ့သည့် ပထမဆုံးပြဿနာက ဦးရွှေမန်းက အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်များ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို တိုက်ခိုက်ဝေဖန်လိုက်ခြင်းဖြစ်သည်။ ထိုလုပ်ငန်းစဉ်သည်ငြိမ်းချမ်းရေးမရနိုင်သဖြင့် လွှတ်တော်က ပိုမိုပါဝင်အားစိုက်ရန် ၎င်းက တောင်းဆိုခဲ့သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အဓိကတာဝန်ယူနေသော ဝန်ကြီးဦးအောင်မင်းက တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဆွေးနွေးရာတွင် အာဏာကို အလွန်အကျွံသုံးနေကြောင်း ပြောကြားသကဲ့သို့ ရှိသည်။ ထိုအချက်သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သမ္မတဦးသိန်းစိန်အစိုးရကိုပထမဆုံးအကြိမ် လူသိရှင်ကြားဝေဖန်လိုက်ခြင်းပင်ဖြစ်၏။

နောက်ထပ်တိုက်ခိုက်မှုကမူ သမ္မတဦးသိန်းစိန်ကို တိုက်ရိုက်ရည်ရွယ်ဟန်ရှိပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် စစ်တပ်က ချုပ်ကိုင်ထားသည့်အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ ပါဝင်နိုင်ရန်အတွက် ကာလုံအစည်းအဝေးခေါ်ရန် ဦးရွှေမန်းက တောင်းဆိုခဲ့ပါသည်။ ထိုကောင်စီတွင် သမ္မတနှင့် လွှတ်တော်နှစ်ရပ်ဥက္ကဋ္ဌများနှင့် ကာကွယ်ရေးဦးစီးချုပ်တို့ပါဝင်ပြီး အရေးကြီးသောလုံခြုံရေးကိစ္စများအတွက်ကလွဲပြီး တွေ့ဆုံစည်းဝေးမှုနည်းပါးလှသည်။

တတိယမြောက် တိုက်ခိုက်မှုကမူ ဆက်သွယ်ရေးလိုင်စင်များထုတ်ပေးခြင်းကို အချိန်ဆွဲခိုင်းခြင်းဖြစ်သည်။ အစိုးရက လိုင်စင်ရသူကို မကြေညာမီလေးတွင် အမျိုးသားလွှတ်တော်က မဲခွဲပြီး အဆိုကိုအတည်ပြုလိုက်ခြင်းဖြစ်သည်။ သို့သော်လည်းမြန်မာပြည်မှာ ဆက်သွယ်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ရသည့် ကုမ္ပဏီနှစ်ခုကို အစိုးရက သတ်မှတ်ထားသည့်အချိန်မှာပင် ဆက်သွယ်ရေးဝန်ကြီးက ကြေညာလိုက်သည်။

ထိုဖြစ်စဉ်သုံးရပ်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်း၏ သမ္မတဦးသိန်းစိန်အပေါ် တိုက်ခိုက်ထိုးနှက်မှုများက သိသာလွန်းအားကြီးနေပြီး မနှစ်ခြိုက်သူများဆီက ဝေဖန်သံများညံလာသည်။ အစိုးရအတွင်းလူများနှင့် ပြည်သူ့လွှတ်တော်အမတ်များက ဦးရွှေမန်း၏ သမ္မတဦးသိန်းစိန်အပေါ် ထိုးနှက်ချက်များသည်ကိုယ်ရေးကိုယ်တာဆန်ပြီး တရားနည်းလမ်းမကျဟု ထင်မြင်ကြသည်။ ဦးရွှေမန်း၏ အမျိုးသားလုံခြုံရေးကောင်စီအစည်းအဝေးကျင်းပရန် တောင်းဆိုမှုကို အလွန်အကျွံလုပ်လွန်းသည်။ နိုင်ငံရေးတွေပါနေပြီဟုအချို့ကကောက်ချက်ချခဲ့သည်။

ထို့ထက်ပိုပြီး သိသာထင်ရှားလာသည်က နေပြည်တော်က လွှတ်တော်သည် ဦးသိန်းစိန်အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများကို ကူညီနေသည်လား(သို့မဟုတ်)လိုက်လံတားဆီးနေသည်လား မေးခွန်းထုတ်စရာဖြစ်လာသည်။ အချို့လွှတ်တော်အမတ်တွေက ထိုအမြင်များကို ငြင်းဆိုပါသည်။ ပြည်ခိုင်ဖြိုးပါတီက လွှတ်တော်အမတ် ဦးလှမြင့်ဦးက

"အဲဒီထင်မြင်ချက်တွေက မမှန်ပါဘူးဗျာ။ လွှတ်တော်ကစတင်ကတည်းက အခုထိဥပဒေ ၅၃ ခုလောက်ကိုအတည်ပြုပေးခဲ့တယ်။ သမ္မတသဘောမတူတဲ့ဥပဒေတွေအပေါ်မှာ အပေးအယူ လုပ်နိုင်တယ်ဆိုတာလည်း ပြသခဲ့တယ်။ မျှမျှတတနဲ့ ကျွန်တော်တို့ အလုပ်လုပ်နေကြတာပါ"ဟုဆိုသည်။

သို့သော်လည်း ဥပဒေရေးရာကျွမ်းကျင်သူအချို့က အာဏာရှိသူများအကြား ထိပ်တိုက်ရင်ဆိုင်တိုးမှုများသည် ယခင်စနစ်ဟောင်းနှင့် လက်ရှိစနစ်သစ်ကို ပူးပေါင်းထားသည့်မြန်မာနိုင်ငံ၏ အများနှင့်မတူသောစနစ်ကြောင့် ဖြစ်သည်ဟုဆိုသည်။

"တကယ့်အစစ်တွေဖြစ်လာဖို့လည်း သိပ်မဝေးလောက်တော့ပါဘူး" အခြေခံဥပဒေဆိုင်ရာ နိုင်ငံတကာကျွမ်းကျင်သူ မာကပ်စ်ဘရန်းက လွှတ်တော်နှင့် သမ္မတအစိုးရအကြား ကြီးထွားလာသည့်ပြိုင်ဆိုင်မှုများကို ရည်ညွှန်းရင်း ပြောကြားလိုက်ခြင်းဖြစ်သည်။ မြန်မာအခြေခံဥပဒေက သမ္မတနှင့် အစိုးရအဖွဲ့ကို အုပ်ချုပ်ခွင့်အာဏာပေးထားသည့် တစ်ချိန်တည်းမှာပင် လွှတ်တော်ကို ထိန်းချုပ်နိုင်သည့်အာဏာပေးထားသည့်အတွက်ရှောင်လွှဲလို့မရသည့် ပဋိပက္ခများဖြစ်လာရသည်ဟု သူက ဆိုသည်။

နောက်ထပ်ဂယက်အရိုက်ခတ်ဆုံး ဖြစ်ရပ်တစ်ခုက အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဒီမိုကရေစီအရေးလှုပ်ရှားသူ ဘဝကနေ လက်တွေ့ကျသော နိုင်ငံရေးသမားတစ်ဦးဖြစ်လာခြင်းပင်။ ဒေါ်စုနှင့် ဦးရွှေမန်းတို့ဆက်ဆံရေးတိုးတက်ကောင်းမွန်လာခြင်းက မတူညီသော မဟာမိတ်နှစ်ဦးအကြား အာဏာခွဲဝေ အပေးအယူလုပ်နေခြင်းလားဟု ပြောစရာများရှိလာပြန်သည်။

သူတို့နှစ်ဦးက မကြာမခဏဆွေးနွေးတိုင်ပင်ကြသည့်အပြင် အချို့ကိစ္စရပ်များတွင်ဒေါ်အောင်ဆန်းစုကြည်က ဦးရွှေမန်းကို ထောက်ခံမှုများ ပိုလုပ်လာပါသည်။

"ကျွန်တော်တို့ထဲက တချို့ကတော့ ဒါကိုမကြိုက်ဘူးပေါ့လေ။ ဒါပေမဲ့ ဒေါ်စုက တိုင်းပြည်အတွက် လုပ်ဆောင်ဖို့သာ ဆုံးဖြတ်တတ်သူပါ။ သူ့ကိုမထောက်ခံရင်လည်း ပါတီက ထွက်ဖို့ပဲရှိတယ်။ ဦးရွှေမန်းက စစ်တပ်နဲ့ကြံ့ခိုင်ရေးပါတီကို ကိုင်တွယ်နိုင်တယ်။ အခြေခံဥပဒေကိုပြင်ဖို့ဒီလိုထောက်ခံမှုတွေ လိုအပ်ပါတယ်" ဟုသူတို့နှစ်ဦးအပေါ် သဘောထားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်အမတ်တစ်ဦးက ရှင်းပြသည်။ မြန်မာနိုင်ငံရေး အကဲခတ်အများစု၏ သုံးသပ်ချက်အရ ဦးရွှေမန်းနှင့် ဒေါ်အောင်ဆန်းစုကြည်အကြားတွင် လျှို့ဝှက်သဘောတူညီချက်တစ်ခုရှိသည်။ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ၂၀၁၅ ရွေးကောက်ပွဲမတိုင်မီ အခြေခံဥပဒေကို ပြင်ဆင်ရန်လိုအပ်သည်။ ယခုဥပဒေအရ နိုင်ငံခြားသားနှင့် လက်ထပ်ခဲ့သူ တစ်ဦးအနေဖြင့် မြန်မာနိုင်ငံတွင် သမ္မတရွေးကောက်ပွဲဝင်ခွင့်မရှိသည့်အတွက်ဖြစ်သည်။

လွှတ်တော်ထဲက အမတ် ၇၅ ရာခိုင်နှုန်းအပြင် အနည်းဆုံးစစ်သားအမတ်တစ်ဦးဆီက ထောက်ခံမှုလိုအပ်သဖြင့် ထိုဥပဒေအချက်ကို ပြင်ဆင်ရန်မဖြစ်နိုင်ဟု လေ့လာသူအချို့ကဆိုသည်။ မျှော်မှန်းထားသလို ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွေးကောက်ပွဲတွင် အများဆုံးအနိုင်ရခဲ့ပါလျှင်သမ္မတကို ၎င်းက ရွေးချယ်ကောင်း ရွေးချယ်နိုင်မည်။ ၎င်းနှင့် ဦးရွှေမန်းတို့၏ နှစ်ဦးအင်အားကို အသုံးချပြီး အခြေခံဥပဒေမှ လိုအပ်သည့်အချက်များပြင်ဆင်နိုင်သည့်အတွက် ဒေါ်အောင်ဆန်းစုကြည်သည် ဦးရွှေမန်းနှင့် သဘောတူညီချက်အရ ပူးပေါင်းခြင်းဖြစ်သည်ဟုလည်း ဆိုကြသည်။

"အဆုံးစွန်ပြောရရင် သူကခေါင်းဆောင်မှုကို ဒေါ်စုကို လွှဲပေးလို့ရတယ်။ မြန်မာစနစ်ကအဲ လိုမျိုးလုပ်လို့ရတယ်လေ"ဟု နိုင်ငံရေးသမားများနှင့် ရင်းနှီးသူမြန်မာဘလော့ဂါတစ်ဦးက ပြောပါသည်။ ထိုအချက်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်ခိုင်ဖြိုးပါတီအတွင်းလူများကသဘောတူထားကြသည်ဟု သူကဆိုပါသည်။

"ဒါပေမဲ့ အဓိကထောက်ပြတဲ့အချက်ကတော့ ဒေါ်စုနဲ့ဦးရွှေမန်းက ဒါကိုထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်မလားဆိုတာပဲ"

ပြည်ခိုင်ဖြိုးပါတီအတွင်းရေးမှူး ဦးမောင်မောင်သိမ်းက ဦးရွှေမန်းနှင့် ဒေါ်အောင်ဆန်းစုကြည်အကြား ထိုကဲ့သို့ သဘောတူညီချက်မျိုးရှိသည်ဆိုတာ မဖြစ်နိုင်ဘူး" ဟု ငြင်းပါသည်။

"အခုအချိန်မှာ ပေါင်းစည်းတယ်လို့ ပြောဖို့ အရမ်းစောလွန်းပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြံ့ဖွံ့ကို မဟာမိတ်အဖြစ် လက်ခံပါ့မလားဆိုတဲ့ မေးခွန်းမေးဖို့တောင် စောပါသေးတယ်"

အချို့ကလည်း မြန်မာက ပြင်သစ်နိုင်ငံမှာကဲ့သို့ သမ္မတနှင့်ဝန်ကြီးချုပ် နှစ်ဦးစလုံးထားရှိမည့် စနစ်မျိုးကို ဦးတည်နေသည်ဟု ဆိုပါသည်။ ထိုစနစ်က နိုင်ငံရေးသမားများကို နှစ်ဦးနှစ်ဖက်ကျေနပ်မှုရှိစေမည့်သဘောရှိပါသည်။

ထိုအချိန်တွင် ယခင်ကဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ နေရာကာကွယ်ရေးဦးစီးချုပ်တာဝန်ကို ယူလာသည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း နိုင်ငံရေးအင်အားကောင်းလာသည်ဟု ဆိုပါသည်။

"သူ့ကြည့်ရတာ ပိုယုံကြည်မှုရှိလာပြီး ပိုပြီး နိုင်ငံရေးသမားဆန်လာတယ်"ဟု အာရှသံတမန်တစ်ဦးက ပြောကြားသည်။

ပြုပြင်ပြောင်းလဲရေးများကြောင့် လူကြိုက်များလာသော သမ္မတဦးသိန်းစိန်ကရော ဒုတိယအကြိမ်သက်တမ်းအတွက် ပြန်လည်အရွေးခံဦးမည်လား။ ထိုအရာကလည်း မေးခွန်းထုတ်စရာဖြစ်လာသည်။

အချို့က မြန်မာနိုင်ငံ၏ စစ်အာဏာရှင်စနစ်မှ ယခုကဲ့သို့ ကူးပြောင်းလာခြင်းသည် အကွက်ချစီစဉ်ထားခြင်း တစ်ခုဖြစ်သည်ဟု ဆိုချိန်တွင် နိုင်ငံရေးလှုပ်ရှားသူအချို့ကထိုအရာသည်ပြည်သူ့သဘောထားသာ ဖြစ်သည်ဟု ပြောဆိုခြင်းမှာ အနည်းငယ်ထူးဆန်းနေပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံရုံးကောင်စစ်ဝန်ဟောင်း ပရက်ဆီလာကလပ်က "အစိုးရအဖွဲ့ကို ထိန်းချုပ်ဖို့ဆိုတာ လွှတ်တော်ရဲ့ တာဝန်ပါပဲ။ လွှတ်တော်နဲ့အစိုးရကြားက လက်တလောအပေးအယူတွေက ဒီမိုကရေစီအစပြုနေတာကိုပြသနေတာပါ။ ဒါမှမဟုတ်ရင်တော့ တချို့ပြောသလိုနိုင်ငံရေးပြဿနာတွေ ဖြစ်လာမယ့် လက္ခဏာပဲ" ဟု ဆိုသည်။

မြန်မာအစိုးရ၏ အာဏာဖွဲ့စည်းပုံတွင် တစ်ချိန်က စစ်ဗိုလ်ချုပ်များကြီးစိုးခဲ့ပြီး ယခုအခါတွင် သိသိသာသာ လွှတ်တော်နှင့် အစိုးရအဖွဲ့ကပါဝင်မှု ပိုများလာသည်ကို တွေ့နိုင်သည်။ သို့သော်လည်း စစ်တပ်က အရေးပါသောကဏ္ဍတွင် ရှိနေဆဲ ဖြစ်သည်။ ဥပမာဆိုရလျှင် မေလတုန်းက အမေရိကန်ပြည်ထောင်စုက သမ္မတအိုဘားမားကို လာတွေ့သည့် သမ္မတဦးသိန်းစိန်၏ ခရီးစဉ်ကိုယ်စားလှယ်အဖွဲ့မှာပင် ဗိုလ်ချုပ်ဝေလွင်နှင့်ဗိုလ်ချုပ်ကိုကိုကဲ့သို့ ဗိုလ်ချုပ်ကြီးများ ပါဝင်သည်။

သို့သော်လည်း သမ္မတဦးသိန်းစိန်က ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုအမေရိကခရီးစဉ်တွင်ခေါ်လာမည့်တောင်းဆိုချက်ကို စောသေးသည်ဟု အကြောင်းပြကာ အိမ်ဖြူတော်က ပယ်ချခဲ့သည်။

ဝါရှင်တန်တွင် သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ်က ဦးသိန်းစိန်က တပ်မတော်သည် အစိုးရအဖွဲ့တွင် အရေးပါသောကဏ္ဍအမြဲတမ်းရှိနေသည်ဟုပြောကြားခဲ့သည်။

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်ကလည်း ဖခင်ဖြစ်သူဗိုလ်ချုပ်အောင်ဆန်းတည်ထောင်ခဲ့သော တပ်မတော်ကို မိသားစုသဖွယ်ချစ်ခင်ပါသည်ဟု ပြောကြားခဲ့ပါသည်။ ထို့သို့ ပြောကြားခြင်းကို ဒေါ်အောင်ဆန်းစုကြည်သမ္မတဖြစ်ချင်သည့်ရည်ရွယ်ချက်ဖြင့် ပြောကြားခြင်းဖြစ်သည်ဟု အချို့က ဝေဖန်ခဲ့ကြသည်။

ဒေါ်အောင်ဆန်းစုကြည်တွင်လည်း စိန်ခေါ်မှုများ တစ်ပုံတစ်ပင်။ ၂၀၀၈ ခုနှစ် အခြေခံဥပဒေအရ ၂၅ ရာခိုင်နှုန်းသော လွှတ်တော်အမတ်နေရာများကစစ်တပ်က ပိုဆိုင်ထားသည်ဖြစ်သည့်အတွက်စစ်တပ်ကိုစစ်တန်းလျားပြန်ပို့ရန်အတွက်ပင်စစ်တပ်အမတ်များကထောက်ခံမှုလိုသေးသည်။ တစ်ချိန်တည်းမှာပင်မြန်မာစစ်ဗိုလ်ချုပ်များကလည်း လက်ရှိအာဏာရအစိုးရဆီက ဖိအားပေးမှုများ ခံနေရသည်။ စစ်တပ်ကိုစစ်တန်းလျားဆီ ပြန်သွားစေချင်သူများက စစ်တပ်လက်ဝါးကြီးအုပ်ထိန်းချုပ်ထားသော မော်တော်ကား၊ ဘီယာနှင့် ယမကာ၊ ဆောက်လုပ်ရေးလုပ်ငန်းများမှ ရှန်းထွက်မည့် စီးပွားရေးစနစ်ကို တွန်းအားပေးနေကြသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ စီးပွားရေးလုပ်ငန်းများမှာလည်း စစ်တပ်က နောက်ခံပေးထားသော ကုမ္ပဏီများကို ယခင်စစ်အစိုးရက ပေးအပ်ခဲ့ခြင်းဖြစ်သည့်အတွက် စစ်တပ်ကပင် လက်ဝါးကြီးအုပ်ထားသည်။ သို့သော်လည်း သမ္မတဦးသိန်းစိန်က စစ်တပ်ပိုင် ကုမ္ပဏီများကို အခွန်ပေးဆောင်ရန်နှင့် အခြားစီးပွားရေးလုပ်ငန်းများနှင့် တန်းတူလုပ်ရမည်ဟု သတ်မှတ်လိုက်သောအခါ ယခင်က အခွင့်ထူးခံဖြစ်သော စစ်ဗိုလ်ချုပ်ကြီးများအတွက် အသက်ရှူကျပ်လာစရာဖြစ်လာသည်ဟု ဝါရှင်တန်တက္ကသိုလ်က မြန်မာ့အရေးကျွမ်းကျင်သူ မာရီကလယ်ဟန်က ပြောကြားသည်။

ပြီးခဲ့သည့် ခြောက်လအတွင်း မြန်မာစစ်တပ်က လက်ဝါးကြီးအုပ်ထားသည့် ဘီယာနှင့် စီးကရက်လုပ်ငန်းများတွင် ဟန်နီကန်၊ ကားလ်ဘတ် ဘီယာများ၊ ဂျပန်ဆေးလိပ်ကုမ္ပဏီနှင့်လန်ဒန်စီးကရက်ထုတ်လုပ်သည့် ဘီအေတီကုမ္ပဏီများဝင်ရောက်လာခြင်းသည် စစ်တပ်၏ စီးပွားရေးလုပ်ငန်းများကို အတိအလင်းစိန်ခေါ်လိုက်ခြင်းဖြစ်သည်။

ထို့အပြင် စစ်တပ်က ကျောထောက် နောက်ခံပေးထားသည့် စီးပွားရေးသမားများနှင့် တရုတ်ကုမ္ပဏီများက ဒေါ်လာ ၁၄ ဘီလီယံမြှုပ်နှံထားသော အခြေခံအဆောက်အအုံ စီမံကိန်းများ ဖျက်သိမ်းခံရသည်။ ထို့အပြင် အစိုးရက စစ်တပ်အသုံးစရိတ်ကိုလည်း နိုင်ငံတော်အသုံးစရိတ်၏ ၂၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်တွင် ၁၂ ရာခိုင်နှုန်းသို့ လျှော့ချဖြတ်တောက်လိုက်သည်။

ထို့အတူ အရပ်သားအစိုးရ အသွင်ပြောင်းရေးကလည်း အစိုးရအဖွဲ့တွင်းမှာ ဆက်တိုက် လုပ်ဆောင်နေပြီး စစ်တပ်အရာရှိကြီးများမှာအစိုးရအုပ်ချုပ်ရေးယန္တရားအတွင်းမှ ဖယ်ရှားခံလာရသည်။ ပြီးခဲ့သည့် တစ်နှစ်တည်းမှာပင် စစ်တပ်အရာရှိ ၇၀၀ ကျော်က အစိုးရရုံးဌာနအတွင်းမှ ရဲဌာနသို့ ပြောင်းရွှေ့ခံရသည်။

ခြုံငုံသုံးသပ်ရလျှင် စစ်တပ်အုပ်ချုပ်မှုဖြင့် မြန်မာနိုင်ငံသည် ယခင်ကလို ဆက်လက်ရပ်တည်ရန် မဖြစ်နိုင်တော့ပါ။ သို့သော်လည်း စစ်တပ်သည် မြန်မာနိုင်ငံတွင် အာဏာရှိနေဆဲဖြစ်ပြီး ၂၀၁၁ ခုနှစ်က နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးခြင်းစသော အဓိက နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများတွင် စစ်တပ်မပါဘဲ မလုပ်ဆောင်နိုင်ဟု နိုင်ငံရေးပညာရှင်အချို့က ဆိုသည်။

သို့ရာတွင်စစ်တပ်အနေဖြင့် ထိုအတိုင်းဆက်မသွားရန် ဆုံးဖြတ်နိုင်သည့် အနေအထားရှိသလားဟုမေးစရာရှိလာပါသည်။

အဆိုးမြင်သူများကမူ စစ်တပ်ဗိုလ်ချုပ်များသည် စစ်စရိတ်ဖြတ်တောက်ခြင်းနှင့် တိုင်းရင်းသားများနှင့် ငြိမ်းချမ်းရေးကိစ္စများကို သဘောမကျဘဲ တိုင်းပြည်မှာ ဆူပူလှုပ်ရှားမှုများဖြစ်လာအောင် မွတ်ဆလင်ဆန့်ကျင်ရေးဘာသာရေးလှုပ်ရှားမှုများကို နောက်ကနေ ငွေကြေးပံ့ပိုးနေပြီး တိုင်းပြည်ကို နောက်ပြန်လှည့်အောင်လုပ်နေသည်ဟု ဆိုကြသည်။

အကောင်းမြင်သူများမူ ဦးသိန်းစိန်ဦးဆောင် ပြုပြင်ပြောင်းလဲရေးသမားများသည် နောက်ပြန်လှည့်မည်မဟုတ်ဘဲ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည် ဖော်နိုင်မည်ဟု ပြောသည်။

စီးပွားရေးအမြင်အရမူ မြန်မာသည် အိမ်နီးနားချင်း ကမ္ဘောဒီးယားနိုင်ငံကလိုပင် ခရီးသွားများ အဆမတန်များလာပြီး ပျက်စီးကာ လောဘကြီးသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် အမျိုးသားများ လွှမ်းမိုးသော အစိုးရအဖွဲ့နှင့်သာ အဆုံးသတ်ရရန် ရှိပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ဒေါ်အောင်ဆန်းစုကြည်ကိုသာ အားကိုးနေပြီး ၎င်းပြီးလျှင် ဆက်ခံအုပ်ချုပ်နိုင်မည့်သူ မရှိပါ။ ထို့အပြင် မြန်မာ၏ နည်းလမ်းမကျသော အခြေခံဥပဒေကြောင့် လွှတ်တော်နှင့် အစိုးရအကြားတွင်ပြိုင်ဆိုင်မှုများ တိုးပွားလာနေသည်ကလည်း ပြဿနာတစ်ခုဖြစ်သည်။ ထို့ကြောင့် အခြေခံဥပဒေကို ပြန်လည်ပြုပြင်မှသာလျှင် မြန်မာသည်စစ်မှန်သည့်ဒီမိုကရေစီစနစ်ကို ရနိုင်မည်ဟု နိုင်ငံရေးပညာရှင်အချို့က ဆိုသည်။

ထို့ကြောင့် အာဏာအရှိန်ကြီးမားသည့် စစ်တပ်က တစ်ခါလောက် ကိုယ့်ကိုယ်ကိုယ် စတေးခံပြီး နိုင်ငံရေးမှ စစ်တပ်၏အာဏာကို ဖယ်ရှားရန် ဆောင်ရွက်သင့်ပြီဟု ဆိုသည်။

သို့သော်လည်း အနည်းဆုံးတော့ အထီးကျန်ကာလများမှ ယခုအချိန်ထိ လျှောက်လှမ်းလာခဲ့သည့် မြန်မာနိုင်ငံကို စောင့်ကြည့်နေကြဦးမည်သာဖြစ်သည်။

အဘယ်ကြောင့် ဆိုသော် နိုင်ငံရေးအာဏာလို ၎င်း၏ ဦးတည်ချက်ကို မှန်းဆကာ မပြောနိုင်သေးသော်လည်း မြန်မာနိုင်ငံက ပြောင်းလဲလှုပ်ရှားလာနေပြီဆိုသည်ကမူ မေးခွန်းထုတ်စရာမလိုအောင် သိသာထင်ရှားနေသည် မဟုတ်ပါလား။ ။

Poreign Policy မဂ္ဂဇင်းပါ GWEN ROBINSON ၏ The Contenders ကိုထားထားမြင့်ဘာသာပြန်ဆိုသည်။

7 DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013

CRIME မှုခင်းသတင်း CORNER

# ပိုက်ဆက်လုပ်သားတစ်ဦး လေးပေအမြင့်မှ ပြုတ်ကျသေဆုံး

သန်းဌေး

**ရန်ကုန်၊ ဇူလိုင်-၁၃**

ပိုက်ဆက်လုပ်သားတစ်ဦးသည် အဆောက်အအုံမျက်နှာကြက်တွင်ရေပိုက်တပ်ဆင်ရန် လှေကားဖြင့်တက်နေစဉ်အမြင့်လေးပေခန့်မှ ခြေချော်၍ နောက်ပြန်ပြုတ်ကျသောကြောင့် ဒဏ်ရာများရရှိကာ ဆေးရုံရောက်ချိန်တွင် သေဆုံးသွားကြောင်းသတင်းရရှိသည်။

ဇူလိုင် ၁၂ရက် ညနေ ၄နာရီခန့်တွင် မရမ်းကုန်းမြို့နယ်၊ အမှတ် ၁၀ရပ်ကွက်၊ ပါရမီလမ်းရှိ ဆောက်လုပ်ဆဲနေအိမ်၏ သုံးလွှာမျက်နှာကြက်တွင် ရေပိုက်တပ်ဆင်ရန် အမြင့် ရှစ်ပေခန့်ရှိ လှေကားဖြင့်တက်စဉ် လေးပေခန့်အရောက်၌ ခြေချော်၍ နောက်သို့ပြုတ်ကျခဲ့ခြင်းဖြစ်သည်။

၎င်းသည် အောက်အခင်းကြမ်းပြင်နှင့် ဦးခေါင်း၊မျက်နှာတို့ဆောင့်မိသဖြင့် ဒဏ်ရာများရရှိကာ မြောက်ဥက္ကလာပဆေးရုံသို့တင်ပို့ကုသစဉ်သေဆုံးသွားကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှုခင်းမှတ်တမ်းများတွင်ဖော်ပြထားသည်။

ထို့ကြောင့် သေဆုံးသူ၏ အလောင်းကို ဆေးရုံမှ ပီအာရ်၃၅ ဖြင့် လက်ခံထားပြီး မြောက်ဥက္ကလာပမြို့နယ်ရဲစခန်းက ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်၊ မဟုတ် စစ်ဆေးလျက်ရှိသည်။

# သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်းလုပ်ထုံးလုပ်နည်းများထုတ်ပြန်မည်

အိဖြူမွန်

**ရန်ကုန်၊ ဇူလိုင်-၁၃**

စီးပွားရေးလုပ်ငန်းများလုပ်ငန်းမစတင်မီလုပ်ဆောင်ရမည့်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်း (EIA)နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်း(SIA)၏ လုပ်ထုံးလုပ်နည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များကို တရားဝင်ထုတ်ပြန်အကြောင်းကြားသွားမည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သတင်းရရှိသည်။



လက်ပံတောင်းတောင်စီမံကိန်းတစ်နေရာ

ဓာတ်ပုံ-မျိုးမင်းဦး

ယင်းလုပ်ထုံးလုပ်နည်းများရေးဆွဲမှုမှာ တတိယမူကြမ်းအဆင့်သို့ရောက်နေပြီး အစိုးရအဖွဲ့ကခွင့်ပြုချက်ရရှိပြီးပါက ယခုလအတွင်း စီးပွားရေးလုပ်ငန်းရှင်များနှင့် နည်းပညာဆိုင်ရာကျွမ်းကျင်ပညာရှင်များကို အသိပေးအကြောင်းကြားသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုပြုလုပ်ရန်ရှိသည်။

"လောလောဆယ် ရက်အတိအကျဖြစ်ဖို့ရွေးနေပါတယ်။ လုပ်ငန်းရှင်ပေါင်း ၁၅၀ကျော်ဖိတ်ထားဖို့ရည်ရွယ်ထားပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေအပြင် ပြင်ပကျွမ်းကျင်ပညာရှင်တွေကိုပါဖိတ်မှာပါ"ဟု အဆိုပါဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ဦးနေအေးကပြောသည်။

မကြာမီပြဋ္ဌာန်းရန်ရှိသည့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ၏ ပုဒ်မ၅၂မှ ၅၆အထိ လုပ်ငန်းရှင်များမဖြစ်မနေလုပ်ဆောင်ရမည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်းအကြောင်းအရာအများထည့်သွင်းရေးဆွဲပြဋ္ဌာန်းထားသည်။ ယင်းဥပဒေကို လွှတ်တော်ကအတည်ပြုပြီးသည်နှင့် ဝန်ကြီးဌာနများပူးပေါင်းရေးဆွဲထားသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်းကောက်ယူရာတွင် လိုက်နာရမည့်လုပ်ထုံးလုပ်နည်းများဖြင့် စီးပွားရေးလုပ်ငန်းရှင်များမဖြစ်မနေဆောင်ရွက်ရမည်ဖြစ်သည်။

ယခုရေးဆွဲထားသောသဘာဝပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်းကို ၁၉၈၇က မလေးရှားနိုင်ငံ၊ ၁၉၉၉က ကမ္ဘောဒီးယားနိုင်ငံ၊ ၂၀၁၁ဗီယက်နမ်နှင့် ၂၀၁၂က လာအိုနှင့် ထိုင်းနိုင်ငံတို့က ရေးဆွဲပြဋ္ဌာန်းခဲ့သော လုပ်ထုံးလုပ်နည်းများကို မှီငြမ်းပြီးမြန်မာနိုင်ငံနှင့် ကိုက်ညီသောလုပ်ထုံးလုပ်နည်းများ ရေးဆွဲထားခြင်းဖြစ်သည်။

လုပ်ထုံးလုပ်နည်းများရေးဆွဲရာတွင်ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ JICA နှင့်ဝန်ကြီးဌာနပေါင်းများစွာပူးပေါင်းပါဝင်ခဲ့ကြသည်။



Life
7 DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013

# ပလက်ဖောင်းပေါ်က အညာအရင်းအမြစ်

မိုးညို

အသားညိုညို မျက်နှာပြည့်ပြည့်၊ အရပ်ခပ်ပြတ်ပြတ်နှင့် အမျိုးသားတစ်ဦး ရွှေတိဂုံဘုရားတောင်ဘက်စောင်းတန်းမှ ခန်းဆီးကန့်လန့်ကာတစ်ခုအတွင်းရှိ အုန်းပွဲ၊ ငှက်ပျောပွဲများဖြင့် ပြည့်နှက်နေသည့် ဗေဒင်ဟောခန်းတစ်ခုသို့ ခပ်သုတ်သုတ်ဝင်သွားသည်။ ၂၀၀၉ နွေရာသီ၏ လတစ်လတွင် ဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိသည့် ကိုဆန်းကျော်မှာ မုံရွာခရိုင် ဘုတလင်မြို့နယ် အင်းတဲရွာသားတစ်ဦး ဖြစ်သည်။ သူ ရန်ကုန်တွင် လက်ရှိ ဆိုင်းထမ်းဖြင့် ရောင်းချနေသော ရခိုင်မုန့်တီအသုပ်စုံ ဆိုင်ရောင်းမကောင်းသော ကြောင့် အမည်ပြောင်းရန် ယခုကဲ့သို့ ရွှေတိဂုံဘုရားမှ ဗေဒင်ဟောခန်းတစ်ခုသို့ လာရောက် မေးမြန်းခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ နေရာအနှံ့အပြားတွင် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများက အညာရှိကျေးလက်ဒေသများသို့တိုင် ရိုက်ခတ်လာမှုကို ကိုဆန်းကျော်တို့ မိသားစုလည်း ခံစားလာခဲ့ရသောကြောင့် ကိုဆန်းကျော်တစ်ယောက် ရန်ကုန်သို့ အလုပ်ပြောင်းရွှေ့လုပ်ကိုင်ရန် ဖြစ်ပေါ်လာခဲ့သည်။

လက်ရှိတွင် မြန်မာနိုင်ငံ အလယ်ပိုင်း မုံရွာမြို့အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ လူကြီး လူငယ် အများစုမှာ ရန်ကုန်မြို့၏ ပလက်ဖောင်းနေရာ လမ်းမကြီးနှင့် လမ်းသွယ်အချို့တွင် အထမ်းဖြင့်သော်လည်းကောင်း၊ တွန်းလှည်းဖြင့်သော်လည်းကောင်း ပုံစံအမျိုးမျိုးဖြင့် ရာသီပေါ် စားသောက်ဖွယ်ရာမျိုးစုံတို့ကို ရောင်းချလျက်ရှိသည်။ ယင်းတို့ကား ရန်ကုန်မြို့၏ လမ်းဘေး စားသောက်ဆိုင်ယဉ်ကျေးမှုကို ဖော်ကျူးနေသည့် အညာနံ့ ခပ်သင်းသင်းရှိသော အညာပလက်ဖောင်းယဉ်ကျေးမှုများပင် ဖြစ် သည်။

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသရှိ ကျေးရွာအများစုတွင် မိုး ခေါင်ခြင်း၊ ရေရှားခြင်း၊ စိုက်ပျိုးမြေနည်းပါးလာခြင်း၊ လယ်ယာမြေသိမ်းခံရမှု ပြဿနာများကြောင့် အများစုမှာ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးလာပြီဖြစ်ကာ ရွာရှိ ကျန်းမာသန်စွမ်းသော လူကြီးလူငယ်မကျန် မြို့တော်ရန်ကုန်တွင် စုပေါင်းအခြေချ၍ နည်းလမ်းအမျိုးမျိုးဖြင့် ရပ်တည်ရန် ကြိုးပမ်းနေကြရသည်။



ရန်ကုန်မြို့လယ် ပလက်ဖောင်းတစ်ခုပေါ်ရှိ အညာသားအထမ်းဆိုင်

ဓာတ်ပုံ-ကျော်ဇင်သန်း

စာမျက်နှာ(၇)သို့



7 DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013

# စန္ဒရား – မြန်မာ့သင်ခန်းစာ ပြဇာတ်

**ခင်မေဇော် (ဝါရှင်တန်ဒီစီ)**

ပထမဆုံး အမေရိကန်-မြန်မာ တွဲဖက်ပြဇာတ်"စန္ဒရား-မြန်မာ့သင်ခန်းစာ"ဟု အမည်ပေးထားသော ဂီတနှင့် သရုပ်ဖော်သည့် ပြဇာတ်တစ်ခုကို အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့တော် Atlas ခန်းမ၌ ဇူလိုင်လ ၁၁ ရက်က ကပြသွား သည်။

ပထမဆုံးဖွင့်ပွဲမှာပင် ပရိသတ်အပြည့်နှင့် တကယ့်ကိုပင် မြိုင်မြိုင်ဆိုင်ဆိုင် တွေ့ရပြီး အမေရိကန်ရောက် မြန်မာအနုပညာရှင်များ၊ မြန်မာနိုင်ငံမှ လာရောက်ကြသည့် ဂီတရုပ်သေး အကပညာရှင်များ၊ အမေရိကန်နိုင်ငံသား စန္ဒရားနှင့်အဆို၊ သရုပ်ဖော် ပညာရှင်များ စုပေါင်းတင်ပြကြခြင်း ဖြစ်သည်။

၁၉၈၇ ခုနှစ် မြန်မာနိုင်ငံတွင် ငွေစက္ကူများကို ဖျက်သိမ်းခဲ့သည့် အချိန်ကစပြီး ၂၀၀၇ ခုနှစ် ရွှေဝါရောင် သံဃာ့လှုပ်ရှားမှုအကြား နောက်ခံ၊ အဖြစ်အပျက် မြန်မာ့စန္ဒရားနှင့် မြန်မာ့အနုပညာ၊ မြန်မာနိုင်ငံ၏ နောက်ဆုံးမင်းဆက် တစ်စိတ်တစ်ဒေသနှင့် အတူ မြန်မာနိုင်ငံကို ရောက်လာသည့် နိုင်ငံခြားသူတစ်ဦး၏ အတွေ့အကြုံများကို ဇာတ်လမ်းဆင်ပြီး ဂီတနှင့် သရုပ်ဖော်ထားသည်။


ဖျော်ဖြေပွဲတွင် တွေ့ရသည့် မချောအိသိမ်း

ထူးခြားသည့် အင်္ဂလိပ်ဘာသာစကားပြော ပရိသတ်များအတွက် ကပြ ဖျော်ဖြေနေသော်လည်း မြန်မာဘာသာကိုလည်း ရောနှောပြောဆို တင်ပြသွားခဲ့ခြင်း ဖြစ်သည်။

သရုပ်ဖော်ပြကွက်များ ကြိမ်ဖန်များစွာ လုပ်ခဲ့သော်လည်း ဤသို့သော ပြဇာတ်ကြီးမျိုးတွင် စုပေါင်း သရုပ်ဖော်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း အမေရိကန်နိုင်ငံကို ရောက်ရှိနေသူ သရုပ်ဖော်အနုပညာရှင် မချောအိသိမ်းက ပြောသည်။

အမေရိကန် တေးရေးသူနှင့် စန္ဒရားဆရာမ ကစ်ယန်းက မြန်မာသီချင်းများကို နောက်ခံ တီးခတ်ပေးပြီး အသံနှင့် အားဖြည့် ပေးသလို ဆိုင်းဆရာ မြန်မာပြည်ကျော်စိမ်းကလည်း ပတ်ဝိုင်းနှင့်အတွဲညီညီ သရုပ်ဖော်တီးခတ်သွားခဲ့သည်။ မြန်မာနိုင်ငံမှ လာရောက်ဖျော်ဖြေသူများထဲတွင် ရုပ်သေးပညာရှင် ဦးထွန်းကြည်နဲ့ သီးလေးသီးထဲက ကြယ်သီးတို့ပါဝင်သည်။

**စာမျက်နှာ(၁၉)သို့**




## ချက်ကြရအောင်



### ငါးရှဉ့်ဖန်ခါးသီးမွှေ

ဒီတစ်ပတ်ဝိုက်ဖီက ဟင်းလျာကောင်းလေးတစ်ခွက် ပြင်ဆင်ထားပါတယ်။

ဒီဟင်းချက်ဖို့ ငါးရှဉ့် ၃၀ ကျပ်သား၊ ဖန်ခါးသီး ငါးလုံး၊ စပါးလင်နဲ့ ချင်းပဲ လိုပါတယ်။ ပထမဆုံး ငါးရှဉ့်အကောင်လိုက်ကို ရင်ခွဲ၊ သန့်စင်အောင်ဆေးပြီး ချင်း၊ နနွင်း၊ ငံပြာရည် နည်းနည်းထည့်ပြီး အကောင်လိုက်ပြုတ်ပါ။ ကြက်သွန်ဖြူ၊ ကြက်သွန်နီနဲ့ စပါးလင် နည်းနည်းကိုလည်း အဆင်သင့်ထောင်းပါ။ ဖန်ခါးသီး ငါးလုံးကို အလယ်ကခြမ်း၊ အစေ့ ထုတ်ပြီး လေးစိတ်ကွဲရုံ ထောင်းပါ။

ပြုတ်ပြီးသွားတဲ့ ငါးရှဉ့်တွေကိုအသားနွှင်ထားပါ။ ခုန ထောင်းထားတဲ့ ကြက်သွန်ဖြူနီ စပါးလင်တို့ကို နနွင်းလေးပါရုံထည့် ဆီသတ်ပါမယ်။ အဲဒီနောက် ပြုတ်ပြီးသား ငါးရှဉ့်ထည့်မွှေပါ။ ငါးရှဉ့် သေချာအိသွားပြီး ကျက်လောက်ပြီဆိုပါက ဖန်ခါးသီး ထောင်းထည့်လိုက်ပါ။ ဖန်ခါးသီးထည့်ပြီး သုံးမိနစ်လောက်ကြာတဲ့အခါ မီးဖိုပေါ်က ချလို့ရပါပြီ။ အစပ်ကြိုက်သူတွေကတော့ ငရုတ်သီးခွဲခြမ်းထည့် ဆီသတ်လို့ရပါတယ်။ ဒီဟင်းက အရသာ အလွန်ကောင်းတဲ့အပြင် အညောင်းထိုင်တာများတဲ့ အမျိုးသားတွေဖြစ်လေ့ရှိတဲ့ ဒူလာရောဂါသမားတွေအတွက် အစာလည်းဆေး၊ ဆေးလည်းအစာဟင်းတစ်ခွက်လို့ ဆိုကြပါတယ်။



စာမျက်နှာ(၅)မှ

## ပလက်ဖောင်းပေါ်က အညာအရင်းအမြစ်

ပုံစံအမျိုးမျိုးဖြင့် မြို့တော်ရန်ကုန်တွင် အခြေချလုပ်ကိုင်နေကြသော်လည်း ရည်ရွယ်ချက်ချင်းမှာမူ အားလုံး၏ ရင်ထဲတွင် အတူတူချည်းပင် ဖြစ်သည်။ ကံနှင့် ဝီရိယကို ယုံကြည်သည့် မြို့တော်ရန်ကုန်က အညာသူ၊အညာသားများအပေါ် လျစ်လျူတော့ မရှုခဲ့ပါ။

ကံတရား၏ မျက်နှာသာပေးခြင်းကို သူတို့ ခံစားခဲ့ရပါသည်။ စီးပွားရေးနှင့် အခွင့်အလမ်း အများစုတည် ရှိနေသည့် မြို့တော်ရန်ကုန်မှာ စရိတ်နည်း အဆာပြေစားသုံးရန် လိုအပ်နေမှုကို ၎င်းတို့က တိုက်ရိုက်ဖြည့်ဆည်းပေးခဲ့ပြီ ဖြစ်သည်။

မြို့တော်ရန်ကုန်သို့ ရောက်ရှိပြီး အညာသားတစ်ဦးမှာ ကိုယ်ပိုင်အခြေချရန် သုံးနှစ်မှ လေးနှစ်အထိ ရှေ့မှရောက်နှင့်နေသော စီနီယာ အညာသားတစ်ဦးထံတွင် ပညာသင်ယူပြီးခါမှ အများစုမှာ ကိုယ်ပိုင်အထမ်း၊ တွန်းလှည်းများဖြင့် ဆက်လက်အခြေချ လုပ်ကိုင်နိုင်ကြောင်း လေးနှစ်ကျော် ပညာသင်ယူပြီး အထမ်းပေါင်း ငါးထမ်းဖြင့် လုပ်ငန်းအောင်မြင်နေပြီဖြစ်သော ကိုဆန်းကျော်က ပြန်လည်ပြောပြသည်။ လက်ရှိ သူ့တွင် ရွာမှ လုပ်သားကိုးဦးကိုပင် ရန်ကုန်တွင် ၎င်းငှားရမ်းနေထိုင်သောတိုက်ခန်းသို့ ခေါ်ယူ၍ လခပေး စရိတ်ငြိမ်း သင်ကြားပေးနေပြီ ဖြစ်သည်။

ရန်ကုန်တွင် ချောင်လည်စွာ နေနိုင်ရုံသာမက ပိုလျှံသည်များကို ရွာရှိ မိဘများထံ လစဉ်ငွေပို့နိုင်သည်ဟု ကိုဆန်းကျော်က ဆိုသည်။ "ရွာမှာ လူစားစရာ မရှိလို့ အရင်လူစာပဲ ပို့ခဲ့ရတာ။ ခုနွားစာတောင် မရှိတော့လို့ နွားစားအတွက်ပါ ငွေပို ပို့နေရပြီ" ဟု အညာသံ ခပ်ဝဲဝဲဖြင့် လက်ရှိ အညာကျေးလက်ရွာအချို့တွင် လုပ်ကိုင်စားသောက်ရန် ခက်ခဲလာပုံကို သူက ပြောပြသည်။

ရန်ကုန်မြို့ ပလက်ဖောင်းများပေါ်တွင် ရည်ရွယ်ချက်တူ အညာသူ၊ အညာသားအချင်းချင်း စျေးကွက် ယှဉ်ပြိုင်ရာတွင် အခက်အခဲများစွာ နေ့စဉ်ကြုံတွေ့နေရသည်။ အဓိကအားဖြင့် မြို့နယ်စည်ပင်၏ နေ့စဉ်အကြောင်းအမျိုးမျိုးရှာ ငွေရှာမှု၊ ဆိုင်ခန်းနေရာရရန်ခက်ခဲမှု၊ အချင်းချင်း အပြိုင်အဆိုင် ဖောက်သည်လုမှု စသည်တို့က ၎င်းတို့အတွက် အခက်အခဲများပင် ဖြစ်သည်။

စကားပြောလျှင် လေသံခပ်ပြတ်ပြတ်ဖြင့် ပြုံးလျှင် ကွမ်းချိုးများပေါ်အောင် ပြုံးတတ်သည့် ဘိုကလေးစျေးအနီးတွင် ဆိုင်းထမ်းဖြင့် ရောင်းချနေသည့် ကိုမျိုးအောင်က ရန်ကုန်မှ ၎င်းတို့ ကြုံတွေ့ရသော အခက်အခဲကို ယခုကဲ့သို့ ပြောပြသည်။

"ကိုယ်ကတစ်နယ်သားလေ။ ဒီမှာ စီးပွားလာရှာတာ အားလုံးနဲ့ အဆင်ပြေအောင်တော့ နေရတာပေ့ါ"

ရွာတွင် တောင်ယာစိုက်ပျိုးခြင်း၊ ထန်းတက်ခြင်းများနှင့် ယခုလက်ရှိ လုပ်ကိုင်နေသည့် ဆိုင်းထမ်းဖြင့် စျေးရောင်းချမှုနှင့် နှိုင်းယှဉ်ပါက လက်ရှိ အလုပ်မှာပိုပြီး ပင်ပန်းခက်ခဲသော်လည်း ဝင်ငွေမှာ ရွာမှ အလုပ်ထက်ပို ကောင်းသောကြောင့် လက်ရှိ အလုပ်ကိုသာ စွဲကိုင်ထားရန် အားသန်နေကြဆဲဖြစ်ကြောင်း လမ်းဘေးတွင် ဆိုင်းထမ်းဖြင့် ရောင်းချနေသူအများ စုက ဆိုသည်။

ဆိုင်းထမ်းတစ်ထမ်းလျှင် အရင်းအနှီး ကျပ်တစ်သိန်းမှ တစ်သိန်းခွဲ ဝန်းကျင်သာရှိပြီး ရန်ကုန်မြို့၏ ခနော်နီ ခနော်နဲ့နိုင်လှသည့် မည်သည့် ပလက်ဖောင်းမျိုးတွင်မဆို စည်ပင်စျေးကောက်ပေးရုံဖြင့် ရောင်းချနိုင်သောကြောင့် နေရာပြဿနာမှာ စိုးရိမ်စရာ မရှိပေ။ တစ်နေ့လျှင် အနည်းဆုံး ဆိုင်းထမ်းတစ်ထမ်းလျှင် ငွေကျပ်နှစ်သောင်းမှ သုံးသောင်းအထိ မြတ်ပြီး ဆိုင်ထမ်း ငါးထမ်း ပိုင်ဆိုင်သူတစ်ဦးဆိုပါက တစ်နေ့လျှင် တစ်သိန်းမှ တစ်သိန်းခွဲအထိ မြတ်ကြောင်း ၎င်းတို့က ပြောသည်။

မုံရွာမြို့ အနီးတစ်ဝိုက်ရှိ ကျေးရွာအများစုမှ တက်ရောက်လာသည့် ရွာသူ ရွာသားအများစုအတွက် ဒေသတွင်းစိန်ခေါ်မှုများ ပြည့်နှက်လာခြင်းနှင့် မြို့တော်ရန်ကုန်တွင် ရှေ့မှ ရောက်နှင့်ပြီးသော အမျိုးအဆွေများ အဆင့်သင့် ရှိနေမှုများကြောင့် လာရောက်လုပ်ကိုင်မည့် ပမာဏအများစုက ရှိနေသေးကြောင်း စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်မှ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သူ ဦးမျိုးညွန့်နိုင်က ပြောသည်။

နွေမှာဆို ထနောင်း၊ ဆောင်းမှာဆို မန်ကျည်းဟူ၍ အညာ၏ရာသီဥတုမျိုးစုံကို ခံလှုံခွင့်ပေးခဲ့သည့် အပင်ရိပ်တွေကို စီးပွားရေးမြို့တော် ရန်ကုန်တွင် ဆိုင်းထမ်းများဖြင့် ရောင်းချနေသူ အညာသူ၊ အညာသား အများစု ဝေး ခဲ့ရပြီး အရောင်းအသွေးစုံလှသူတွေ ရှုပ်ယှက်ခတ်နေသည့် ယာဉ်ကြောတန်းကြီးတွေ၊ မိုးမြင့်တိုက်တာကြီးတွေက ၎င်းတို့အတွက် နေသားကျနေပြီလည်း ဖြစ်သည်။

"ရွာတော့ ပြန်ချင်တာပေ့ါ။ ရွာမှာ ဘာမှလုပ်စရာမှ မရှိတာ။ ဟိုပြန်လည်း ငတ်မှာပဲ"။ ထိုစကားသံမှာ အသက်(၁၉)နှစ်အရွယ်ရှိ အညာသားတစ်ဦး၏ ရင်ထဲက လာသော စကားလုံးအချို့ ဖြစ်သည်။ လက်ထဲတွင် စုမိဆောင်းမိဖြစ်ပါက ရန်ကုန်တွင် အရင်းအနှီးခပ်ကြီးကြီးဖြင့် ဆိုင်ခန်းအကျယ်ကြီးများ ငှားကာလက်ရှိ ဆိုင်ကို ချဲ့ထွင်ရန် စိတ်ကူးဆန္ဒများက မြန်မာနိုင်ငံအလယ်ပိုင်းမှ အညာသူ၊ အညာသားတိုင်း မက်နေကျ အိပ်မက်တစ်ခုလည်း ဖြစ်သည်။

"ကိုယ့်ဆိုင်က သေးနေရင် လူနည်းနည်းပဲ အလုပ်ရမှာလေ။ ဆိုင်အကြီးကြီး ဖွင့်ရင်တော့ ကိုယ့်ရွာက သူတွေ အလုပ်အများကြီး ရမှာပေ့ါ။ ဒါ့ကြောင့် ပိုက်ဆံစုထားတာ။ ပြည့်ရင် ဆိုင်ကို အကြီးကြီး ဖွင့်ချင်တာ"ဟု မုံရွာ ဘုတလင် အနီး ပေပင်ကုန်းရွာသားက ၎င်း၏ လုပ်ငန်းချဲ့ထွင်လိုသည့် စိတ်ကူးကို ပြောပြသည်။

ကိုဆန်းကျော်တစ်ယောက် ရွှေတိဂုံဘုရားတောင်ဘက်မုခ် ဦးစောင်းတန်းအတွင်းရှိ ဗေဒင်ဟောခန်းတစ်ခုတွင် နာရီဝက်ကျော်မျှ ဆွေးနွေးမေးမြန်းမှုများ ပြုလုပ်ပြီးနောက် သူ၏ လက်ရှိ ဆိုင်နာမည်'အမေ့သား'ကိုပြောင်းလဲရန် ဆုံးဖြတ်လိုက်သည်။ ပြောင်းလဲပြီး တစ်နှစ်အကြာတွင် သူ၏ ဆိုင်းထမ်းမှာ ယခင်နှစ်ခုသာ ရှိခဲ့ရာမှ ယခု ငါးခုကို ပိုင်ဆိုင်သွားပြီဟု သူကဆိုသည်။

ဗေဒင်ကြောင့်သူအောင်မြင်နေပြီဟု ယုံကြည်ယူဆနေသော်လည်း အမှန်မှာ သူလပေါင်းများစွာ ကြိုးစားအား ထုတ်ရောင်းချထားသည့် အမြတ်ငွေများမှ တစ်ဆင့် အခြားပလက်ဖောင်း ချဲ့ထွင်နိုင်သည်ကိုမူ သူသတိမပြုလိုက်မိပေ။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013

မျက်နှာဖုံးမှ

# လွှတ်တော်အမတ်များရဲရင့်ပါ

အဆိုများ၊ ဥပဒေကြမ်းများကို မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံသည့် ဆန္ဒကိုဖြစ်စေ၊ ကန့်ကွက်သည့်ဆန္ဒကိုဖြစ်စေမတ်တတ်ရပ်၍ ဆန္ဒပြုရပါက မတ်တတ်ရပ်မဲပေးသည့် အမတ်အရေအတွက် လျော့နည်းနေခြင်းမှာ ကောင်းသောအလားအလာတော့မဟုတ်ပါ။ မတ်တတ်ရပ် မဲပေးစနစ်ကျင့်သုံးပြီး ဆန္ဒပြုရသည့် ကိစ္စများတွင်ကိုယ်စားလှယ်များကန့်ကွက်စေလို၊ထောက်ခံစေလိုသည့်ဘက်၏ ဆန့်ကျင်ဘက်ကိုသာ မတ်တတ်ရပ်မဲပေးစေပါက မိမိဆန္ဒကို ရဲရဲဝံ့ဝံ့ထုတ်ဖော်ရဲသူ လျော့နည်းမြဲဖြစ်သည်။

ထို့ကြောင့် လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ရာ၌ စက်ခလုတ်နှိပ်မဲပေးရသည့် လျှို့ဝှက်မဲပေးစနစ်ကျင့်သုံးခြင်းသည်သာ အကောင်းဆုံးနည်းလမ်းဟု လွှတ်တော်ကိုယ်စားလှယ်များက ယုံကြည်ထားကြသည်။

“ကျွန်တော် တစ်ဦးတည်း သဘောကတော့ လျှို့ဝှက်မဲပေးစနစ်ကျင့်သုံးတာ အကောင်းဆုံးလို့ထင်ပါတယ်။ ဒါပေမဲ့ မတ်တတ်ရပ်ပြီး မဲပေးဖို့လိုတာလည်း ရှိရင်ရှိမှာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် မဲပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ သဘောထားက အဓိကပါပဲ။ သူယုံကြည်ရင် သူ့ရပ်တည်ချက်မှန်ကန်ရင် မတ်တတ်ရပ်ပြီးလည်း မဲပေးရဲရမှာပေါ့”ဟု ပြည်ခိုင်ဖြိုးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းကပြောလာသည်။

ပြည်သူလူထု၏ အကျိုးစီးပွားထိခိုက်နိုင်သည့် ဥပဒေများ အဆိုများ၊ပြည်သူကကန့်ကွက်ရန် ဆန္ဒရှိနေသည့် အကြောင်းအရာများကို ဆုံးဖြတ်သည့်အခါမှာပင် ကန့်ကွက်လိုသူများကို မတ်တတ်ရပ်၍ ဆန္ဒပြုစေပါကကန့်ကွက်သူမရှိဘဲ အဆိုများ၊ ဥပဒေများက အောင်မြင်စွာ အတည်ဖြစ်သွားခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရဲထွန်းကလည်း “မဲခွဲရင်တော့ လျှို့ဝှက်စနစ်နဲ့ မဲပေးတာ အကောင်းဆုံးပါပဲ။ မတ်တတ်ရပ်ပြီး မဲပေးတော့ တော်ရုံတန်ရုံက မတ်တတ်မရပ်ချင်ကြဘူး။ ဒီတော့ ဖြစ်စေချင်တဲ့ဘက်ကို ထိုင်ခိုင်းရင် သေချာတယ်။ ဒီအတိုင်းဖြစ်မှာလို့တောင် ပြောလာကြတာတွေရှိတယ်ပေါ့”ဟုဆိုသည်။

ပါလီမန်ဒီမိုကရေစီကျင့်သုံးသည့် နိုင်ငံများတွင် စက်ခလုတ်နှိပ်၍ လျှို့ဝှက်မဲပေးခြင်းကို အသုံးပြုကြပြီး မြန်မာ့လွှတ်တော်နိုင်ငံရေးတွင်လည်း လျှို့ဝှက်မဲပေးခြင်းကသာ အကောင်းဆုံးဖြစ်မည်ဟု လွှတ်တော်ကိုယ်စားလှယ်များသာမက စောင့်ကြည့်လေ့လာသူနေကြသည့် ပြည်သူများကပါ ယူဆကြသည်။

လက်ရှိ အခြေအနေအရ မြန်မာ့လွှတ်တော်အမတ်မင်းများကို မိမိတို့သက်ဆိုင်ရာမိခင်ပါတီများ၏ ရပ်တည်ချက်က လွှမ်းမိုးလျက်ရှိသည်ကိုပေါ်လွင်စွာတွေ့မြင်ရမည်ဖြစ်သည်။ ဒါကလည်း အမတ်များမှာ ပါတီ၏ မူဝါဒ သဘောထားများနှင့် လွှတ်တော်တွင် လာရောက်ရပ်တည်နေကြရသည့်အတွက် သိပ်မဆန်းတော့ပါဟုမြန်မာ့နိုင်ငံရေးလေ့လာသုံးသပ်သူတစ်ဦးကထင်ကြေးပေးသည်။

မတ်တတ်ရပ်မဲပေးခြင်း၊ အသံဖြင့် မဲပေးဆုံးဖြတ်ခြင်းစသည်တို့က ဒီမိုကရေစီသက်တမ်းနုနယ်သေးသည့် ကာလအတွင်း မြန်မာလွှတ်တော်အမတ်အများစုကို ရဲဝံ့မှုရှိလာစေဦးမည်မဟုတ်ဘဲ လျှို့ဝှက်မဲပေးခြင်းသည်သာလျှင် ယင်းအမတ်တစ်ဦးချင်းစီ၏ ဆန္ဒအမှန်ကို ပေါ်ထွက်စေနိုင်ပါလိမ့်မည်။ သို့မှသာလျှင် ပြည်သူ့ဆန္ဒများက အမှန်တကယ်အကောင်အထည် ပေါ်လာနိုင်မည်ဖြစ်သည်။

ထိုအကြောင်းခြင်းရာများက လွှတ်တော်နာယက(သို့မဟုတ်) ဥက္ကဋ္ဌ၏ လုပ်ပိုင်ခွင့်အာဏာပေါ်မှာလည်း များစွာမူ တည်နေပါသည်။ လွှတ်တော်တွင်း မဲပေးနည်းစနစ်ကိုစက်ခလုတ်ကိုအသုံးပြု၍ လျှို့ဝှက်စွာဆန္ဒပြုသည့် နည်းလမ်း၊ ဆန္ဒမဲလက်မှတ်ကို အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒမဲပေးရသည့်နည်းလမ်း၊ မတ်တတ်ရပ်ဆန္ဒပြုသည့်နည်းလမ်းဟူ၍ နည်းဥပဒေပြဋ္ဌာန်းထားရာတွင် လွှတ်တော်နာယက(သို့မဟုတ်) ဥက္ကဋ္ဌက ပိုမိုအကျိုးပြုနိုင်မည့်နည်းလမ်းကို ရွေးချယ်အသုံးပြုပေးသင့်သည်။ လွှတ်တော်ကိုယ်စားလှယ်များကတော့ အကြံပြုရုံမျှသာ တတ်နိုင်သည့်အတွက်ဖြစ်သည်။

“လွှတ်တော်တွင်းမဲပေးမယ့် စနစ်ကို လွှတ်တော်ဥက္ကဋ္ဌတွေက ရွေးချယ်သတ်မှတ်ပါတယ်။ အဲဒီအခါ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီရဲ့ ဆန္ဒအမှန်ကို ဖော်ပြနိုင်မယ့်နည်းကို ပိုသုံးသင့်တယ်လို့ထင်ပါတယ်”ဟုနိုင်ငံရေးလေ့လာသုံးသပ်သူ ဒေါက်တာရန်မျိုးသိမ်းက မှတ်ချက်ပေးသည်။ ၎င်းကပင် ဆက်လက်၍

“လျှို့ဝှက်စက်ခလုတ်နဲ့မဲပေးစနစ်က တစ်ဦးချင်းစီရဲ့ ဆန္ဒကို လျှို့ဝှက်ဖော်ထုတ်နိုင်လို့ပါ။ အဲဒီနေရာမှာ လျှို့ဝှက်စက်ခလုတ်နဲ့မဲပေးတာကို နည်းပညာအရစောင့်ကြည့်တာမျိုးရှိ၊ မရှိ၊စက်ခလုတ်တွေဟာ တကယ်ပဲနှိပ်တဲ့အတိုင်းပေါ်၊မပေါ် ဆိုတာတွေကိုလည်း စစ်ဆေးကြည့်ဖို့လို့မယ်ထင်ပါတယ်”ဟု ဆက်ပြောသည်။

စက်ခလုတ်နှိပ်၍ မဲပေးရာတွင်ထောက်ခံခြင်း၊ကန့်ကွက်ခြင်းပြုလုပ်မည့် ကိုယ်စားလှယ်က မိမိထိုင်ခုံရှိ စက်ခလုတ်ကိုနှိပ်၍ ထိုင်ရာမှပင်မဲပေးနိုင်သည်။ မဲပေးသည့်အရေအတွက်ကိုဘေးနံရံများရှိ အီလက်ထရွန်နစ်ဖန်သားပြင်က တိတိကျကျဖော်ပြမည်ဖြစ်ရာ မည်သူက မည်သည့်မဲ ပေးသည်ကို သိနိုင်မည်မဟုတ်ပေ။

ဆန္ဒမဲလက်မှတ်ဖြင့်မဲပေးရာတွင် ကိုယ်စားလှယ်များ၏ရှေ့ ကွက်လပ်၌ မဲပုံးများကိုထားရှိမည်ဖြစ်ပြီး ထိုသို့မဲလက်မှတ်ဖြင့်မဲပေးခြင်းကို မကျင့်သုံးဖူးသေးကြောင်း သိရသည်။

မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းမှာတော့ ထောက်ခံသူ၊ ကန့်ကွက်သူများက ကိုယ်တိုင်မတ်တတ်ရပ်၍ ဆန္ဒပြုရခြင်းဖြစ်ရာ မည်သူက ကန့်ကွက်သည်၊ မည်သူက ထောက်ခံသည်ကို အထင်းသားမြင်နိုင်သောကြောင့် အနှောင်အဖွဲ့မကင်းသည့် ကိုယ်စားလှယ်များအတွက် အခက်အခဲဖြစ်ရကာ ခပ်မဆိတ်နေကြသည်ကများသည်။

ပြီးခဲ့သည့် ရက်ပိုင်းများက ကျင်းပခဲ့သောပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးများတွင် နိုင်ငံအတွက် အရေးကြီးအဆိုနှစ်ခုဖြစ်သော ဆက်သွယ်ရေးနှင့်ပတ်သက်သည့် အရေးကြီးအဆိုနှင့် စာနယ်ဇင်းပုံနှိပ်ဥပဒေကြမ်းတို့ကို ကန့်ကွက်သူမရှိ အတည်ပြုထောက်ခံခဲ့ခြင်းက လွှတ်တော်ကိုယ်စားလှယ်များ၏ ရပ်တည်ချက်အပေါ် မေးခွန်းထုတ်စရာဖြစ်လာခဲ့သည်။

The Voice Daily သတင်းစာ အယ်ဒီတာချုပ် ဦးကျော်မင်းဆွေကလည်း “မီဒီယာလောကသားအားလုံးကပြင်းပြင်းထန်ထန်ဆန့်ကျင်ကန့်ကွက်နေတဲ့ကြားက ပြန်ကြားရေးဝန်ကြီးဌာနက ရေးဆွဲထားတဲ့ ပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော်က ကန့်ကွက်သူမရှိ(ကန့်ကွက်သူမရှိ)လက်ခံလိုက်တယ်။ ဒီတစ်ကြိမ်နဲ့ဆိုပြည်သူ့လွှတ်တော်က ကန့်ကွက်သူမရှိ လက်ခံတာ ရက်ပိုင်းအတွင်း နှစ်ကြိမ်ရှိပြီ”ဟု ၎င်း၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဇူလိုင် ၁၀ ရက်က ရေးသားခဲ့သည်။

အတည်ပြုမည့် အဆိုများ၊ ဥပဒေများအပေါ် သဘောတူ၊ မတူကို မတ်တတ်ရပ်မဲခွဲဆုံးဖြတ်ရာတွင် ရဲဝံ့မှုမရှိခြင်းနှင့် သဟဇာတမဖြစ်ကြခြင်းတို့ကို ပြည်သူ့လွှတ်တော်တွင် အများဆုံးတွေ့ရသည်ဟု လွှတ်တော်ကိုယ်စားလှယ်တို့က ပြောကြသည်။ တိုင်းပြည်အတွက် အရေးကြီးအဆိုများကို အတိုက်အခံပါတီကြီးဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များအပါအဝင် မည်သည့် ကိုယ်စားလှယ်ကမှ မတ်တတ်ထရပ်ခြင်းမရှိသည့် အစည်းအဝေးနေ့ရက်များကို ပြည်သူများက သဘောကျနေကြသည်တော့မဟုတ်ပါ။

“လွှတ်တော်ထဲမှာ ပါဝါ Balanceက သိပ်မဖြစ်သေးဘူးဆိုတော့ အချို့ကိစ္စတွေကို မဲခွဲတဲ့အခါမှာ လျှို့ဝှက်စနစ်ကို မသုံးဘဲ မတ်တတ်ရပ်တဲ့စနစ်ကို သုံးနေတော့ လူများတဲ့ ဘက်ကိုဝင်ပြီး ရပ်ပေးလိုက်ရတဲ့ သဘောတွေဖြစ်နေတယ်။ တကယ်ဆိုလျှို့ဝှက်မဲပေးစနစ်ကို သုံးတာ ပိုထိရောက်ပြီး ပိုပြီးမှန်ကန်တဲ့ ထောက်ခံမဲ၊ ကြားနေမဲအရေအတွက် ကိုသိနိုင်မယ်လို့မြင်တယ်”ဟု ကုမ္ပဏီ ဝန်ထမ်းတစ်ဦးဖြစ်သူအသက် (၃၂) အရွယ် ကိုကျော်ဝဏ္ဏက ဆိုသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဒေါက်တာမြတ်ညဏစိုးက “အမျိုးသားလွှတ်တော်မှာတော့ ပြည်သူ့လွှတ်တော်လို သိပ်မရှိပါဘူး။ အမျိုးသမီးအခွင့်ခံစားခွင့်နဲ့ ပတ်သက်တဲ့အဆိုတစ်ခုဆိုရင် မတ်တတ်ရပ်ပြီး မဲပေးရပေမယ့် မဲအရေအတွက်တူနေတာမျိုးတောင်ရှိတယ်”ဟု ပြောပါသည်။

အချို့သော ဥပဒေကြမ်းနှင့် အဆိုများအပေါ် တိတိကျကျနားလည်သဘောပေါက်ခြင်းမရှိမှုကလည်း မဲခွဲဆုံးဖြတ်ခြင်းကိုပြီးစလွယ်ဖြစ်သွားစေသည့် အချက်တစ်ခုဖြစ်နေသည်။ ထိုအချက်ကပင် ကန့်ကွက်သူမရှိအတည်ပြုကြောင်းတို့ ဖြင့် ပြီးဆုံးသွားရန် အကြောင်းဖန်လျက်ရှိသည်။

“အဆိုနဲ့ဥပဒေကြမ်းကိုကန့်ကွက်သူမရှိအတည်ပြုထောက်ခံခဲ့တဲ့အခါ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအစိုးရခေတ်က ပြည်သူ့လွှတ်တော်အစည်းအဝေးတွေကို ပြန်အမှတ်ရမိတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ဆွေးနွေးနိုင်ဖို့အားထုတ်သင့်ပါတယ်။ အဲဒီလိုဆွေးနွေးနိုင်ဖို့ဆိုတာ အကြောင်းအရာကိုကောင်းစွာ သိဖို့လည်း လိုတယ်။ မပိုင်နိုင်ရင်တော့ ထဆွေးနွေးတာထက်ထိုင်နေတာက ပိုကောင်းပါတယ်”ဟု ဒေါက်တာ ရန်မျိုးသိမ်းကသုံးသပ်သည်။

ဥပဒေအဓိကဖြင့် ဘွဲ့ရထားသူတစ်ဦးကလည်း “အချို့ဥပဒေတွေကို မဲပေးဆုံးဖြတ်တဲ့အချိန်ကျတော့ လွှတ်တော်ကိုယ်စားလှယ်တွေက ဥပဒေပိုင်းမှာ လေ့လာမှုအားနည်းရင် များတဲ့ အဖွဲ့နောက်ပါသွားနိုင်တယ်”ဟု သူ၏ အမြင်ကို ပြောသည်။

လွှတ်တော်အတွင်း မေးခွန်းထုတ်ခြင်း၊ အဆိုတင်သွင်းခြင်းတို့ကို ခပ်စိပ်စိပ်ပြုလုပ်လေ့ရှိသောကြောင့် လွှတ်တော်မင်းသားကြီးဟုနာမည်ကြီးသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းညွှန့်ကလည်း လွှတ်တော်တွင်းမတ်တတ်ရပ် ဆန္ဒပြုရခြင်းအပေါ် အောက်ပါအတိုင်းမှတ်ချက်ပေးသည်။

“ဝန်ကြီးဌာနတွေနဲ့ ပတ်သက်တဲ့ အဆိုတွေဥပဒေ ကြမ်းတွေမှာ မတ်တတ်ရပ်ခိုင်းတဲ့ နည်းလမ်းနဲ့တော့လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ ဆန္ဒအစစ်အမှန်ကို ရဖို့ အခက်အခဲရှိတယ်လို့ထင်တယ်။ ကျွန်တော်ကတော့ လွှတ်တော် တက်လာတိုင်းမှာ တတ်နိုင်သမျှ စက်ခလုတ်နည်းနဲ့ ဆန္ဒရယူစေချင်တယ်”

ဥပဒေပြုရေးမဏ္ဍိုင်၏ နာယက၊ ဥက္ကဋ္ဌအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များသည် မိမိ တို့ ဆုံးဖြတ်အတည်ပြုရမည့် ဥပဒေကြမ်းများ၊ အဆိုများမှာ မိမိတို့ကို မဲပေးရွေးချယ်လိုက်ကြသည့်ပြည်သူများအတွက် အလွန်အရေးကြီးသည့်အတွက် ပြည်သူ့မျက်နှာထောက်ထားလျက် ပြတ်ပြတ် သားသား ရပ် တည် ကြဖို့ လိုအပ်နေသည့် အချိန်ပင်ဖြစ်ပါသည်။



## ၂၀၁၃ ဇူလိုင် ၁၇မှ ၂၃ရက်ထိ

## မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော် အနောက်ပိုင်းမှာ မုတ်သုံလေအားအလွန်ကောင်းပြီး ကျန်ကပ္ပလီပင်လယ်ပြင်နဲ့ ဘင်္ဂလားပင်လယ်အော်မှာ မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနဲ့ တောင်ပိုင်းပင်လယ်ပြင်မှာ ထစ်ချုန်းမယ့် အခြေအနေများ တိုးလာနိုင်သော်လည်း မုန်တိုင်းဖြစ်နိုင်ခြေမရှိသေးပါ။ တောင်တရုတ်ပင်လယ်ပြင်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ရာမှ ပိုမိုအားကောင်းလာနိုင်ပါတယ်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းကြီးနိုင်ပြီး လှိုင်းအမြင့် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်ပါတယ်။ ကျန်မြန်မာ့ပင်လယ်ပြင်မှာလှိုင်းအသင့်အတင့်ရှိနိုင်ပြီး လှိုင်းအမြင့် ၅ ပေမှ ၇ ပေခန့်ရှိနိုင်ပါတယ်။ မြစ်ဝကျွန်းပေါ်နဲ့ မွန်-တနင်္သာရီ ကမ်းရိုးတန်းမှာ မကြာခဏမိုးလေသက်ပြင်းများ ကျရောက်နိုင်ပြီး မြေပြင်ရေပြင်လေဟာ တစ်နာရီ (၃၀-၃၅) မိုင် အထိတိုက်ခတ်နိုင်ပါတယ်။

### နေ့အပူချိန်များအခြေအနေ

မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းတွေမှာ နေ့အပူချိန်များဟာ 32C-37C နဲ့ ကျန်ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ 28C-31C ရှိနိုင်ပါတယ်။

### ခရမ်းလွန်ရောင်ခြည်အခြေအနေ

ကချင်ပြည်နယ်အရှေ့ပိုင်းနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းတိုတွင် uv index တန်ဖိုး ၅ ခန့်နဲ့ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်တို့တွင် uv index တန်ဖိုး ၇ နဲ့ ကျန်မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် uv index တန်ဖိုးများ ၆ ခန့်ရှိနိုင်ပါတယ်။

### မိုးတိမ်တောင်အခြေအနေ

ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့မှလွဲပြီး တစ်ပြည်လုံးတွင် မိုးတိမ်တောင်များဖြစ်ရန် အခြေအနေများတိုးနေပြီး အထူးသဖြင့် ချင်းပြည်နယ်၊စစ်ကိုင်းတိုင်းအောက်ပိုင်းနဲ့ မကွေးတိုင်းတို့မှာ မိုးတိမ်တောင်များဖြစ်ရန် သေချာမှု ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာ ခိုင်နှုန်းအထိရှိနိုင်ပါတယ်။

### မိုးရွာသွန်းမှုအခြေအနေ

မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအောက် ပိုင်း၊ နေပြည်တော်တိုင်းနဲ့ မကွေးတိုင်းတို့မှာ ၂ရက်မှ၃ရက်ခန့်နေရာကွက်ကျား၊ကျန်ဒေသတွေမှာ ၅ ရက်မှ ၇ရက်ခန့် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးရွာသွန်းနိုင်ပါတယ်။ ရွာရန်ရာနှုန်း ၈၀ ရာခိုင်နှုန်း-၁၀၀ ရာခိုင်နှုန်းအထိရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နဲ့တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ပြီး မိုးကြီးနိုင်ပါတယ်။

**ဒေါက်တာ ထွန်းလွင် (MCCW)**

**ငွေရတုမင်္ဂလာ**

စစ်ကိုင်းတိုင်းအထက်ပိုင်း ခန္တီးမြို့ ရွှေမြင့်မိုရ်ကျေးရွာနေ ဖေဖေဦးမင်းသိကျား+မေမေ ဒေါ်အမာဖြူ(ဝင်းမင်းသိကျားစက်သုံးဆီနှင့် စက်အပိုပစ္စည်းရောင်းဝယ်ရေး)တို့၏ ၂၀-၇-၂၀၁၃ ရက်နေ့တွင်ကျရောက်သည့် ငွေရတုမင်္ဂလာမှသည်နှစ်ပေါင်းများစွာမိသားစုနှင့်အတူပျော်ရွှင်ချမ်းမြေ့နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သား/သမီးများ**

**ကိုဝဏ္ဏ** B.Sc(Phys),MBA+ **မချမ်းမြေ့သူ** B.Sc(Stat:)

**ရာဇာမင်း ဆန်ရောင်းဝယ်ရေး(မုံရွာ)**

**မနှင်းမြေ့သူ** AGTI 2nd Arch

# ဒေသတွင်းရှိ အရွယ်မတိုင်မီ မီးဖွားနှုန်းမြင့် နိုင်ငံများတွင် မြန်မာပါဝင်

**ဝတ်ရည်အောင်**

**ရန်ကုန်**-မြန်မာသည် ဒေသတွင်းနိုင်ငံများတွင် အရွယ်မတိုင်မီ မီးဖွားမှုနှုန်းမြင့်မားနေဆဲနိုင်ငံဖြစ်ကြောင်းစစ်တမ်းများကို ကိုးကား၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြောကြားသည်။

၂၀၀၇ ခုနှစ်က ကောက်ယူခဲ့သည့် မီးဖွားနှုန်းနှင့် မျိုးဆက်ပွားကျန်းမာရေးစစ်တမ်းတွင် အရွယ်မတိုင်မီ မီးဖွားမှုနှုန်းမှာ အသက်(၁၅)မှ(၁၉)နှစ်ကြားလူတစ်ထောင်လျှင် ၁၆ ဦးကျော်ရှိနေကြောင်း ဇူလိုင် ၁၁ ရက် နေပြည်တော်၌ ပြုလုပ်သည့် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဒေါက်တာစိုင်းမောက်ခမ်းကပြောကြားခဲ့ခြင်းဖြစ် သည်။

ထိုပြဿနာကို ဖြေရှင်းရန် (၁၈)နှစ်မတိုင်မီလက်ထပ်ခြင်းကို လျှော့ချခြင်းဖြင့် အရွယ်မတိုင်မီကိုယ်ဝန်ဆောင်မှုကို တားဆီးရန်၊ အသက်(၂၀) မတိုင်မီ ကိုယ်ဝန်ဆောင်မှုလျှော့ချရန်နှင့် မရည်ရွယ်ဘဲ ကိုယ်ဝန်ရရှိမှုကို တားဆီးရန်လိုအပ်ကြောင်း သိရသည်။

သို့သော် မြန်မာသည် အိမ်ထောင်ပြုသည့်အသက်အရွယ် ပိုမိုမြင့်မားလာပြီး အိမ်ထောင်မပြုသူဦးရေအချိုး ပိုမိုများပြားလာသည့် နိုင်ငံဖြစ်ကြောင်း UNFPA က ထုတ်ပြန်ထားသည်။

"လုံခြုံစိတ်ချရမှုမရှိတဲ့ ကိုယ်ဝန်ဖျက်ချခြင်းကို လျှော့ချနိုင်ဖို့လည်း လိုအပ်ပါတယ်"ဟု ဒေါက်တာစိုင်းမောက်ခမ်းကပြောသည်။

အမျိုးသမီးဆေးရုံများသို့ ကိုယ်ဝန်ဖျက်ချခြင်းကြောင့် နောက်ဆက်တွဲဆိုးကျိုးများဖြင့် ရောက်ရှိလာသည့် အမျိုးသမီးများမှာ နေ့စဉ်ဖြစ်ပြီး ဗဟိုအမျိုးသမီးဆေးရုံ၌ ရောဂါအားလုံးထက် ကိုယ်ဝန်ဖျက်ချခြင်းကြောင့် ဆိုးကျိုးများဖြင့် သေဆုံးသည့် အမျိုးသမီးဦးရေက ပိုမို များပြားကြောင်း သိရသည်။

UNFPA နှင့် မြန်မာ့လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနတို့သည် အရွယ်မရောက်သေးသူ မိန်းကလေးများကိုအစိုးရနှင့်အရပ်ဘက်အဖွဲ့အစည်းများမှ ကာကွယ်စောင့်ရှောက်ပေးရေး၊ စွမ်းအားမြင့်တက်ရေးတို့အတွက် ရည်ရွယ်၍ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပခဲ့ကြောင်း UNFPA ၏ ကြေညာချက်တွင် ပါရှိသည်။

မြန်မာနိုင်ငံ၏ ခန့်မှန်းခြေလူဦးရေ သန်း ၆၀ ခန့်တွင် အသက်(၁၅)နှစ်မှ(၁၉)နှစ်ကြား အရွယ်မရောက်သေးသူ အမျိုးသမီးများမှာ ၂ ဒသမ ၉ သန်းခန့်ရှိကြောင်း သိရသည်။



*ရန်ကုန်ဆေးရုံကြီးဝန်းကျင်ရှိ လမ်းဘေးဆိုင်ငယ်များ* ဓာတ်ပုံ-နစ်ကီ

# ဆေးရုံကြီးပတ်ဝန်းကျင်လမ်းဘေးဆိုင်များရှင်းလင်းမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇူလိုင်-၁၃**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးပတ်ဝန်းကျင်တွင် ရောင်းချနေသည့် လမ်းဘေးထမင်းဆိုင်နှင့် ဈေးဆိုင်များကို ရှင်းလင်းတော့မည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတင်းရရှိသည်။

အဖုံးအကာများမရှိဘဲ ရောင်းချခြင်းကြောင့် သန့်ရှင်းမှုနှင့် ကျန်းမာရေးအရ မသင့်လျော်သည့်အပြင် ထိုနေရာတွင်ပင် နေထိုင်သည့်မိသားစုများ၏ ကလေးများ ပြေးလွှားဆော့ကစားရာမှ နောက်ဆက်တွဲ အန္တရာယ်များ၊ လမ်းပိတ်မှုများ စသည်တို့ကြောင့် ဆိုင်များကို ရှင်းလင်းမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းကပြောသည်။

"အမြင်မတင့်တယ်တဲ့အပြင် သန့်ရှင်းရေးအရရော၊ ရေရှည်မှာမကောင်းနိုင်ဘူး။ အဲဒီနားမှာပဲနေထိုင်စားသောက်ကြတဲ့အတွက် သူတို့ဆီကထွက်တဲ့ အမှိုက်ကလည်းမနည်းဘူး'ဟု လူမှုရေးဝန်ကြီးကပြောသည်။

ထိုဈေးဆိုင်များမှာ ဟင်းတစ်ပွဲလျှင် ၅၀၀ ကျပ်ခန့်ဖြင့်သာ ရောင်းချသဖြင့် ထိုဆိုင်များကို ရှင်းလင်းလိုက်ပါက ရပ်ဝေးမှ ဆေးရုံလာတက်သူများ၏ အစားအသောက်အတွက် အခက်အခဲများ ကြုံတွေ့လာနိုင်သည်။

"လူနာစောင့်တွေလည်း အခက်အခဲမရှိရအောင် ဆေးရုံဝင်းထဲမှာတင်ဒါအောင်ပြီးရောင်းနေတဲ့ဆိုင်တွေရဲ့ အစားအသောက်တွေကိုလည်း ဟင်းတစ်ပွဲကို ၅၀၀ နဲ့ရောင်းနိုင်ဖို့လုပ်မယ်။ တင်ဒါဈေးတွေလည်း လျှော့ပေးမယ်" ဟု ဒေါက်တာမြင့်သိန်းက ပြောသည်။

ရန်ကုန်ဆေးရုံကြီးပတ်ဝန်းကျင်သန့်ရှင်းမှုရှိစေရန်နှင့် အထူးသဖြင့် ဦးနှောက်နှင့်အာရုံကြောဌာနပတ်ဝန်းကျင်မှ သန့်ရှင်းသာယာရေးအတွက် ဈေးဆိုင်များရှင်းလင်းခြင်းအပြင် လုံခြုံရေးဝန်ထမ်းများလည်း တိုးမြှင့်ခန့်ထားမည်ဖြစ်ကြောင်းသိရသည်။

လိုအပ်ပါက ဖယ်ရှားလိုက်ပြီး ဆိုင်များ ပြန်လည်နေရာချထားပေးရေး စသည့်ရေတို၊ ရေရှည်အစီအစဉ်များညှိနှိုင်းဆောင်ရွက်မည်ဟုဆိုသည်။

"အဲဒီဆိုင်တွေက အရင်က ဆေးရုံကပြောလိုက်၊ လမ်းမရောက်လာလိုက်၊ စည်ပင်ကနှင်လိုက်၊ ဆေးရုံထဲရောက်သွားလိုက်နဲ့ လုံးချာလိုက်နေတာ။ အခုတော့ ရဲတပ်ဖွဲ့၊ စည်ပင်၊ ဆေးရုံအုပ်ချုပ်ရေးရော အားလုံးပေါင်းပြီး သေချာလုပ်မှာပါ" လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ဆက်လက်ပြောသည်။







7DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013

# ဆင္ဌမမြောက် ရင်ချင်းဆက်အမြွှာ တစ်နှစ်ခွဲပြည့်မှ ခွဲစိတ်မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇူလိုင်-၁၃**

မြန်မာနိုင်ငံ၏ ဆဋ္ဌမမြောက် ရင်ချင်းဆက်အမြွှာကို ရန်ကုန်မြို့ ကလေးဆေးရုံကြီး၏ သီးသန့်ခန်း၌ ထားရှိပြီး တစ်နှစ်ခွဲ အရွယ်တွင် ခွဲစိတ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထိုရင်ချင်းဆက် အမြွှာညီအစ်မကို ဇူလိုင် ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပ ဆေးရုံတွင် ခွဲစိတ်မွေးဖွားခဲ့ပြီး နှလုံးသီးခြားစီနှင့် ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထိုက်က ပြောသည်။

ပြည်တွင်းတွင်ပင် ပါမောက္ခ ဒေါက်တာဦးထူးဟန်နှင့်အဖွဲ့မှ ခွဲစိတ်မည်ဖြစ်၍ မခွဲစိတ်မီ ခန္ဓာကိုယ်အတွင်း ဆက်စပ်နေသည့် အစိတ်အပိုင်းများ စစ်ဆေးခြင်း အပြင် လိုအပ်သော စစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"ဒါမျိုးက ထူးခြားဖြစ်စဉ်ထဲမှာပါတော့ မွေးဖွားချိန်ကနေ ခွဲစိတ်မှုပြီးတဲ့အချိန်အထိ ခန့်မှန်းခြေ သိန်း ၂၀၀ လောက်ကို နိုင်ငံတော်က ကျခံပေးသွားမှာပါ။ ဒီကလေးတွေကို မခွဲခင်ရော၊ ခွဲနေတုန်း၊ ခွဲစိတ်ပြီး ကျန်းမာရေးစိတ်ချရပြီး အိမ်ပြန်နိုင်တဲ့အချိန်အထိ တာဝန်ယူပေးသွားမှာပါ"ဟု ဆေးရုံအုပ်ကြီးက ပြောသည်။

မြန်မာနိုင်ငံတွင် ရင်ချင်းဆက်၊ တင်ချင်းဆက်၊ တင်ပါးဆုံ အရိုးကွင်းဆက် ခွဲစိတ်မှုများ ဆောင်ရွက်ခဲ့ပြီး ရင်ချင်းဆက် အမြွှာကိုငါးကြိမ်ခွဲစိတ်အောင်မြင်ပြီးဖြစ်ကြောင်း သိရသည်။

ရင်ချင်းဆက်အမြွှာတို့မှာ ၁၉၇၁ ခုနှစ်မှစ၍ မနန်းစိုး-မနန်းစံ၊ အေးအေးငြိမ်း-အိအိငြိမ်း၊ စိုပြေလင်း-စိုပြေဝင်း၊ အင်ကြင်းခိုင်-အင်ကြင်းလှိုင်၊ ရန်ကင်း-ရန်ရှင်းတို့ဖြစ်ပြီး ၂၀၀၂ ခုနှစ်တွင် တင်ပါးဆုံ အရိုးကွင်းဆက်အမြွှာ မိုးမမအောင်-မိုးပပအောင်နှင့် ၂၀၁၂ ခုနှစ်တွင် အောင်ခန့်ကျော်-အောင်မြတ်ကျော်တင်ချင်းဆက်အမြွှာတို့ မွေးဖွားခဲ့သည်။




# မန္တလေးတွင် ကင်ဆာရောဂါရှင်နှင့် အိတ်ချ်အိုင်ဗီပိုးရှိသူများကို မိသားစုဝင်များ စွန့်ပစ်

**စိုင်းသာအောင်**

**မန္တလေး- ဇူလိုင် ၁၃**

မန္တလေးမြို့တွင် ကင်ဆာဝေဒနာရှင်၊ အိတ်ချ်အိုင်ဗီရောဂါပိုးရှိသူတို့ကို မိသားစုဝင်များက စွန့်ပစ်မှုများရှိနေကြောင်း ဖြူဟွာစိုရ်လူမှုကူညီရေးအသင်းမှ သိရသည်။

ဇူလိုင်ပထမပတ်အတွင်းက အသက် ၆၀ အရွယ် ကင်ဆာရောဂါဝေဒနာသည်တစ်ဦးကို မိသားစုက စွန့်ပစ်ထားသဖြင့် ဖြူဟွာစိုရ်ဆရာတော်ဦးတိက္ခက ကျောင်းတွင် ခေါ်ယူစောင့်ရှောက်ထားပြီး ခုတင် ၃၀၀ ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသစဉ်သေဆုံးသွားကြောင်း၊ "နာရေးကိစ္စ၊ အသုဘချသည့်ကိစ္စ၊ ရက်လည်ဆွမ်းသွတ်သည့်ကိစ္စ အားလုံး အသင်းက အားလုံး ဆောင်ရွက်ပေးပါတယ်။ မန္တလေး ဆေးရုံကြီးမှာလည်း အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ အသက်(၄၀)မှ(၆၀)အတွင်း(ကျား)သုံးဦး၊(မ)နှစ်ဦး စွန့်ပစ်လူနာတွေ ရောက်လာလို့ အသင်းက အဝတ်အစားလည်း ဝယ်ပေးတယ်။ ဆေးဖိုးလည်း ထောက်ပံ့ပေးတယ်"ဟု ဖြူဟွာစိုရ်လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြောသည်။

ဖြူဟွာစိုရ်အသင်းသည် ဇွန်လအတွင်းက မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးမှ လူနာ ၁၇၄ ဦး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးမှ ၄၁ ဦး၊ ခုတင် ၅၅၀ ကလေးဆေးရုံကြီးမှ ၄၅ ဦး၊ ခုတင် ၃၀၀ သင်ကြားရေးဆေးရုံကြီးမှ ၁၈ ဦး စုစုပေါင်း ဆင်းရဲနွမ်းပါးလူနာ ၃၂၈ ဦးကို ဆေးဖိုး၊ အာဟာရဖိုးများ လှူဒါန်းခဲ့ကြောင်း အသင်းဥက္ကဋ္ဌက ပြောသည်။

အိတ်ချ်အိုင်ဗီရောဂါပိုးရှိသူ အမျိုးသမီးတစ်ဦးကို စွန့်ပစ်မှုတစ်ခု ဇူလိုင်လ ၁၁ ရက်က ဖြစ်ပွားခဲ့ပြီး ချမ်းမြသာစည်မြို့နယ် သံလျက်မော်တောင်ရပ်ကွက် ရောထွန်းတိုက်ခန်း၊ အဆောင်၅/၆ ရှစ်လမ်းသွားလမ်းဘေး၌ လာရောက်စွန့်ပစ်ထားခြင်းဖြစ်သည်။ ကူးစက်ရောဂါ အိတ်ချ်အိုင်ဗီ ဖြစ်ပွားနေ၍ ပြည်ကြီးတံခွန်မြို့နယ် ဘ/၄ ရပ်ကွက်နေ စိုးနိုင် (၂၈)နှစ် ကနံနက် ၉ နာရီတွင် လာရောက်စွန့်ပစ်ထားကြောင်း သိရသဖြင့် မန္တလေးဆေးရုံကြီးသို့ တင်ပို့ခဲ့ရာ ဆရာဝန်များ၏ စစ်ဆေးချက်အရ အိတ်ချ်အိုင်ဗီရောဂါပိုးရှိကြောင်းနှင့် အောက်ပိုင်းခြေလက်အားနည်းရောဂါဖြစ်ပွားနေကြောင်း သိရသည်။

အိတ်ချ်အိုင်ဗီရောဂါရှိသော အမျိုးသမီးတစ်ဦးကို လမ်းပေါ်တွင် လာရောက်စွန့်ပစ်သူ စိုးနိုင်ကို မြို့မရဲစခန်း (ချမ်းမြသာစည်) မှ(ပ)၁၉၂/ ၂၀၁၃ ပုဒ်မ ၂၇၀ ဖြင့် အမှုဖွင့်အရေးယူထားသည်။

# လာမည့် ဘဏ္ဍာနှစ်တွင် ကျေးလက်ကျန်းမာရေး အဆင့်မြှင့်တင်မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇူလိုင်-၁၃**

ကျေးလက်ဒေသများတွင် လိုအပ်နေသည့်ဆရာဝန်နှင့်ကျန်းမာရေးဌာနများအား လာမည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

ဆေးရုံများ စံကိုက်ဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းပေးရန်၊ ကျေးလက်ကျန်းမာရေးဌာနခွဲများအား ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်ပေးရန်၊ ကျန်းမာရေးဌာနခွဲတည်ဆောက်ပေးရန်နှင့် တိုက်နယ်ဆေးရုံတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများကို ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက လာမည့်ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထား၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ကျေးလက်ဒေသများတွင် အခြေခံအဆောက်အအုံ တိုးချဲ့ဆောက်လုပ်ရန်၊ ဝန်ထမ်းဖွဲ့စည်းပုံကို စံကိုက်ဖြစ်အောင် ပြုလုပ်ရန်နှင့် ဆေးရုံများ အဆင့်မြှင့်တင်ပေး၍ ကျေးလက်နှင့် မြို့ပြကျန်းမာရေးစောင့်ရှောက်မှုကွာဟချက် နည်းပါးစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေကြောင်း ကျန်းမာရေးဝန်ကြီးက ပြောသည်။

"မိခင်နဲ့ကလေး သေဆုံးမှုနှုန်းကို လျှော့ချနိုင်ဖို့ အဓိကထားပြီးလုပ်မယ်" ဟု ဒေါက်တာဖေသက်ခင်က ပြောသည်။

ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသေဆုံးမှုမှာ တစ်သိန်းတွင် ၂၀၀ အောက်လျော့နည်းလာပြီဆိုသော်လည်း လက်ရှိတွင် မြန်မာနိုင်ငံသည် မိခင်နှင့် ငါးနှစ်အောက်ကလေးသေဆုံးမှုမြင့်မားနေသည့် နိုင်ငံများတွင် ပါဝင်နေသည်။

Regional

7DAY NEWS JOURNAL

Vol.12, No.19 • JULY 17 , 2013

# မန္တလေးတွင် မူးယစ်ဆေးဝါးများ ဆက်တိုက်ဖမ်းဆီးရမိ

**မောင်တာ**

**မန္တလေး၊ ဇူလိုင်-၁၃**

ပူးပေါင်းအဖွဲ့များဖွဲ့ကာ မန္တလေးတိုင်းဒေသကြီးအတွင်း မူးယစ်ဆေးဝါးမှုများအရှိန်မြှင့် ဖမ်းဆီးနေပြီး ဆက်တိုက်ဖမ်းဆီးရမိနေကြောင်းသတင်းရရှိသည်။

ယခုလ ပထမဆယ်ရက်အတွင်း စိတ်ကြွမူးယစ်ဆေးပြားသုံးထောင်ကျော်အပါအဝင်ဘိန်းစိမ်း၊ ဘိန်းဖြူ၊ ဆူဒိုအက်ဖီဒရင်း၊ ဆေးခြောက်စသည့်မူးယစ်ဆေးများနှင့် မူးယစ်ဆေးဝါးမှု ၁၂မှု တရားခံ ၁၉ ဦးကိုဖမ်းဆီးရမိခဲ့ကြောင်းမန္တလေးတိုင်းရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

ကလေး၊ တမူးဒေသတွင် ရဲတပ်ဖွဲ့အရာရှိများ၊ မူးယစ်ဆေးအမှုများနှင့် ဆက်စပ်နေသည်ကို ဖော်ထုတ် ဖမ်းဆီးရမိပြီးနောက် မန္တလေးတိုင်းဒေသကြီးအတွင်းတွင်လည်း မူးယစ်ဆေးဝါးနှင့် သက်ဆိုင်ပြီးရရှိသည့် သတင်းများကို ကွင်းဆက်ချိတ်ကာ အရှိန်မြှင့်ဖမ်းဆီးနေခြင်းဖြစ်ကြောင်း မန္တလေးတိုင်း ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးတစ်ဦးက ပြောသည်။ နေပြည်တော်မှ တိုက်ရိုက်ကိုင်တွယ်ကာအဆင့်မြင့်အရာရှိကြီးများ ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖွဲ့ကာမူးယစ်ဆေးဝါးများဖမ်းဆီးအရေးယူနေကြောင်း မန္တလေးမြောက်ပိုင်းမူးယစ်အထူးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မန္တလေးတိုင်းဒေသကြီးသည် မူးယစ်ဆေးဝါးမှုများစိုက်ပျိုးမှု၊ သုံးစွဲမှု၊ ရောင်းဝယ်မှုများသည့် ဒေသများသည် အိန္ဒိယနယ်စပ်ကလေးတမူးဒေသ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တရုတ်နယ်စပ်ဒေသများနှင့် လမ်းပန်းဆက်သွယ်ရေးအရ ချိတ်ဆက်လျက်ရှိရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါး သယ်ယူရောင်းချရာတွင် အဓိကဖြတ်သန်းသည့်နေရာတစ်ခုအဖြစ် ရောက်ရှိလာနေကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများကပြောသည်။

မန္တလေးတိုင်း ဒေသကြီးအတွင်း ပြီးခဲ့သည့်ဇွန်လအတွင်းကလည်း မူးယစ်ဆေးဝါးမှု ၂၇မှု၊ အမှုနှင့် ဆက်စပ်တရားခံ ၄၉ ဦး၊ စိတ်ကြွဆေးပြား ခုနစ်ထောင်ကျော်၊ ဆူဒိုအက်ဖီဒရင်းဆေးပြားကိုးထောင်ကျော်နှင့် ဘိန်းအပါအဝင် မူးယစ်ဆေးဝါးဆယ့်တစ်မျိုး ဖမ်းဆီးရမိခဲ့ကြောင်း မန္တလေးတိုင်းရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

# ကုန်းမြင့်ပိုင်းဒေသ ပဲစင်းငုံ စိုက်ခင်းအချို့ပျက်စီး

**မျိုးမင်းဦး**

**မုံရွာ၊ ဇူလိုင် -၁၃**

မုံရွာခရိုင်အတွင်း ကုန်းမြင့်ပိုင်းဒေသများတွင် ရာသီဥတု ပြောင်းလဲမှုများကြောင့် အပူရှိန်မြင့်တက်ပြီး မိုးရွာသွန်းမှု နည်းပါးခဲ့သဖြင့် ပဲစင်းငုံ စိုက်ခင်းအချို့ ပျက်စီးဆုံးရှုံးမှုများရှိကြောင်း မုံရွာခရိုင်အတွင်း ပဲစင်းငုံ စိုက်ပျိုးသော တောင်သူများက ပြောသည်။

"ပြီးခဲ့တဲ့မိုးဦးတုန်းက ရွာတဲ့မိုးနဲ့ ပဲစင်းငုံစိုက်ထားတာ။ အပင်ပေါက်ပြီးချိန်နောက်မိုးမလိုက်လို့ အပင်ခြောက်ပြီး သေတာတွေရှိတယ်။ အပူရှိန်မြင့်တာရော၊ မိုးမရွာတာရောကြောင့် ပဲစင်းငုံခင်းတွေ ပျက်စီးတာတော့ ရှိတာပေါ့" ဟု မုံရွာခရိုင် အရာတော်မြို့ဒေသခံ ပဲစင်းငုံစိုက် တောင်သူတစ်ဦးက ပြောသည်။

မုံရွာမြို့နယ်အတွင်း ပဲစင်းငုံစိုက်နောင်သူတစ်ဦးက "မြေနိမ့်ပိုင်းမှာတော့ ပဲစင်းငုံ အပင်လေးတွေကရှိသေးတယ်။ ကုန်းမြင့်ပိုင်းဒေသတွေမှာ အပူရှိန်မြင့်တာရောနောက်ပိုင်းမိုးမရွာတာရောကြောင့် အပင်တွေ မတ်တတ်ခြောက်ကုန်ပြီ။ ပြီးခဲ့တဲ့နှစ်တုန်းကလည်း ရာသီဥတုအပြောင်း အလဲကြောင့် အထွက်နည်းခဲ့တယ်။ ဒီနှစ်လည်း ပဲစင်းငုံ အထွက်လျော့နိုင်တယ်"ဟု ပြောကြားသည်။

မုံရွာခရိုင်အတွင်း မုံရွာ၊ ဘုတလင်၊ ချောင်းဦး၊ အရာတော်၊ ပုလဲ၊ ဆားလင်းကြီး၊ ကနီနှင့်ယင်းမာပင်မြို့နယ်တို့တွင် ကုန်းမြင့်ပိုင်းဒေသ မိုးမျှော်စိုက်ပျိုးခဲ့သောပဲစင်းငုံ စိုက်ခင်းအချို့ ရာသီဥတုပြောင်းလဲမှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်ဟု ဒေသခံတောင်သူများက ပြောသည်။

# ရာသီဥတု ပြောင်းလဲမှုကြောင့် ချောင်းဦး မိုးကြိုဖရဲ အထွက်လျော့နည်း

**မျိုးမင်းဦး**

**မုံရွာ- ဇူလိုင် ၁၃**

ချောင်းဦးမြို့နယ်အတွင်း ဖရဲသီးအများဆုံးစိုက်ပျိုးရာငါးယုန်ကျေးရွာ ဖရဲစိုက်ခင်းများ၌ ရာသီဥတုပြောင်းလဲမှုများကြောင့် ယခုနှစ်ဇူလိုင်လ မိုးကြိုဖရဲသီး ပေါ်ချိန်တွင် အထွက်နှုန်း လျော့နည်းကြောင်း ဖရဲစိုက်ပျိုးသော ဒေသခံတောင်သူများက ပြောကြားခဲ့သည်။



*ငါးယုန်ကျေးရွာထွက်ဖရဲများ*

ဓာတ်ပုံ - မျိုးမင်းဦး

"အရင်တုန်းက တရုတ်ဈေးကွက်ကို ပို့တယ်။ ပြည်တွင်းဈေးကွက်ကိုလည်း ပို့နိုင်ခဲ့တယ်။ ဒီနှစ်မိုးကြိုဖရဲသီးက တစ်သုတ်ပဲ ခူးရတယ်။ နောက်သီးမရဘူး။ အရင်တုန်းက မိုးကြိုဖရဲသီးက သုံးသုတ်လောက်ခူးရတယ်။ အထွက်လျော့တယ်" ဟု ငါးယုန်ကျေးရွာ ဖရဲသီးရောင်းဝယ်သူ တစ်ဦးက ပြောကြားသည်။

ငါးယုန်ကျေးရွာ ဒေသခံတောင်သူတစ်ဦးက "ဒီနှစ်တော့ မိုးကြိုနဲ့ မိုးလယ်လောက်သာ ဖရဲကစိုက်နိုင်မှာပါ။ မိုးမကောင်းရင် မိုးနှောင်းဖရဲစိုက်နိုင်မှာမဟုတ်ဘူး။ အရင်တစ်ခေါက ဖရဲသီးအလုံးငါးရာလောက်ထွက်တယ်ဆိုရင် ဒီနှစ်ရာသီကြောင့် ဖရဲသီးအထွက်နှုန်းက တစ်ရာကျော်လောက်သာ ဈေးကွက်ရောက်မယ်။ မိုးကြိုသီးနှံအနေနဲ့ အခြားကောက်ပဲသီးနှံတွေ ဈေးကွက်မရောက်ခင် ဖရဲသီးက ဈေးကွက်စရောက်တယ်" ဟု ဆိုသည်။

မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ငါးယုန်ကျေးရွာတွင် ဖရဲသီးများကို ၂၀၀၅ ခုနှစ်ခန့်မှစ၍ စီးပွားဖြစ်စိုက်ပျိုးခဲ့ရာ ပြည်တွင်းဈေးကွက်သာမက တရုတ်ဈေးကွက်သို့ပါတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်အတွင်းငါးယုန်ဒေသထွက် ဖရဲသီးများ တရုတ်-မြန်မာ နယ်စပ်ဈေးကွက် ဝယ်လိုအားကျဆင်းသည့်အတွက် ဒေသတွင်းဈေးကွက်တွင်သာ ရောင်းချနိုင်ခဲ့သည်။

လွန်ခဲ့သော သုံးနှစ်ခန့်မှစ၍ ပြည်ပဝယ်လိုအားနည်း၍ ပြည်တွင်း ဈေးကွက်သာ အဓိကအားထား ရောင်းချခဲ့၍ ဖရဲသီးဈေးကွက်ပျက်ကာ ဖရဲစိုက်တောင်သူအချို့ အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်ဟု ဖရဲစိုက်တောင်သူများက ပြောကြားသည်။

ယခုနှစ် ဇူလိုင်လလယ်အတွင်း မိုးကြိုဖရဲသီးစိုက်ခင်းမှ ဖရဲသီးများဈေးကွက်တင်ပို့ချိန် အသီးအရွယ်အစားအပေါ် မူတည်၍ ကျပ်ငါးရာမှ ကျပ်တစ်ထောင့်ငါးရာအထိ အရောင်းအဝယ် ဖြစ်ကြောင်း ငါးယုန်ကျေးရွာ ဖရဲသီးအရောင်းဆိုင်များမှ သိရှိရသည်။



7DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013

# မန္တလေးတွင် Mini Book Corner ၁၅၀ ထားရှိမည်

ညီညီဇော်

မန္တလေး၊ ဇူလိုင်- ၁၂

မန္တလေးတိုင်းဒေသကြီးအတွင်းလူစည်ကားရာအစိုးရရုံးများနှင့်လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များတွင်Mini BookCornerပေါင်း ၁၅၀ ထားရှိသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။


ဓာတ်ပုံ- ညီညီဇော်

အချိန်အနည်းငယ်ပေးကာ ထိုင်စောင့်ရလေ့ရှိသည့် မြို့နယ်လျှပ်စစ်ရုံးများ၊ တရားရုံးများ၊ အစိုးရဘဏ်များ၊ ဆက်သွယ်ရေးရုံးများ၊ ဆေးရုံကြီးများနှင့် လူစည်ကားရာ အအေးဆိုင်၊ လက်ဖက်ရည်ဆိုင်များနှင့် စားသောက်ဆိုင်များတွင် ထားရှိပေးသွားမည်ဖြစ်ကြောင်း မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အလျားနှစ်ပေ၊ အနံနှစ်ပေ ပတ္တူစဖြင့်ပြုလုပ်ထားသော Mini Book Corner တွင်စာအုပ်ထည့်ရန် အိတ်ပေါင်း ၁၂ ခုပါရှိသည်။ ယင်းအိတ်များတွင်နိုင်ငံရေး၊လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှုနှင့် အနုပညာ၊ အားကစား၊ အတ္ထုပ္ပတ္တိ၊ ပြည်သူ့နီတိအစရှိသည့် စာအုပ်အမျိုးအစားပေါင်း၁၂မျိုး တစ်မျိုးလျှင် ငါးအုပ်စီ ထည့်သွင်းပေးထားကြောင်း၊ တစ်လတစ်ကြိမ်ကျ စာအုပ်အသစ်များ လဲလှယ်ပေးမည် ဖြစ်ကြောင်းတာဝန်ရှိသူကပြောသည်။

"အဓိကကတော့ စာဖတ်ရှိန်မြှင့်တင်ရေးအတွက်ပါ။ ရုံးဌာနတွေမှာ စောင့်ရင်းနဲ့ပဲဖြစ်ဖြစ်၊ စားသောက်ဆိုင် ထိုင်ရင်းပဲဖြစ်ဖြစ်ဖတ်ရင်းနဲ့ စာဖတ်တဲ့အလေ့အကျင့် ရသွားစေချင်တာပါ" ဟု ခရိုင်ဦးစီးအရာရှိ ဒေါ်သန်းသန်းဝေက ပြောသည်။

မန္တလေးမြို့တွင် Mini Book Corner ပေါင်း ၄၀ ထားရှိပြီးဖြစ်ကြောင်း၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ၊ ရမည်းသင်း၊ ညောင်ဦးအစရှိသည့်မြို့နယ်များတွင်လည်း ထားရှိပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ဝက်လက်မြို့နယ် ကျေးရွာသုံးရွာ ကိုယ်ပိုင်ထရန်စဖော်မာဖြင့် လျှပ်စစ်မီးသုံးစွဲ

စိုင်းသာအောင်

မန္တလေး၊ ဇူလိုင်- ၁၂

စစ်ကိုင်းတိုင်းဒေသကြီး၊ဝက်လက်မြို့နယ်၊တမာကုန်း၊ရွာတော်ကုန်းနှင့် တံတားဦး ကျေးရွာမှဒေသခံများစုပေါင်း၍ ကျပ်သိန်း ၈၅၀ ကျော် အကုန်အကျခံကာလျှပ်စစ်ထရန်စဖော်မာနှင့် လျှပ်စစ်ကြိုးများဝယ်ယူ၍ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခဲ့ရာ ဇူလိုင် ၈ ရက် က ဓာတ်အားခွဲရုံ ဖွင့်လှစ်နိုင်ခဲ့ကြောင်းသတင်းရရှိသည်။ "ဒေသခံတောင်သူ လယ်သမားမိသားစုတွေအရစ်ကျထည့်ဝင်လှူဒါန်းငွေနဲ့တည်ဆောက်တာပါ။ ကျေးရွာသုံးရွာ လျှပ်စစ်မီးရရှိရေး အတွက် ၁၁ ကေဗီဓာတ်အားလိုင်း ၁ ဒသမ ၇၈ မိုင်၊ ၄၀၀ ကေဗီဓာတ်အားလိုင်း ၁ ဒသမ ၈၁ မိုင်၊ ၁၀၀ ကေဗီထရန်စဖော်မာ နှစ်လုံး၊ ၅၀ ကေဗီအေထရန်စဖော်မာတစ်လုံးတို့ကိုမြို့နယ်လျှပ်စစ်အင်ဂျင်နီယာအဖွဲ့က တပ်ဆင်ဆောင်ရွက်ခဲ့တာပါ"ဟုဝက်လက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းငွေကပြောသည်။

ဝက်လက်မြို့နယ်၊ လျှပ်စစ်အင်ဂျင်နီယာဦးအောင်ဇော်သန်းက "ကျေးရွာသုံးရွာစုပေါင်းပြီး ကိုယ့် အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဆောင်ရွက်တာပါ။မကြာခင်အိမ်သုံးမီတာတွေတပ်ဆင်ပေးပြီး စတင်အသုံးပြုနိုင်တော့မှာပါ" ဟု ပြောကြားသည်။


ဓာတ်ပုံ- မျိုးမင်းဦး

# မုံရွာကားလမ်းရှိ ရေပိုးစားကြာကန် မိုးမကျမီ ပြုပြင်

မျိုးမင်းဦး

ချောင်းဦး၊ဇူလိုင်-၁၃

ချောင်းဦးမြို့နယ်၊ မုံရွာ-မန္တလေးကားလမ်းလေးရှိ ရေပိုးစားကြာကန်ကိုမိုးမကျမီမိုးရေလှောင်ကန်အဖြစ် တစ်နှစ်ပတ်လုံးသောက်သုံးရေရရှိရန်သက်ဆိုင်ရာကစက်ယန္တရားများဖြင့်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

"ရေပိုးစားရေကန်ကြီးကရေ နဲ့ ဒီဒေသကလူတွေအားလုံးသောက်သုံးရေသုံးစွဲခဲ့ရတာ။ ရာသီဖောက်ပြန်လို့ ရေကန်ကြီးမှာ တစ်နှစ်လုံးရေမရနေတာ သုံးနှစ်ဝန်းကျင် ရှိပြီ။ ရေမရှိတဲ့အချိန် လက်ယက်တွင်းတွေ တူးပြီး သောက်သုံးရေကို တစ်နေကုန်အလုအယက် လာခပ်နေရတယ်။ အခုဇူလိုင် အတွင်း သက်ဆိုင်ရာက သောက်ရေကန်ကြီးကို စက်ကြီးတွေနဲ့ ပြုပြင်နေတဲ့အတွက် ဒီနှစ်မိုးကောင်းတာနဲ့ လာမယ့်နှစ်တစ်နှစ်လုံးသောက်ရေရတော့မှာပါ"ဟု ရေပိုးစား ကျေးရွာမှ တောင်သူ ကိုလင်းအောင်က ပြောကြားသည်။

ရေပိုးစား ကျေးရွာမှသောက်သုံးရေခပ်ယူသူတစ်ဦးကလည်း "လောလောဆယ်မိုးမရွာလို့ ကန်ထဲမှာရေမရှိဘူး။ လက်ယက်တွင်းကလေးကို တန်းစီစောင့်ဆိုင်းပြီး ခပ်နေရတယ်။ ဒီကန်ကြီးကို အရင်တုန်းက လူအင်အားနဲ့ ဆယ်ကြပြင်ကြတယ်။ ဒီနေ့ခေတ်လူအားနဲ့ ပြင်ဖို့ မလွယ်ပါဘူး။ မိုးကိုမျှော်ရတော့မယ်"ဟု ဆိုသည်။

ယခုနှစ် ဇူလိုင်လဆန်းမှ စတင်ကာရေပိုးစားကြာကန်ကို ရေကန်အောက်ခြေမြေသား တူးခြင်း၊ ရေဝင်လမ်းများပြုပြင်ခြင်း၊ ရေကန်ဘောင်မြေသားပြုပြင်ခြင်း လုပ်ငန်းများကို စက်ယန္တရားများဖြင့် သက်ဆိုင်ရာမှ ဆောင်ရွက်လျက်ရှိသည်။ ရေပိုးစားရေကန်မှ သောက်သုံးရေကိုရေပိုးစားကျေးရွာ၊ လက်ထုတ်တောကျေးရွာ၊ ငွေပင်တောကျေးရွာနှင့် အနီးပတ်ဝန်းကျင် လယ်စောင့်တဲများက နေ့စဉ်ခပ်ယူသုံးစွဲနေရကြောင်းရေပိုးစားကျေးရွာဒေသခံ တောင်သူများကပြောသည်။

Fortune Joyce International Company Limited
(လစာကောင်းကောင်းပေးမည်)

- တရုတ်/မြန်မာ စကားပြန်
- မီးယပ်ကုဆရာဝန် (OG) (၅) ဦး
- ခွဲစိတ်ဆရာဝန် (၅) ဦး
- အထွေထွေဆရာဝန် (၅) ဦး
- လိုင်စင်ရသူနာပြု (၁၀) ဦး

ဆက်သွယ်ရန်ဖုန်း- ၀၁-၅၁၂၀၂

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ကုန်သည်လမ်းနှင့် ဆူးလေဘုရားလမ်းထောင့်ရှိ Centre Point Towers အမှတ်(၆၅)၊ (၁၆)ထပ်ရှိ PMT Inter- Myanmar Co.,Ltd. ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

PMT Inter-Myanmar Co.,Ltd. သည် ထိုင်းနိုင်ငံရှိ PMT International Co.,Ltd. မှတစ်ဆင့် T.C Pharmaceutical Industries Co.,Ltd. ၏ Red Bull (ကျွဲနိုင်း) အပါအဝင် အခြားထုတ်ကုန်အချိုရည်များအား တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းခြင်း၊ ရောင်းချခြင်း၊ ဖြန့်ချိခြင်း၊ စျေးကွက်တင်သွင်းခြင်းများပြုလုပ်မည်ဖြစ်ကြောင်းကို (၆-၁၀-၂၀၁၂) ရက်နေ့ The Myanmar Times (Myanmar)စာစောင်တွင် အများသိစေရန် ကြေညာခဲ့ပါသည်။

သို့သော်လည်း ယခုအခါတွင် PMT Inter-Myanmar Co.,Ltd. မှ ယင်းထုတ်ကုန်များအား (၁၁-၀၇-၂၀၁၃)ရက်နေ့မှစ၍ တင်သွင်းဖြန့်ချိခြင်း မပြုလုပ်တော့ရန် အတွက် သဘောတူညီချက်ရရှိထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းထုတ်ကုန်များ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ ဖြန့်ချိခြင်းတို့မှာ ကျွန်ုပ်မိတ်ဆွေနှင့် ပတ်သက်မှုမရှိတော့သည့်အတွက် ဖြစ်ပေါ်လာသော ကိစ္စရပ်များကို ကျွန်ုပ်မိတ်ဆွေမှ လုံးဝတာဝန်ယူမည်မဟုတ်ပါ။ ထို့အပြင် ယင်းထုတ်ကုန်များနှင့်ပတ်သက်၍ ကုန်အမှတ်တံဆိပ်ကိုလည်းကောင်း၊ အချိုရည်ကိုလည်းကောင်း ဆင်တူယိုးမှားပြုလုပ်ခြင်းများသည်လည်း ကျွန်ုပ်မိတ်ဆွေနှင့် လုံးဝပတ်သက်မှုမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ထွန်း(ခ)ဦးသန်းရွှေ (တရားလွှတ်တော်ရှေ့နေ)
အမှတ်(၆၈)၊ ၃-လွှာ၊ ၁၂၂ လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း-၀၉-၇၃၀၂၀၇၄၄

unite for children
unicef

UNICEF Vacancy Notice
(For Myanmar Nationals only)

**Post Title: Education Thematic Working Group Coordinator - Consultancy for 11 months**

*Purpose:* To provide support to the UNICEF Education Section team in up keeping the coordination of Education Thematic Working Group (ETWG) meetings and plans in consultation with Education Specialist (Policy), UNICEF-Myanmar.

*Requirements:*
- University degree in education and or social sciences;
- Experience in project management administrative support an asset;
- At least 2 years' experience in education project planning, management coordination and/or development work;
- Strong interpersonal and networking skills;
- Familiarity with Myanmar education system and policies;
- Computer skills, including internet navigation and various office applications;
- Fluency in English and Myanmar (verbal and writing).

Detailed Terms of Reference may be requested by writing to UNICEF Myanmar: thoo@unicef.org

Please note that:

1. UNICEF does not discriminate in regard to race, ethnicity and gender or persons living with disabilities.
2. UNICEF fosters a climate of impartiality, fairness and objectivity and assures the equitable application of UNICEF regulations, rules and policies.
3. Female qualified candidates are encouraged to apply.
4. UNICEF is a smoke free environment.

*Qualified candidates may submit application with updated CV to UNICEF Myanmar Office to: jobs.yangon@unicef.org)*

*Closing date: 31.July. 2013.*

7 DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013

# အလယ်ပိုင်းတွင် မိုးနည်းနေဦးမည်

**အောင်သစ်လွင်**

**ရန်ကုန်၊ ဇူလိုင်-၁၃**

တောင်တရုတ်ပင်လယ်တွင် တိုက်ခတ်နေသော Soulik မုန်တိုင်းသည် တရုတ်နိုင်ငံသို့ ဝင်ရောက်သွားခဲ့သောကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် မိုးနည်းနေဦးမည်ဖြစ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ပြောသည်။

အဆိုပါ Soulik မုန်တိုင်းသည် အားကောင်းသောမုန်တိုင်းအဖြစ် ဟိုင်နန်ကျွန်းမှတစ်ဆင့် တရုတ်နိုင်ငံ အရှေ့အလယ်ပိုင်းကမ်းခြေကိုဖြတ်ကျော်ဝင်ရောက်သွားခြင်းဖြစ်သည်။

မိုးနည်းရေရှားရပ်ဝန်းဒေသဖြစ်သော မြန်မာနိုင်ငံအလယ်ပိုင်းအတွက် မိုးလယ်ကာလအထိ မိုးရွာသွန်းမှုနည်းနေပါက တောင်တရုတ်ပင်လယ်မှ မုန်တိုင်းများသည် ရေရရှိရန် များစွာအထောက်အကူပြုကြောင်းဒေါက်တာထွန်းလွင်က ပြောသည်။ သို့သော်ယခုနှစ်အတွင်း တောင်တရုတ်ပင်လယ်ပြင်တွင် မုန်တိုင်းခုနှစ်ကြိမ်ဖြစ်ပေါ်ခဲ့သော်လည်း မြန်မာနိုင်ငံဘက်သို့ တစ်လုံးမျှဝင်ရောက်ခဲ့ခြင်းမရှိပေ။

"မိုးဦးနဲ့ အခုလက်ရှိမိုးလယ်ကာလအထိ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းမဖြစ်သေးဘူး။ တောင်တရုတ်ပင်လယ်ကမုန်တိုင်းတွေကလည်း တရုတ်နိုင်ငံထဲကိုပဲဝင်နေတော့ အလယ်ပိုင်းဒေသမှာ မိုးနည်းနေဦးမယ်" ဟု ဒေါက်တာထွန်းလွင်က ခန့်မှန်းပြောသည်။

နွေစပါးနှင့် ပဲ၊ နှမ်းမျိုးစုံ အဓိကစိုက်ပျိုးရာမြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် မိုးလယ်ကာလအထိ စိုက်ပျိုးရေးအတွက် ရေလုံလောက်စွာမရရှိသေးဘဲ ပြီးခဲ့သည့်နှစ်ကဲ့သို့ မိုးခေါင်မည်ကို စိုးရိမ်မိကြောင်း ဒေသခံတောင်သူများက ဆိုသည်။ ပြီးခဲ့သည့် ၂၀၁၂ မိုးရာသီက မိုးဦးကာလတွင် အနည်းငယ်ရွာပြီးနောက် ဆက်မရွာတော့ဘဲ မိုးနှောင်းကာလစက်တင်ဘာလပိုင်းအထိ မိုးခေါင်နေသောကြောင့် အလယ်ပိုင်းဒေသတောင်သူအများစု ပျိုးပင်များ နှစ်ကြိမ်မှ သုံးကြိမ်အထိ ပြန်လည်စိုက်ပျိုးခဲ့ရသည်အထိ အခြေအနေဆိုးရွားခဲ့သည်။

"မနှစ်ကလည်း စီးပွားပျက်မတတ်ရှုံးခဲ့ရတယ်။ ဒီနှစ်လည်း မိုးကထပ်ခေါင်မယ်ဆိုရင်တော့ ဘာဆက်လုပ်ရမှန်းကိုမသိတော့ဘူး" ဟု ရွှေဘိုမြို့နယ် ဝက်လက်ရွာမှ တောင်သူဦးမင်းလွင်ကပြောကြားသည်။

၎င်းပိုင်ဆိုင်သောလယ်ဆယ်ဧကအတွင်း စိုက်ပျိုးထားသည့် နှမ်းပင်များမှာလည်း ရေလိုအပ်ချက်ကြောင့် ညှိုးနွမ်းကုန်ပြီဖြစ်ကြောင်းပြောသည်။

"ပြီးခဲ့တဲ့လက မိုးသဲသဲမဲမဲရွာခဲ့လို့ပဲတွေစိုက်ခဲ့တာ။ အခုမိုးမရွာတော့လို့ ပျိုးပင်တွေ လေကုန်ပြီး နောက်တစ်ခါထပ်စိုက်ရမလိုဖြစ်နေပြီ" ဟု တောင်တွင်းကြီးမြို့နယ် ကုက္ကိုင်းကျေးရွာမှတောင်သူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်လက မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းဒေသကြီးတို့တွင် မိုးရွာသွန်းခဲ့သော်လည်း နေရာကွက်၍သာ မိုးကြီးခဲ့ခြင်းဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူမပြုခဲ့ကြောင်း ဒေသခံများက ဆိုသည်။

စိုက်ပျိုးထားသော သီးနှံများပျက်စီးဆုံးရှုံးရမှုအနည်းဆုံးဖြစ်ရန်အတွက် မိုးလေဝသပညာရှင်များ၊ စိုက်ပျိုးရေးပညာရှင်များနှင့် မိုး/ဇလမှထုတ်ပြန်သော သတင်းများကို စောင့်ယူနားထောင်၍ အသေးစိတ်ဂရုစိုက်နိုင်မှသာအရှုံးသက်သာမည်ဖြစ်ကြောင်းစိုက်ပျိုးရေးပညာရှင် ဒေါက်တာထွန်းဝင်းက သုံးသပ်ပြောကြားသည်။

"မိုးကိုမျှော်ပြီး စိုက်ပျိုးနေမယ့်အစား သေချာရေရာတဲ့ ရေအရင်းအမြစ်ရအောင် အစိုးရကဦးဆောင်ပြီး စီမံပေးမယ်ဆိုရင် ရေရှည်ပြဿနာကို ဖြေရှင်းပြီးသားဖြစ်သွားလိမ့်မယ်" ဟု ၎င်းက ဆိုသည်။ မိုး/ဇလဌာန၏ ဇူလိုင်လ ဒုတိယ ၁၀ ရက်ပတ်အတွက် ခန့်မှန်းချက်များတွင် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ပုံမှန်ရွာသွန်းသည့် မိုးရေချိန်ထက် လျော့နည်းနေဦးမည်ဖြစ်ကြောင်းဖော်ပြသည်။



*မြန်မာနိုင်ငံအလယ်ပိုင်းရှိ ပူပြင်းခြောက်သွေ့သော တစ်နေရာ*

ဓာတ်ပုံ-ဂျေမောင်မောင် (အမရပူရ)

Tiếp thị Saigon KOREA

Investment & Development

**VK-Land Myanmar Co.,LTD.**

ကျွန်တော်တို့ကုမ္ပဏီသည် မြန်မာနိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်များအပြင် ကိုရီးယားနိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်များ၏ ငှားရမ်းနေထိုင်မှုနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်သော အဆင့်မြင့်ကွန်ဒို အဆောက်အဦးများ၊ ဆိုင်ခန်းများ၊ ရုံးခန်းများ၊ စားသောက် ဆိုင်ခန်းများ၊ လုံးချင်း အဆောက်အဦးများ၊ လယ်ယာမြေများ၊ စက်မှုဇုံမြေယာများနှင့်တကွ အဆောက်အဦးများ အစရှိသည်တို့ကို အမြန်ဆုံးငှားရမ်း ဝယ်ယူမှုသော်လည်းကောင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှုကိုသော်လည်းကောင်း၊ ငှားရမ်း ဝယ်ယူ၍ စီးပွားရေး လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အလွန်ပင်ဆန္ဒရှိကြပါသည်။ သို့ပါသောကြောင့် အထက်ပါ အဆင့်မြင့်ကွန်ဒို အဆောက်အဦး ပိုင်ရှင်များ၊ မြေယာများနှင့် အဆောက်အဦး ပိုင်ရှင်များအနေဖြင့် ငှားရမ်း ရောင်းချ လိုပါက ကျွန်တော်တို့ ကုမ္ပဏီသို့ ဆက်သွယ်၍ ငှားရမ်း ရောင်းချ နိုင်ပါသည်။

ထို့အပြင် Hotel, Condo မြေယာများ၊ Car Show Room မြေယာများ၊ Office Building မြေယာများအပြင် စက်ရုံမြေယာအဖြစ် ပြောင်းလဲနိုင်သော လယ်ယာမြေများ နှင့်အခြားသော အကျိုးတူစီးပွားရေးလုပ်ငန်းများစွာကိုလည်း ကျွန်တော်တို့ကုမ္ပဏီမှ မြန်မာနိုင်ငံသားများအပြင် ကိုရီးယားနိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်များနှင့် နှစ်ရှည်အကျိုးတူ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နိုင်ရန် မိတ်ဆက်အကျိုးဆောင်ပေးသော ကုမ္ပဏီလီမိတက် တစ်ခုလည်းဖြစ်ပါသည်။

အိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီ

No.1002, 10 Floor, Chan Thar Plaza, Pazundaung Township, Yangon.

Tel : 09-4315-8948, 09-4211-60689, 09- 4480-08790

**နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့**

"ဖွားရာ ပွင့်ရာ စက်လှည့်ရာ စံရာဉ်လေးမည်၊ သံဝေဇနီယ လေးဌာန ဖူးကြအလီလီ၊ အပွါယ်လေးဝမလားရ လားရာလူနတ်ပြည်" ဟူသော ဆောင်ပုဒ်နှင့်အညီ နီလာဘုရားဖူးအဖွဲ့မှဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓဂယာသို့ရောက်ရှိရန် ရည်ရွယ်ချက်ဖြင့် ပို့ဆောင်ခြင်းဖြစ်ပါသည်၊

(၆)ညအိပ်(၇)ရက်ခရီး –သိရိလင်္ကာ(စွယ်တော်ဖွင့်ပွဲ)+ဘန်ကောက်(မြဘုရား)စရိတ်ငြိမ်း(၁၂.၅)သိန်း။ထွက်ခွာမည့်နေ့–၁၅.၈.၂၀၁၃
(၇)ရက်ခရီး - သံဝေဇနီယလေးဌာန (ဖွားၤပွင့်၊ဟော၊စံ) (အိန္ဒိယ - နီပေါ) → ၈.၅ သိန်း(စရိတ်ငြိမ်း)
(၁၂)ရက်ခရီး - သံဝေဇနီယလေးဌာန (ဖွား၊ပွင့်၊ဟော၊စံ) (အိန္ဒိယ - နီပေါ) → ၉ သိန်း(စရိတ်ငြိမ်း)
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ (မဟာသတိပဋ္ဌာန်)၊တပ်ချ်မဟာ၊ ကိုလ်ကတ္တား (Shopping နှင့် ဗဟုသုတရစရာ နေရာများ) → ၁၀သိန်း (စရိတ်ငြိမ်း)

**၂၀၁၃–၁၄ခုနှစ် ဗုဒ္ဓဂယာ ဘုရားဖူး ခရီးစဉ်များကို (၂၇-၉-၂၀၁၃)မှ ဧပြီလကုန်အထိ ထွက်ခွာမည် ဖြစ်၍ စရံငွေ (၁)သိန်းဖြင့် ကြိုတင် စာရင်းပေးသွင်းနိုင်ပါသည်။**

**နီလာဘုရားဖူးကုမ္ပဏီ၏ ဝါတွင်းကာလ ကုသိုလ်ယူ အထူးအစီအစဉ်**

(၁.၇.၁၃)မှ(၃၁.၇.၁၃)အတွင်း စရံငွေ(၁)သိန်း ပေးသွင်းပါက ဗုဒ္ဓဂယာခရီးစဉ်တွင် တစ်ဦးချင်း လိုက်ပါလျှင် (၅)သောင်းကျပ် လျှော့ပေးမည်ဖြစ်ပြီး၊ (၈)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ဓမ္မမိတ်ဆွေ မိတ်ဟောင်း မိတ်သစ် သူတော်စင်အပေါင်းတို့အား သတင်းကောင်းပါးအပ်ပါသည်။

**အထူးအစီအစဉ်အနေဖြင့် နယ်မှဘုရားဖူးခရီးသည်များအတွက် ထွက်ခွာမည့်ခရီးစဉ်မတိုင်မီ (၁၀) ရက်အတွင်း လိုက်ပါနိုင်ကြောင်းနှင့်ရန်ကုန်နှင့်မန္တလေးမြို့များတွင် တည်းခိုနိုင်ရန် ကုမ္ပဏီမှ အခမဲ့ဝန်ဆောင်မှုပေးပါမည်။**

တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ အပတ်စဉ် ခရီးစဉ်များ ထွက်ရှိပါသည်၊

ရန်ကုန်ရုံးချုပ် အမှတ်–၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ဒုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
မန္တလေးရုံးခွဲ - အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊မင်းကွန်းတိုက်တန်း၊ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊မန္တလေးမြို့
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉၊ မန္တလေးရုံးခွဲ -၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊ ၀၉-၄၀၃၇၄၄၄၀၄၊ ၀၉-၄၂၀ ၂၁၇၂၅၁

အဆင့်မြင့်အင်တာနက်အသုံးပြုနည်း | Website များရေးတင်နည်း | ကွန်ပျူတာတပ်ဆင်ပြုပြင်နည်း

**Advance Guide to Using Internet**

**အဆင့်မြင့်အင်တာနက်အသုံးပြုနည်း**

**မျိုးသူရ**

Download အမြန်ဆုံးရယူနည်း။
Upload ပြုလုပ်ပြီး Data File သိမ်းဆည်းနည်း။
Post များ၊ Blog များ ပြောင်းလဲပြုပြင်ပြီးတင်နည်း။
စသည်ဖြင့် အဆင့်မြင့်အသုံးပြုနည်း မျိုးစုံပါဝင်သည်။

အခမဲ့

**Websiteများရေးတင်နည်း**

**မျိုးသူရ**

ကိုယ်ပိုင်Domainအမည်ဖြင့်Emailအသုံးပြုနည်း

Joomla ဖြင့်ရေးနည်း

Dreamweaver ဖြင့်ရေးနည်း

Web-sites ရေးဖွဲ့ရန် အခြေခံသိမှတ်စရာများနှင့် Software များ၊

**PC Hardware** A+

**ကွန်ပျူတာတပ်ဆင်ပြုပြင်နည်း**

**မျိုးသူရ**

ကွန်ပျူတာစတင်တပ်ဆင်အသုံးပြုသူများအတွက်.......
ကွန်ပျူတာစတင်တည်ဆောက်တပ်ဆင်ပုံနှင့် စမ်းသပ်စစ်ဆေးနည်း။
ကွန်ပျူတာအတွင်းရှိ စက်ပစ္စည်း တစ်ခုစီ၏ လုပ်ဆောင်ပုံနှင့် စမ်းသပ်စစ်ဆေးနည်း။
ကွန်ပျူတာ၏ အစိတ်အပိုင်းတစ်ခုစီကို အစားထိုး လဲလှယ်နည်းနှင့် Troubleshooting
ကွန်ပျူတာ အစိတ်အပိုင်းတစ်ခုနှင့် တစ်ခု ဆက်စပ်လုပ်ဆောင်နေကြပုံ၊
ကွန်ပျူတာ၏အစိတ်အပိုင်းတစ်မျိုးစီရဲ့ အခြေခံသီအိုရီ သဘောတရားနှင့် upgrading
မိမိနှင့် သင့်တော်မည့် ကွန်ပျူတာတစ်လုံး ရွေးချယ်ဝယ်ယူတော့မည်ဆိုရင်

ထွက်ပြီ မျက်ပွင့်စာပေ – ဖုန်း–၀၉–၇၃၀၀ ၂၉၆၅ ၊ ၀၉ ၇၃၀၀ ၅၈၈၂ E-mail : myatpwint.books@gmail.com ထွက်ပြီ

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013



*ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီးနောက် စစ်ဝတ်စုံဖြင့် ပြင်ဆင်ထားစဉ်*

# ကံကောင်း၍ အာဇာနည် မဖြစ်ခဲ့သူများ

■မျိုးအောင် (အငြိမ်းစား)

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် နံနက် ၁၁ နာရီ။ ကောင်းကင်တစ်ခုလုံး မိုးသားတွေနဲ့ မည်းမှောင်နေတယ်။ မိုးကတော့ တဖွဲဖွဲရွာလိုက်၊ သည်းလိုက်။

အဖေ ဒီနေ့ရုံးမှာ အစည်းအဝေးရှိလို့ စောစောသွားတယ်။ အိမ်မှာ အမေနဲ့ ကျွန်တော်တို့ ကလေးတွေပဲရှိတယ်။ ခဏကြာတော့ တယ်လီဖုန်းသံကြားတယ်။ အစ်မကြီးက ဖုန်းကို နားထောင်တော့ "ဝန်ကြီးရုံးခန်းကို ချောချောမောမောပြန်ရောက်ပါတယ်"လို့ ပြောပြီး ပြန်ချသွားတယ်။ အစ်မကြီးက အမေကိုပြောပြီး ရုံးကိုဖုန်းပြန်ဆက်တော့ ခေါ်လို့မရဘူး။ ဘာမှန်းမသိပေမယ့် တစ်ခုခုတော့ဖြစ်ပြီလို့ စိတ်ထဲမှာ ထင့်သွားကြတယ်။

နေ့လယ်ကျမှ မျှော်လင့်မထားတဲ့ သတင်းဆိုးကြီးကို ကြားရတယ်။ ဗိုလ်ချုပ်ဆောင်ဆန်းနဲ့ ဝန်ကြီးအဖွဲ့ လုပ်ကြံခံရတယ်တဲ့။ အဖေပါ၊ မပါ ချက်ချင်းမသိသေးဘူး။ နောက်မှ ရုံးကဖုန်းဆက်ပြောတယ်။ အဖေအသက်ဘေးမှလွတ်ပေမယ့် ဗိုလ်ချုပ်နဲ့ သေဆုံးသူများအတွက် မဖော်ပြနိုင်တဲ့ ဝမ်းနည်းကြေကွဲမှုကို ခံစားရတယ်။

အဖေအိမ်ပြန်မရောက်ခင် ညနေကပင် လက်နက်ကိုင်ရဲတပ်သား အနည်းငယ် လုံခြုံရေးအတွက်ဆိုပြီး အိမ်ရောက်လာတယ်။ အဖေအိမ်ပြန်ရောက်တော့ အတော်ညဉ့်နက်နေပြီ။ အစ်မကြီးက အဖေကိုဖက်ပြီး ဗိုလ်ချုပ်ကောပါသလားလို့မေးတယ်။ ဗိုလ်ချုပ်ပါတယ်ပြောတော့ "ဖေဖေနိုင်ငံရေးမလုပ်ပါနဲ့တော့"လို့ဆိုပြီး ငိုပြောတယ်။ အဖေက "သမီး. . ခုအချိန်ဟာ ပိုအရေးကြီးတယ်။တိုင်းပြည်မှာ အာဏာလိုချင်တဲ့သူတွေကများနေတယ်။ ရှေးတုန်းကလို ရှင်ဘုရင်ကိုသတ်ရင် ရှင်ဘုရင်ဖြစ်မယ်လို့ ထင်နေကြတယ်။ ရှေ့ဘာဖြစ်မလဲမသိသေးဘူး"လို့ပြန်ပြောတယ်။ အဖေ့ကြည့်ရတာ စိတ်တွေမတည်ငြိမ်၊ အတော်လှုပ်ရှားနေပုံရတယ်။ ခုခေတ်ဆရာဝန်ကြီးတွေအဆိုရ (trauma)ဖြစ်တာပေါ့။ ဒီနေ့မနက်ပဲ အစည်းအဝေးမှာ အတူထိုင်စကားပြောကြပြီး ချက်ချင်းကြီး မျက်စိရှေ့မှာ လုပ်ဖော်ကိုင်ဖက်တွေ သွေးအရဲရဲနဲ့ သေဆုံးသွားတာမြင်ရတော့ စိတ်တွေချောက်ချားပြီး သွေးလန့်နေမှာပေ့ါ။

နောက်မှ အဖေက စိတ်ကိုထိန်းပြီး မနက်ကဖြစ်စဉ်ကို ပြောပြတယ်။ အရင်တုန်းက ဘုရင်ခံရဲ့ အတိုင်ပင်ခံကောင်စီ (Governor's Executive Council)အစည်းအဝေးကို အလုံလမ်းမှာရှိတဲ့ ဘုရင်ခံအိမ်တော် (မဆလခေတ်လွှတ်တော်ဝင်းရှိ ယခင်သမ္မတအိမ်တော်)မှာလုပ်တယ်။ ဘုရင်ခံကိုယ်တိုင်လည်း ဥက္ကဋ္ဌအနေနဲ့ ထိုင်တယ်။ တကယ်တော့ ဘုရင်ခံနဲ့ ကောင်စီဆိုတာ ဝန်ကြီးအဖွဲ့ (Cabinet)ပါပဲ။

လွတ်လပ်ရေးရခါနီးတော့ ဘုရင်ခံက အစည်းအဝေးမတက်တော့ဘူး။ ဒုဥက္ကဋ္ဌဖြစ်တဲ့ ဗိုလ်ချုပ်ကဦးဆောင်ပြီး အတွင်းဝန်များရုံး (Secretariate) (ယခင်ဝန်ကြီးများရုံး)မှာ တစ်ပတ်တစ်ကြိမ်လုပ်တယ်။ ပုံမှန်မှာ အစည်းအဝေးကို ဇူလိုင်လ ၁၆ ရက်မှာလုပ်ဖို့ စီစဉ်ထားပေမယ့် လွှတ်တော်အစည်းအဝေးနဲ့တိုက်နေလို့ ၁၉ ရက် စနေနေ့ကိုရွှေ့ပြီး ခေါ်လိုက်တာဖြစ်တယ်။

အစည်းအဝေးလုပ်တဲ့ ခန်းမကြီးက (ဂ)ပုံသဏ္ဌာန် (U shape) ဖြစ်တယ်။ စားပွဲရဲ့ အလယ်တည့်တည့်မှာ ဗိုလ်ချုပ်ကထိုင်ပြီး စားပွဲရဲ့ ဘယ်ဘက်မှာ ဝန်ကြီးများအဖွဲ့ အတွင်းဝန်ဦးရွှေဘော်(ICS)ထိုင်တယ်။ နောက်ပြီးဝန်ကြီးဦးဘဂျမ်း၊ ဦးအောင်ဇံဝေ၊ ပျော်ဘွယ်ဦးမြနဲ့ မိုင်းပွန်စော်ဘွားကြီး စပ်စံထွန်းတို့ထိုင်ကြတယ်။ စားပွဲရဲ့ညာဘက်မှာ ဝန်ကြီးသခင်မြ၊ ဦးရာဇတ်၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်းနဲ့ မန်းဘခိုင်တို့ အစဉ်အတိုင်းထိုင်ကြတယ်။ ဗိုလ်ချုပ်နဲ့ ဝန်ကြီးခြောက်ဦးပါတယ်။

အစည်းအဝေးက ၁၀ နာရီ ၁၀ မိနစ်လောက်မှာစတယ်။ နာရီဝက်ခန့်အကြာမှာ စစ်ဝတ်စုံဝတ်ထားတဲ့ သေနတ်ကိုင်လေးယောက် ဆင်နားရွက်တံခါးကိုဖွင့်ပြီး အစည်းအဝေးခန်းထဲကို ရုတ်တရက်ဝင်လာတယ်။ ရှေ့ဆုံးက ဝင်လာတဲ့ သေနတ်သမားက (ဂ)ပုံစံစားပွဲအလယ်မှာ ခြေစုံရပ်၊ နေရာယူပြီး ဗိုလ်ချုပ်အောင်ဆန်းကို တည့်တည့်ချိန်စပစ်တယ်။ ဗိုလ်ချုပ်က ထိုင်ရာကထပြီးလက်ကာပြတယ်။ ပါးစပ်ကလည်း တစ်ခုခုအော်ပြောတယ်။ အဲဒီအချိန်မှာ တခြားသေနတ်သမားတွေကပါ မောင်းပြန်သေနတ်တွေနဲ့တရစပ်ပစ်ခတ်နေတော့ သေနတ်သံကလွှမ်းပြီး ဘာသံမှမကြားရတော့ဘူး။ သေနတ်သမားတွေဟာ ဗိုလ်ချုပ်ကိုပစ်ပြီး ညာဘက်မှာရှိတဲ့ လူတွေဆီကို သဲသဲမဲမဲပစ်တယ်။ နောက် ဘယ်ဘက်ကလူတွေကိုဆက်ပစ်တယ်။ အစည်းအဝေးခန်းတစ်ခုလုံးဟာလည်း မီးခိုးတွေနဲ့ပြည့်နေတယ်။

အဲဒီအခိုက်အတန့်လေးမှာ ဗိုလ်ချုပ်ရဲ့ ဘယ်ဘက်မှာရှိတဲ့ အတွင်းဝန်ဦးရွှေဘော်နဲ့ဝန်ကြီးပျော်ဘွယ်ဦးမြတို့ဟာ ရုတ်တရက်ထပြီး ပြတင်းပေါက်ရှိရာကို ပြေး၊ ပြတင်းပေါက်ကိုကျော်၊ တံစက်မြိတ်အတိုင်း ကပ်ပြီးလျှောက်ပြီး ဦးရွှေဘော်ရုံးခန်းမှာ ခေတ္တငြိမ်နေလိုက်တယ်။ တစ်ချိန်တည်းမှာ ဝန်ကြီးဦးဘဂျမ်းက ထိုင်ရာမှကြမ်းပြင်ကို လှဲချလိုက်ပြီး သူနဲ့ကပ်ထိုင်နေတဲ့ ဝန်ကြီးဦးအောင်ဇံဝေရဲ့ လက်ကိုဆွဲချပြီး နှစ်ယောက်သား ကြမ်းပြင်မှာ မှောက်နေလိုက်တယ်။ သေနတ်သမားများဟာ မတ်တတ်ရပ် အားရပါးရပစ်ပြီး နောက် ဒူးထောက်လျက် စားပွဲများအောက်ရှိလူများကို ဝှေ့ရမ်းပစ်ခတ်လိုက်သေးတယ်။ ကျည်ဆည်တစ်တောင့်က ဝန်ကြီးဦးဘဂျမ်းရဲ့ ညာဘက်လက်သူကြွယ်ထိပ်ကို လာမှန်တယ်။ ဒါပေမဲ့ ကံကောင်းလို့ဒဏ်ရာမပြင်းထန်ဘူး။



**ဝန်ကြီး ပျော်ဘွယ်ဦးမြ**

ဒီလေးယောက်ဟာ သတိရှိပြီး ကံကောင်းလွန်းလို့ အသက်ဘေးမှလွတ်မြောက်ခဲ့ကြတယ်။ ကျန်တဲ့ဗိုလ်ချုပ်နဲ့ဝန်ကြီးခြောက်ယောက်ကတော့ အားလုံးသိတဲ့အတိုင်း နေရာမှာပင် ကျဆုံးခဲ့ရရှာတယ်။

အဖေက အတွင်းဝန် ဦးရွှေဘော်ရုံးခန်းရောက်တော့ အခြေအနေကိုစောင့်ပြီး ဘုရင်ခံဆီတယ်လီဖုန်းဆက် သတင်းပို့တယ်။ အဲဒီတုန်းက ဘုရင်ခံက Sir Hubert Rance။ ဘုရင်ခံက ချက်ချင်းမော်တော်ကားနဲ့ လုံခြုံရေးပါထည့်လွှတ်လိုက်တယ်။ အဖေနဲ့ဝန်ကြီးဦးအောင်ဇံဝေတို့ ဘုရင်ခံအိမ်လိုက်သွားတယ်။ ဟိုရောက်တော့ trauma ကြောင့်နှစ်ယောက်စလုံးစကားကောင်းကောင်းမပြောနိုင်ကြဘူး။ ဘုရင်ခံက ရိပ်မိပြီး Cognacနဲ့ဖန်ခွက်နှစ်ခွက်ချပေးတယ်။ နည်းနည်းစီသောက်ပြီးမှ နှစ်ယောက်သားပြောနိုင် ဆိုနိုင်ဖြစ်လာတယ်။ ဘုရင်ခံက တိုင်းပြည်အခြေအနေ ကိုတည်ငြိမ်အောင် အစိုးရအဖွဲ့ အမြန်ဆုံးဖွဲ့ဖို့ ညွှန်ကြားတယ်။ အဖေက သခင်နုနဲ့ တိုင်ပင်ပြီးလုပ်စရာကိစ္စတွေကို အမြန်ဆက်လုပ်ကြတယ်။

အဖေက လယ်ယာစိုက်ပျိုးရေးဝန်ကြီးပါ။ ဒါပေမဲ့ ဝန်ကြီးဦးကျော်ငြိမ်း ပြည်ပခရီးသွားနေလို့ ပြည်ထဲရေးဝန်ကြီးတာဝန်ကို ယူထားရတဲ့အချိန်ဖြစ်တယ်။ အဲဒီအချိန်က ဗိုလ်တထောင်ရှိ စစ်လက်နက်ပစ္စည်းတပ်ကလက်နက်တွေ ပျောက်တဲ့ကိစ္စကို စုံစမ်းနေဆဲဖြစ်တယ်။ ရန်ကုန်မြို့မှာလည်း ဗိုလ်ချုပ်ကိုလုပ်ကြံမယ့် ကောလာဟလ သတင်းတွေပြန့်နေတယ်။ ပုလိပ်မင်းကြီးဦးအောင်ချိန်(ရဲချုပ်)က ဂဠုန်ဦးစောနဲ့ ပတ်သက်ပြီးမသင်္ကာဖွယ်သတင်းတွေရနေတယ်လို့သတင်းပို့တယ်။ ဒါကြောင့် မှုခင်းရဲတပ်ဖွဲ့ကလည်း အေဒီလမ်းမှာရှိတဲ့ ဂဠုန်ဦးစောရဲ့ အိမ်အဝင်အထွက်ကိုစောင့်ကြည့်နေတယ်။

ဒါနဲ့အဖေက ပြည်ထဲရေးဝန်ကြီးအနေနဲ့ ဗိုလ်ချုပ်လုံခြုံရေးအတွက် အတွင်းဝန်များရုံးဂိတ်မှာ လက်နက်ကိုင်ရဲတွေချထားလိုက်တယ်။

ယခင်က လုံခြုံရေးမထားဘူး။ ဒါပေမဲ့ ကံကြမ္မာကဖြစ်ချင်တော့ တစ်နေ့မှာ ဗိုလ်ချုပ်က အတွင်းဝန်ရုံး လုံခြုံရေးဂိတ်က လက်နက်ကိုင်ရဲတွေကိုတွေ့သွားတယ်။ ဒါတွေဘယ်သူချထားတာ လဲလို့ မေးတော့ အပါးတော်မြဲ (P.A) ဗိုလ်ထွန်းလှကပြည်ထဲရေးဝန်ကြီးပျော်ဘွယ်ဦးမြက လုံခြုံရေး အတွက်ချထားတာလို့ ပြောလိုက်တယ်။

ဒီတော့ဗိုလ်ချုပ်က အဖေ့ကိုခေါ်ပြီး "ကျွန်တော့်ကို မုန်းရင် ကျွန်တော့်ကိုသတ်လိမ့်မယ်။ ဦးမြကိုမုန်းရင် ဦးမြကိုသတ်လိမ့်မယ်။ တစ်ဖွဲ့လုံးတော့သတ်မှာမဟုတ်ပါဘူး။ မလိုပါဘူး"လို့ ပြောတော့ အဖေကလက်နက်ကိုင် ရဲတွေကို ရုပ်သိမ်းလိုက်တယ်။ ဗိုလ်ချုပ်က သူ့ကိုယ်သူယုံတယ်။ သူဟာပြည်သူ့အတွက်၊ လွတ်လပ်ရေး အတွက်၊ နေ့မအားညမနားလုပ်နေတဲ့လူ။

ငါ့လိုလူ သန့်သန့်ရှင်းရှင်း မတရားမလုပ်တဲ့သူကိုဘယ်သူကဘာကြံမှာလဲ။ သူ့ကို မုန်းလို့ သတ်မယ့်သူမရှိလို့ ယုံကြည်တယ်။ သူ့အတွက် လုံခြုံရေးထားတာ လုံးဝမကြိုက်။ သူ့ကားပေါ်မှာ တပ်ကြပ်တစ်ယောက်သာလိုက်ခွင့်ပြုတယ်။

စာမျက်နှာ(၁၈) သို့

Education
7 DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013

# အခွင့်အလမ်းသစ်များနှင့် တက္ကသိုလ်ပညာရေး

**နေလင်းထွန်း**



*ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင် အဆောက်အအုံ* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အစိုးရသစ်တာဝန်ယူချိန်မှစ၍ ပြည်တွင်းတက္ကသိုလ်ပညာရေးသည် အပြောင်းအလဲနှင့် အခွင့်အလမ်းသစ်များ နှစ်စဉ်ဖြစ်ပေါ်လာခဲ့သည်။ နှစ်ပေါင်းများစွာပိတ်ထားခဲ့သော နာမည်ကြီး တက္ကသိုလ်များကို ပြန်ဖွင့်ပေးခဲ့ခြင်း၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခဲ့ခြင်း၊ တက္ကသိုလ်ဝင်ခွင့်စနစ်ကို ပြောင်းလဲရန် ပြင်ဆင်နေခြင်း၊ တက္ကသိုလ်စီမံခန့်ခွဲမှုစနစ်ကို ပြုပြင်ရန် စီစဉ်နေခြင်း စသည့်မူဝါဒအပြောင်းအလဲများကို ဆောင်ရွက်လာခဲ့သည်။

လွန်ခဲ့သည့်ပညာသင်နှစ်က အဆင့်မြင့်တက္ကသိုလ်များအနေဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်တို့ကို ဖွင့်လှစ်ပြီး ကျောင်းသားများ၏ စိတ်ဝင်စားမှုကို ရယူခဲ့သည်။

ထို့ပြင် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်ရှိအမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် မန္တလေးမြို့ရှိ မန္တလာကောလိပ်တို့တွင် ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုဘွဲ့သင်တန်းကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။ သန်လျင်နှင့် စစ်ကိုင်းတို့ရှိ သမဝါယမကောလိပ်များကို တက္ကသိုလ်အဆင့်သို့ မြှင့်တင်၍ စီးပွားရေးသိပ္ပံဘွဲ့ သင်တန်းများ ဖွင့်လှစ်ခဲ့သည်။

သို့သော် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရမှတ်ကောင်းရရှိခဲ့သော ကျောင်းသား၊ ကျောင်းသူများကို အထိနာစေသောအချက်မှာ နာမည်ကြီးအသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၏ အခြေခံကျောင်းဝင်ခွင့်အမှတ်များကို တိုးမြှင့်ခဲ့သလိုကျောင်းသားလက်ခံမှုကိုလည်း လျှော့ချခဲ့ခြင်းဖြစ်သည်။

ယခုနှစ်တွင် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့ကို ပြန်လည်ဖွင့်လှစ်၍ ထူးချွန်ကျောင်းသားများရွေးချယ် ပညာသင်ကြားရန် ကြေညာထားပြီး မန္တလေးမြို့တွင်လည်း အိန္ဒိယနိုင်ငံအကူအညီဖြင့် မြန်မာသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်ကို တည်ထောင်ဖွင့်လှစ်ရန် စီစဉ်ထားသည်။ ထို့ပြင် မန္တလေးရတနာပုံတက္ကသိုလ်နှင့် ရန်ကုန်ဒဂုံတက္ကသိုလ်တို့တွင် အားကစားဘာသာရပ်ကို တိုးချဲ့သင်ကြားပို့ချရန် စီစဉ်နေသည်။

တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီနှင့် တက္ကသိုလ်များဗဟိုကော်မတီတို့၏ အတည်ပြုမှုဖြင့် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့တွင် အထူးပြုဘာသာရပ် ၂၀ ခုအတွက် ကျောင်းသား၊ ကျောင်းသူ ၁၅ ဦးစီ၊ စုစုပေါင်း ၃၀၀ ဦးစီကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ ပထမနှစ်ဘွဲ့သင်တန်းများ လက်ခံသင်ကြားပို့ချမည်ဖြစ်သည်။

တက္ကသိုလ်ဝင်ခွင့်အတွက် ကျောင်းသားရွေးချယ်ရာတွင် တက္ကသိုလ်စာမေးပွဲ၏ ဘာသာတွဲများကို သတ်မှတ်ချက်မပြုဘဲ မည်သည့်ဘာသာတွဲဖြင့် အောင်မြင်သည်ဖြစ်စေ တက္ကသိုလ်ဝင်စာမေးပွဲရမှတ်ပေါ် အခြေခံဆောင်ရွက်သွားမည်ဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲအခြေခံရမှတ် အနိမ့်ဆုံး ၄၃၀ မှတ် ရရှိထားရမည်ဖြစ်သလို သက်ဆိုင်ရာဘာသာရပ်တွင်လည်း ဂုဏ်ထူးရမှတ် အနိမ့်ဆုံး ရရှိထားရန် လိုအပ်သည်။

အင်္ဂလိပ်စာဘာသာရပ်သည် တက္ကသိုလ်စာမေးပွဲ အနိမ့်ဆုံးရမှတ် ၅၀၀ ဖြင့်ထိပ်ဆုံးတွင် ရပ်တည်နေပြီး ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒနှင့် ကုန်ထုတ်ဓာတုဗေဒတို့က အနိမ့်ဆုံးရမှတ် ၄၉၀ ဖြင့် ဒုတိယနေရာတွင် ရှိနေသည်။ ကွန်ပျူတာသိပ္ပံဘာသာရပ်က အနိမ့်ဆုံးရမှတ် ၄၈၀ နှင့် နိုင်ငံတကာဆက်ဆံရေးပညာ၊ ဥပဒေပညာ၊ မြန်မာစာနှင့် လူအများစိတ်ဝင်စားနေသည့်ဘာသာရပ်အသစ် နိုင်ငံရေးသိပ္ပံဘာသာရပ်တို့အတွက် အနိမ့်ဆုံးရမှတ် ၄၇၀ သတ်မှတ်ထားသည်။

ပထဝီဝင်၊ သမိုင်း၊ စိတ်ပညာ၊ ဒဿနိကဗေဒ၊ မနုဿဗေဒ၊ ရှေးဟောင်းသုတေသနပညာနှင့် အရှေ့တိုင်းပညာတို့အတွက် တက္ကသိုလ်ဝင်စာမေးပွဲ အနိမ့်ဆုံးရမှတ် ၄၃၀ ဖြစ်ပြီး ကျောင်းသားများအား စာတွေ့၊ လက်တွေ့ သင်ကြားရာတွင် နိုင်ငံတကာအဆင့်မီ ဆွေးနွေးပို့ချမည်ဖြစ်သလို စာသင်ခန်းအကျယ်အဝန်းနှင့် သင်ကြားရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ပြည့်စုံစွာဖြည့်ဆည်းပေးမည်ဖြစ်သည်။

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်ရှိ လေယာဉ်ကွင်းဟောင်းမြေနေရာတွင် မြန်မာသတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ်အမည်ဖြင့် တက္ကသိုလ်အသစ်တစ်ခုတည်ဆောက်နေပြီး လာမည့်စာသင်နှစ်အမီ ကျောင်းသားလက်ခံသွားရန် စီစဉ်နေကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်ကို အိန္ဒိယနိုင်ငံမှ သင်ရိုးညွှန်းတမ်းစာအုပ်များ၊ သင်ရိုးမာတိကာများကို ထောက်ပံ့ပေးမည်ဖြစ်သလိုသင်ကြားရေးအတွက် ပါမောက္ခများလည်း စေလွှတ်ပေးသွားမည်ဖြစ်သည်။

အဆိုပါတက္ကသိုလ်၌ ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းများကို ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး Research Centre for e-commerce and e-Government, Center for Coummunication,

**စာမျက်နှာ (၁၆) သို့**

# ဂျာမန် ပညာသင်ဆု ဇူလိုင်လကုန်အထိ လျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင်-၁၃**

ဂျာမနီနိုင်ငံမှ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပေးအပ်နေသော ပညာသင်ဆုအစီအစဉ်အတွက် ဘွဲ့လွန်ပညာရပ်များ သင်ယူရန် ဇူလိုင်လကုန်နောက်ဆုံးလျှောက်ထားနိုင်ကြောင်း ဂျာမနီသံရုံးမှ သတင်းရရှိသည်။

ဂျာမနီနိုင်ငံရှိတက္ကသိုလ်များတွင်ပညာသင်ယူရမည့်အစီအစဉ်အတွက်ဖွံ့ဖြိုးဆဲနိုင်ငံများမှ ခေါင်းဆောင်မှုစွမ်းရည်ရှိသော လူငယ်များအား သက်ဆိုင်ရာဘာသာရပ်နယ်ပယ်အလိုက်ကျွမ်းကျင်သူများ ဖြစ်လာစေရန် ပံ့ပိုးပေးမည်ဟု ဆိုသည်။

ပညာသင်ဆုအစီအစဉ်အတွက် စီးပွားရေး၊ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှု၊ အင်ဂျင်နီယာ၊ သင်္ချာ၊ စိုက်ပျိုးရေးနှင့် သစ်တော၊ ဒေသတွင်းစီမံချက်၊ သဘာဝပတ်ဝန်းကျင်၊ ဆေးပညာနှင့် ပြည်သူ့ကျန်းမာရေး၊ တိရစ္ဆာန်ဆေးကု၊ လူမှုရေးသိပ္ပံနှင့် ပညာရေးဘာသာရပ်များကို လေ့လာသင်ယူရန်လျှောက်ထားနိုင်မည်ဖြစ်သည်။

ပညာသင်ဆုလျှောက်ထားလိုသူများသည် လေးနှစ်တက်ရောက်ထားရသော ဘွဲ့ဒီဂရီရရှိထားရမည်ဖြစ်ပြီး အသက်(၃၆)နှစ်ထက်မကြီးသူ၊ အင်္ဂလိပ်စာကျွမ်းကျင်မှု TOEFL ရမှတ် ၅၅၀၊ IELTS ရမှတ်ခြောက်မှတ်အနည်းဆုံးရရှိထားရမည်ဖြစ်ကြောင်းသိရသည်။

ဂျာမန်ပညာသင်ဆုအစီအစဉ်အတွက် အသေးစိတ်အချက်အလက်များကို www.daad.de တွင် ဝင်ရောက်ကြည့်ရှုပြီး ပညာသင်ဆုလျှောက်လွှာများကို ပြည်တွင်းရှိ ဂျာမနီသံရုံးသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

Future Auto "မြန်မာနိုင်ငံ၏ ပထမဆုံး Used Car Warranty Service"
၁၅.၇.၂၀၁၃မှ ၃၁.၁၀.၂၀၁၃ အထိ ဝယ်ယူအားပေးသည့် Customer များအတွက်




★ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူထားသော အိမ်သုံးလူစီးကားများအား ဝယ်ယူသည့်နေ့မှစ၍ (၆)လအတွင်း ပစ္စည်းဖိုး၊ လက်ခ မယူဘဲ (အခမဲ့)ပြုပြင်ပေးပါမည်။
★ ရန်ကုန်မြို့အတွင်းကားပျက်ပါက ချက်ချင်းလာရောက်ပြုပြင်ပေးပါမည်။
★ ကားပြင်ဆင်နေချိန်တွင် ယာယီကား အစားထိုးဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်။

အမှတ်(၁၄၀)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်းမီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph : 01-400785, 09-5147128, 09-73231587

## သစ်တောတက္ကသိုလ်ဝင်ခွင့် ဩဂုတ် ၂ရက်နောက်ဆုံးထားလျှောက်နိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင်-၁၀**

တက္ကသိုလ်ဝင်တန်းစားမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် အောင်မြင်ခဲ့ပြီး စုစုပေါင်းရမှတ် ၃၆၀နှင့် အထက်ရရှိထားသောကျောင်းသားများအနေဖြင့် နေပြည်တော်၊ ရေဆင်းရှိ သစ်တောတက္ကသိုလ်တွင် ပညာသင်ယူရန် ဩဂုတ် ၂ရက်နောက်ဆုံးထားလျှောက်ထားနိုင်ကြောင်း ကြေညာထားသည်။

သစ်တောတက္ကသိုလ်သည် သင်တန်းကာလခြောက်နှစ်တက်ရောက်ရမည်ဖြစ်ပြီး အမျိုးသားနှင့် အမျိုးသမီးဦးရေကို ၈၀အချိုး ၂၀ ဖြင့်ကျောင်းသားတစ်ရာဦးလက်ခံသင်ကြားမည်ဖြစ်ကြောင်း ယခင်နှစ်တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်၌ ဖော်ပြထားသည်။

ကျောင်းသားများအနေဖြင့် လာမည့်နိုဝင်ဘာ ၁၅ရက်တွင် အသက်(၁၈)နှစ်ထက်မကြီးစေရန်နှင့် မိုင် ၂၀လမ်းလျှောက်စွမ်းရည်စစ်ဆေးမှုအောင်မြင်ရန်သတ်မှတ်ထားပြီး အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာရပ်များကို ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ကြောင်း ဇူလိုင် ၁၀ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ကျောင်းသားများအနေဖြင့် သက်ဆိုင်ရာအခြေခံပညာအထက်တန်းကျောင်းအုပ်ကြီး၏ တက္ကသိုလ်ဝင်တန်းအောင်မြင်ကြောင်း ထောက်ခံချက်၊ အမှတ်စာရင်း၊ မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ကျန်းမာရေးစစ်ဆေးချက်၊ နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ထောက်ခံချက်မူရင်းများနှင့် အတူ နိုင်ငံပိုင်သတင်းစာတွင် ပါရှိသောလျှောက်လွှာနမူနာပုံစံအဖိုးအရွယ်စာရွက်တွင် မိမိအစီအစဉ်ဖြင့် ကွန်ပျူတာစာစီ ရိုက်နှိပ်ပြီး လိုင်စင်အရွယ် ဓာတ်ပုံကပ်၍ လျှောက်ထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်များတွင် အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ်၊ သမဝါယမတက္ကသိုလ်၊ ကောလိပ်များနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် တက်ရောက်လိုသော ကျောင်းသားများအနေဖြင့် ယင်းတက္ကသိုလ်၊ ကောလိပ်များမှ လျှောက်လွှာခေါ်ယူချိန်တွင် တိုက်ရိုက်လျှောက်ထားရမည်ဖြစ်သည်။




စာမျက်နှာ (၁၅) မှ

## အခွင့်အလမ်းသစ်များနှင့် တက္ကသိုလ်ပညာရေး

English and Soft Skills, Centre for Network Management, Centre for Community Learning Management ဌာနများကို ထည့်သွင်းဖွဲ့စည်းသွားမည်ဖြစ်သည်။

ကျောင်းသားအရေအတွက် မည်မျှလက်ခံမည်နှင့် အနိမ့်ဆုံးရမှတ် မည်မျှသတ်မှတ်မည်ကို သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ စီစဉ်ဆောင်ရွက်နေဆဲဖြစ်ပြီး သတင်းထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။

လွန်ခဲ့သည့် တက္ကသိုလ်ပညာသင်နှစ်က ကျောင်းသားများ၏ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ရွေးချယ်မှုတွင် အသစ်ဖွင့်လှစ်လိုက်သော ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (အဆင့်မြင့်)နှင့် မန္တလေးကွန်ပျူတာ တက္ကသိုလ်(အဆင့်မြင့်)တို့က ထိပ်ဆုံးစာရင်းဝင်နေခဲ့သည်။

ယခုနှစ်တွင် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့သည် ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဝင်စားမှုအများဆုံးရရှိဖွယ်ရှိနေသည်။ ယင်းတက္ကသိုလ်နှစ်ခုသည် ပြည်တွင်းရှိ အခြားတက္ကသိုလ်များထက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများပြားနေပြီး နိုင်ငံတကာ၏ ကူညီထောက်ပံ့မှုများ ပိုမိုရရှိနေကြောင်း တက္ကသိုလ်ဆရာ အသိုင်းအဝိုင်းမှ သိရသည်။

ပညာရေးဝန်ကြီးဌာနသည် အဆင့်မြင့်ပညာကဏ္ဍစီမံကိန်း၏ ဦးစားပေးအစီအစဉ်အနေဖြင့် နိုင်ငံတကာ ဆက်ဆံရေးဘာသာရပ်၊ ဥပဒေဘာသာရပ်နှင့် စီးပွားရေးဘာသာရပ်များကို သင်ကြားသင်ယူမှုမြှင့်တင်ရေး ဆောင်ရွက်နေလျက်ရှိသည်။

ယခင်ပညာသင်နှစ်မှစတင်၍ နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်သင်ယူလိုသော ကျောင်းသားများအတွက် မည်သည့်ဘာသာတွဲဖြင့် အောင်မြင်သူမဆို ဝင်ခွင့်လက်ခံသည့်စနစ်ကို ပြောင်းလဲပေးခဲ့ပြီး စီးပွားရေးဘာသာရပ်အတွက် ကျောင်းသားတိုးမြှင့်ခေါ်ယူခြင်း ပြုလုပ်ခဲ့သည်။

ထို့ပြင် ယင်းဘာသာရပ်များ အဆင့်မြှင့်တင်ရေးအတွက် နိုင်ငံတကာတက္ကသိုလ်များ၊ ပညာရေးအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ်များကို ချမှတ်ထားခြင်းကြောင့် ကျောင်းသားများအတွက် အခွင့်အလမ်းကောင်းများရှိနေသည်။

လွန်ခဲ့သည့် ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ဖြေဆိုအောင်မြင်ခဲ့သူနှင့် ယခု ၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့သူအရေအတွက်သည် တစ်သိန်းခြောက်သောင်းကျော် တူညီနေသည်။ ထို့ကြောင့် အသစ်ဖွင့်လှစ်မည့် တက္ကသိုလ်များသည် ကျောင်းသား၊ ကျောင်းသူများအတွက် အခွင့်အလမ်းသစ်များ ဖြစ်စေနိုင်ပြီး နာမည်ကြီးအသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ ဝင်ခွင့်ရရေးသည် ယခင်နှစ်ထက် အခွင့်အလမ်း ပိုကောင်းနေသည်။

မည်သို့ဆိုစေ နာမည်ကြီး အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် ပညာသင်ယူလိုသော ကျောင်းသားများအနေဖြင့် အနိမ့်ဆုံးတက္ကသိုလ်ဝင်စာမေးပွဲရမှတ် ၄၀၀ ရရှိထားရန် လိုအပ်နေသည်။

မြန်မာနိုင်ငံတွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြသူများအနက် တက္ကသိုလ်ပညာဆက်လက်သင်ယူသူများတွင် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များနှင့် နိုင်ငံခြားဘာသာတက္ကသိုလ်များသို့ ဝင်ခွင့်ရရှိသူ ခြောက်သောင်းကျော်၊ အဝေးသင်တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိသူ ငါးသောင်းကျော်နှင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိသူ လေးသောင်းကျော်ရှိနေကြောင်း လွန်ခဲ့သည့် နှစ်စာရင်းများအရ သိရသည်။

မြန်မာတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်ခွင့်အတွက် ရွေးချယ်ဆုံးဖြတ်ရာတွင် မိဘ၊ အုပ်ထိန်းသူများ၏ သဘောဆန္ဒနှင့် နာမည်ကြီးထင်ရှားမှုတို့အပေါ် အခြေခံသော အလေ့အထ တွင်ကျယ်နေသည်။ ထို့ကြောင့် လက်တွေ့လုပ်ငန်းခွင်ဘဝသို့ဝင်ရောက်ချိန်တွင် မိမိရရှိထားသော ဘာသာရပ်ဘွဲ့နှင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်မှု လွဲချော်ခြင်းများ ဖြစ်စေနိုင်ပြီး တိုင်းပြည်ဘဏ္ဍာနှင့် မိမိအချိန်ကို နစ်နာမှုဖြစ်ပေါ်နေသည်။

"အမှတ်များများရတိုင်း နာမည်ကြီးအသက်မွေးဝမ်းကျောင်းတက္ကသိုလ်တွေကို ရွေးချယ်တက်ရောက်တဲ့ခေတ် ကုန်သင့်နေပါပြီ။ ကျောင်းသားတွေသဘောဆန္ဒနဲ့ စိတ်ဝင်စားမှုအပေါ် အခြေခံတဲ့ ရွေးချယ်သင်ယူမှုဖြစ်သင့်နေပါပြီ။ အခုဆိုရင် သက်ဆိုင်ရာ ဘာသာရပ်တိုင်းအတွက် အခွင့်အလမ်းကောင်းတွေ ရှိလာနေပါတယ်" ဟု ပညာရေးကျွမ်းကျင်သူတစ်ဦးက ဆိုသည်။

# EPS စနစ်ဖြင့် ကိုရီးယားသွားမည့်သူများ လေယာဉ်လက်မှတ်နှင့် ဗီဇာကြေး ကိုယ်တိုင်ဆောင်ရမည်

**အေးမြတ်သူ**

**ရန်ကုန်၊ ဇူလိုင်-၁၅**

ကိုရီးယားနိုင်ငံသို့ တရားဝင်အလုပ်သမားစနစ် EPS ဖြင့် အလုပ်သွားရောက်လုပ်ကိုင်မည့်မြန်မာအလုပ်သမားများ ဇူလိုင် ၁၅ ရက်မှစ၍ ဝန်ဆောင်ခအပါအဝင် ငွေကျပ် ဆယ်သိန်းကျော် ကုန်ကျတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကိုရီးယားနိုင်ငံတွင် သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများကို အလုပ်သမားဝန်ကြီးဌာနလက်အောက်ရှိအစိုးရပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီက ဝန်ဆောင်ခအဖြစ် ငွေကျပ်ခြောက်သိန်းခွဲကောက်ခံလျက်ရှိသည်။ ယခုလပိုင်းတွင် ပြည်တွင်း၌ ဒေါ်လာဈေးတက်လာမှုကြောင့် လက်ရှိကောက်ခံလျက်ရှိသည့် ဝန်ဆောင်ခနှုန်းထားမှာ ဌာနအနေဖြင့် စီမံကွပ်ကဲရန် အခက်အခဲရှိလာသည်။

ဝန်ကြီးဌာနအနေဖြင့် ဝန်ဆောင်ခကို ယခင်နှုန်းထား အတိုင်း ကျပ်ခြောက်သိန်းခွဲသာကောက်ခံမည်ဖြစ်သော်လည်း ဇူလိုင် ၁၅ ရက်မှစ၍ သွားရောက်လုပ်ကိုင်မည့်မြန်မာအလုပ်သမားများက ဒေါ်လာငွေဖြင့် ပေးသွင်းရမည်ဖြစ်သည်။ လေယာဉ်လက်မှတ်ခနှင့် ဗီဇာကြေးတို့ကို မိမိစရိတ်ဖြင့် အကုန်အကျခံဝယ်ယူကာသက်ဆိုင်ရာဌာနသို့ ပေးပို့တင်ပြရမည်ဖြစ်သည်။

"ဒေါ်လာဈေးက မြင့်တက်လို့ ဝန်ဆောင်ခကို တိုးယူတာမဖြစ်ချင်ဘူး။ အခုအနေအထားက ဝန်ဆောင်ခသက်သက်ပဲ ဘာမှ အမြတ်မရဘူး။ ဝန်ထမ်းတွေ ပင်ပန်းတာပဲ ရှိတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အိတ်စိုက်ဖြစ်လာပြီ" ဟု အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ဇူလိုင် ၁၃ ရက်တွင် အေဂျင်စီများနှင့် တွေ့ဆုံခဲ့စဉ် ပြောကြားခဲ့သည်။

ယခုကောက်ခံမည့် ဝန်ဆောင်ခကျပ်ခြောက်သိန်းခွဲမှာ ဝန်ကြီးဌာနမှ ဆေးစစ်ခ၊ ယူနီဖောင်းဝတ်စုံကြေးနှင့် သင်တန်းကြေးတို့အတွက် ကောက်ခံရခြင်းဖြစ်ပြီး အလုပ်သမားများအနေဖြင့် လေယာဉ်လက်မှတ်ခအတွက် ၄၈၂ဒေါ်လာနှင့် ဗီဇာကြေး ဒေါ်လာ ၅၀ တို့ထပ်မံကုန်ကျမည်ဖြစ်သည်။

"အရင်းအနှီးတော့ နည်းနည်းများသွားတာပေါ့။ အရင်က လေယာဉ်လက်မှတ်ခ အပါအဝင် ကျပ်ခြောက်သိန်းခွဲဆိုတော့ ဒီမှာသင်တန်းတက်တာနဲ့ဆို ကျပ်ဆယ်သိန်းလောက်မှန်းထားတာ။ ခုဆိုရင် ပိုတော့ပေးရတော့မှာပေါ့"ဟု ကိုရီးယားသို့ သွားရောက်လုပ်ကိုင်ရန် သင်တန်းတက်နေသည့် အမျိုးသားတစ်ဦးက ပြောသည်။



**EPS** *စာမေးပွဲ အောင်စာရင်းကြည့်ရှုနေသူတစ်ဦး* ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

---

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

A+ Hardware, Network သင်ကြားနိုင်သူ (ကျား/မ-၂ ဦး)၊ LCCI I, II သင်ကြားနိုင်သူ (ကျား/မ- ၂ ဦး)၊ MYOB သင်ကြားနိုင်သူ(ကျား/မ- ၂ ဦး)။
အမှတ်(၃၅၆)၊ မဟာဗန္ဓုလလမ်း၊ ဆိပ်ကမ်းသာလမ်းထိပ်။
ဖုန်း-၂၅၃၂၉၃

----------------------------

Korean Translator (B.A (Korea) or Dip: in Korea (U.F.L) (M/F-10 Posts) (အသက် ၂၀ မှ ၃၅ နှစ်အတွင်း)၊ အိမ်ထောင်မရှိသူ လူလွတ်ဖြစ်ရမည်။ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ တစ်ပတ်အတွင်း လျှောက်ထားနိုင်သည်။
ဖုန်း-၃၉၃၁၈၉
လိုင်းခွဲ-၈၁၆

----------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Marketing Manager (1) Post
2. Marketing (3) Posts
3. Driver (3) Posts
PH: 09-5103839

----------------------------

**အမြန်အလိုရှိသည်**
အငြိမ်းစားကျောင်းအုပ်ကြီးများ၊ လုပ်သက်ရင့် ဘာသာရပ်သင် ဆရာ/မများ၊ ဘွဲ့ရအဆောင်မှူး ကျား/မများ၊ လုပ်သက်ရှိ ရုံးအကူ။ (၂၅-အေ)၊ ရွာမ ကျောင်းလမ်းသွယ်၊ (၁)ရပ်ကွက်၊ လှိုင် မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉-၈၆၂၀၀၉၄

----------------------------

**'စေတနာ' အထွေထွေ ဝန်ဆောင်မှုလုပ်ငန်း**
Marketing (ကျား/မ-၅ဦး)၊ Office Staff (ကျား/မ-၅ ဦး)၊ Site Engineer (ကျား/မ-၅ ဦး)၊ အရောင်းနေ/စားငြိမ်း (ကျား/မ-၅ ဦး)၊ စိုက်ပျိုးရေးဘွဲ့ရ (ကျား-၃ ဦး)၊ အထွေထွေလုပ်သား (ကျား-၃ ဦး)၊ Computer Operator (ကျား/မ-၅ ဦး)။ ဖုန်း-၀၉-၄၄၈၅၄၂၀၁၈

----------------------------

Management employment (M-10), Chinese-Myanmar-English translator (M/F-10), Admin Officer (F-5). PH: 09-43161005

----------------------------

**ကမ္ဘာ့ဦးဆေးဝါးလုပ်ငန်း**
အရောင်းမြှင့်တင်နိုင်သော (ဆေး) အရောင်းဝန်ထမ်း အလိုရှိပါသည်။
ဖုန်း-၀၁-၅၃၈၀၂၀

----------------------------

**စိုက်ပျိုးဝန်ထမ်းအလိုရှိသည်**
ဘက်စုံကျွမ်းကျင်၊ ဥယျာဉ်စိုက်ပျိုးဝန်ထမ်း(ကျား)။ ဖုန်း-၀၁-၅၃၈၀၂၀

----------------------------

**Zawgyi House Cafe**
1. Pubilc Relation F(1)
2. Service Manager M(1)
3. Waiter/Waitress M/F(5)
4. Waiter Helper M (5)
5. Steward M (2)
အမှတ်(၃၇၂)၊ ဗိုလ်ချုပ်လမ်း၊ ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၀၁-၃၈၀၃၉၈

----------------------------

1. Marketing Executive M/F (5)
2. Marketing Assistang M/F (10)
3. Web Designer M/F (2)
4. Web Developer M/F (2)
5. Driver M (1)
No. 2, Room (9/D-E), Zagawar Condominium,Moe KaungRd, Yankin Township, Yangon.

----------------------------

**နဂါးပျံလက်ဖက်ခြောက်လုပ်ငန်း**
၁။ Driver ကျား (၆) ဦး
အမှတ်-၄၂၊ ရွှေသရဖီရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ကမာရွတ်မြို့နယ်။
ဖုန်း- ၀၁ ၅၂၃၄၉၆

----------------------------

**အလိုရှိပါသည်**
ဘက်စုံကျွမ်းကျင်၊ ဥယျာဉ်စိုက်ပျိုးဝန်ထမ်း(ကျား)။ ဖုန်း- ၀၁ ၅၃၈၀၂၀

----------------------------

**Sakura Residence**
Technician (Mechanical Power, Electrical Power) (3-Male), Security (3-Male), Housekeeping (2-M/F), Receptionist (1 - M/F), Waiter/Waitress (2- M/F).
No.9, Block 10, Inya Road, Kamaryut Township, Yangon.
ဖုန်း-၀၁-၅၂၅၀၀၁

----------------------------

**ဟိုတယ်လုပ်ငန်း**
မန်နေဂျာ (ညှော်ကြို) ကျား/မ (၁) ဦး၊ မန်နေဂျာ(အိပ်ခန်းဆောင်ထိန်းသိမ်းရေး) ကျား/မ(၂) ဦး၊ လက်ထောက်မန် နေဂျာ (ညှော်ကြို) ကျား/မ(၁)ဦး၊ လက်ထောက်မန်နေဂျာ (အိပ်ခန်းဆောင် ထိန်းသိမ်းရေး) ကျား/မ (၂) ဦး (ငွေဆောင်)။
ဖုန်း- ၀၁-၅၇၁၀၁၀

----------------------------

**အလိုရှိသည်**
၁။ တရုတ်စကားပြန် မ (၃) ဦး
၂။ Receptionist မ (၃) ဦး
၃။ Admin Staff မ (၃) ဦး
၄။ Marketing ကျား/မ (၅) ဦး
အမှတ် (၁၈၃)၊ ဗဟိုလမ်းမ၊ ကမာရွတ်မြို့နယ်။
ဖုန်း- ၀၁၅၁၂၀၂၉

----------------------------

1. Guest Service Officer (1)F
2.Health Club Assistant (1) M
3. Electrical Engineer/Techanical (1)M
4. Security (1) M
5. Laundary Attendant (1) M
No.8, Kaba Aye Pagoda Road, Mayangone Township.
Tel: 01-650651

----------------------------

ပြည်ပတွင် သုံးနှစ်တာဝန်ထမ်းဆောင်နိုင်ရမည်။ အိမ်မှုကိစ္စ ကျွမ်းကျင်စွာ ထမ်းဆောင်ရန်အတွက်ဖြစ်သည်။
ဖုန်း- ၀၉-၇၃၀၈၂၉၈၅

----------------------------

**အချိန်ပိုင်းအလုပ်လုပ်ရန်**
စိတ်ပါဝင်စားသူများ မည်သူမဆိုလာရောက်ဆက်သွယ် လျှောက်ထားနိုင်ပါသည်။
ဖုန်း- ၀၉ ၄၂၁၀၂၈၃၇၄

----------------------------

၁။အရောင်းစာရေးဆရာ မ(၁) ဦး
စမ်းချောင်းမြို့နယ်နီးသူ ဦးစားပေးမည်။
ဖုန်း-၀၁-၂၁၆၂၁၂

----------------------------

1. Web Developer M/F (1) Post
PH: 01-388165

----------------------------

**ရွှေနှင်းဆီအထည်ချုပ်စက်ရုံ**
၁။ မော်တာစက်နင်းကျွမ်းကျင် (စင်ကား/ဒါး)(ကင်း) ကျား/မ (၁၅) ဦး။
အမှတ်-၄၆၊ ရန်ကြီးအောင်လမ်း၊ (၁၀) မိုင်ကုန်ဈေးလမ်း၊ အင်းစိန်။
ဖုန်း-၀၁-၆၄၆၅၃၈

----------------------------

**UNIQUE INNOVATIVE TRADING CO.,LTD**
1. Sales Manager M (2)
2. Marketing Manager F(1)
3. Sales Executive M (2)
5. Site Engineer M (2)
6. Professional Painter(Blasting & Airless Spray)
အမှတ်(ဘီ-၅၆၉)၊ ရတနာလမ်း၊ မလိခအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၈၅၅၁၃၀၁

----------------------------

**Super Air Con-Service**
1. Air Con ကျွမ်းကျင် (၃) ဦး
2. Helper (၃) ဦး
3. အလုပ်သင်ဝန်ထမ်း (၅) ဦး
အမှတ်-(၂၆/၃)၊ အခန်း(၀၀၄)၊ သုမင်္ဂလာအိမ်ရာ၊ လေးဒေါင့်ကန်လမ်းမကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။
ဖုန်း-၀၁-၅၆၉၉၀၅

----------------------------

1. Assistant Auditor ကျား/မ(၅)ဦး
2. Admin Assistant မ (၂) ဦး
3. ကျွမ်းကျင်ယာဉ်မောင်း (၂) ဦး
အမှတ်-၂(က)၊ ပြည်တော်အေးရိပ်သာ၊ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့ နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ ၆၅၇၈၃၀

----------------------------

**Logistics Media Services Co.,Ltd.**
Marketing Executive (M/F-5), Marketing Assistant(M/F-10), Web Designer (M/F-2), Web Developer (M/F-2), Driver (M-1).
No.2, Room(9/D-E), Zagawar Condominium, Moe Kaung Rd, Yankin Township, Yangon.
ဖုန်း-၅၅၉၇၆၈

----------------------------

**Thu Kha Yeik**
Food Center. No.(24/4), Nawa-day Road, Yawmingyi Quarter, Dagon Township, Yangon.
Ph: 09-73227010

----------------------------

**Linpo Co.,Ltd.**
အင်ဂျင်နီယာ (B.E, Civil)-M/F(4) Posts, (AGTI, Civil)-M/F(3)Posts, အထွေထွေလုပ်သား (M-10 Posts), ယာဉ်မောင်း (M-1 Post), လုံခြုံရေး-(M-1 Post)။
၁၇(အေ)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်။
ဖုန်း-၀၁-၅၄၃၈၁၆

----------------------------

၁။ Technician (For Computer) ကျား (၂) ဦး
၂။ ရုံးအကူဝန်ထမ်း ကျား/မ (၂) ဦး
၃။ အရောင်းဝန်ထမ်း (Computer and Mobile) ကျား/မ (၂) ဦး
အမှတ် (၂၃/၃၀)၊ အောင်ဆန်းအားကစားပြိုင်ကွင်း၊ တောင်ဘက်ခြမ်း၊ ရန်ကုန်ဘူတာကြီး။
ဖုန်း - ၀၁ ၃၇၄၈၅၇

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013

စာမျက်နှာ(၂၃)မှ

## ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးကိုကိုကြီးနှင့် တွေ့ဆုံခြင်း

အခုဟာက (NGO)လူမှုရေးအဖွဲ့အစည်းအနေနဲ့မှတ်ပုံတင်ဖို့လုပ်နေတယ်။ ရှစ်လေးလုံးငွေရတုအခမ်းအနားပြီးရင် ဆက်လုပ်သွားမယ်။ ၈၈ အဖွဲ့ထဲမှာ လွှတ်တော်နိုင်ငံရေးကိုဇောက်ချပြီးလုပ်ကိုင်ချင်သူတွေ ပေါ်လာဖို့ရှိသလို၊ အရပ်ဘက်အဖွဲ့အစည်းတွေအားကောင်းအောင် ဆက်လုပ်မယ့်သူတွေလည်း ဆက်ရှိနေမယ်။

**လက်ရှိ လွှတ်တော်အတွင်း မဲခွဲဆုံးဖြတ်မှုတွေနဲ့ ပတ်သက်လို့ ဝေဖန်မှုတွေရှိတယ်။ ဥပမာ မီဒီယာဥပဒေ၊ဆက်သွယ်ရေး၊တင်ဒါကိစ္စတွေမှာပေါ့။ လွှတ်တော် အမတ်တွေကို အားကိုးလို့ မဖြစ်ဘူးလို့ ပြောကြတယ်ဆိုတော့ လက်ရှိမြန်မာနိုင်ငံရဲ့ လွှတ်တော်နိုင်ငံရေးအခင်းအကျင်းကို သုံးသပ်ပေးပါ။**

လွှတ်တော်နိုင်ငံရေးက ပီပီပြင်ပြင်ပေါ်မလာသေးဘူး။လက်ရှိလွှတ်တော်ပုံသဏ္ဍာန်ကိုယ်ကအငြင်းပွားစရာဖြစ်နေတယ်။ ၂၀၀၈ ဖွဲ့စည်းပုံ၊ ၂၀၁၀ ရွေးကောက်ပွဲတွေနဲ့ စတည်ထားတာ။

တကယ်သာ လူထုကို ကိုယ်စားပြုတဲ့ စစ်စစ်မှန်မှန် လွှတ်တော်နိုင်ငံရေးပေါ်လာရင် ပြဿနာဖြေရှင်းမှုဆုံချက်ကလွှတ်တော်မှာ ဖြစ်ရမယ်။ လွှတ်တော်မှာ ဥပဒေပြုပြဋ္ဌာန်းမယ်။ လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်ဥပဒေကို တိတိကျကျ ကျင့်သုံးနိုင်တဲ့ အစိုးရဖြစ်ဖို့ဆိုရင် ပြဿနာတွေ လမ်းပေါ်မှာ ဖြေရှင်းတာ လျော့သွားမယ်။ ဒီမိုကရေစီမှာ လမ်းပေါ်မှာ ဆန္ဒဖော်ထုတ်တာတွေရှိနေတယ်။ ဒါက ပြဿနာတွေကို လွှတ်တော်ကိုယ်စားလှယ်တွေသိအောင်ဖော်ထုတ်တာပဲဖြစ်တယ်။ ဒီပြဿနာတွေကိုတကယ်ဖြေရှင်းတာက လွှတ်တော်တွေ၊ တရားရုံးတွေဖြစ်ရမယ်။ ဒီလိုစနစ်အားကောင်းရင် လူမှုရေးပြဿနာ၊ စီး ပွားရေး၊ ပြဿနာဖြေရှင်းတာ လွှတ်တော်ဖြစ်သွားမယ်။

**ဟိုတစ်လောက ရေပန်းစားနေတဲ့ သမ္မတကိစ္စ ဦးကိုကိုကြီးကြားပြီးသွားပါ။ ဦးကိုကိုကြီးရော ပြည်သူက ဆန္ဒရှိတယ်ဆိုရင် သမ္မတ လုပ်ဖို့ဆန္ဒရှိပါသလား။**

ကျွန်တော်ရယ်စရာ ပြောမယ်။ ကျွန်တော်အနေအထိုင်မတတ် လို့ နိုင်ငံရေးလုပ်တာ။ (ရယ်လျက်)ကျွန်တော်ကြုံခဲ့ရတာနဲ့ဖြတ်သန်းခဲ့ရတာနဲ့ပတ်သက်ပြီး ဘာလုပ်ပေးနိုင်မလဲဆိုတာပဲ။

အခုလည်း ပြဿနာဖြစ်တဲ့ကိစ္စတွေကို လက်မရှောင်ဘူး။ ကျွန်တော်က နိုင်ငံရေးကို စီးပွားရေး၊ ဝေါဟာရအရ ပြောရရင် (Service)ဝန်ဆောင်မှု ပေးချင်တာပါ။

နိုင်ငံရေးဆိုတာ ဝန်ဆောင်မှုလုပ်ငန်း။နိုင်ငံတွေသားရဲ့ဝန်ကိုဘယ်လောက်ထိထမ်းဆောင်နိုင်မလဲဆိုတာကို ဦးစားပေးတယ်။ ကျွန်တော်နိုင်ငံရေး ဒီထက်ပိုပြီး လွှတ်တော် နိုင်ငံရေး လုပ်ရင်လည်း ဘယ်လောက်ဝန်ဆောင်မှုပေးနိုင်မလဲဆိုတဲ့ အပေါ်မှာပဲ သက်ဆိုင်ရာနိုင်ငံသားမဲဆန္ဒရှင်တွေက ဆုံးဖြတ်သွားမယ် ထင်တယ်။

**နိုင်ငံရေးခေါင်းဆောင်တွေ၊ လွှတ်တော်အမတ်တွေက ဘာသာရေးကိစ္စမှာ ငြိမ်သက်နေတာကိုအားမလို အားမရဝေဖန်နေတာတွေရှိတယ်။ ဦးကိုကိုကြီးကို ဒီမျိုးစောင့်ဥပဒေလှုပ်ရှားမှုကို ထောက်ခံတဲ့ဘက်ကလားလို မေးရင် ဘယ်လိုဖြေမလဲ။**

အခုလိုအင်တာဗျူးနေတာကိုက နိုင်ငံရေးသမားတစ်ယောက်အနေနဲ့ ကျွန်တော်ထွက်ပြောနေတာလေ။ အခြားနိုင်ငံရေးခေါင်းဆောင်တွေ တာဝန်ရှိသူတွေအနေနဲ့ တိုင်းပြည်မှာ ဖြစ်လာတဲ့ အကျပ်အတည်းတွေ၊ အများနဲ့ ညှိနှိုင်းဆွေးနွေးပြီး ကိုယ့်သဘောထားကျယ်ကျယ်ပြန့်ပြန့်သိအောင်လုပ်သင့်တယ်။ ထိရောက်တဲ့ဖြေရှင်းမှုတွေမှာလည်း ပူးပေါင်းပါဝင်ဆောင်ရွက်သင့်တယ်။ ကိုယ့်အမြင်၊ကိုယ့်ရပ်တည်ချက်ကိုပြည်သူကို ပွင့်ပွင့်လင်းလင်း ချပြပြောသင့်တယ်။ ။

စာမျက်နှာ(၁၄)မှ

## ကံကောင်း၍ အာဇာနည်မဖြစ်ခဲ့ရသူများ

လုံခြုံရေးနဲ့ပတ်သက်လို့ စစ်တပ်ကလည်း သတင်းတွေရလို့ ဗိုလ်မှူးစိန်မှန်က တပ်ရင်း(၆)ကတပ်စုတစ်စုကို လုပ်ကြံမှုဖြစ်မယ့် ၁၉ ရက် နေ့လယ် ၂ နာရီမှာ ဂျွန်ဦးစောအိမ်ကို ဝင်ရှာဖို့ အားလုံးအဆင်သင့်လုပ်ထားပြီးဖြစ်တယ်။ ဒါပေမဲ့ ရန်သူကို လျှော့တွက်လို့ ရန်သူရဲ့လက်ဦးမှုကို ခံလိုက်ရပြီး ဗိုလ်ချုပ်နဲ့ဝန်ကြီးများ အသက်ဆုံးရှုံးခဲ့ရတယ်။ အစိုးရအဖွဲ့ကို လုပ်ကြံမယ်ဆိုတာနဲ့ ပတ်သက်လို့ သတင်းတွေ၊ ကောလာဟလတွေ ထွက်နေတာတော့ကြားနေတယ်။ ဒါပေမဲ့ ဒီလောက်ရက်ရက်စက်စက် လုပ်လိမ့်မယ်၊ မြန်မြန်လုပ်လိမ့်မယ်လို့တော့ မထင်ကြဘူး။

နိုင်ငံတော်လုပ်ကြံမှုကြီးမှာ ဥပစ္ဆေဒကကံမထိုက်လို့သေဘေးကလွတ်မြောက်ခဲ့သူ ပုဂ္ဂိုလ်လေးဦးရှိတယ်။ သူတို့ကတော့ (၁)ဝန်ကြီးဦးဘဂျမ်း၊(၂)ဝန်ကြီးဦးအောင်ဇံဝေ၊ (၃) ဝန်ကြီး ပျော်ဘွယ်ဦးမြ၊ (၄)အတွင်းဝန် ဦးရွှေဘော်တို့ဖြစ်တယ်။

သူတို့ဟာအတိတ်ကံကောင်းလို့ သေနေ့မစေ့ သေဘေးမှလွတ်မြောက်ခဲ့ပေမယ့်သူတို့ရဲ့လုပ်ဖော်ကိုင်ဖက်များ သူတို့မျက်စိအောက်မှာ ကျဆုံးသွားတဲ့ အနိဋ္ဌာရုံမြင်ကွင်းကိုတော့တစ်သက်မေ့ပျောက်မည်မဟုတ်ပါ။

နှစ်စဉ် အာဇာနည်နေ့ရောက်ရင် ပြည်သူအားလုံး ဗိုလ်ချုပ်ဆောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို လွမ်းဆွတ် သတိရကြတယ်။ ဒါပေမဲ့ ဗိုလ်ချုပ်နဲ့အတူ အစည်းအဝေးလုပ်နေပြီး လုပ်ကြံမှုကြီးက လွတ်မြောက်၍ သေကံမရောက် သက်မပျောက်ခဲ့သူတွေ အကြောင်းသိသူနည်းပါလိမ့်မယ်။ ဒါကြောင့် ဒီဆောင်းပါးကိုရေးပြီး မျှဝေလိုက်ပါတယ်။

*(ဝန်ကြီးပျော်ဘွယ်ဦးမြသည် ၁၉၅၃ခုနှစ်၊ ဒီဇင်ဘာ၁၄ရက်တွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားပြီး ဆောင်းပါးရှင် မျိုးအောင်သည် ပျော်ဘွယ်ဦးမြ၏ ဆဋ္ဌမမြောက်သားဖြစ်သည်။)*

asian trails

**VACANCY ANNOUNCEMENT**

Asian Trails Myanmar is looking for the following positions:

1. **Tour Consultant** — **M/F (2) Post**
   - Minimum 1-2 years working experience in the sales and reservation field
   - Open, sincere, transparent and fair communication skills
   - Must have a good capacity of dealing with internal and external co-workers
   - Solution Oriented (Problem solving with clients), etc.
   - Must have good computer skills
   - Good spoken and written English
   - Able to work in a dynamic environment

2. **Reservation Agent** — **M/F (5) Post**
   - Minimum 1-2 years working experience in reservation field
   - Open, sincere, transparent and fair communication skills
   - Must have a good capacity of dealing with internal and external co-workers
   - Must have good computer skills
   - Good spoken and written English
   - Able to work in a dynamic environment

Application should be sent on or before 30 July 2013 to:
**Thazin Phone Zaw (Executive Secretary)**
**Asian Trails Tour Ltd (Myanmar) ,73, Pyay Road, Dagon Township, Yangon Phone : 211212, 223262, 228849 during office hours** Email : res@asiantrails.com.mm, tzpz.asiantrails.mm@gmail.com ,

7 DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013

# Commodity Watch

စာမျက်နှာ(၆)မှ

## စန္ဒရား – မြန်မာ့သင်ခန်းစာ ပြဇာတ်

လန်ဒန်မှ အကပညာရှင် ကိုသန်းဝင်း၊ အမေရိကန် အော်ပရာ အဆိုနှင့်သရုပ်ဆောင်မေဂင်မက်ကော၊ မေရီလန်းမှအဆိုနှင့်သရုပ်ဆောင်ကိုရင်ထွေး၊ အဆိုနှင့်သရုပ်ဆောင်ချောအိသိမ်းတို့၏ ဂီတနောက်ခံပြဇာတ်သည် ပထမနေ့မှာပင် ပရိသတ်၏စိတ်ဝင်စားမှုကို ပွဲအစမှ အဆုံးအထိ ဇာတ်ရှိန်ကို မြှင့်ပြီး ထိန်းထားနိုင်သည့်ပြဇာတ်အဖြစ် အောင်မြင်ခဲ့သည်ကိုတွေ့ရသည်။

ပြဇာတ်ကို ဇူလိုင်လ ၁၁ ရက်မှ ၂၁ ရက်အထိ ဆက်လက် ကပြဖျော်ဖြေသွားမည် ဖြစ်သည်။

ဝါရှင်တန်ဒီစီမြို့က ပထမနေ့ပြဇာတ် ကပွဲ အပြီး သရုပ်ဆောင် ချောအိသိမ်းနှင့် 7Day က တွေ့ဆုံမေးမြန်းခဲ့သည်။

**အရင်က အမေရိကန်မှာ ဒီလို သရုပ်ပြပွဲမျိုး လုပ်ခဲ့ဖူးပါသလား။**

သရုပ်ပြတော့လုပ်ဖူးပါတယ်။ ဒါပေမဲ့ ဒီလို Theatre ပြဇာတ် အနုပညာရှင်တွေ၊ ဂီတပညာရှင်တွေနဲ့ တွဲလုပ်တာတော့ ပွဲကြီး အနေနဲ့ ဒါက ပထမဆုံးလုပ်တဲ့ ပွဲပေါ့။

**ဒီပွဲတစ်ခုဖြစ်ဖို့ ဘယ်လောက်ကြာအောင် ပြင်ဆင်ခဲ့ရသလဲ။**

ပြင်တာကတော့ မနှစ်ကတည်းက ပြင်ဆင်နေတာပေါ့နော်။ တကယ်တမ်းလက်တွေ့ အစမ်းလေ့ကျင့်တာ အကုန်လုံးကတော့ သုံးလလောက် အချိန်ယူရတယ်။ ကျွန်မက ဒီပြဇာတ်ဖန်တီးတဲ့အထဲမှာ ပါပါတယ်။ ဒါရိုက်တာ (စူစန်ဂဲဘရိတ်)ရယ်၊ ကစ်ယန်း (စန္ဒရားဆရာမနှင့် တေးရေးသူ)ရယ်၊ ကျွန်မရယ် ဇာတ်လမ်းကို ပိုကောင်းအောင် စိတ်ကူးတွေ အများကြီးထည့်ကြတယ်။ ဒါပေမဲ့ တကယ်တမ်း တီးတဲ့သူ၊ ကတဲ့သူတွေနဲ့ တိုက်တာကတော့ တစ်လခွဲလောက်ပဲ အချိန်ရလိုက်တယ်။

**ပရိသတ်တွေကို အဓိက ဘာမက်ဆေ့ချ်ပေးချင်တာလဲ။**

ဇာတ်လမ်းက ဘယ်သူ့ပေါ်မှာ အခြေခံသလဲဆိုတော့ အမေရိကန်ဂီတပညာရှင် ဗမာပြည်မှာ သွားပြီး ဗမာဂီတကို သင်တဲ့အကြောင်း၊ အဲဒါနဲ့တစ်ချိန်တည်း တစ်ပြိုင်နက်ထဲမှာ သူနဲ့ ထိတွေ့ရတဲ့ သူ့ရဲ့ မိတ်ဆွေဗမာအနုပညာရှင်တွေအကြောင်းနဲ့ အဲဒီအချိန်မှာ ဖြတ်သန်းခဲ့ရတဲ့ အဲဒီကာလရဲ့ အကြောင်းပေါ့။ နောက်မက်ဆေ့ချ် တစ်ခုကတော့ ဒီစနစ်တစ်ခုရဲ့ အောက်မှာ ကျွန်မတို့အားလုံးက ဘယ်ဘက်မှာပဲ ရပ်ရပ် ကျွန်မတို့က သားကောင်တွေဆိုတာပဲ။

ကောင်းတဲ့ ဘက်ပဲ ရပ်ရပ် ဆိုးတဲ့ ဘက်ပဲ ရပ်ရပ် ကျွန်မတို့အားလုံး ဒီစနစ်ရဲ့ မောင်းနှင်ခြင်းကို ခံရတဲ့ သားကောင်တွေ ဖြစ်ရတဲ့အကြောင်းကို ပြောချင်တယ်။ အစိုးရကို ကြောက်လို့ပဲဖြစ်ဖြစ် မကြောက်လို့ပဲ ဖြစ်ဖြစ် အဲဒီလူတွေရဲ့ အကြောင်းကို ကျွန်မတို့က ပြောတာမဟုတ်ဘူး။ အဲဒီစနစ်အောက်မှာ ကျွန်မတို့ဟာ ဘယ်လိုရုန်းကန်ရတယ်။ ဘယ်လိုနေထိုင်ရတယ်ဆိုတာ။ ကိုယ့်ရဲ့ရပ်တည်ချက်အတွက် အနုပညာသမားဆိုရင်လည်း အဖမ်းမခံရအောင်ဆိုတာမျိုး။ အဲဒီမှာ ကျွန်မတို့ ဘယ်လိုရွေးချယ်ကြတယ်ဆိုတာ၊ ဘာကြောင့် ရွေးချယ်တယ်။ ဘယ်လိုရင်ဆိုင်ရတယ်ဆိုတဲ့အကြောင်းတွေကိုပေါ့နော်။ ဒီပြဇာတ်ထဲမှာ ထည့်ပြတာပါ။

**မချောအိ ဒီအမေရိကန်ကို ဘယ်တုန်းက ရောက်ပါသလဲ။**

ကျွန်မဒီကို အနုပညာကိစ္စနဲ့ ၂၀၀၉ ခုနှစ်မှာ ရောက်တာပါ။

**ဇာတ်လမ်းနောက်ဆုံးမှာ မြန်မာပြည်ထဲကနေ လွတ်လပ်ဖို့အတွက်ဆိုပြီး ထွက်လာတာကိုပြထားတယ်။ To be Free/To be me ဆိုပြီးတော့ ပြောထားတော့ မချောအိရဲ့ ကိုယ်ပိုင်အဖြစ်အပျက်ကို ဒီဇာတ်လမ်းထဲမှာ ထည့်ထားတဲ့သဘောလား။**

အမှန်ကတော့ ကျွန်မတို့ဟာ ကျွန်မတို့ရဲ့ ကိုယ်ပိုင်အတွေ့အကြုံတွေကို ဇာတ်လမ်းအဖြစ်လုပ်ထားသလို ကျွန်မတို့ ငှားထားတာတွေလည်း ရှိတယ်။ ကျွန်မအကြောင်းရော၊ အခြား ကျွန်မလိုလူတွေအားလုံးကိုလည်း ကိုယ်စားပြုထားတာပါ။ ဦးသိန်းအောင် (ဇာတ်လမ်းပါ ဇာတ်ကောင်)ဆိုတဲ့ စန္ဒရားဆရာကြီးဆိုရင်လည်း တချို့က သူကိုယ်တိုင်ရဲ့ ဇာတ်လမ်း၊ တချို့ကတော့ သူ့လိုလူမျိုးတွေရဲ့ ဇာတ်လမ်း၊ ကျွန်မတို့က ကိုယ်စားပြုပြီး ပြောပြတဲ့ ဇာတ်လမ်းတွေပါ။

**မြန်မာပြည်မှာရော Performance လုပ်ဖူးသလား။**

လုပ်ပါတယ်။ ၂၀၀၄ ခုနှစ်လောက်ကစပြီး လုပ်ခဲ့ပါတယ်။

**ဒီပြဇာတ်ကိုရော အောင်မြင်သွားတဲ့နောက်ပိုင်းမှာ မြန်မာပြည်သွားပြီး ကပြဖို့ အစီအစဉ်များ ရှိပါသလား။**

ရှိပါတယ်။ ကျွန်မတို့တစ်ဖွဲ့လုံးကအမေရိကန်မှာလည်းလျှောက်လှည့်ပြီးတော့ ပြဖို့၊ နောက်ပြီး ဥရောပဘယ်မှာပဲဖြစ်ဖြစ် အခွင့်အရေးရတာနဲ့ ကျွန်မတို့ ပြဇာတ်ကကြမှာပါ။ မြန်မာပြည် ပြန်ပြီး ကဖို့လည်း ကျွန်မခေါင်းထဲမှာတော့ အစီအစဉ်တွေ ရှိပါတယ်။

**ဘာပြောချင်ပါသေးလဲ။**

ကျွန်မဒီပြဇာတ်မှာ တစ်စိတ်တစ်ပိုင်းပါဝင်ခွင့်ရတာက တကယ့်အရေးကြီးတဲ့ အလုပ်တစ်ခု လုပ်တယ်လို့ ခံစားရတယ်။ နောက်ပြီးတော့ ဘာပဲပြောပြော သေချာတာ တစ်ခုကတော့ကျွန်မတို့ဗမာအနုပညာရှင်တွေနဲ့ အမေရိကန် အနုပညာရှင်တွေ တွဲပြီး လုပ်နိုင်တဲ့ အခွင့်အရေးကို ကျွန်မတို့ ရလိုက်တာမို့ ဒီအခွင့်အရေးကို ကျွန်မတို့အားလုံးက အကောင်းဆုံး အသုံးချလိုက်တာပါပဲ။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 120,000 |
| Galaxy Ace | 138,000 |
| Galaxy Ace Plus | 175,000 |
| Galaxy Ace 2 | 185,000 |
| Galaxy S Advance | 235,000 |
| Galaxy S2 | 320,000 |
| Galaxy S3 | 435,000 |
| Galaxy Note II | 500,000 |
| Galaxy Tab 7.1 | 285,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| One X | 400,000 |
| Sensation XL | 362,000 |
| Desire VC | 240,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 710,000 |
| iPhone 4s (64 GB) | 525,000 |
| iPhone 4s (32 GB) | 505,000 |
| iPhone 4s (16 GB) | 480,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 105,000 |
| C 8810 | 97,000 |
| T 8830 | 109,000 |
| U 8818 D | 110,000 |
| U 8951 | 125,000 |
| Y 300 C | 109,000 |
| C 8950 D | 170,000 |
| U 8950 D | 165,000 |
| Ascend P1 | 264,000 |

ဇူလိုင်(၁၃)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | S5500AR | 590,000 |
| Panasonic(LCD) | 32SC4S | 275,000 |
| Sony (LCD) | 35BX | 300,000 |
| Sony (LED) | 32EX33 | 340,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 35,000 |
| EVD (AEK) | HDMI | 33,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 350,000 |
| Samsung | 19PTIX | 190,000 |
| Hitachi | 190W | 250,000 |
| Panasonic | NR.BT224 | 250,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 180,000 |
| Samsung | WT10J | 175,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 290,000 |
| Mitsubishi | 1.0HP(Heavy) | 250,000 |
| Samsung | (1.0HP)AS09TUQN | 245,000 |

အထက်ပါဈေးနှုန်းများမှာ ဇူလိုင်(၁၄) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၈၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၆၅၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၅၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၈၈၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၃၀၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇူလိုင်(၁၃)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၅၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၂၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၁၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၆,၀၀၀ |
| ကြက်သား(ဝမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၆,၀၀၀ |
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၁,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၆၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၀၀၀-၂,၂၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၂၀၀-၂,၅၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၁၀၀-၂,၅၀၀ |
| ပုစွန်တော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဇူလိုင်(၁၃)ရက်က ကြည့်မြင်တိုင်ဇဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Jul(7) | 814 | 860 | 870 | 910 |
| Jul(8) | 814 | 860 | 870 | 910 |
| Jul(9) | 814 | 860 | 870 | 910 |
| Jul(10) | 814 | 860 | 870 | 910 |
| Jul(11) | 814 | 860 | 870 | 910 |
| Jul(12) | 814 | 860 | 870 | 910 |
| Jul(13) | 814 | 860 | 870 | 910 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှုအနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Apple** | |
| IntelCore i5 1.7GHz,4GB DDR3,128GB Flash Storage,HD,11.6" | 1,121,000 |
| Intel Core i5 2.5 GHz, 4GB DDR3, 500GB HDD, HD, 13.3" | 1,220,000 |
| Intel Core i7 2.9 GHz, 8GB DDR3, 750GB HDD, HD, 13.3" | 1,515,000 |
| Intel Core i7 2.3 GHz, 4GB DDR3, 500GB HDD, HD, 15.4" | 1,821,000 |
| **MSI** | |
| Intel Core i3 2.4 GHz, 4GB DDR3, 500GB HDD, HD, 14" | 481,000 |
| Intel Core i5 2.5 GHz, 2GB DDR3,500GB HDD,1GB VGA,14" | 625,000 |
| Intel Core i5 2.6 GHz, 4GB DDR3, 500GB HDD, 15.6" | 674,000 |
| Intel Core i7 2.4 GHz, 8GB DDR3, 750GB HDD, 15.6" | 1,053,000 |
| **Acer** | |
| Intel Core i3 1.5 GHz, 2GB DDR3, 500GB HDD, HD, 11.6" | 426,000 |
| Intel Core i5 1.8 GHz, 4GB DDR3,500GB HDD, 14" | 655,000 |
| Intel Core i5 1.7 GHz, 4GB DDR3, 128GB SSD, HD, 13.3" | 1,420,000 |
| Intel Core i7 2.4 GHz, 4GB DDR3, 1TB HDD, 14" | 783,000 |

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013



မိုးခေါင်သဖြင့် လွန်ဆွဲပွဲကျင်းပနေသည့် မကွေးဒေသခံများ

ဓာတ်ပုံ- မိုးကျော်

# အညာဒေသမှ မိတ်ဆွေများသို့ ပြန်ကြားခြင်း

မောင်ထွန်းလွင် (မိုးလေဝသ)

**ကျွန်တော်နဲ့ facebook**

Facebook သုံးတာဟာ မြန်မာနိုင်ငံမှာ တော်တော်ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြတဲ့ အချိန်အထိ ကျွန်တော် fb ကို စိတ်မဝင်စားခဲ့မိပါဘူး။ အိမ်ကသားသမီးတွေသာမက ဇနီးမယားပါ fb ကို တွင်တွင်သုံးနေတဲ့အထိ ကျွန်တော်ကတော့ မသုံးဖြစ်သေးပါဘူး။ မှတ်မှတ်ရရပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ် သင်္ကြန်ကာလရောက်မှ ကျွန်တော် စသုံးဖြစ်ပါတယ်။ အကျိုးပေးများကောင်းလိုက်ပုံကတော့ စသုံးတယ်ဆိုကတည်းက တိုက်တိုက်ဆိုင်ဆိုင် မဟာစင်မုန်တိုင်းနဲ့ လာကြုံနေပါတော့တယ်။ ဒီမှာကျွန်တော့်ရဲ့မုန်တိုင်းသတင်းတွေ၊ သတိပေးချက်တွေသာမကတော့ဘဲ မိုးလေဝသသတင်းတွေကိုပါ fb ကတစ်ဆင့် ထုတ်ပြန်ပေးလိုက်တော့မှ ကျွန်တော့်ရဲ့ သတင်းထုတ်ပြန်ပေးမှု လုပ်ငန်းမှာ fb ရဲ့ အရေးပါအရာရောက်မှုတွေကို ကိုယ်တွေ့ကြုံရပါတော့တယ်။ friend ငါးထောင်ခန့် followers သုံးသောင်းခွဲလောက်က ကျွန်တော်နဲ့အတူ share လိုက်လုပ်ပေးနေကြတာ မဟာစင်တုန်းကဆိုရင် ကျွန်တော့်လိုပဲ နေ့မအိပ်ညမအိပ်စောင့်ပြီး သတင်းတွေပြန်ဖြန့်ဝေပေးနေကြတာတွေ့ရတာ အံ့သြဝမ်းသာပီတိဖြစ်ရပါတယ်။

**Facebook ထဲက မိတ်ဆွေတွေရဲ့ သတင်းကွန်ရက်**

အခုလည်းပဲ ကျွန်တော့်ရဲ့ fb မိတ်ဆွေတွေက သတင်းတွေကို အချိန်နဲ့တစ်ပြေးညီပေးပို့နေကြပါတယ်။ "ရွှေဘိုဘက်မှာ မိုးမရွာတဲ့အပြင် ဆည်ရေကလည်းမရတော့ လယ်သမားတွေ အခက်တွေ့နေရတဲ့အကြောင်း"၊ "တိမ်တွေတော့ ကောင်းကင်မှာ အလိပ်လိုက်ပဲ ဆရာ။ မိုးစက်ကတော့မြင်ရပြီး မကြင်ရတဲ့ ဘဝ"။ "အညာကတောင်သူတွေ ငိုချင်းချနေကြပြီဆရာ"ဆိုတာကတစ်မျိုး။ "မုံရွာ၊ ဘုတလင်တစ်ဝိုက်မှာ တောင်လေတွေတိုက်ပြီး မိုးခေါင်နေတယ်ဆရာ"ဆိုတာကတစ်ဖုံ။ "MDY တော့ မိုးရွာနေပြီ ဆရာရေ့" "ဒီနေ့မနက် ထားဝယ်မိုးကြီးနေပြီ" ဆိုတာအပါအဝင် သတင်းတွေဟာ အားလုံး fresh နဲ့ update တွေချည့်ပါပဲ။ သိရသမျှတော့ ရွှေဘို၊ မကွေးတစ်ဝိုက်၊ တောင်တွင်းကြီး၊ မေမြို့၊ ပခုက္ကူနဲ့ ရှမ်းပြည်နယ်တောင်ပိုင်းဒေသတွေမှာ မိုးမရဘူးလို့ သိရပါတယ်။

**မြန်မာနိုင်ငံ အလယ်ပိုင်းရဲ့ ရာသီဥတု**

မြန်မာနိုင်ငံအလယ်ပိုင်းကို အုပ်ချုပ်ရေးနယ်ပယ်အရ သတ်မှတ်ရင်တော့ မကွေးတိုင်း၊ မန္တလေးတိုင်းနဲ့စစ်ကိုင်းတိုင်းအောက်ပိုင်းဆိုပြီး သတ်မှတ်ထားပါတယ်။ မိုးရေချိန်ရရှိနိုင်မှုနဲ့ သတ်မှတ်ရင်တော့ တစ်နှစ်မိုးရေချိန်လက်မ ၄၀ (40 inches isoyet)မျဉ်းနဲ့ အောက်လျော့တဲ့ ဒေသများအနေနဲ့ သတ်မှတ်ပါတယ်။ (ဒေါက်တာတင်ဝင်း ၁၉၇၈-၇၉)ကွာခြားတာကတော့ အုပ်ချုပ်ရေးနယ်ပယ်နဲ့ သတ်မှတ်တာကတော့ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားတဲ့ဒေသရဲ့ အကျယ်အဝန်းဟာ နှစ်တိုင်းမပြောင်းလဲတဲ့ ပုံသေတစ်ခုအနေနဲ့သာ တွေ့မြင်ကြရပါတယ်။ အဲ. . . တစ်နှစ်မိုးရေချိန် ၄၀ လက်မနဲ့ အောက်လျော့တဲ့ ဒေသအနေနဲ့ သတ်မှတ်လိုက်တော့ ဒီ "ပူပြင်းခြောက်သွေ့၊ မိုးနည်းရေရှားဒေသ"ဟာ တစ်နှစ်နဲ့တစ်နှစ် ပုံသေမရှိဘဲ အတိုးအလျော့တွေရှိနေတာကို တွေ့လာရပါတယ်။ အထူးသဖြင့် ၁၉၉၀ ပြည့်နှစ်များအတွင်းမှာ ဒီတစ်နှစ်မိုးရေချိန် ၄၀ လက်မမျဉ်းနဲ့ အလုံပိတ်ရဲ့ ဧရိယာဟာ တစ်နှစ်ထက်တစ်နှစ် ကျယ်ပြန့်လာနေပြီး အထူးသဖြင့် အရှေ့တောင်ဘက်အရပ်ကို ပြန့်ကားလာတာတွေ့လာရပါတယ်။ ဆိုလိုတာမြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဟာ မြန်မာနိုင်ငံအရှေ့တောင်ဘက် (ထိုင်းနယ်စပ်ရှိရာဘက်)ကို တိုးချဲ့လာတာကို တွေ့လာရပါတယ်။ နောက်ဘာကြာလဲ. . ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်ဘက်က သစ်တောတွေကုန်ပြီလို့ကြားရတော့တာပါပဲ။

**ရေဝင်ရေထွက်မမျှတတဲ့ဒေသ**

အားလုံး သိကြတဲ့အတိုင်း မြန်မာနိုင်ငံအလယ်ပိုင်းရဲ့ ရာသီဥတု အမျိုးအစားက ကုန်းတွင်းရာသီဥတုအမျိုးအစား၊ ရာသီဥတုပုံစံက မိုးနည်းရေရှားလို့ ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုရှိပါတယ်။ အထူးခြားဆုံးကတော့မြန်မာနိုင်ငံအလယ်ပိုင်းဟာ မိုးနည်းပြီးပူပြင်းတော့ မိုးရေထက်က မြေပြင်ကအငွေ့ပျံတက်တဲ့ရေက ပိုများတဲ့ဒေသဖြစ်ပါတယ်။ ပြောချင်တာကတော့ ဒီဒေသရဲ့မြေဆီလွှာဟာ အောင်းရေ စုဆောင်းရေနည်းလို့ ရေပိုရေလျှံမရှိလေတော့ စိုက်ပျိုးရေးအတွက် ဆည်ရေ၊ မြောင်းရေဟာ မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါတယ်။ ဆည်ရေလည်းမမီ၊ မိုးရေလည်းမရခဲ့ရင်တော့စိုက်ပျိုးရေးအတွက် အခက်ကြုံရတဲ့ဒေသဖြစ်ပါတယ်။

**မိုးကာလမှာ အလယ်ပိုင်းအတွက် မိုးရွာစေနိုင်တဲ့ဖြစ်စဉ်တွေ**

တကယ်တော့ မြန်မာနိုင်ငံရဲ့ မိုးတွင်းကာလဟာ အနောက်တောင် မုတ်သုံလေတိုက်ခတ်တဲ့ကာလဖြစ်ပါတယ်။ တစ်နိုင်ငံလုံး မုတ်သုံမိုးတွေခံစားနေကြရပေမယ့်မြန်မာနိုင်ငံအလယ်ပိုင်းရဲ့ ပထဝီဝင်အနေအထားအရ မြန်မာနိုင်ငံအလယ်ပိုင်းဟာ မိုးကွယ်အရပ် (rain shadow area)ဖြစ်နေပါတယ်။ ဒါကြောင့် မုတ်သုံမိုးခံစားရတဲ့ဒေသမဟုတ်ပါဘူး။ ပြောရရင်တော့ မုတ်သုံကောင်းလေ မိုးမရလေပါပဲ။ မုတ္တမကွေ့အတွင်းကို အရှိန်အဟုန်နဲ့ တိုက်ခတ်လာတဲ့ မုတ်သုံလေပြင်းများဟာ မုတ္တမကွေ့ရဲ့ ကျဉ်းမြောင်းစုစည်းလာတဲ့ ရေပြင်အနေအထားကြောင့် မုတ္တမကွေ့အတွင်းကို အရှိန်အဟုန်နဲ့ တိုးဝင်လာစေပါတယ်။ တစ်ဖန် ရေပြင်အနေအထား တစ်ဖန်ကုန်းတွင်းပိုင်းရောက်တဲ့အခါ အလယ်ရိုးမနဲ့ အရှေ့ရိုးမတို့ရဲ့ကြားက ဖြတ်သန်းတိုက်ခတ်တဲ့အခါမှာတော့ ကျဉ်းမြောင်းတဲ့လမ်းကြောင်း အကျိုးသက်ရောက်မှု (Channelling Effect)အရ မြောက်ဘက်ကို ရောက်လေပိုမြန်လေဖြစ်လာကြပါတယ်။ ပဲခူးတိုင်း ကိုကျော်ပြီး မြန်မာနိုင်ငံ အလယ်ပိုင်းကိုဝင်လာတော့ လေတွေဟာ ခွဲဖြာထွက်လေစီးကြောင်းများ (Diver-gent winds)ဖြစ်လာစေပါတော့တယ်။ ဒီအခါ မြေပြင်မှာ ခွဲဖြာထွက်လေတွေတိုက်ခတ်တော့ မြန်မာနိုင်ငံအလယ်ပိုင်းမှာ အောက်ဆင်းလေများကို ဖြစ်လာစေပါတယ်။ ဒီအခါ ဖိဆင်းလေပူပြင်းမှု (Subsidence Warming)ဖြစ်လာစေပြီး အပူချိန်ကို မြင့်တက်လာစေပြီး လေတွေကို ပိုမိုခြောက်သွေ့သွားစေပါတယ်။ ဒါဟာ မုတ်သုံလေအားကောင်းလေ မြန်မာနိုင်ငံအလယ်ပိုင်းမှာ မိုးမရွာစေလေဖြစ်စဉ်ပဲ ဖြစ်ပါတယ်။ (ဦးလှ ၁၉၇၉-၈၀)

**မုန်တိုင်းမိုးကို အားကိုးရတဲ့ဒေသ**

ဒီတော့ မြန်မာနိုင်ငံအလယ်ပိုင်း မိုးရေရရှိမှုမှာ မုတ်သုံလေကို အားမကိုးရလေတော့ မုန်တိုင်းမိုးနဲ့ အနောက်လေစီးကြောင်းမိုးတွေကိုသာ အားကိုးရပါတော့တယ်။ အနောက်လေစီးကြောင်းမိုးဆိုတာကတော့ မြန်မာနိုင်ငံရဲ့ မြောက်ဘက် ဟိမဝန္တာတောင်ကြောဒေသမှာ တိုက်ခတ်နေတဲ့ အနောက်လေစီးကြောင်းဟာမုတ်သုံလေ အားလျော့သွားတာနဲ့ တောင်ဘက်ကိုနိမ့်ဆင်းလာကြပြီး မြန်မာနိုင်ငံအထက်ပိုင်းကို ဖြတ်သန်းတိုက်ခတ်စေတဲ့အခါမှာ မြန်မာနိုင်ငံအလယ်ပိုင်းကို မိုးရစေလေ့ရှိပါတယ်။ ထို့အတူပဲ ဘင်္ဂလားပင်လယ်အော်ထဲမှာ မုန်တိုင်းဖြစ်တဲ့အခါ မုန်တိုင်းရဲ့ အရှေ့ကထိုးထွက်လာတဲ့ တိမ်စွယ်တန်း (Plume clouds)တွေက ရခိုင်ရိုးမကို ကျော်ဖြတ်ပြီး အလယ်ပိုင်းဒေသကို မိုးရွာစေလေ့ရှိပါတယ်။ တစ်ခါမြန်မာနိုင်ငံရဲ့ အရှေ့ဘက်မှာရှိတဲ့ တောင်တရုတ်ပင်လယ်ပြင် အတွင်းက မုန်တိုင်းများဗီယက်နမ်နိုင်ငံ မြောက်ပိုင်းကိုဖြတ်ကျော်ပြီး သူတို့ရဲ့ အကြွင်းအကျန်တိမ်တိုက်တွေ ဒါမှမဟုတ် အရှေ့လေပွေ့လှိုင်းတွေ အနောက်ဘက်ကိုရွေ့လာပြီး မြန်မာနိုင်ငံအလယ်ပိုင်းကိုဖြတ်တဲ့အခါ မိုးရွာစေတတ်ပါတယ်။

**၂၀၁၃ ခုနှစ်ရဲ့ လက်ရှိအခြေအနေ**

ဒီနှစ်မှာတော့ ပြီးခဲ့တဲ့ ဇွန်လဆန်းကစပြီး ဘင်္ဂလားပင်လယ်အော်မှာ မုတ်သုံ လေက အားကောင်းနေတော့ မြောက်ဘက်က အနောက်လေစီးကြောင်းတွေက တောင်ဘက်ကို ဆင်းမလာနိုင်ဘဲ ဟိမဝန္တာတောင်ပေါ်နဲ့တောင်ခြေတွေမှာ မိုးကောင်းနေခဲ့တာ နီပေါနဲ့ အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းမှာ ရေကြီးခဲ့ရတဲ့အထိပါပဲ။ မြန်မာနိုင်ငံ အလယ်ပိုင်းအနေနဲ့ အနောက်လေစီးကြောင်းမိုးတစ်စက်မှ မရရှိခဲ့ပါဘူး။ ဇွန်လဆန်းကစပြီး လက်ရှိအချိန်အထိ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းတစ်ကြိမ်မှ မဖြစ်ခဲ့လို့လည်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသဟာ ဘင်္ဂလားပင်လယ်အော်မုတ်သုံမုန်တိုင်းမိုးတစ်စက်မှ မရရှိခဲ့ပါဘူး။ တစ်ခါ အရှေ့ဘက်ကတောင်တရုတ်ပင်လယ်ပြင်အတွင်း ပြီးခဲ့တဲ့ ဇွန်လဆန်းကစပြီး လက်ရှိအချိန်အထိမုန်တိုင်းသုံးကြိမ်ဖြစ်ခဲ့ပါတယ်။ တစ်ကြိမ်မျှမြန်မာနိုင်ငံရှိရာဘက်ကိုမလာခဲ့နိုင်ပါဘူး။ ဒါကြောင့်မြန်မာနိုင်ငံအလယ်ပိုင်းဒေသဟာ အရှေ့လေပွေ့လှိုင်းမိုးလည်း ဒီနှစ်တစ်စက်မှ မရခဲ့ကြသေးပါဘူး။

ဒီတော့လည်း လေတွေပြင်းလာပြီး မိုးရွာတာတို့၊ တိမ်တွေသာလိမ့်တက်လာတယ် မိုးကမရွာဘူးတို့၊ တောင်ဘက်က လေတွေသာတိုက်လာတယ် မိုးမပါဘူးတို့ဆိုတဲ့ မိတ်ဆွေများရဲ့သတင်းပေးချက်တွေဟာ ဒီသဘောတရားများအတိုင်း ဖြစ်နေရတာဖြစ်ပါတယ်။

**အတိမ်းအစောင်းမခံတဲ့ရာသီဥတု**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသဟာ မိုးရေချိန် တစ်နှစ် ၄၀ လက်မအောက်လျော့ရတဲ့ဒေသတွေဖြစ်ပါတယ်။ မကွေးတိုင်းမှာဆိုရင် ၂၀ လက်မအောက်လျော့တဲ့ဒေသတွေတောင်ရှိနေပါတယ်။ တစ်နှစ်မိုးရေ ချိန် ၁၀ လက်မလောက်လျော့သွားခဲ့ရင် မိုးရေချိန်တစ်နှစ်လက်မ ၁၀၀ ကျော်ရတဲ့ မြစ်ဝကျွန်းပေါ်ဒေသများအဖို့ ရွာသွန်းမြဲအောက် ၁၀ ရာခိုင်နှုန်းလောက်ပဲ လျော့တာမို့ ပြဿနာကြီး ငယ်သိပ်မရှိလှပါဘူး။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသအဖို့တော့ ၂၅ ရာခိုင်နှုန်းကနေ၅၀ရာခိုင်နှုန်းလောက်အထိလျော့သွားတော့မှာမို့ အဲဒီလိုနှစ်မျိုးတွေ ကြုံရရင်တော့ အညာလယ်သမားများအဖို့တော့. . .။

# Technology

7 DAY NEWS JOURNAL

Vol.12, No.19 • JULY 17 , 2013


## ကျပ် ၁,၅၀၀ တန်ဆင်းမ်ကတ် ဇူလိုင်လခွဲတမ်းတွင် GSM နှင့် CDMA 800 နှစ်မျိုး ရောင်းမည်ဟုဆို

**ဆွေမွန်**

**ရန်ကုန်၊ဇူလိုင်-၁၃**

ကျပ် ၁,၅၀၀တန် ဆင်းမ်ကတ်များကို ဇူလိုင် ၂၅ ရက်တွင် ရောင်းချပေးသွားမည်ဖြစ်ပြီး CDMA800 MHz သာမက GSM အမျိုးအစား ဆင်းမ်ကတ်များလည်း ရောင်းချပေးသွားရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

စတုတ္ထသုတ်အဖြစ်ရောင်းချပေးမည့် ကျပ် ၁,၅၀၀ တန်ဆင်းမ်ကတ်များတွင် GSM အမျိုးအစား ဆင်းမ်ကတ်အလုံးရေ နှစ်သိန်းခန့်ပါဝင်မည်ဖြစ်ပြီး CDMA 800 MHz ဆင်းမ်ကတ် တစ်သိန်းခွဲခန့် ရောင်းချပေးရန် စီစဉ်နေသည်ဟု သိရှိထားကြောင်း ထုတ်လုပ်ရောင်းချပေးနေသည့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဇူလိုင် ၂၅ ရက်မှ GSM အလုံးရေ နှစ်သိန်းနဲ့ CDMA800 က တစ်သိန်းခွဲရောင်းပေးဖို့ စီစဉ်ထားတယ်" ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်တစ်ဦးကပြောသည်။

ယခင်က ရောင်းချပေးခဲ့သည့်အတိုင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တစ်ဆင့်ရောင်းချပေးသွားမည်ဖြစ်ပြီး GSM အမျိုးအစား ကျပ် ၁,၅၀၀ တန်ဆင်းမ်ကတ်များကို ပထမဆုံး အကြိမ်ရောင်းချခြင်းဖြစ်သည်။

သို့သော်ဇူလိုင် ၂၅ ရက်တွင် ရောင်းချပေးသွားရန်မှာ လက်ရှိတွင် တရားဝင်ညွှန်ကြားချက်မရရှိသေးကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး တစ်ဦးကပြောသည်။

လက်ရှိတွင် CDMA 800 MHz ရောင်းချပေးမှုမှာ အလုံးရေ ၁၀ သိန်းခွဲရောင်းချပြီးဖြစ်ရာ ယခုလတွင် GSM စတင်ရောင်းချပေးခြင်းဖြစ်ပြီး တန်ဖိုးနည်းဆင်းမ်ကတ်များအားလုံးကို ကျပ် ၁,၅၀၀ ဖြင့် ရောင်းချပေးရန် ညွှန်ကြားချက်အရ GSMဆင်းမ်ကတ်များကိုလည်း ကျပ် ၁,၅၀၀ ဖြင့်သာ ထုတ်လုပ်ရောင်းချပေးခြင်းဖြစ်သည်ဟု MECမှ တာဝန်ရှိသူက ပြောသည်။

လစဉ်ဆင်းမ်ကတ် ၃၅၀,၀၀၀ ကိုပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏အစီအစဉ်ဖြင့် ခွဲဝေရောင်းချပေးသွားမည်ဟု ဧပြီလကစတင်ကြေညာခဲ့ပြီး စတင်ရောင်းချပေးမည် ဆင်းမ်ကတ်အမျိုးအစားမှာ CDMA800 MHz ဖြစ်၍ နောက်လများတွင် GSM(2.72G),WCDMA(3G) ဆင်းမ်ကတ်များကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ထုတ်ပြန်ထားပြီး နောက် စတုတ္ထအကြိမ်ရောင်းချမှုတွင် GSM အမျိုးအစားဖုန်းများ ပါဝင်လာခြင်းဖြစ်သည်။



ERIC THAYER / Reuters

## အွန်လိုင်းမှ လိင်ပိုင်းဆိုင်ရာ ဖြားယောင်းရေးသားပြောဆိုမှု အမိဖမ်းရန် ဆော့ဖ်ဝဲအသုံးပြုမည်

**လန်ဒန်၊ ဇူလိုင်-၁၂**

အွန်လိုင်းတွင် လူငယ်များကို လိင်ပိုင်းဆိုင်ရာ ဖြားယောင်းရေးသားပြောဆိုမှုများ အမိဖမ်းနိုင်ရန် (၁၄) နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးအဖြစ် ဟန်ဆောင်ဆက်သွယ် အမိဖမ်းနိုင်မည့် Virtual Lolita အမည်ရှိဆော့ဖ်ဝဲကို စပိန်နိုင်ငံမှ သုတေသီများက ဖန်တီးလိုက်သည်။

အွန်လိုင်းမှ ဆယ်ကျော်သက်များအသုံးပြုသော ဘာသာစကားများကို အတုယူပြောကြားနိုင်ပြီး အမှန်တကယ်အပြန်အလှန်ပြောကြားနိုင်မည့် ထောက်လှမ်းရေးဆော့ဖ်ဝဲ virtual Lolita ကိုNegabot အလိုအလျောက်ပြောဆိုဆက်သွယ်မှုစနစ်တွင် ထည့်သွင်းအသုံးပြုထားသည်။ ယင်းကဲ့သို့ ဆော့ဖ်ဝဲ အသုံးပြု၍ အမိဖမ်းခြင်းမှာ ရဲများကို ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်းမှ ကူညီနိုင်မည်ဖြစ်ကြောင်း၊ သို့သော် လူအများကို မမျှမတ ထောင်ဖမ်းမိနိုင်သည့် အန္တရာယ်ရှိကြောင်းလည်းကျွမ်းကျင်သူများကပြော သည်။

Negabot တွင် မှတ်ဉာဏ်အတုအသုံးပြုထားပြီး ယခင်ပြောဆိုဆွေးနွေးပြီးသည့် အကြောင်းအရာများ၊ မည်သူနှင့်ပြောထားကြောင်း၊ မည်သည့် အကြောင်းအရာများကို ပြောကြားထားကြောင်း အသေးစိတ် အချက်အလက်များမှတ်မိနိုင်ပြီး ပြောဆိုရေးသားမှုများဦးဆောင်နိုင်ကြောင်း သိရသည်။

အွန်လိုင်းတွင်လူငယ်များကို လိင်ပိုင်းဆိုင်ရာ ဖြားယောင်းပြောဆိုရေးသားမှုများရှိသည်ဟု သံသယရှိသည့် Chatroom များ၌ Negabotကို အသုံးပြုမည်ဖြစ်သည်။ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ရဲတပ်ဖွဲ့များ၏ အလုပ်တာဝန်သက်သာစေခြင်းကြောင့် ဗြိတိန်အစိုးရ၏ ကလေးသူငယ်ကာကွယ်ရေးအကြံပေးပုဂ္ဂိုလ်ဂျွန်ကားက ယင်းအစီအစဉ်ကို ကြိုဆိုလိုက်သည်။

သို့သော် ယင်းဆော့ဖ်ဝဲတွင် အကန့်အသတ်များရှိနေပြီး ကြီးကြပ်ကြည့်ရှုရန်မှုလိုအပ်ကြောင်း သုတေသီများက ဝန်ခံပြောကြားသည်။

—Ref: BBC





Malteser International
Order of Malta Worldwide Relief

**Public Tendering Announcement**

Malteser International requests tenders from interested local vehicle owners or car dealers for buying 4 x 4, 2400 cc – 3000 cc, Manual, Brand New/Good Second Hand, Double-Cabin or other (2) vehicles for use in project implementation area.

Detailed information and tender form can be collected by interested vehicle owners or car dealers at Malteser International Country Office in Yangon starting from **17 July 2013 and need to resubmit not later than 26 July, 2013 – 12:00 am,** noon with sealed envelope.

**The address of Country Office is:**
No. 14/15 (6F), Pyi Taw Aye Yeik Thar Street,
(Diagonally opposite of Marina Residence, off Kabar Aye Pagoda Road) Yankin Township, Yangon, Myanmar. Tel: 01-657122, 09-86-22851

Malteser International
Order of Malta Worldwide Relief

**တင်ဒါခေါ်ယူခြင်း**

မာလ်တေဆာအင်တာနေရှင်နယ်အဖွဲ့အစည်းမှလက်ရှိ ဆောင်ရွက်နေသော စီမံကိန်းလုပ်ငန်းဒေသများ၌ အသုံးပြုရန် အတွက် 4 x 4, 2400 cc – 3000 cc, Manual, Brand New/Good Second Hand, Double-Cabin သို့မဟုတ် အခြားယာဉ် (၂) စီးဝယ်ယူရန် အတွက် တင်ဒါခေါ်ယူလိုပါသည်။

စိတ်ဝင်စားသောတင်ဒါတင်သွင်းလိုသူယာဉ်ပိုင်ရှင်(သို့) ယာဉ်တင်သွင်းသူများသည်အသေးစိတ်အချက်အလက်များနှင့်တင်ဒါပုံစံကို **၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့ မှ စတင်ထုတ်ယူနိုင်ပြီး ဇူလိုင်လ ၂၆ ရက်နေ့ နေ့လယ် ၁၂ နာရီတိတိ၊** နောက်ဆုံးထား၍ မာလ်တေဆာအင်တာနေရှင်နယ် ရုံးတွင်အိတ်ပိတ်၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

**ဌာနေရုံး**
14/15 (6F)၊ ပြည်တော်အေးရိပ်သာလမ်း၊
ရန်ကင်းမြို့နယ်၊ရန်ကုန်။ ဖုန်း- 01-657122, 09-86-22851



7 DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013

# “ စိတ်ရှည်ရှည်နဲ့ ညှိနှိုင်းတတ်တဲ့ အလေ့အကျင့်ရှိဖို့ လိုတယ် ”

## ဦးကိုကိုကြီးနှင့်တွေ့ဆုံခြင်း

ပြည်သိမ်း

**မျိုးစောင့်ဥပဒေအပါအဝင် ဘာသာရေးနှင့် ပတ်သက်သည့် ထိလွယ်ရှလွယ်အငြင်းအခုံများက ၂၀၁၃ ခုနှစ်အတွင်း ကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာသည်။ ထိုအချိန်တွင်နိုင်ငံတကာမီဒီယာများ၏ သုံးသပ်ရေးသားချက်များကလည်း ကမ္ဘာအနှံ့က နိုင်ငံသားပေါင်းစုံ၏ မြန်မာလူမျိုးများအပေါ်မြင်သည့် အမြင်ကို ပြောင်းလဲလာစေသည်။ နိုင်ငံရေး အကူးအပြောင်းကာလတွင် ထိုကဲ့သို့သော ဘာသာရေး အခြေခံသည့် ပဋိပက္ခများနှင့် လှုပ်ရှားမှုထွက်ပေါ်လာခြင်းအပေါ် ပြည်တွင်းရှိနိုင်ငံရေးအင်အားစုများ၏ အသံမှာ အစိုးရနည်းတူပျောက်ကွယ်နေသည်ဟု ဝေဖန်မှုများလည်း ထွက်ပေါ်လာနေသည်။**

**ထို့ကြောင့်ဒေါ်အောင်ဆန်းစုကြည်ပြီးလျှင် မြန်မာလူထုအကြားပုံရိပ်ကြီးမားသည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များအနက် ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးကိုကိုကြီးနှင့် 7 Day News က သီးသန့်တွေ့ဆုံကာ ၎င်း၏ထင်မြင်ယူဆချက်များကို မေးမြန်းဖော်ပြလိုက်ပါသည်။**

**မျိုးစောင့်ဥပဒေနဲ့ ပတ်သက်ပြီး ဘာသာရေးလှုပ်ရှားမှုတွေကအခုတိုင်းပြည်ကသွားနေတဲ့ ဒီမိုကရေစီလမ်းကြောင်းကို အနှောင့်အယှက်ဖြစ်နိုင်တယ်လို့ထင်ပါသလား။**

ကျွန်တော့်အနေနဲ့ အမျိုးဘာသာချစ်မြတ်နိုးလို့ လုပ်နေသူအားလုံးကို ပံ့ပိုးသွားမယ်။ လေးလည်းလေးစားပါတယ်။ တစ်ခုပဲ စိုးရိမ်တယ်။ ဆောင်ရွက်မှုတွေက အချင်းချင်းကြားထဲမှာ စိတ်ဝမ်းကွဲမှုတွေ မဖြစ်အောင် နိုင်ငံရေးသက်ရောက်မှု၊ နိုင်ငံရေးအမြင်၊ ဥပဒေအမြင်တွေ ကျယ်ကျယ်ပြန့်ပြန့်ဝိုင်းဝန်းဆောင်ရွက်ဖို့လိုတယ်လို့ တိုက်တွန်းချင်ပါတယ်။

**အခုလိုအချိန်မှာဘာသာရေးလှုပ်ရှားမှုတွေပေါ်လာတာ ဘယ်လိုသက်ရောက်မှုတွေ ရှိစေမယ်လို့ ဦးကိုကိုကြီးထင်ပါလဲ။**

ကျွန်တော့်အမြင်ကတော့ ကျွန်တော်တို့မျိုးဆက်ရဲ့ပခုံးပေါ်ကို ရောက်လာတဲ့ တာဝန်တွေပေါ့။ ကျွန်တော်တို့ ၈၇၊ ၈၈ ကတည်းက နိုင်ငံရေးလှုပ်ရှားမှုထဲပါခဲ့ကြတယ်။ တတ်စွမ်းသလောက် တတ်နိုင်သလောက် လုပ်ခဲ့ကြတယ်။ အခုအပြောင်းအလဲကာလမှာ ဦးတည်ချက်မပျောက်အောင် လုပ်ကိုင်ကြဖို့အလေးအနက်ထားပြောချင်တာပါ။ ကျွန်တော် ဗုဒ္ဓဘာသာ တစ်ယောက်အနေနဲ့ အမျိုးဘာသာချစ်တဲ့ စိတ်ကကျန်တဲ့လူတွေထက် မလျော့ပါဘူး။ အဲဒါကို ကာကွယ်စောင့်ရှောက်တဲ့ နည်းလမ်းတွေပေါ့။ ဒါကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးကျဖို့ လိုတယ်။ တစ်ခုတည်းမဟုတ်ဘဲ အခြားသူတွေရဲ့ အမြင်တွေကို အလေးအနက်ထားဆွေးနွေးကြဖို့။ အမျိုးသမီးအဖွဲ့တွေ၊ သံဃာအဖွဲ့အစည်းတွေနဲ့တွေ့စဉ်မှာလည်း ဒါပဲဦးတည်ပြောခဲ့ပါတယ်။

**ဘာသာရေးနဲ့ ပတ်သက်တဲ့ လှုပ်ရှားမှုတွေ အားကောင်းလာတာ၊ ဥပမာခုလို မျိုးစောင့် ဥပဒေကြမ်းပေါ်လာတဲ့အပေါ် ဘယ်လိုမြင်ပါသလဲ။**

ကျွန်တော်ကတော့ဆွေးနွေးမှုတွေဖြစ်လာတာ ကြိုဆိုပါတယ်။ ဆွေးနွေးတဲ့အခါမှာစိတ်ရှည်သည်းခံပြီးမတူညီတဲ့သဘောတရားတွေနားထောင်နိုင်ဖို့ ထည့်သွင်းဆွေးနွေးနိုင်ဖို့လိုတယ်။ အခုဒါတွေဖြစ်လာတာလည်း ရဟန်း ပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တွေထဲမှာ ဗုဒ္ဓဘာသာရဲ့ ဆုတ်ယုတ်မှုတွေ ရှိလာပြီဆိုတဲ့ စိုးရိမ်စရာတွေ ပေါ်လာတာဖြစ်တယ်။ ဒါနဲ့ပတ်သက်ပြီး အလေးအနက်ထားဖို့ လိုတယ်။ စိုးရိမ်မှုတွေကို ဖြေရှင်းတဲ့နေရာမှာ ဘယ်လိုပုံစံနဲ့ ဖြေရှင်းမလဲဆိုတာ နည်းလမ်းမျိုးစုံရှိတာပေါ့။ အခုဆွေးနွေးနေတဲ့ ပုဂ္ဂိုလ်တွေက ဥပဒေပုံစံနဲ့ လုပ်ဖို့ ဆွေးနွေးနေတာ ရှိတယ်။ အရင်လိုယဉ်ကျေးလိမ္မာသင်တန်းတွေနဲ့ ကိုယ်ရဲ့ ဘာသာကို ငယ်စဉ်ကတည်းက လေးစားယုံကြည်မှုရှိအောင် ကြိုးစားတာလည်းနည်းလမ်းတစ်ခုပဲ။ မြန်မာအမျိုးသမီးကြားထဲမှာလည်း ကိုယ်အမျိုးဘာသာနဲ့ ပတ်သက်ပြီး ဆွေးနွေးကြတာ၊ ဟောပြောပွဲတွေ လုပ်ကြတာစသဖြင့် ဒါတွေဟာ လုပ်ပုံ ကိုင်ပုံတွေပဲ။ တစ်ခုပဲရှိတယ်။ အခြားဘာသာဝင်ဘက်က သူတို့ရဲ့အမြင်သဘောထားမထိခိုက်အောင် ဝိုင်းပြီး စဉ်းစားပေးဖို့လိုတယ်။ အခုအခြေအနေမကြည့်ဘဲ ရေရှည် ကျွန်တော်တို့ နိုင်ငံကို နောင် ၅ နှစ်၊ ၁၀ နှစ် ဘယ်လိုဖြစ်စေချင်လဲ။ ဖြစ်စေချင်တဲ့ ဘာသာရေးအရ ကျန်တဲ့ ဘာသာဝင်တွေလည်း ဆက်ရှိနေမယ်။ အဲဒီဘာသာဝင်တွေကြားထဲမှာ အခုလုပ်တဲ့လုပ်ရပ်ကြောင့် စိတ်ဝမ်းကွဲမှုတွေဖြစ်သွားမယ်ဆိုရင် အကျိုးဆက်က နောင်လာမယ့် ၅ နှစ်၊ ၁၀ နှစ်မှာ ရောက်လာမယ်။ တစ်ဖက်က ကိုယ့်အမျိုးဘာသာ၊ သာသနာစောင့်ရှောက်ဖို့ဆိုတာ ကျွန်တော်လည်း လက်ခံတယ်။ စောင့်ရှောက်မယ့် နည်းလမ်းတွေကိုဝိုင်းဆွေးနွေးကြမယ်။ အခုကဥပဒေပြုတာနဲ့ ပတ်သက်ရင် နိုင်ငံရဲ့ တည်ဆဲဥပဒေစိုးမိုးရေးအခြေအနေကို ကြည့်ဖို့လိုတယ်။ ဥပဒေတွေသာပြုနေပြီး အသက်မဝင်ဘူး၊ ထိရောက်အောင်မလုပ်နိုင်ဘူးဆိုရင် အငြင်းပွားမှုသာဖြစ်လာပြီး ဥပဒေက အသက်ဝင်လာမှာ မဟုတ်ဘူး။ တစ်ခုခုမလုပ်မီဝိုင်းဝန်းစဉ်းစားဖို့လိုတယ်။ သတင်းစာတွေဖတ်ရတယ်။ မောင်တောမှာ မှတ်ပုံမတင်ထားတဲ့ ကလေး၆၀,၀၀၀ ကျော်ရှိတယ်။ နိုင်ငံတကာကဝိုင်းဝန်းပြစ်တင်ဝေဖန်နေတဲ့ဒီနေရာမှာဘာသာခြားတွေ ကလေးမွေးခွင့်မရ၊ လက်ထပ်ခွင့်မရနဲ့ ထိန်းချုပ်ညွှန်ကြားချက်ထုတ်၊ အမိန့်တွေထုတ်ထားတယ်။ လက်တွေ့မှာတော့ ဘာမှမလုပ်နိုင်ဘူးဆိုတာ ထင်ရှားဆုံးနမူနာတစ်ခုပဲ။ ဘာသာရေးနဲ့ ပတ်သက်ပြီး ယုံကြည်မှုနဲ့ ဆိုင်တယ်။ ကိုယ့်ဘာသာဝင်တွေကြားမှာ ယုံကြည်မှုတွေ လေးလေးနက်နက်လက်ခံအောင်လုပ်နိုင်ဖို့အရေးကြီးတယ်။ အကြမ်းဖက်မှုမဖြစ်အောင် ဗုဒ္ဓဘာသာက အကြမ်းဖက်လုပ်ရပ်တွေလုပ်တာလို့ နိုင်ငံတကာကပြောတာ လုံးဝလက်မခံနိုင်ဘူး။ ကျွန်တော်တို့ ဗုဒ္ဓဘာသာက အကြမ်းဖက်မှု မလိုလားတဲ့ ဘာသာ၊ ငြိမ်းချမ်းရေးကို လိုလားတဲ့ ဘာသာဖြစ်တယ်။ အမျိုးသာသာရဲ့ ငြိမ်းချမ်းရေးကို လိုလားတယ် ပုံရိပ်ကို မြှင့်တင်ဖို့ ဘာသာ၊ သာသနာချစ်စိတ်အတွက် အရေးတကြီးလုပ်ရမယ့် ကိစ္စဖြစ်တယ်။

**လူအချို့ကလည်း မျိုးစောင့် ဥပဒေကလူ့အခွင့်အရေးနဲ့ မညီဘူး။ ဒီမိုကရေစီစံနှုန်းနဲ့ မညီဘူး။ အခြေခံဥပဒေနဲ့တောင် မညီဘူး။ တိုင်းရင်းသားပေါင်းစုံရှိတဲ့ နိုင်ငံမှာဒီဥပဒေကြောင့်စစ်မှန်တဲ့ပြည်ထောင်စုနိုင်ငံ ပေါ်ပေါက်ဖို့ ပြဿနာရှိတယ်လို့ သုံးသပ်ကြပါတယ်။ ဒီလိုထင်မြင်ချက်တွေအပေါ် ဘယ်လိုမြင်ပါသလဲ။**



ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

ဒါတွေက ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပြီး လူ့အခွင့်အရေးရှုထောင့်က တင်ပြတာတွေ့ရှိလာမယ်။ တိုင်းရင်းသားတွေဘက်ကလည်း သူတို့အမြင်တွေတင်ပြလာတာရှိမယ်။ ဒီကိစ္စအပေါ် စိတ်ဝင်စားသူအားလုံးကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးလိုက်ရင် ဒီအပေါ်မှာ အားလုံးလက်ခံတဲ့ အဖြေတစ်ခုကတော့ ထွက်လာမယ်။

**မျိုးစောင့်ဥပဒေပြဋ္ဌာန်းလိုက်ရင် တိုင်းရင်းသားလူမျိုးစုတွေကြား ဘာသာရေးနဲ့ ဆိုင်တဲ့ ခွဲခြားမှုတွေများ ထပ်မံကြုံတွေ့လာနိုင်မှုများရှိနိုင်မလား။**

လူမျိုးတစ်မျိုးက သူ့လူမျိုးကို ချစ်တာသူ့ဘာသာကို ချစ်တာ သဘာဝပဲ။ ဒါက လူသားတစ်ယောက်အနေနဲ့ အခြေခံစိတ်ပဲ။ ဒါပေမဲ့ တစ်ချိန်တည်းမှာ ကိုယ့်ကိုယ်ကိုယ်နားလည်ဖို့ ကိုယ်ဟာ ဘာသာဝင်တစ်ယောက်၊ လူမျိုးတစ်မျိုးဖြစ်သလို၊ ဒီနိုင်ငံရဲ့ နိုင်ငံသား တစ်ယောက်လည်းဖြစ်တယ်။ နိုင်ငံသားက ယေဘုယျကျတယ်။ နိုင်ငံသားဆိုတဲ့အခြေခံမှုပေါ်မှာ စဉ်စားမှ လူမျိုးကွဲဘာသာကွဲတွေကို နိုင်ငံမှာ ဘယ်လိုနေနိုင်မလဲဆိုတာစဉ်းစားရမယ်။ နိုင်ငံရေးအရ ပြောရရင်တော့ အခြေခံအကျဆုံးက နိုင်ငံသားပဲ။ နိုင်ငံသားတိုင်း တန်းတူညီမျှဖြစ်ရမယ်ဆိုတာကို အာရုံစိုက်စေချင်တယ်။ မြန်မာနိုင်ငံသား ဆိုပြီး နိုင်ငံချစ်စိတ်မွေးရင် ပြဿနာတွေကို မိသားစုပြဿနာလို ဖြေရှင်းနိုင်လိမ့်မယ်။

**နိုင်ငံရဲ့ ခုလို အကူးအပြောင်းကာလများကိုဦးကိုကိုကြီးအနေနဲ့နိုင်ငံအတွက်စိတ်အပူပန်ဆုံးက ဘာလဲ။**

စိုးရိမ်တာ တစ်ခုက ကျွန်တော်တို့နိုင်ငံဟာ စစ်အာဏာရှင်အောက်မှာ နှစ်ပေါင်း များစွာ နေခဲ့ရတယ်။ ကျွန်တော်တို့ရဲ့ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့အခြေအနေတွေက များစွာ အားနည်းခဲ့တယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ အားနည်းရင် စစ်ဘက်အဖွဲ့အစည်းတွေက အားကောင်းလာမယ်။ သူ့မှာက အမိန့်နဲ့ ဖွဲ့စည်းပုံကအခိုင်အမာရှိပြီးသားပဲ။ နောက် အရပ်ဘက် အဖွဲ့အစည်းအားနည်းတာ၊တစ်ချိန်တည်း လုံခြုံရေးအဖွဲ့အစည်းတွေလည်း အားနည်းတာပဲ။ လုံခြုံရေးအဖွဲ့အစည်းအားနည်းမှုက ဒီမိုကရေစီ မှာဆိုရင် စစ်အုပ်ချုပ်ရေးအကူအညီတောင်းရတဲ့ အဆင့်မျိုးတွေဖြစ်လာတယ်။ ကျွန်တော် ထင်ပါတယ်။ စစ်တပ်က အရပ်ဘက်အုပ်ချုပ်ရေးမှာ ဝင်လုပ်နေရပြီး ရေရှည်မှာသူတို့သိက္ခာကျဆင်းမှုမျိုးကိုမလိုလားဘူး။ ကျွန်တော်တို့နိုင်ငံဟာ လက်ရှိ အခင်းအကျင်းထဲမှာ စစ်တပ်ကို သူ့နေရာသူပြန်ရောက်အောင်လုပ်ဖို့ဆိုရင် အရပ်ဖက် အဖွဲ့အစည်းတွေ အနေနဲ့ အားကောင်းအောင် ကြိုးစားရမယ်။ အရပ်ဘက်အဖွဲ့အစည်းတွေက မထိန်းနိုင်လို့ စစ်တပ်က ဝင်ပါလာတာ ကျွန်တော်တို့အတွက်ကောင်းတဲ့အလားအလာ မဟုတ်တော့ဘူး။

**၂၀၁၃ ခုနှစ်မှာ မြန်မာနိုင်ငံအတွက် အန္တရာယ် အကြီးဆုံးပြဿနာက ဘာလို့ ဦးကိုကိုကြီး ထင်ပါသလဲ။**

အဓိက အကျဆုံးကတော့ ငြိမ်းချမ်းရေးကိစ္စပဲ။ ငြိမ်းချမ်းရေးဆိုတာ လက်နက်ကိုင်ပဋိပက္ခများသာမကဘဲ ပြည်တွင်းမှာဖြစ်နေတဲ့ အကြမ်းဖက်မှုတွေ ရပ်တန့်ပြီး တရားဥပဒေစိုးမိုးဖို့၊ နိုင်ငံသားရဲ့ အခန်းကဏ္ဍမြှင့်တင်ဖို့၊ အဓိကကျ တယ်။ ငြိမ်းချမ်းရေးမရှိရင် ဖွံ့ဖြိုးတိုးတက်မှု မရှိဘူး။ နိုင်ငံအတွင်းပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းရေးက များစွာအရေးကြီးတယ်။ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးလို့ပြောရင် အရင်ကအမိန့်ပေးထိန်းချုပ်လို့၊ ကြောက်လို့ မလုပ်ရဲတာ ငြိမ်းချမ်းရေးမဟုတ်ဘူး။ ကျွန်တော်တို့လူ့အဖွဲ့အစည်းက မတူကွဲပြားတဲ့ အမြင်သဘောထားတွေကြားထဲမှာ လွတ်လပ်ပွင့်လင်းပြီး ပြောကြ၊ ဆိုကြရင်း နဲ့ ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ဖို့တည်ငြိမ်တဲ့ အခြေအနေတစ်ခုကို ရဖို့လိုတယ်။

**လက်ရှိအစိုးရက မျိုးစောင့်ဥပဒေကိစ္စကို Public Debate အနေနဲ့ မြင်တယ်ဆိုပြီး ဒီတိုင်းထားထားတယ်။ ဒီကိစ္စကနိုင်ငံသားတွေအတွင်း နှစ်ခြမ်းကွဲစရာ ဖြစ်လာတယ်လို့ ပြောကြတာတွေရှိတော့ အစိုးရအနေနဲ့ ဒီလို ဘာသာရေးအစွန်းရောက်မှု ပြဿနာတွေအပေါ်မှာဘယ်လိုတာဝန်မျိုးရှိတယ်လို့ ဦးကိုကိုကြီး ပြောချင်ပါသလဲ။**

ကျွန်တော်တို့ အရပ်ဘက်အဖွဲ့အစည်းမှာ လုံခြုံရေးအဖွဲ့အစည်းတွေပါတယ်။ ဘာသာရေးအဖွဲ့အစည်းတွေပါတယ်။ အဲဒီအဖွဲ့ကြားမှာ ဆွေးနွေးညှိနှိုင်းမှုကို တည်ဆောက်နိုင်ပြီဆိုရင် အစိုးရအခန်းကဏ္ဍက မလိုဘူး။ အကြမ်းဖက်မှုဖြစ်လာရင် လုံခြုံရေးတပ်ဖွဲ့တွေ ဝင်ရောက်ဟန့်တားဖြေရှင်းတာတွေလုပ်ရမယ်။ အသက်အိုးအိမ်စည်းစိမ်ကို အစိုးရအကာအကွယ်ပေးရမယ်ဆိုတဲ့တာဝန်ရှိတယ်။ အဓိကတော့ အဲဒီအဆင့်ကိုမရောက်အောင် အရပ်ဘက်အဖွဲ့အစည်းတွေက အားကောင်းဖို့လိုတယ်။ စိတ်ရှည်ရှည်နဲ့ ညှိနှိုင်းတဲ့ အလေ့အကျင့်ရှိ ဖို့လိုတယ်။ ဒီလိုဆိုရင် အစိုးရရဲ့ အခန်းကဏ္ဍကလျော့သွားတယ်။

**သာသာရေး ကိစ္စတွေပြီးတော့ ဦးကိုကိုကြီးတို့ အဖွဲ့အကြောင်း မေးချင်ပါတယ်။ ၈၈ က အခု အဖွဲ့အစည်းတစ်ခုအနေနဲ့ မှတ်ပုံတင်လိုက်တယ်။ အဲဒီတော့ ၂၀၁၅ အတွက် ၈၈ အဖွဲ့ရဲ့ လမ်းကြောင်းက ဘယ်လိုလဲလို့ ပြည်သူတွေက မေးရင် ဦးကိုကိုကြီးက ဘယ်လိုဖြေချင်ပါသလဲ။**

စာမျက်နှာ(၁၈) သို့

7DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013

# ထုတ်လုပ်သူ၊ ရောင်းဝယ်သူ၊ စားသုံးသူ ကွင်းဆက်နှင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားအရေး

ခင်မေဇော်(ဝါရှင်တန်ဒီစီ)

ရွှေ့ပြောင်းအလုပ်သမားအဖြစ်ထိုင်းနိုင်ငံကိုရောက်စဉ်ငှင်းသည်သာမန် အလုပ်သမားတစ်ဦးမျှသာဖြစ်သည်။ တရားမဝင်အလုပ်သမား၊အောက်ခြေအလုပ်သမား၊ ဈေးပေါပြီး အနိုင်ကျင့်လို့ရသည့် ထိုင်းနိုင်ငံရောက် သုံးသန်းသော မြန်မာ အလုပ်သမားထဲမှ တစ်ဦးမျှသာ ဖြစ်သည်။

"ကျွန်တော်ဒီလိုအမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ကြီးကို ရောက်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဘူး။ အလုပ်သမားအခွင့်အရေးကိစ္စလုပ်တယ်ဆိုတာက လည်း ကိုယ့်နိုင်ငံသားတွေ ကြုံနေရတဲ့ အခက်အခဲတွေကို ကူညီရင်း နဲ့ ဖြစ်သွားခဲ့တာပါ" ဟု ရွှေ့ပြောင်းအလုပ်သမားများအခွင့်အရေးကွန်ရက်အဖွဲ့ဥက္ကဋ္ဌကိုအောင်ကျော်က ပြောသည်။

ဝါရှင်တန်ဒီစီမြို့တော်တွင် သူတို့၏ လှုပ်ရှားမှုအတွက် ပေးသည့် ဆုကိုလာရောက်လက်ခံယူရန် လေးရက်ကြာ ရောက်နေစဉ် ပြောပြခဲ့ခြင်း ဖြစ်သည်။ ထိုင်းနိုင်ငံ ပုစွန်လုပ်ငန်းတွင် လုပ်ကိုင်နေကြသော မြန်မာအပါအဝင် နိုင်ငံခြားသား ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးချိုးဖောက်ခံနေရသည့်အပေါ် ထိုင်းအလုပ်သမား သမဂ္ဂကလည်း ကူညီနေသည်။ ယခုဝါရှင်တန်ဆုပေးပွဲတွင် ထိုင်းအလုပ်သမား သမဂ္ဂမှ ဦးဆောင်သူကလည်း ဆုလက်ခံရယူခဲ့သည်။ သူက လူမျိုးဘာသာ မရွေး နိုင်ငံသား နိုင်ငံခြားသား မရွေး၊ တရားဝင်သည်ဖြစ်စေ တရားမဝင်သည်ဖြစ်စေ ထိုင်းနိုင်ငံရှိအလုပ်သမားများအားလုံး၏ အခြေခံရပိုင်ခွင့်ကို ပေးအပ်ရမည်၊ ကာကွယ်ရမည်ဟု ရဲရဲတောက်ဆိုခဲ့သည်။ သူကိုယ်တိုင်က အလုပ်သမားအခွင့်အရေးများ ရရှိရေးတိုက်ပွဲဝင်နေစဉ် အလုပ်မှ အထုတ်ခံထားရသူ ဖြစ်သည်။

အမေရိကန်နိုင်ငံမှ အဖွဲ့အစည်းများက ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအရေးကို အဘယ်ကြောင့်စိတ်ဝင်စားပြီး မည်သည့်နည်းဖြင့် ကူညီနိုင်ပါမည်နည်း။

ထုတ်လုပ်သူ၊ရောင်းဝယ်သူ၊ စားသုံးသူ ကွင်းဆက်ပင် ဖြစ်သည်။ အမေရိကန်က ထိုင်းနိုင်ငံက ထုတ်ကုန်ကိုဝယ်ယူစားသုံးသူ ဖြစ်နေချိန်တွင် မြန်မာအလုပ်သမားက ထိုကုန်များကို ထုတ်လုပ်ရာတွင် လုပ်ကိုင်သူများ ဖြစ်နေသည်။

ထိုင်းနိုင်ငံ၏ အလုပ်သမားအခွင့်အရေး ပြဿနာကို ဝါရှင်တန်ကိုသယ်လာသည့်အကြောင်း



ရွှေ့ပြောင်းအလုပ်သမားများ အခွင့်အရေးကွန်ရက်အဖွဲ့ ဥက္ကဋ္ဌ ကိုအောင်ကျော်

နှင့်ပတ်သက်ပြီး ထိုမြန်မာနှင့် ထိုင်းအလုပ်သမားကိုယ်စားလှယ်များကို ခေါ်ဆောင်လာသည့် နိုင်ငံတကာ အလုပ်သမားအခွင့်အရေးအဖွဲ့(International Labor Rights Forum)မှတာဝန်ရှိသူကို မေးကြည့်ပါသည်။ ထုတ်လုပ်သူ၊ ရောင်းဝယ်သူ၊ စားသုံးသူ ကွင်းဆက်အရ ထိုင်းနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများ အခွင့်အရေးချိုးဖောက်မှုကို ၎င်းကုန်စည်ကို ဝယ်ယူနေသည့် အမေရိကန်ကုမ္ပဏီများ၊ အစိုးရရုံးများကို ဖိအားပေးပြီး ပြုပြင်ရန်ဖြစ်သည်ဟု သူက ရှင်းပြပါသည်။

အမေရိကန် အလုပ်သမားဝန်ကြီးဌာနက အိုင်အယ်လ်အိုနိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ်နှင့် သွားရောက်တွေ့ဆုံချိန်တွင် အလုပ်သမားကိုယ်စားလှယ်ကိုအောင်ကျော်တို့အား သူတို့သိလိုသော အရာများ တိုက်ရိုက်မေးစေခဲ့သည်။ ဌာနဝန်ထမ်းများက ရွှေ့ပြောင်းအလုပ်သမားများမည်သို့မည်ပုံအခွင့်အရေး ချိုးဖောက်ခံရသည်ကို မေးမြန်းမှတ်တမ်းပြုခဲ့ကြသည်။

အလုပ်ရှင်က အလုပ်သမားများ၏ စာရွက်စာတမ်းများကို သိမ်းယူထားခြင်း အပါအဝင် အလုပ်ချိန်များလွန်းခြင်း၊ အချိန်ပိုလစာမပေးခြင်း၊ သတ်မှတ်ထားသော အနိမ့်ဆုံးလစာ မပေးခြင်း စသည့် အထွေထွေနိစ္စဓူဝ ချိုးဖောက်မှုများကို ပြောပြသည်။ ယခင်က တရားမဝင်ဖြစ်မှုအပေါ် အခွင့်အရေးယူခဲ့ပြီး ယခုနှစ်နိုင်ငံအကြား သဘောတူညီချက်ဖြင့် တရားဝင်ဖြစ်လာချိန်တွင် အခြေအနေတစ်စုံတစ်ရာ ကောင်းမွန်လာခဲ့သော်လည်း စက်ရုံပိုင်ရှင်များက ဥပဒေကို မျက်ကွယ်ပြု၍ ဆက်လက် ချိုးဖောက်ကျူးလွန်နေသည့် အခြေအနေများကို ကိုအောင်ကျော်ကရှင်းပြသည်။ နောက်အလုပ်ကို မပြောင်းနိုင်အောင် နိုင်ငံကူးလက်မှတ်ကို အလုပ်ရှင်က သိမ်းယူထားခြင်း၊ မှတ်ပုံတင်ရာတွင် အလုပ်ရှင်က ဆောင်ရွက်ပေးမှသာ ရရှိသောစနစ်ကို ထိုင်းနိုင်ငံက ချမှတ်ထားခြင်း၊ မှတ်ပုံတင်ခြင်းသက်တမ်းကို ကန့်သတ်ထားခြင်းတို့က အလုပ်ရှင်များအနေဖြင့် ပို၍အနိုင်ကျင့်ချိုးဖောက်နိုင်သည့် အခွင့်အရေးများ ရရှိနေသည်ဟု ဆိုသည်။

အမေရိကန် အလုပ်သမားဝန်ကြီးဌာနက အထူးစိတ်ဝင်စားသည့် ကိစ္စမှာ ကလေးအလုပ်သမားအရေး ဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမားများနှင့်ပါလာသော ကလေးငယ်များကို အလုပ်ရှင်က အလုပ်ခိုင်းစေခြင်း ဖြစ်သည်။ ဥပမာ-ပုစွန်လုပ်ငန်းတွင် ပုစွန်ခွာသော အလုပ်လုပ်ရသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင်လည်း ထိုနည်းတူ။ ထိုကလေးများကို ထားခဲ့ရန် နေရာမရှိသဖြင့် မိဘများက အလုပ်ခွင်သို့ ခေါ်လာရခြင်းဖြစ်သည်။ ထိုင်းနိုင်ငံ ဥပဒေအရ မည်သည့် နိုင်ငံသားကို မဆိုကျောင်းများတွင်လက်ခံသင်ကြားပေးရမည်ဟု ပြဋ္ဌာန်းထားသော်လည်း ဆရာများက လက်မခံလိုလျှင်မဖြစ်နိုင်ပါ။ ထို့အပြင်ကျောင်းက အခမဲ့ဆိုသော်လည်း အခြားစရိတ်များ ရှိနေခြင်း၊ ဘာသာစကားအခက်အခဲ၊ ကျောင်းပြီးချိန်တွင် ကလေးများအတွက် နေစရာနေရာပြဿနာများရှိကြောင်း ရှင်းပြသည်။ မြန်မာမိဘများကလည်း တစ်ချိန်မြန်မာနိုင်ငံသို့ပြန်ချိန်တွင် ကလေးများ မြန်မာနိုင်ငံတွင်ဆက်လက်ပညာဆည်းပူးနိုင်ရန်မြန်မာကျောင်းများ ဖွင့်ပေးစေချင်ကြသည်။ ထိုကိစ္စများကို အလုပ်သမားဝန်ကြီးဌာန ပုဂ္ဂိုလ်များက ရေးမှတ်ကြသည်။ မည်မျှအထိ ကူညီဆောင်ရွက်ပေးနိုင်မည်မသိရသော်လည်း ပထမဆင့် အနေနှင့် မှတ်တမ်းတင်နိုင်ခဲ့သည်ဟုစီစဉ်သူက ပြောပြသည်။

ကလေးအလုပ်သမား အသုံးပြုမှုနှင့်ပတ်သက်ပြီး ထိုင်းအာဏာပိုင်များက ဥပဒေချမှတ်ဖိအားပေးလာချိန်တွင် စက်ရုံကြီးများတွင် ကလေးအလုပ်သမား လုံးဝမထားတော့ကြောင်း ကိုအောင်ကျော်က ပြောပြသည်။ သို့ရာတွင် စက်ရုံဝင်းအတွင်းတွင်လည်း နေခွင့်မရှိ၊ သွားစရာကျောင်းလည်း မရှိသည့်ကလေးများ လမ်းမပေါ်ရောက်လာကြသည်။ ထိုမြန်မာကလေးများကို ရဲ ကဖမ်းပြီး ကလေးထောင်ကိုပို့သည်။ ကလေးများ၏လက်ထဲတွင် စာရွက်စာတမ်းမရှိသည့်အတွက် ကလေးအတော်များများ မိဘမပါဘဲ မြန်မာနိုင်ငံဘက်ကို ပြန်ပို့ခံကြရသည်။ မြန်မာအလုပ်သမားကလေးများအတွက် မြန်မာသင်ရိုး၊ မြန်မာဘာသာနှင့် ပညာသင်ကျောင်းများကို ဖွင့်ပေးရန်လိုအပ်ချက်ကို အမေရိကန် အလုပ်သမားဝန်ကြီးဌာနက စိတ်ဝင်တစားမှတ်သား မေးမြန်းကြသည်။

ထိုင်းနိုင်ငံ၏ အလုပ်သမားဥပဒေများ ထပ်မံဖြည့်စွက် ပြင်ဆင်ခြင်းများ မပြုနိုင်သေးမီ လက်ရှိဥပဒေကိုပင် လိုက်နာအောင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ကိုအောင်ကျော်က တင်ပြခဲ့သည်။ ထိုင်းအလုပ်သမား အခွင့်အရေးပြဿနာမှာ ဥပဒေမရှိခြင်းထက် ရှိပြီးဥပဒေကို မလိုက်နာခြင်းက အဓိကဟု သူကထောက်ပြသည်။ ဥပမာ-အချို့စက်ရုံများကို ထိုင်းလွှတ်တော်အမတ်များက ပိုင်ဆိုင်ခြင်း၊ ရဲအာဏာပိုင်များနှင့် အပေးအယူလုပ်ပြီး အလုပ်သမားအခွင့်အရေး ဖောက်ဖျက်ကျူးလွန်ခြင်းများဖြစ်သည်။ အလုပ်သမားအခွင့်အရေးတောင်းဆိုသူများကို အလုပ်ပါမစ်သိမ်းယူထားပြီး အလုပ်ခွင်မှ မောင်းထုတ်ကြသည်ဟုလည်း သိရသည်။

ဗြိတိသျှနိုင်ငံသား အန်ဒီဟောက မြန်မာရွှေ့ပြောင်း အလုပ်သမားများ ကွန်ရက်ဖွဲ့စည်းပြီး အလုပ်သမားအခွင့်အရေးတောင်းဆိုနိုင်ရန် ဦးဆောင် လုပ်ပေးခဲ့သူတစ်ဦးဖြစ်ပြီး ကိုအောင်ကျော်တို့နှင့် တွဲဖက်လုပ်ကိုင်ခဲ့သည်ဟု သိရသည်။ ယခု ထိုင်းတရားရုံးတစ်ခုက အန်ဒီဟောကို ရာဇဝတ်မှုနှင့်တရားစွဲဆိုထားပြီး အမေရိကန်အလုပ်သမားအဖွဲ့က ထိုအရေးကို အထူးစိတ်ဝင်စားနေသည်။

အိမ်ဖြူတော်၏ စီးပွားရေးဌာနကို ရောက်ချိန်တွင် အစာကွင်းဆက်ဟုခေါ်သည့် အနေအထားက ပို၍ ပုံပေါ်လာသည်။ အမေရိကန်နိုင်ငံတွင် ပုစွန်သည် လူကြိုက်များလှသည့် အစားအစာဖြစ်ပြီး မက္ကဆီကိုနှင့် ထိုင်းနိုင်ငံတို့မှ အဓိကတင်သွင်းသည်။ ထိုင်းနိုင်ငံမှ နာနတ်သီး စည်သွတ်ဘူးများကလည်း အမေရိကန်ဈေးကွက်ကို အများဆုံး ဝင်ရောက်သည်။ ထိုနာနတ်သီး စည်သွတ်လုပ်ငန်းများသည် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ လုပ်အားဖြင့် အဓိကလည်ပတ်နေခြင်းဖြစ်သည်။

ဝယ်ယူစားသုံးသည့် အမေရိကန်ဘက်က အထူးသဖြင့် အများဆုံးဝယ်ယူနေသော အမေရိကန်အစိုးရက အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုကျူးလွန်သည်ဟု တင်ပြလာသော ထိုင်းစက်ရုံ အလုပ်ရုံ၊ ကုမ္ပဏီများကို စုံစမ်းလေ့လာပြီး ၎င်းတို့၏ချိုးဖောက်မှုများကို မပြင်လျှင် အမေရိကန်ကို ပစ္စည်းတင်သွင်းခွင့် ပိတ်ပင်မည်ဖြစ်ကြောင်း ပြောဆိုသည်။ အကောက်ခွန်ဥပဒေများနှင့် အချိန်အတိုင်းအတာတစ်ခုအထိ ကြာမြင့်နိုင်သော်လည်း ထိုင်းစက်ရုံများကို ဖိအားပေးနိုင်သည့် ယန္တရားကြီးတစ်ခုဖြစ်သည်။

မြန်မာရွှေ့ပြောင်း အလုပ်သမားများ၏ စာရွက်စာတမ်းများကို သိမ်းယူထားပြီး ခိုင်းစေခြင်းသည် အဓမ္မခိုင်းစေခြင်း သက်ရောက်သည်။ ထို့အပြင် လူကုန်ကူးမှုတွင် ထိုင်းနိုင်ငံက အစပြုရာ၊ ကြားခံဖြစ်ရာနှင့် လက်ခံရာအားလုံးပါဝင်သည့် နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံမှ အလုပ်သမားများကို မိမိဆန္ဒအရဖြစ်စေ၊ အဓမ္မဖြစ်စေ လူကုန်ကူးခေါ်ဆောင်လာမှုကို လက်ခံပြီး ခိုင်းစေသည့် နိုင်ငံတစ်နိုင်ငံအနေနှင့် ဤအခြေအနေကို ပြုပြင်ရန် ကြိုးပမ်းမှု ရှိ၊ မရှိဆိုသည်မှာ အရေးကြီးသော အချက်ဖြစ်သည်။ လက်ရှိတွင် ထိုင်းနိုင်ငံသည် အမေရိကန်နိုင်ငံ၏ လူ ကုန်ကူးမှုစောင့်ကြည့်အဆင့် ၂ တွင် ရှိနေသည်။ ယင်းမှာ လူကုန်ကူးမှုရှိပြီး အစိုးရက အကာအကွယ်ပေးရန် အပြည့်အဝဆောင်ရွက်မှုမရှိပါ။ သို့သော် တိုးတက်မှုရှိလာရန် ကြိုးပမ်းမှု ရှိသည်။ လူကုန်ကူးခံရသူ အရေအတွက်သိသိသာသာများပြားသည်။ (သို့မဟုတ်) သိသိသာသာတိုးများလာသည်။ တားဆီးရန် ကြိုးပမ်းမှုအတွက်သက်သေအထောက်အထားပြသနိုင်ခြင်း မရှိစသည်ဖြင့် ပါဝင်သည်။ ထိုင်းနိုင်ငံသည် ထိုကဲ့သို့စောင့်ကြည့်စာရင်းတွင် လာမည့်နှစ်မှာလည်း ဆက်လက်ရှိနေလျှင် အမေရိကန်အနေနှင့်လည်း ကုန်သွယ်မှုပိုင်းမှ အရေးယူရမည့် တာဝန်ရှိလာသည်။ ဤအချက်သည် ထိုင်းနိုင်ငံ၏ စီးပွားရေးကို များစွာထိခိုက်နိုင်သည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ အပြောင်းအလဲများကြောင့် ထိုင်းနိုင်ငံရောက်မြန်မာအလုပ်သမားများ၏ အခြေအနေ အတိုင်းအတာတစ်ခုအထိ တိုးတက်ခဲ့သော်လည်း အများစုမှာ အလုပ်သမားအခွင့်အရေး ဆိုးဆိုးရွားရွား ချိုးဖောက်ခံနေရဆဲပင်ဖြစ်သည်။ ဆိုခဲ့သလို ထုတ်လုပ်သူ၊ ရောင်းဝယ်သူ၊ စားသုံးသူတို့ ကွင်းဆက်တွင် အရေးပါဆုံးဖြစ်သော စားသုံးသူတို့၏ ဖိအားရရှိလာမည်ဆိုလျှင် ထုတ်လုပ်သူတို့ကလည်း အလုပ်ခွင်တွင်း ပြင်ဆင်မှုများ ဖြစ်လာမည်မှာ အမှန်ပင်။ လာမည့်လများအတွင်းပို၍များလာနိုင်သော ဖိအားများက ထိုင်းနိုင်ငံရောက်မြန်မာ လေးသန်းတို့၏ လုပ်ငန်းခွင်အခြေအနေကို များစွာ မတိုးတက်စေကာမူ ဥပဒေအောက်မှ အကာအကွယ်အချို့ ရရှိနိုင်သည့် ပြောင်းလဲမှုများ ဖြစ်လာမည်ဟု မျှော်လင့်လိုက်ရပါသည်။


7 DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013



(ယခင်အပတ်မှ အဆက်)

# ဖျတ်ခနဲပတ္တမြား

မောင်သာချို



### (သုံး)

မိုးကုတ်ကဒဏ္ဍာရီတွေနှင့်ကြွယ်ဝသည့်ရတနာမြို့လည်းဖြစ်ပါသည်။ မိုးကုတ်မှာ ပတ္တမြားကိုဘယ်တုန်းကစပြီးတွေ့တာလဲ၊ ဘာဖြစ်လို့ပတ္တမြားမြေဖြစ်သွားရတာလဲ၊ ပတ္တမြားကို ဘယ်သူတွေကစပြီးတော့တူးတာလဲ စသည်စသည်ဖြင့် ရေးကြ၊ ပြောကြတာတွေက အမြောက်အမြားပဲဖြစ်ပါသည်။

သမိုင်းစာရေးသူဆရာမကြီးမကြန်က 'ပတ္တမြားစကား'ဆောင်းပါးထဲတွင် မုဆိုးသုံးဦးတောလိုက်ထွက်လာကြပုံ၊ မိုးချုပ်သွားသဖြင့်သဖန်းပင်ကြီးအောက်၌ စခန်းချကြပုံ၊ နံနက်လင်းသော် ကျီးစွန်ငှက်များက တောင်ပြိုကျထားရာနေရာတစ်ဝိုက်၌ ဆူညံစွာပျံဝဲအော်မြည်နေကြပုံ၊ ထိုနေရာသို့သွားကြည့်ရာ သားတစ်ကဲ့သို့နီရဲနေသည့် ပတ္တမြားရတနာများကိုတွေ့ပုံ၊ ထိုရတနာများကိုကောက်ယူပြီးနောက် နယ်ရှင်ပယ်ရှင် စော်ဘွားကြီးများအား ဆက်သပုံ၊ သို့ဖြင့် သက္ကရာဇ် ၅၇၉ တွင် စပြီးတူးကြစေရာက ပတ္တမြားဇာတ်လမ်းစခဲ့ပုံ၊ ယခုထိုနေရာ၌ သဖန်းပင်ရွာဟုဖြစ်နေပုံစသည်စသည်ဖြင့် ပတ္တမြားဇာတ်လမ်းအခန်းတစ်ကိုလှစ်ပြထားခဲ့ဖူးပါသည်။

စာရေးဆရာလေသူရဲတစ်ဦး (ဦးလှဝင်း)၏ 'အညိုတို့ပတ္တမြားမြေ'စာအုပ်ထဲတွင်မူ ပတ္တမြားဇာတ်လမ်းအစကို နှစ်မူကွဲလျက်ဖော်ပြထားကြောင်း ကျွန်တော်အမှတ်ရနေပါသည်။

တစ်မူက ဇာတ်လမ်းကိုအေဒီတစ်ရာစုကစထားပါသည်။ မြွေ(နဂါး)ကြီးတစ်ကောင်က ဥသုံးလုံးဥရာ သုံးလုံးစလုံးကွဲပါသည်။ ပထမကွဲသည့်ဥက လူတစ်ယောက်မွေးလာပြီး နောင်တွင်ပုဂံ၌ပျူစောထီးမင်းဖြစ်သွားသည်ဟုဆိုပါသည်။ ဒုတိယကွဲသည့်ဥကမူ လူဖြစ်သော်လည်း တရုတ်ပြည်သို့ရောက်သွားကာ ဧကရာဇ်တစ်ပါးဖြစ်သွားသည်ဟုဆိုပါသည်။ တတိယကွဲသည့်ဥကမှ ပတ္တမြားတွေဖြစ်လာကာ မိုးကုတ်ဝန်းကျင်၌ ပျံ့နှံ့သွားကြောင်းဆိုပါသည်။

ထိုမူကိုကျောက်စာဝန်တော်စိန်ခို၏ နှုတ်ပြောစကားများမှတစ်ဆင့် စာရေးဆရာ G.E Kunz ရေးသားပြုစုသော "The magic of jewels and charms" စာအုပ်ထဲမှ ယူထားကြောင်းလည်း ဆရာလေသူရဲတစ်ဦးကဆိုပါသည်။

နောက်တစ်မူက ဆရာကြီးဦးဖေမောင်တင်နှင့် G.H Luce တို့ ၁၉၆၀ ကထုတ်ဝေခဲ့သည့် "The Glass palace chronicle of kings of Burma" စာအုပ်ထဲက မူဟုဆိုပါသည်။

မုဆိုးတစ်ယောက်သားကောင်လိုက်ရင်း လမ်းပျောက်သည်။ နဂါးတို့နေသည့်အရပ်သို့ရောက်သွားရာ ဥကြီးတစ်ဥကိုကောက်ရသည်။ မကောင်းဆိုးဝါးတို့က မုဆိုးကို လမ်းမှားအောင်လုပ်လိုက်ရာ မိုးကြီးလေကြီးကျရောက်စဉ် မုဆိုးမထိန်းနိုင်ဘဲဥကိုလွှတ်ချလိုက်ရာကကွဲပြီး ပတ္တမြားထွက်လာကာ မိုးကုတ်ကြပ်ပြင်တစ်ဝိုက်သို့ ပျံ့နှံ့သွားခဲ့ကြောင်း ထိုမူကဆိုပါသည်။

ဘူမိဗေဒပညာရှင်တို့ကတော့ သည်ဒဏ္ဍာရီမူကွဲအမျိုးမျိုးကိုပြုံးနေကြလိမ့်မည်ဟုထင်ပါသည်။ သို့သော် ဘူမိဗေဒပညာရှင်များသာမက သမိုင်းနှင့်မနုဿဗေဒပညာရှင်တို့ကပါ ယူဆထားတာတစ်ချက်တော့ရှိပါသည်။ ယင်းမှာ လွန်ခဲ့သည့်အနှစ် ၈၀၀ လောက်ကတည်းက မိုးကုတ်မှာ ပတ္တမြားစတွေ့ပြီဆိုတာပဲဖြစ်ပါသည်။

စတုရန်းမိုင် ၄၀၀ ဝန်းကျင်ရှိသော မိုးကုတ်ဒေသမှာက စတုရန်းမိုင် ၇၀ ဝန်းကျင်မျှသာ ပတ္တမြားတူး၍ထွက်ပါသည်။ သည်နယ်မြေနှင့်ပတ်သက်၍ Richard Hughes က "Ruby and Sapphires"တဲ့။ Ted Thermelism က"Mogok; Valley of Rubies and Sapphires"တဲ့။ ဩော် . . . ပတ္တမြားနဲ့နီလာတောင်ကြားဆိုပဲ့လား။ ခုတော့ဖြင့် ချစ်သော မိုးကုတ်ဟာ ညှိုးရော်လို့။ တွန့်ကြေလို့။ နွမ်းလျလို့။

### (လေး)

မိုးကုတ်ဟူသည်မှာ ရတနာသိုက်ကြီးပါလားဆိုသည်ကို ဟိုးတော်တော်စောစောကပင် ရိပ်မိခဲ့ပြီး ထိုရတနာသိုက်ကြီးကို တူးဆွခြင်းဖြင့် ဥစ္စာခနကြွယ်ဝချမ်းသာနိုင်မည်ကို တွက်ဆတတ်သည့် ပြင်ပကမ္ဘာက လူများတွင်ပြင်သစ်နှင့်အင်္ဂလိပ်တို့ကား ထိပ်တန်းပင်ဖြစ်ပါသည်။ ယင်းကိုဆရာမြသန်းတင့်၏ 'တောင်သမန်ရွှေအင်းကလေညင်းဆော်တော့'တွင် 'ပွဲစားများ၊ မုဆိုးများနှင့် ပတ္တမြားမြေ' ဆောင်းပါး၌ တွေ့နိုင်ပါသည်။

မင်းတုန်းမင်းလက်ထက်က ပတ္တမြားမြေတွင် ဘုရင့်အမိန့်ဖြင့်ရတနာတူးခဲ့ကြရာက သီပေါခေတ်ကုန်ဖို့ (၂)နှစ်အလို ၁၈၈၃ တွင်ကား ပြင်သစ်၊ အီတလီကုန်သည်တို့ အထက်မြန်မာပြည်၌ကျောက်မျက်ရတနာတူးဖော်ခွင့်ကန်ထရိုက်ရရှိဖို့ လာဘ်ထိုးလာကြပြီဖြစ်ပါသည်။ လာဘ်ကိုယူသူကလည်း ယူခဲ့ကြလေရာ ကန်ထရိုက်စာချုပ်ကို ဘုရင့်အတည်ပြုချက်လက်မှတ်ပါမှ အတည်ဖြစ်သည်ဟုဆိုသော်လည်း သီပေါမင်းမသိသည့်ကိစ္စတွေက အများကြီးဟုဆိုပါသည်။

မိုးကုတ်၌ ပတ္တမြားတူးဖော်ခွင့်ကန်ထရိုက်အဖြစ်ပထမဦးဆုံးရရှိသည့်သူမှာ မွန်စီယာဟက်ကက်ဆိုသည့် ပြင်သစ်ဖြစ်ပြီး ပထမအရစ်အဖြစ် ဖရန့်ငွေတစ်သိန်းပေးသွင်းရန် တစ်နှစ်လျှင်သုံးသိန်းနှုန်းဖြင့် နှစ်ပေါင်းနှစ်ဆယ်ပေးသွင်းရန် သဘောတူထားသော်လည်း ဘုံဘေဘားမားကုမ္ပဏီက ကန့်ကွက်၍ ပျက်သည်ဟုဆိုပါသည်။

တစ်ဖန် ပြင်သစ်အင်ဂျင်နီယာတစ်ဦးဖြစ်သူ မက်လိုက်ဇန်ဒရာအီဇင်ဘတ်ဆိုသူ ရောက်ရှိလာပြန်ပြီး တစ်နှစ်သုံးသိန်းနှုန်းဖြင့် သဘောတူရုံမျှသာမက မိုးကုတ်သို့လမ်းဖောက်ရာတွင်လမ်း၏ဝဲယာကိုမီတာ ၇၅၀ အထိ သစ်ခုတ်ခွင့်၊ တူးဆွအသုံးပြုခွင့် ရရှိပြီးကာမှ ဘုံဘေဘားမားကပင် ကန့်ကွက်၍ ပျက်ရပြန်သည်ဟုဆိုပါသည်။

ထို့နောက်တစ်ဖန် ပြင်သစ်အင်ဂျင်နီယာတစ်ဦးဖြစ်သူ ဗွန်ဗီလိန်းရောက်ရှိလာပြန်ပြီး တစ်နှစ်ကိုသုံးသိန်းနှုန်းဖြင့် နှစ်ပေါင်းနှစ်ဆယ်လုပ်ကိုင်ရန် စပေါ်ငွေဆယ့်တစ်သိန်းပေးထားရန် သဘောတူကြပြန်သော်လည်း ပျက်ပြန်သည်ဟုဆိုပါသည်။ ယင်းသည် ၁၈၈၄ ဖေဖော်ဝါရီလ ၄ ရက်နေ့ဟုဆိုရာ သီပေါ၏နောက်ဆုံးနေ့ရက်များနီးကပ်လာချိန်ဟုဆိုနိုင်ပါသည်။

နောက်ဆုံးတွင်ပြင်သစ်မြင်းတပ်ဗိုလ်တစ်ဦးဖြစ်သူ ထရီဗီလက်က ကန်ထရိုက်ကိုရရှိသွားခဲ့ပြီး ထရီဗီလက်ကို ဗြိတိသျှလူမျိုးတစ်ယောက်က ကြိုးကိုင်ထားခဲ့ကြောင်းဆိုရာပြင်သစ်နှင့်ဗြိတိသျှတို့ ပတ္တမြားမြေကို အာသာငမ်းငမ်းတက်ဖြစ်နေပုံများမှာ ပေါ်လွင်လှပါသည်။

သို့ဖြင့် သီပေါအလွန် အင်္ဂလိပ်လက်အောက်အရောက်တွင်ကား မိုးကုတ်သည် ပတ္တမြားမြေဒိစတြိတ်ဖြစ်သွားခဲ့ရပြီး ဘားမားရူဘီမိုင်းကုမ္ပဏီလီမိတက်လက်အောက်သို့ ရောက်သွားခဲ့ရပါတော့သည်။

### (ငါး)

မိုးကုတ်တွင် သိပ်ကြာကြာကြီးကျွန်တော်မနေရသော်လည်း မိုးကုတ်မုန့်ပေါင်းကိုတော့ စားဖြစ်အောင်စားလိုက်ပါသေးသည်။ မှို၊ ဂျုံးမြစ်နှင့် မုန့်နှစ်ကိုရောကာဖက်ထဲထည့်ထုပ်၍ပေါင်းစားသော မုန့်ပေါင်းက စားကောင်းပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဗိမာန်သို့လည်းကျွန်တော်ရောက်ပါသည်။ ကြပ်ပြင်ဘက်သို့သွားတော့ ဒေါ်နန်းကြည်တောင်ပေါ်သို့တက်ရာပေငါးထောင်အမြင့်ကနေ၍ တောင်အထပ်ထပ်ပတ်ဝိုင်းကာရံထားသည့် စိမ်းစိုပြာမှိုင်းကာလှချင်တိုင်းလှနေသော မိုးကုတ်နှင့်ကြပ်ပြင်ရှုခင်းကို တစ်ဝကြီးထိုင်ကြည့်နေမိပါသည်။ တောင်စောင်းမှာကတော့ လက်ဖက်ခင်းတွေ။ လက်ဖက်သီးစိမ်းစိမ်းတွေသီးလို့။ ပတ္တမြားမြေက လူတွေကလမ်းတော့တော်တော့ကို လျှောက်သောလူတွေပဲဖြစ်ပါသည်။ မနက်ခင်းမှာသာမကညနေခင်းမှာပါနီးစပ်ရာတောင်ပေါ်ဘုရားများဆီသို့ ယောက်ျား၊ မိန်းမ၊ ကြီးကြီး၊ ငယ်ငယ်လမ်းလျှောက်နေကြတာကို မြင်နေရပါသည်။ ညအခါ ပူဇော်ထားသည့် မီးရောင်၌ထွန်းပြောင်နေသည့်ချမ်းသာကြီးဘုရားကို မြို့လယ် ရေကန်ကြီး၏ ကမ်းစပ်တစ်နေရာကနေ ကျွန်တော်ဖူးမြော်နေမိပါသည်။

'လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာတော့ . . . ကိုယ့်လုပ်ကွက်နဲ့ကိုယ် တစ်နိုင်တစ်ပိုင်တူးကြတာပါပဲ . . . အခွန်ဆောင်ပြီး တူးသူလည်းရှိ . . . ခိုးကျင်းတွေမှာ တူးသူလည်းရှိပေါ့'

မှန်ပါသည်။ သည်တုန်းကတော့ မိုးကုတ်သူ၊ မိုးကုတ်သားတစ်ယောက်ကိုဘယ်သူကမှအထင်မသေးရဲ။ သည်ကနေ့ လမ်းပေါ်လျှောက်နေရပေမယ့် နောက်တစ်နေ့မှာ သန်းကြွယ်သူဌေးဖြစ်ချင်ဖြစ်သွားနိုင်သည်ကိုး။

ကျောက်ကလေးနည်းနည်းပါးပါးသွေးတတ်ရုံနှင့် တစ်ကလပ် ၁၅၀၀ ဖြစ်ရာ တစ်ရက်ဆယ် ကလပ်သွေးလျှင်ပင် ငွေတစ်သောင်းခွဲရနေသောနေ့ရက်များမှာ မိုးကုတ်ကတောက်ပခဲ့တာ အမှန်ပင်။

မိုးကုတ်ဟုဆိုလျှင် ပတ္တမြားငမောက်က ယခုအထိအိပ်မက်ဆန်ဆဲ။

ညောင်ရမ်းခေတ်သာလွန်မင်း၏သားတော် ပြည်မင်းလက်ထက်တွင် ငမောက်ဆိုသူက လာဆက်သည့်ပတ္တမြားကြီးဟုဆိုသူကဆိုပါသည်။

စာမျက်နှာ(၃၂)သို့

ရ ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟန်၊ ခိုင်ချို့နွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဇွဲညဏ်၊ အိမွန်ကျော် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | တင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း |
| သရုပ်ဖော် | စိုးသော်တာ |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006




# မြန်မာကို နားလည်ပါ

**အောင်အောင်(IR)**

စာရေးသူ ဒီရက်ပိုင်း၊ ဒီလပိုင်းတွေမှာနိုင်ငံခြားသား အတော်များများနဲ့ တွေ့ဖြစ်ပါတယ်။ တချို့က လည်း စာရေးသူရဲ့ အီးမေးလ်က တစ်ဆင့် ဆက်သွယ်လာကြတာပါ။

သူတို့မေးတဲ့ မေးခွန်းတွေက သိပ်ကြီးပါတယ်။ သူတို့လုပ်ချင်တဲ့ အရာတွေကလည်း မြန်မာ့လက်ရှိ နှုန်းထားနဲ့ဆို သိပ်ဟနေပါတယ်။ ဖြစ်နိုင်ရင် စာရေးသူ အေးအေးပဲ နေချင်ပါတယ်။ ဒါပေမဲ့ ကိုယ်လုပ်နေတဲ့ အလုပ်ကလည်း နိုင်ငံခြားနဲ့ ဆက်ဆံနေရတာဆိုတော့ သူတို့နဲ့လည်း ဆက်ဆံရေးရှိဖို့ လိုပြန်ပါတယ်။ တုံးတုံးတိတိ "မသိဘူး" "မအားဘူး" လို့ ပြန်ဖြေလို့လည်း မကောင်းပါဘူး။

အချို့က မြန်မာနိုင်ငံမှာ အခုဖြစ်နေတဲ့ ပဋိပက္ခတွေ၊ နိုင်ငံရေးအခင်းအကျင်းတွေကို နားမလည်လို့ မေးကြတာပါ။ အချို့က နားမလည်ချင်ယောင် ဆောင်ကြတာပါ။ အချို့တော့ တကယ်ကို မျက်စိလည်သွားကြတာပါ။ အာလုံးသေချာတာတစ်ခုကတော့ မြန်မာကို ကောင်းကောင်း နားမလည်ကြတာပါ။ အနောက်နိုင်ငံသား အတော်များများဟာ မြန်မာ့နိုင်ငံရေးကို အခြားကမ္ဘာ့အရပ်ဒေသတွေမှာ ဖြစ်ခဲ့၊ ဖြစ်နေတဲ့ဖြစ်ရပ်တွေနဲ့ မကြာခဏ ချိန်ထိုးကြည့်တတ်ကြတယ်။ မြန်မာတွေဆီက ရတဲ့ သတင်းတွေထက် သူတို့အချင်းချင်း သတင်းအချက်အလက်တွေ မျှဝေကြတာ များတယ်။ သူတို့ ရေးတာတွေသာ မှန်တယ်၊ ခိုင်မာတယ်လို့ ယူဆတတ်ကြတယ်။ ဒါကြောင့်လည်း သူတို့ရဲ့ မြန်မာအပေါ် အတွေးအခေါ်တွေ၊ ချဉ်းကပ်ပုံချဉ်းကပ်နည်းတွေဟာ အမှားပေါ် အမှားဆင့် (အမှားမဟုတ်တောင် လက်ရှိမြန်မာ့အခြေအနေနဲ့ မဟပ်မိ)လုံးချာလည်လိုက်ပြီး ပြဿနာတစ်ရပ် ဖြေရှင်းဖို့ တကယ့်အဖြေကို ရှာမတွေ့တတ်ကြဘူး။ နီးစပ်တဲ့ပြဿနာဖြေရှင်းနည်းပုံစံကို မချဉ်းကပ်မိတော့ဘူး။

အဲဒီလိုဆို မြန်မာဆိုတဲ့ ပုစ္ဆာရဲ့အဖြေက ဘာလဲ။ အဲဒါအတော့်ကို ဖြေဆိုဖို့ ခဲယဉ်းတဲ့မေးခွန်းပါ။ လောလောဆယ် ဖြေရမယ်ဆိုရင်တော့ မြန်မာ့လတ်တလောပြဿနာတွေဟာ "အဖြေမရှိတဲ့ ပုစ္ဆာ" လိုပါပဲ။

နိုင်ငံခြားသားလေ့လာသူဆိုသူတွေထဲမှာ အတော်များများက မြန်မာနိုင်ငံရဲ့ အခြေအနေကို နိုင်ငံတကာ စံနှုန်းစံထားတွေနဲ့ တိုင်းကြတယ်။ မြန်မာနိုင်ငံအတွင်း လတ်တလော ဝင်ရောက်လာတဲ့ နိုင်ငံတကာအဖွဲ့အစည်းအချို့ကလည်း နိုင်ငံတကာ စံအပေါ်မှာ အခြေပြုပြီး အခြားနိုင်ငံတွေမှာ မအောင်မြင်တဲ့ သူတို့ပေါ်လစီတွေ၊ မဟာဗျူဟာတွေကို မြန်မာနိုင်ငံမှာ ကျင့်သုံးဖို့ကြိုးစားကြတယ်။ သူတို့ရဲ့ ပြဿနာတစ်ရပ်အပေါ် ချဉ်းကပ်ဗျူဟာက မပြောင်းဘူး။ လူ့အဖွဲ့အစည်း သဘောသဘာဝ၊ လူတွေရဲ့ စိတ်အခံကို သိအောင်မကြိုးစားဘူး။ နားလည်အောင် မလုပ်ဘူး။ အားနည်းတဲ့ဘက်၊ လူ့အခွင့်အရေးချိုးဖောက်ခံရသူတွေဘက်က ကူရမယ်၊ ရပ်တည်ရမယ်ဆိုပေမယ့် အဲဒီကိစ္စမျိုးတွေဟာ အမျိုးသားရေးတွေ၊ ဘာသာရေးတွေ ရောထွေးလာရင် သိပ်ရှုပ်ထွေးသွားတတ်တယ်။ အရင်က မြန်မာပြည်မှာ ပစ်မှတ်က တစ်ခုတည်း။ စစ်အစိုးရ။ စစ်အစိုးရက ဘုံရန်သူပဲ။ ပြည်တွင်း၊ ပြည်ပ အတိုက်အခံအားလုံးရဲ့ ဘုံရန်သူ။ အဲဒီတုန်းကတော့ အတိုက်အခံဆိုတာ အင်န်အယ်လ်ဒီကို ညွှန်းတာပေါ့။ အင်န်အယ်လ်ဒီဆိုတဲ့ ထီးရိပ်အောက်မှာ အားလုံးဝင်ခိုကြတယ်။ အဲဒီလိုမခိုရင်လည်း အဲဒီအချိန်ကာလ နိုင်ငံရေးမှာ ရှင်သန်ဖို့ဆိုတာ မလွယ်ဘူးလေ။ အနည်းဆုံးတော့ အင်န်အယ်လ်ဒီနဲ့ ခိုင်မြဲတဲ့ မဟာမိတ်အဖြစ် တည်ဆောက်ကြတယ်။

အခုလို ပြည်တွင်း ပြည်ပက မမျှော်မှန်းခဲ့တဲ့ ၂၀၁၀ ပြည့်နှစ်မှာ စစ်အစိုးရအုပ်ချုပ်မှုက လျင်လျင်မြန်မြန် နောက်ဆုတ်သွားခဲ့တော့ အားလုံးမျက်စိလည်ကုန်ကြတယ်။ အရင်က ဆိုဗီယက်ယူနီယံလိုပေါ့။ စစ်အေးကာလက ကွန်မြူနစ်ဆိုတဲ့ ဘုံအန္တရာယ်အောက်မှာ အနောက်နိုင်ငံမဟာမိတ်တွေ အမေရိကန် ထီးရိပ်အောက်ဝင် ကျောချင်းကပ်ခဲ့ကြပေမယ့် ဆိုဗီယက်ကွန်မြူနစ် ကျဆုံးတဲ့အချိန်မှာ ဘုံရန်သူ ပျောက်ခဲ့ပြီမို့ အနောက်မဟာမိတ် စည်းရုံးမှု လျော့ပါးပြိုပျက်လာပြီး လူမျိုးစွဲ၊ ဒေသစွဲတွေ ပြန်ဖြစ်လာကြတယ်။ အချင်းချင်း ပြိုင်ဘက်လို သဘောထားလာကြတယ်။ အခုဆိုရင်လည်း အင်န်အယ်လ်ဒီရဲ့ မဟာမိတ်နိုင်ငံရေးအင်အားစုဆိုတာ တော်တော်ရှားနေပါပြီ။ ၈၈ မျိုးဆက်ကျောင်းသားများမှသည် တိုင်းရင်းသားနိုင်ငံရေးပါတီ အင်အားစုများ အထိ သူ့မူနဲ့သူ ရှိပြီး အင်န်အယ်လ်ဒီနဲ့ ခပ်လှမ်းလှမ်း နေလာကြပါတယ်။

အခုလို အင်န်အယ်လ်ဒီနဲ့ တိုင်းရင်းသားအင်အားစုများ ကြားကွာဟမှုကြီးလာတဲ့အပေါ် အရင်၁၉၉၀အထွေထွေရွေးကောက်ပွဲကာလကလည်း တိုင်းရင်းသားဒေသတွေမှာတိုင်းရင်းသားတွေပဲ နိုင်တာများပါတယ်လို့ ဖြေစရာရှိပါတယ်။ ဒါပေမဲ့ အခြေအနေက မတူပါဘူး။ အဲဒီ ၁၉၉၀ ပြည့်နှစ်တုန်းက အင်အားကြီးတိုင်းရင်းသားပါတီ အားလုံးဟာ အင်န်အယ်လ်ဒီနဲ့ နီးနီးကပ်ကပ် ဆက်ဆံရေးရှိခဲ့ပြီး အင်န်အယ်လ်ဒီကိုယ်ပွားတွေလို့တောင် ပြောလို့ရတဲ့အနေအထားပါ။ အဲဒီကာလက အဲဒီတိုင်းရင်းသားပါတီတွေသာ အင်န်အယ်လ်ဒီနဲ့ မနီးစပ်ခဲ့ဘူးဆိုရင် ရွေးကောက်ပွဲနိုင်ဖို့ ခဲယဉ်းပါလိမ့်မယ်။ အခု အခြေအနေကတော့ အဲဒီလိုမဟုတ်ပါဘူး။ တိုင်းရင်းသားပါတီများကြားမှာ အင်န်အယ်လ်ဒီပါတီအပေါ် မယုံသင်္ကာမှုတွေ ကြီးလာနေပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ပြည်နယ်တွေ သွားရင် သောင်းသောင်းဖြဖြ ကြိုဆိုကြတယ်ဆိုတာမျိုးရှိတော့ အင်န်အယ်လ်ဒီနဲ့ တိုင်းရင်းသားက တစ်ဖက်၊ အုပ်ချုပ်သူက တစ်ဖက် ဒီလိုတွက်ကြတယ်။

အခုသူတို့(နိုင်ငံတကာ လေ့လာသူတွေ)နဲ့ တွေ့တဲ့ တိုင်းရင်းသား အတော်များများက အင်န်အယ်လ်ဒီရဲ့ ခေါင်းဆောင်ပိုင်းကို မထောက်ခံရုံတင် မဟုတ်ဘူး။ ဝေဖန်လာကြတာ တွေ့ရတော့ အံ့အားသင့်ကြပြန်တယ်။

တိုင်းရင်းသားဒေသတွေမှာဆိုလည်း ကချင်ပြည်နယ်ဆိုရင် ကချင်လို့ပဲ တွက်လို့မရဘူး။ အခြား အင်အားကြီး ရှမ်း၊ ဗမာစတဲ့ တိုင်းရင်းသားတွေ ရှိတယ်။ ကရင်ပြည်နယ်မှာဆိုလည်း ကရင်ပြည်နယ်မှာရှိတဲ့ကရင်ထက်မြစ်ဝကျွန်းပေါ်မှာနေတဲ့ကရင်ကပိုများတယ်။

**စာမျက်နှာ(၃၂)သို့**

# Business

7DAY NEWS JOURNAL

Vol.12, No.19 • JULY 17 , 2013




ဓာတ်ပုံ - reuters

တန်ဖိုးကြီးသည့် ဇိမ်ခံသင်္ဘောများ

# မြန်မာကသစ်အလုံးလိုက်တင်ပို့မှုပိတ်ပင်ခြင်းကြောင့် ဂယက်ရိုက်ခဲ့သည့် ကမ္ဘာ့ဇိမ်ခံရွက်လှေများ

အရှေ့တောင်အာရှ မုတ်သုံရွက်ပြတ်တောများ၏ ရာသီဥတုက ကျွန်းပင်များကို သန်မာခိုင်ခံ့စေသည်။ ဇိမ်ခံရွက်သင်္ဘောဆောက်လုပ်သူများကရှည်လျားသောကျွန်းတုံးကြီးများကို သင်္ဘောဆောက်ရာတွင် အရှည်လိုက်အသုံးပြုလိုက်သောအခါ ထိုရွက်သင်္ဘောများက အခိုင်ခံ့ဆုံးဖြစ်သွားသည်။ ထိုကဲ့သို့ အဖိုးထိုက်တန်သောကျွန်းသစ်သည် ကမ္ဘာပေါ်၌ နိုင်ငံလေးခုတွင်သာ ပေါက်ရောက်ပါသည်။ မြန်မာ၊ အိန္ဒိယ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့ပင်ဖြစ်၏။

ယခုကဲ့သို့ ကမ္ဘာပေါ်က သူဌေးကြီးများအတွက် ဇိမ်ခံရွက်သင်္ဘောများကို ကျွန်းနှင့်ဆောက်လုပ်သည်မှာ ဈေးကြီးလှသည်။ ယခုထက်ပို၍လည်း ဈေးကြီးရန်အကြောင်းရှိလာပါသည်။ အဘယ်ကြောင့်ဆိုသော် လာမည့် ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက် မှစပြီး မြန်မာအစိုးရက သစ်အလုံးလိုက်တင်ပို့မှုကို တားဆီးပိတ်ပင်မည်ဖြစ်သည်။

ယခုလိုသစ်အလုံးလိုက်တင်ပို့မှုကို မြန်မာက ရပ်လိုက်မည်ဆိုပါက ကမ္ဘာ့ကျွန်းသစ်ဈေးကွက်တွင်ကြီးမားသောဂယက်ရိုက်ခတ်မှုကြီးဖြစ်လာနိုင်သည်။ အကြောင်းရင်းက ကမ္ဘာ့ကျွန်းသစ်ဈေးကွက်၏ ၇၅ ရာခိုင်နှုန်း မူလအရင်းအမြစ်မှာ မြန်မာနိုင်ငံဖြစ်သည်။

၂၀၀၀ ပြည့်နှစ်ဝန်းကျင်မှာ အမေရိကန်နှင့် ဥရောပသမဂ္ဂက စီးပွားရေးပိတ်ပင်မှု ပြုလုပ်ထားလင့်ကစား မြန်မာက ကမ္ဘာ့ကျွန်းသစ်ဈေးကွက်ကို ကြာရှည်စွာလွှမ်းမိုးချုပ်ကိုင်ထားသော နိုင်ငံဖြစ်သည်။

သစ်ကုန်သည်များကပိတ်ဆို့မှုများကို ချိုးဖောက်ပြီး မြန်မာ့သစ်များကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့သည်။ ထိုနိုင်ငံများတွင် ခွဲစိတ်ဖြတ်တောက်ပြီးသောအခါအနောက်နိုင်ငံများက ဇိမ်ခံသင်္ဘောများထုတ်လုပ်သည့် အလုပ်ရုံများသို့တင်ပို့သည်။ အိန္ဒိယက ထိုဈေးကွက်တွင် အရှေ့ဆုံးက ဦးဆောင်နေပြီး တရုတ်နှင့်ထိုင်းက အနောက်က လိုက်သည်။

သို့သော်လည်း ထိုသစ်အရောင်းအဝယ်သည် မြန်မာနိုင်ငံတွင် ခွဲစိတ်ဖြတ်တောက်ပြီးမှ တင်သွင်းလာခြင်းဖြစ်သည်။ ထို့ကြောင့် ထိုသစ်တင်ပို့မှုကိုမြန်မာမှပိတ်ပင်လိုက်ပါက အနောက်နိုင်ငံများအနေဖြင့် မြန်မာသစ်များကို တင်ပို့နိုင်မည်မဟုတ်တော့ပါ။ ကမ္ဘာတွင်မြန်မာနိုင်ငံတစ်ခုတည်းသာ အရွယ်အစားမီ နဂိုချောသဘာဝသစ်တောထွက် သစ်လုံးများကို တင်ပို့နေသော နိုင်ငံဖြစ်သည်။ သစ်အလုံးလိုက်တင်ပို့မှုကို ပိတ်ပင်လိုက်ခြင်းဖြင့်မြန်မာပြည်တွင်းသစ်စက်များအတွက် အကျိုးဖြစ်ထွန်းလာမည်ဟုမြန်မာအစိုးရက မျှော်လင့်နေပါသည်။

သစ်တောပြုန်းတီးမှုကလည်းမြန်မာအစိုးရ၏ သစ်အလုံးလိုက်တင်ပို့မှုကို ရပ်ဆိုင်းရသည့် အခြား အကြောင်းတစ်ခုဖြစ်သည်။ မြန်မာက တစ်နှစ်ကို သစ်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ခန့်ရနေသော်လည်း

**စာမျက်နှာ( ၂၈)သို့**

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၇၂ | ၉၈၂ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၅၉ | ၇၇၁ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၂၄၈ | ၁၂၆၆ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၁. ၄ | ၃၁. ၈ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၆ | ၁၆၀ | ကျပ် |

၂၀၁၃ ဇူလိုင် ၁၃ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၆၁၆ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၆၅၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၉. ၂၁ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၃၇၃ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၉. ၈၈၁ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၆၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၂၃. ၈၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၇၄ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၁၃ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၉၉၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၂၀၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၃၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၈၅ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၁၀၄၉ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၈၄၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၅၉၄ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၆၃၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၆ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၇၇. ၀၀ |
| ရေနံစိမ်း | စည် | ၁၀၉. ၀၅ |
| ငွေ | အောင်စ | ၁၉. ၈၉ |
| ကြေးနီ | ပေါင် | ၃. ၁၇ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၆၄ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဇူလိုင် ၁၃ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




7 DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013

# ငွေစက္ကူအတုအစစ်ခွဲနိုင်သည့် ငွေရေစက် အရောင်းသွက်

**ဖွဲ့မာန်**

**ရန်ကုန်၊ ဇူလိုင်-၁၃**

ငွေစက္ကူအတုများ ပြည်တွင်း၌ ပျံ့နှံ့လာမှုကြောင့် ငွေအတုအစစ် ခွဲခြားပေးသည့် ငွေရေစက်များ အရောင်းအဝယ်ဖြစ်နေကြောင်း ဈေးကွက်အတွင်းမှ သတင်းရရှိသည်။

ငွေစက္ကူအတု၊ အစစ်ခွဲခြားပေးနိုင်သည့် ငွေရေစက်အသေးတစ်လုံးလျှင် ပျမ်းမျှကျပ်တစ်သိန်းခွဲဝန်းကျင်သာရှိသောကြောင့် လုပ်ငန်းရှင်များ၊ ကုန်သည်များသာမက အသေးစားလက်လီရောင်းချသည့်ဆိုင်များပါ အသုံးပြုလာကြကြောင်းသိရသည်။

"ငွေရေတဲ့အပြင် ငွေစက္ကူအတုအစစ်လည်း ခွဲခြားပေးတဲ့ နည်းပညာပါတယ်။ အရွယ်အစားရောဈေး နှုန်းပါသင့်တင့်တဲ့အတွက် လူကြိုက်များတယ်။ အခုတစ်လော ငွေစက္ကူအတုပြဿနာ မကြခဏပေါ်နေလို့ အခုလို ဈေးကွက်မှာ အဝယ်လိုက်နေတာလို့ထင်ပါတယ်။ ပစ္စည်းပြတ်လို့ ကြိုတင်မှာထားရတဲ့သူတွေတောင်ရှိတယ်"ဟု ငွေရေစက်တင်သွင်းရောင်းချသည့် SOGOကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြည်သူများငွေစက္ကူအတုအစစ်ခွဲခြားနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အတုအစစ်ခွဲခြားနိုင်သည့်အချက်အလက်များထုတ်ပြန်ကြေညာထားသော်လည်း အရေအတွက်များသည့်အခါ တစ်ရွက်ချင်းစစ်ဆေးရန် အခက်အခဲရှိသောကြောင့် ယခုကဲ့သို့ငွေစက္ကူအတုအစစ် ခွဲခြားပေးနိုင်သည့် စက်ကိုအသုံးပြုရခြင်းဖြစ်ကြောင်း ကုန်သည်တစ်ဦးကပြောသည်။

ကျပ်ငါးထောင်တန်၊ ကျပ်တစ်သောင်းတန်များကိုပုံသဏ္ဍာန်မျိုးစုံနှင့်အတုပြုလုပ်ကြပြီး ရောင်စုံမိတ္တူကူးစက်ဖြင့် ပြုလုပ်ပါက ငွေရေစက်ဖြင့် ခွဲခြားနိုင်သော်လည်း အဆင့်မြင့်စက်ကြီးများဖြင့် ထုတ်လုပ်ထားသော ငွေစက္ကူများမှာ ဌာနမှကျွမ်းကျင်သူများသာသိနိုင်ကြောင်း မှုခင်းစုံစမ်းဌာန(CID)မှ အငြိမ်းစားရဲမှူးတစ်ဦးက ပြောသည်။



*ကျပ်တစ်သောင်းတန်များ ငွေရေစက်ဖြင့်ရေတွက်နေသည်ကိုတွေ့ရစဉ်* ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**စာမျက်နှာ( ၂၇)မှ**

**မြန်မာက သစ်အလုံးလိုက်တင်ပို့မှု ပိတ်ပင်ခြင်းကြောင့် ဂယက်ရိုက်ခဲ့တဲ့ ကမ္ဘာ့ဇိမ်ခံရွက်လှေများ**

သစ်တောများပြုန်းတီးမှုက အတော်ဆိုးရွားနေသည်။ ၂၀၀၅ ခုနှစ်တွင် နိုင်ငံ၏ ၅၁ ရာခိုင်နှုန်းကို ဖုံးလွှမ်းခဲ့သည့် မြန်မာသစ်တောများသည် ယခု ထိုပမာဏ၏ လေးပုံတစ်ပုံလောက်ပင်မရှိတော့ချေ။ (EIA)ခေါ် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အစီရင်ခံစာအရ ယခုကဲ့သို့ သစ်အလုံးလိုက်တင်ပို့မှုကိုဆက်တိုက်လုပ်ဆောင်နေမည်ဆိုပါက ဆယ်စုနှစ်တစ်ခုအတွင်း မြန်မာသစ်တောများ အကုန်ပြုန်းတီးသွားမည်ဟုသိရသည်။ ယခုကဲ့သို့သစ်တောပြုန်းတီးမှုကြောင့် သစ်တင်ပို့မှာ မူလ နဂိုကတည်းက ကျဆင်းနေခဲ့ခြင်းဖြစ်သည်။

သို့အတွက်မြန်မာအစိုးရက သစ်အလုံးလိုက်တင်ပို့မှုကို ပိတ်ပင်ခြင်းသည် အမှန်တကယ် လုပ်သင့်လုပ်ထိုက်သောလုပ်ဆောင်မှုဖြစ်သည်။ သို့သော်လည်း ထိုကဲ့သို့ ပိတ်ပင်ခြင်းသည် အခြေအနေကို ပိုမိုဆိုးရွားကောင်း ဆိုးရွားသွားဖို့လည်းရှိသည်။

သစ်ကိုခွဲစိတ်လိုက်ပါက အဆိုပါသစ်သည် မည်သည့်နေရာကလာသည်ဆိုသည်ကို အပြောရခက်သွားမည်။ ထို့ကြောင့် တရားမဝင်သစ်ခိုးထုတ်မှုကို အားပေးသကဲ့သို့ ဖြစ်လာနိုင်မည်။

တင်ပို့မှုနည်းသွားပါက ဇိမ်ခံသင်္ဘောဈေးကွက်နှင့် ပရိဘောဂထုတ်လုပ်မှုဈေးကွက်တွင် ကျွန်းသစ်ဈေးနှုန်းမြင့်တက်လာမည်။ တရုတ်အစိုးရက မြန်မာမှတရားမဝင်သစ်ခိုးသွင်းမှုကို ပိတ်ထားသော်လည်း မြန်မာနှင့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ တိုက်ပွဲများကို အခွင့်ကောင်းယူ၍ တရုတ်သစ်မှောင်ခိုများက တင်သွင်းနေမြဲဖြစ်သည်။ သူတို့သည် နှစ်စဉ်ကုဗမီတာ ငါးသိန်းခန့်ရှိသော ကျွန်းသစ်များကို နယ်စပ်မှ ခိုးထုတ်နေကြသည်။

အမေရိကနှင့် ဥရောပက စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းလိုက်သည့်အခါ ဝယ်လိုအားမြင့်တက်လာပြီး ကျွန်းသစ်ဈေးနှုန်းကလည်း တက်လာသည်။ သစ်တင်သွင်းသူများကလည်း ပိတ်ပင်မှုကိုတွက်ချက်ပြီး ဈေးများကိုမြှင့်ရောင်းသည့်အတွက် ဈေးနှုန်းများက ပိုမြင့်တက်လာသည်။ ထိုအခြေအနေက ဖွံ့ဖြိုးစအခြေအနေမှာရှိသည့် မြန်မာပြည်တွင်းသစ်ခွဲစက်များကို အခြေအနေကောင်းလာဖွယ်ရာရှိသည်။ သို့သော်လည်း သစ်ရှားပါးလာပါက သစ်ခိုးထုတ်မှုများ ပိုတိုးလာမည်ဖြစ်သည်။ ထိုအရာများကို ကာကွယ်ရန် မြန်မာနိုင်ငံအစိုးရ၏ ကာကွယ်စောင့်ရှောက်နိုင်မှုက အဓိကအချက်အချာဖြစ်လာနိုင်သည်။

**(QuartZ စာစောင်ပါ Myanmar's teak export ban could knock the floor out from under the yacht industry-literally ကိုထားထားမြင့် ဘာသာပြန်ဆိုသည်။)**





# တရုတ် စီးပွားရေးနှေးကွေးမှုနှင့် နိုင်ငံရေး

ကြည်နေဝင်းမင်း

ရက်ပိုင်းအတွင်း ဘဏ်အချင်းချင်းငွေချေးငှားမှု အတိုးနှုန်းများ တစ်ဆယ်ရာခိုင်နှုန်းကျော်သွားခဲ့သည့် တရုတ်နိုင်ငံ၏ မကြာသေးမီကအဖြစ်အပျက်မှနေ၍ ကမ္ဘာ့ဒုတိယအကြီးဆုံးစီးပွားရေးနိုင်ငံမှာ ဘဏ္ဍာရေးမတည်ငြိမ်မှုရှိနေပြီး စီးပွားကျဆင်းမှုကြမ်းကြမ်းဆီဦးတည်နေသည်ကိုအတည်ပြုပေးလိုက်ပါသည်။ ကြွေးမြီဖွံ့ဖြိုးလာခြင်းတွန်းအားများ (၂၀၀၈ မှ ၂၀၁၂ ခုနှစ်အတွင်း ကြွေးမြီကြီးထွားမှုမှာ နိုင်ငံ့ GDP ၏ ၃၀ ရာခိုင်နှုန်းရှိသည်။) ဖြင့် တရုတ်နိုင်ငံ၏ စီးပွားရေး၌ ချေးငွေဖြင့် အရင်းမတည်မှုနှုန်းမှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အလယ်အလတ်နိုင်ငံများကြားတွင် အမြင့်ဆုံးဖြစ်နေပြီး ယင်းအတွက် အဆုံးသတ်ကောင်းမည် မဟုတ်ပါ။

အမှန်တကယ်ပင် ဘဏ္ဍာရေးဆန်းစစ်သော Noruma Securities အဖွဲ့က မကြာသေးမီက လုပ်ဆောင်ခဲ့သော လေ့လာမှုတွင်လက်ရှိတရုတ်နိုင်ငံ၏ဘဏ္ဍာရေးအန္တရာယ်ရှိမှုအနေအထားမှာ ထိုင်း၊ ဂျပန်၊ စပိန်နှင့် အမေရိကန်နိုင်ငံတို့တွင် ဘဏ္ဍာရေးအကျပ်အတည်းမတိုင်မီအနေအထားများနှင့် ဆင်တူနေကြောင်းတွေ့ရှိခဲ့သည်။ ဘဏ္ဍာရေးအကျပ်အတည်းရိုက်ခတ်မှုခံစားခဲ့ရသော ၎င်းနိုင်ငံတစ်နိုင်ငံချင်းစီတွင် ပြည်တွင်း ကြွေးမြီနှင့်ဂျီဒီပီအချိုးမှာ ငါးနှစ်တာ ကာလအတွင်း ၃၀ ရာခိုင်နှုန်းသို့ရောက်ရှိခဲ့ပြီး မကြာမတင်မှာပင် ကြွေးမြီ ပူဖောင်းပေါက်ခဲ့ကြသည်။

တရုတ်နိုင်ငံ၏ ကြွေးမြီနှင့်အရင်းမတည်မှု အလွန်မများပြားဟုပြောသူစီးပွားရေးပညာရှင်များတစ်နေ့တခြားနည်းလာပါသည်။ သေချာသည်ကတော့ ချေးငွေဖွံ့ဖြိုးလာခြင်းကို လျော့နည်းစေရန် ဇွန်လအတွင်းက ငွေချေးယူမှုတင်းကျပ်ရေးလုပ်ဆောင်ခဲ့သော တရုတ်ဗဟိုဘဏ်က ချေးငွေဖြင့်ငွေရင်းမတည်မှု ပမာဏမှာ အန္တရာယ်ရှိသော အဆင့်ရောက်ရှိနေပြီဟု ယုံကြည်နေပုံရပါသည်။ ယခုအချိန်၌ အဖြေပေးရမည့်မေးခွန်းမှာ မည်သည့်အချိန်တွင်၊ မည်သို့မည်ပုံချေးငွေဖြင့်ငွေရင်းမတည်မှုလျော့ချမှု ဖြစ်ပေါ်မည်နည်းဆိုသောအချက်ဖြစ်သည်။

လောလောဆယ်တွင် တရုတ်စောင့်ကြည့်သူများကဖြစ်နိုင်ခြေအနေအထားနှစ်ခုအပေါ် အဓိကထားကြည့်ရှုနေကြသည်။ ပထမအနေအထားမှာ တရုတ်ခေါင်းဆောင်သစ်များက ကြွေးမြီဖွံ့ဖြိုးတိုးတက်မှုကို ထိန်းချုပ်ရေးကိုယ်ပိုင်တီထွင်ထားသော ပေါ်လစီများချမှတ်၍ အကြွေးဖြင့် အရင်းတည်ထားသူများကို လူမွဲစာရင်းဝင်သွားစေခြင်းဖြစ်သည်။ ယင်းနှင့်အတူ မတည်ရင်းနှီးငွေပျောက်ဆုံးမှုများမရှိစေရန်ဈေးကွက်အတွင်းသို့ ငွေကြေးအရင်းအမြစ်များ ထည့်သွင်းခြင်းလုပ်ဆောင်ပါက အကျ ညင်သာနိုင်သည်။ ချေးငွေများအပေါ်အလွန်အမင်းအားကိုးခဲ့သော တရုတ်ဂျီဒီပီမှာမူ နစ်နာနိုင်သည်။ သို့သော်ချေးငွေဖြင့်အရင်းမတည်ခြင်းလျှော့ချရေးလုပ်ငန်းစဉ်မှာ စနစ်တကျနှင့် တဖြည်းဖြည်းဖြစ်ပေါ်ပါလိမ့်မည်။

ဒုတိယအနေအထားမှာ တရုတ်ခေါင်းဆောင်များသည် ချေးငွေဖွံ့ဖြိုးတိုးတက်ခြင်းကို ထိန်းချုပ်ရန်ပျက်ကွက်ခြင်းအနေအထားဖြစ်သည်။ အဓိကအားဖြင့် ချေးငွေဖြင့် ငွေရင်းမတည်မှုများနေသော ဒေသဆိုင်ရာ ပြည်နယ်အစိုးရများ၊ အဆက်အသွယ်ကောင်းများရှိသည့် ဆောက်လုပ်ရေးကုမ္ပဏီများနှင့် နိုင်ငံပိုင် လုပ်ငန်းများက ၎င်းတို့၏ ဘဏ္ဍာရေးရရှိမှုကိုဖြတ်တောက်ပြီး ငွေကြေးအကျပ်ရိုက်နိုင်သည့် ပေါ်လစီများကို ဆန့်ကျင်ခြင်းမျိုးဖြစ်နိုင်ပါသည်။ ယင်းမှနေ၍ တရုတ်နိုင်ငံ၏ ဘဏ္ဍာရေးစနစ်ပြိုလဲ၍ ဖွံ့ဖြိုးတိုးတက်မှုကျဆင်းကာ ငွေချေးထားသူများကလည်း ပြန်ဆပ်ရန်ပျက်ကွက်ပြီး ကသောင်းကနင်းအခြေအနေများဆက်လက်ဖြစ်ပေါ်ခြင်းမျိုးဖြစ်သည်။

ယင်းအနေအထားနှစ်ရပ်မှနေ၍ စိတ်ဝင်စားစရာ လေ့လာတွေ့ရှိချက် နှစ်ရပ်ပေါ်ထွက်လာသည်။ ပထမတစ်ချက်မှာ ချေးငွေဖြင့် ငွေရင်းမတည်ခြင်းတိုက်ဖျက်မှုကို မဖြစ်မနေလုပ်ဆောင်ရမည်ဟူသော အချက်ဖြစ်ပြီး ဒုတိယတစ်ချက်မှာ ဘဏ္ဍာရေးကသောင်းကနင်းဖြစ်မှု လိုက်ပါလာမည်ဆိုသော အချက်ဖြစ်သည်။

သို့ဆိုလျှင် ချေးငွေဖြင့် မတည်ရင်းနှီးမှုကို ချေဖျက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု လျော့ကျလာသော ခေတ်တွင် တရုတ်နိုင်ငံ၏ နိုင်ငံရေးအပေါ် သက်ရောက်မှုမည်သို့ရှိမည်နည်းဆိုသော မေးခွန်းပေါ်လာသည်။

အများစုကမူ ဘဏ္ဍာရေးလျော့ပါးလာမှုနှင့် ဂျီဒီပီဖွံ့ဖြိုးမှုနှေးကွေးလာခြင်းက စီးပွားရေးအားကောင်းမှုအပေါ် အခြေခံထားတည်ဆောက်ထားသော တရုတ်ကွန်မြူနစ်ပါတီ (CCP)ရပ်တည်မှုအပေါ် လေးနက်သော ခြိမ်းခြောက်မှုဖြစ်လာစေသည်ဟု ဆိုကြသည်။ အလုပ်လက်မဲ့မြင့်တက်လာခြင်းက လူမှုရေးမငြိမ်မသက်မှုဖြစ်စေနိုင်သည်။လူလတ်တန်းစားများက ပါတီအပေါ် ဆန့်ကျင်လာနိုင်သည်။ ထို့အပြင် စီးပွားရေးအရ ဖိစီးမှုများက မတူညီသော လူမှုအုပ်စုများ အပေါ် တစ်ပြိုင်နက်တည်းသက်ရောက်မှုရှိလာသောကြောင့်လည်း CCP ဆန့်ကျင်ရေးကျယ်ပြန့်သော(နိုင်ငံရေး)မဟာမိတ်အဖွဲ့ပေါ်ပေါက်ရေးဆီလည်း ဦးတည်သွားနိုင်သည်။

ထို့အပြင် ကြီးမားသော စီးပွားရေးနေရာမကျဖြစ်မှုက ရေပေါ်ဆီအုပ်ချုပ်ရေးလူတန်းစားအလွှာ လက်ယှက်ထိုးထားမှုကိုဖျက်ဆီးပစ်နိုင်ပြီး ၎င်းတို့အပေါ် နိုင်ငံရေးအရ တိုက်ခိုက်မှုလွယ်ကူစေနိုင်ပါသည်။ အမှန်တကယ်တွင်လည်း ချေးငွေဖြင့် ငွေရင်းမတည်ခြင်းကို ခြေဖျက်ခြင်းဖြစ်ပေါ်ပါက ရေပေါ်ဆီအုပ်ချုပ်ရေးလူတန်းစားကို ချက်ချင်းလက်ငင်းထိခိုက်နိုင်ပါသည်။ တရုတ်နိုင်ငံတွင် ချေးငွေအများအပြားရရှိနိုင်စဉ် ကာလအတွင်းရှေ့မကြည့်၊ နောက်မကြည့်ချေးယူသူများမှာ သေးငယ်သော ပုဂ္ဂလိကကုမ္ပဏီများနှင့်သာမန်စားသုံးသူများမဟုတ်ပါ။ယင်းသို့ချေးယူသူများမှာ ဒေသခံ(ပြည်နယ်)အစိုးရများ၊ အဆက်အသွယ်ကောင်းသော ဆက်သွယ်ရေးလုပ်ငန်းရှင်များ (၎င်းတို့ထဲမှ အများအပြားမှာ အစိုးရအရာရှိကြီးများ၏ မိသားစုဝင်များနှင့် ပူးပေါင်းလုပ်ကိုင်နေကြသည်)အစိုးရပိုင်လုပ်ငန်းဌာနများဖြစ်သည်။ သဘောတရားအရဆိုပါက ချေးငွေဖြင့် ငွေရင်းမတည်ခြင်းကို အောင်မြင်စွာ ချေဖျက်နိုင်ရန်မှာ ယင်းလုပ်ငန်းကြီးများ၏ ကြွေးမြီများကို ပြန်လည်ပြင်ဆင်ဖွဲ့စည်း၍ ၎င်းတို့အားလူမွဲစာရင်းသွင်းခြင်းဟု ဆိုရပါလိမ့်မည်။

တစ်ဖက်တွင်လည်း ယင်းပုဂ္ဂိုလ်များမှာ ၎င်းတို့၏ ချမ်းသာကြွယ်ဝမှုများကို ဆက်လက် ထိန်းသိမ်းထားနိုင်ရေး အပြင်းအထန်ကြိုးစားရန် နိုင်ငံရေး အဆက်အသွယ်ရှိသူများဟုဆိုနိုင်သည်။ သို့သော်လည်း တရုတ်နိုင်ငံ၏ ချေးငွေပူဖောင်းကြီးမားမှုနှင့် ဘဏ်စနစ်အားပြန်လည်ထူထောင်မတည်ရေး ငွေကြေး တောင်ပုံရာပုံလိုအပ်မှုကို ထောက်ရှုပါက ရေပေါ်ဆီများထဲမှ အချို့ကိုသာ ကယ်တင်နိုင်ပါလိမ့်မည်။ ဤတွင် ကယ်တင်ခြင်းမခံရသူများက ကယ်တင်ခြင်းခံရသူများအပေါ် အာဃာတများ သိုမှီထားပါလိမ့်မည်။

နိုင်ငံ၏ စုစုပေါင်း ထုတ်ကုန်တန်ဖိုး (GDP)နှေးကွေးလာခြင်းက သီးခြားနိုင်ငံရေးမျှခြေညီမှုပုံစံ တစ်ရပ်နှင့် တည်ရှိနေသော ညီ ညွတ်မှုကို အားနည်းစေနိုင်ပါသည်။ လက်ရှိတရုတ်နိုင်ငံတွင် တည်ရှိနေသော စနစ်မှာ ပုံစံတစ်မျိုးဖြစ်ပြီး အုပ်ချုပ်ရေးအလွှာရေပေါ်ဆီများမှာ အားလုံးမျှဝေခံစားသော ယုံကြည်မှုများ၊ တန်ဖိုးများ၊ စည်းကမ်းများနှင့် စုစည်းမိနေကြခြင်းမဟုတ်ဘဲ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို ကိုယ်စီဖဲ့ယူရပ်တည်နေကြခြင်းဖြစ်သည်။ ဖွံ့ဖြိုးမှုမြင့်မားသော အခြေအနေတွင် သွားရည်ယိုလောက်သော ကန်ထရိုက်များ၊ စီမံကိန်းများကို တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းစီက အားကိုးရပ်တည်နိုင်ပါသည်။ ဖွံ့ဖြိုးမှု ယိမ်းယိုင်လာချိန်၌ ပါတီအဖွဲ့ဝင်များအကြား စားနပ်ရိက္ခာတိုက်ပွဲများ မြင်မကောင်းဖြစ်လာပါလိမ့်မည်။


ချေးငွေဖြင့် ငွေရင်းမတည်ခြင်း ချေဖျက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးလာခြင်းအပေါ် စိုးရိမ်ပူပန်မှု အများဆုံးရှိသူများမှာ နိုင်ငံ၏ သမ္မတနှင့် CCP အထွေထွေအတွင်းရေးမှူး စီကျင်ပင်းနှင့် ဝန်ကြီးချုပ် လီကီကျန်းတို့ပင်ဖြစ်ပါသည်။ ချေးငွေချေဖျက်မှုအစီအစဉ်မှာ မြန်ဆန်ပြီး စနစ်တကျရှိပါက ယင်းခေါင်းဆောင်နှစ်ဦးမှာ ၂၀၁၇ ခုနှစ်ဒုတိယအကြိမ်ပြန်လည်ရာထူးခန့်အပ်မှုအတွက် အချိန်မီပင် ပိုမိုအင်အားကောင်းလာပါလိမ့်မည်။

မစ္စတာ စီနှင့် မစ္စတာ လီတို့မှာ စီးပွားရေးအရ ကြီးပွားတိုးတက်စည်ပင်မှုနှင့်ကြီးမြတ်သော နိုင်ငံဖြစ်စေရမည်ဟူသော CCP ၏ ကတိကဝတ်နှင့် ခွဲခြားမရအောင်ပင် ချိတ်ဆက်နေပါသည်။ ယင်းအတွေးအခေါ်နှစ်ခုကို "တရုတ်အိပ်မက်"ဟူသော တရားဝင်ကြွေးကြော်သံ၌ ဌာပနာထားပါသည်။ သို့ဆိုလျှင် အကယ်၍များ နိုင်ငံရေးအိပ်မက်ဆိုးနှင့် ရင်ဆိုင်လာရပါက ၎င်းတို့အနေဖြင့် မည်သို့ကိုင်တွယ်ကြမည်နည်း။

*—Ref: The Politics Of Slowing China*

7 DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013

# 7DAY BOOK REVIEW







## ကံကောင်းခြင်း၏နောက်ကွယ်နှင့် အခြားဆောင်းပါးများ

(အောင်အောင် - IR)

"ပညာသင်ဆုနှင့် ပတ်သက်၍ လူအများနားလည်ထားသည်မှာ ကြိုးစားရမည်။ စာတော်ရမည်။ အင်္ဂလိပ်စာကောင်းရမည်ဟူ၍ပင်။ မှန်ပါသည်။ သို့သော်ကြိုးစားတိုင်းမဖြစ်တာ၊ စာတော်တိုင်းမရတာ၊ အင်္ဂလိပ်စာကောင်းတိုင်း အဆင်မပြေတာ အများကြီးဖြစ်တတ်သည်။ စည်းစနစ်ကျဖို့နှင့် အထွေထွေဗဟုသုတကိုတော့ အားနည်းတတ်ကြသည်။ စည်းစနစ်ကျဖို့ဆိုသည်မှာ နည်းမှန်လမ်းမှန်နှင့်ဖြတ်ထိုးဉာဏ်သုံးဖို့ပြောခြင်းဖြစ်သည်။ အထွေထွေဗဟုသုတဆိုသည်မှာကိုယ့်အပေါ်မှာတစ်ဖက်လူက အထင်အမြင်(Impression)ကောင်းလာစေရန်ကို ဆိုလိုပါသည်။ ထိုသို့စည်းစနစ်ရှိဖို့အထွေထွေဗဟုသုတရှိရန်မှာ ငွေကုန်ကြေးကျခံစရာမလိုပါ။ လုပ်ယူ၍ ရပါသည်"ဟုစာရေးသူကဆောင်းပါးတစ်နေရာတွင်ဖော်ပြထားသည်မှာလူငယ်များ အတွက်စိတ်ဝင်စားဖွယ်ကောင်းပါသည်။ ပညာရေးကို လိုလားသော လူငယ်များဝယ်ယူဖတ်ရှုသင့်သောစာအုပ်၊လူမှုရေး၊နိုင်ငံရေးစိတ်ဝင်စားသူများဖတ်ရှု သိမ်းဆည်းထားသင့်သောစာအုပ်ဖြစ်သည်။ တန်ဖိုး ၂,၅၀၀ကျပ်နှင့် တနင်္သာရီစာပေက ထုတ်ဝေသည်။

## စနစ်တစ်ခုကိုတော်လှန်ခြင်း (သို့မဟုတ်) သမိုင်းဝင်ဒီမိုကရေစီအရေးတော်ပုံ

(သာညက် – ရန်ကင်း)

ဓာတ်ပုံသတင်းထောက်တစ်ဦး တွေ့ကြုံဖြတ်သန်းခဲ့ရသည့် ရှစ်လေးလုံးအရေးတော်ပုံကာလ အခြေအနေကိုဂုဏ်သိမ်းဆည်းမှတ်တမ်းတင်ထားသည့်ဓာတ်ပုံများ၊ သတင်းများနှင့် ဝေဝေဆာဆာတင်ပြထားရာ ရှစ်လေးလုံးအရေးတော်ပုံကာလအတွင်းနိုင်ငံပိုင်သတင်းစာများ၏ ဖော်ပြချက်များသာမက ပုဂ္ဂလိကသတင်းစာများ၏ ဖော်ပြချက်များကိုပါဖတ်ရှုရမည်ဖြစ်သည်။

"ကျွန်တော်ကတော့ဒီမှတ်တမ်း ဒီဓာတ်ပုံတွေကိုကျွန်တော့်ရဲ့ ဟောင်းနွမ်းနေတဲ့ သေတ္တာအိုထဲမှာပဲ ဟောင်းနွမ်းဆွေးမြည့်သွားစေမယ့်၊ တန်ဖိုးမဲ့မှတ်တမ်းများအဖြစ်တော့ အဖြစ်မခံနိုင်ပါဘူး။ ဒါကြောင့်ကျွန်တော့်ရဲ့ရင်ထဲမှာနှစ်ပေါင်းနှစ်ဆယ့်ငါးနှစ်ကိန်းအောင်းနေတဲ့ ငါ့ရဲ့ ဒီသတင်းမှတ်တမ်းတွေ၊ ဓာတ်ပုံမှတ်တမ်းတွေကို နောင်လာနောင်သားမျိုးဆက်သစ်လူငယ်တွေသိထား၊မြင်သွား စေဖို့ ဘယ်အချိန်ဘယ်ကာလကျမှပဲ ထုတ်ဖော်ပြသသွားနိုင်ပါ့မလဲလို့ အမြဲတမ်းစဉ်းစားနေမိခဲ့ရတယ်"ဟု စာရေးသူ၏ စေတနာကိုအမှာစာတွင် လှစ်ဟထားသည်။ မဇ္ဈိမ စာပေကထုတ်ဝေပြီး တန်ဖိုး ၂,၅၀၀ ကျပ်ဖြင့်ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ကမ္ဘာ့ဧရိယာအသေးငယ်ဆုံး ၁၀ နိုင်ငံ

ကမ္ဘာ့ပေါ်တွင် အသေးဆုံးနိုင်ငံမှာ အီတလီနိုင်ငံ ရောမမြို့တော်မှ သီးခြားလွတ်လပ်သည့် ပုပ်ရဟန်းမင်းကြီးရှိရာနိုင်ငံ ဗာတီကန်ဖြစ်သည်။ အသေးငယ်ဆုံးနိုင်ငံ ၁၀ ခု စာရင်းကို အစဉ်လိုက်ဖော်ပြရလျှင်ဗာတီကန်၊ မိုနာကို၊နော်ရူးကျွန်း၊ တူဗာလူ၊ ဆန်မာရီနို၊ လစ်ချင်စတိန်း၊ မာရှယ်ကျွန်း၊ စိန့်ကစ်အန်နီဗစ်၊ ဆေချဲလတ်စ်၊မော်လ်ဒိုက်တို့ဖြစ်ကြသည်။ ထိုနိုင်ငံများသည် ဗာတီကန် (၀ ဒသမ ၂စတုရန်းမိုင်)မှ မော်လ်ဒိုက် (၁၁၅ စတုရန်းမိုင်)အထိ အကျယ်အဝန်းအများဆုံး ၁၀၀ စတုရန်းမိုင်ကျော်ကျော်ဝန်းကျင်သာရှိသည်ကို တွေ့နိုင်သည်။ ထို့အပြင် ယင်းနိုင်ငံများမှ ဗာတီကန်၊ မိုနာကို၊ ဆန်မာရီနိုနှင့် လစ်ချင်စတိန်း လေးနိုင်ငံမှလွဲ၍ ကျန်နိုင်ငံများမှာ ကျွန်းနိုင်ငံများဖြစ်သည်။

ထို့အပြင် ထိုနိုင်ငံဆယ်ခုလုံးတွင် လူဦးရေထောင်ဂဏန်းမှ သောင်းဂဏန်းထိသာရှိသည်။ ဗာတီကန်တွင် လူဦးရေ ၇၇၀ ခန့် ရှိသည်။ မော်လ်ဒိုက်တစ်နိုင်ငံတည်းသာလျှင် ကျွန်းပေါင်း ၂၀၀ ကျော်ဖြင့် ဖွဲ့စည်း ထားကာ လူဦးရေမှာလည်း သုံးသိန်းလေးသောင်းကျော်ရှိသည်။

—Ref: geography.about.com






### ARIES မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

စိတ်ချမ်းမြေ့စရာနှင့် အဆင်ပြေမှု လွှမ်းမိုးနေသည်။ အခက်အခဲ၊ အနှောင့်အယှက်များ ပြေလည်အောင်ဖြေရှင်းနိုင်မည်။ ပေါ်ပေါက်လာသည့် ပြဿနာများ ကျော်လွှားနိုင်မည်။ စကားအတိုက်အခံပြောစရာများကြုံမည်ဖြစ်သော်လည်း ကြီးမားသော အည့ံမရှိ။ စိတ်ရှည်သည်းခံမှု၏ အကျိုးဆက်များ ရရှိမည့်ကာလဖြစ်သည်။ အရာရာကို သတိနှင့်ယှဉ်ပြီး လုပ်သင့်သည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

အလွန်သတိရှိရမည်။ စိတ်ပျံ့လွင့်ခြင်းများရှိနေမည်။ ထင်ရာစိုင်း၍ တစ္စတ်ထိုးလုပ်လိုစိတ်ပြင်းထန်နေမည်။ ငွေကြေးနှင့်ပတ်သက်၍ အသုံးအဖြုန်းများနေမည်။ မှန်သည်ထင်သည့်ကိစ္စများ အမှားဖြစ်နေမည်။ မိသားစုကိုလည်းကောင်း၊ ပတ်ဝန်းကျင်ကိုလည်းကောင်း ဆန့်ကျင်သောကိစ္စများ ဆောင်ရွက်နေမည်။ အလိုရှိရာပြည့်စုံခြင်းရှိမည်။ အခက်အခဲများ ကြုံရတတ်သည်။



### GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

အည့ံကင်း၍ ကောင်းခြင်းအဖြာဖြာ လွှမ်းမိုးနေသည်။ အလိုပြည့်ခြင်း၊ အဆင်ပြေခြင်းရှိမည်။ ငွေကြေးကိစ္စထက် လူမှုရေးကိစ္စများ ဆောင်ရွက်နိုင်သော အနေအထားရှိမည်။ ရုတ်တရက်ပေါ်လာသော ပြဿနာများကို ဖြေရှင်းနိုင်မည်။ ငွေကြေးကိစ္စ စကားပြောဆိုခြင်းများ အောင်မြင်လိမ့်မည်။ မိမိအပေါ် အကျိုးပြုသောသူများနှင့် တွေ့ရမည်။ ရုတ်တရက်ဆောင်ရွက်လိုက်သော ကိစ္စများမှာ အကျိုးဆက်ကောင်းရရှိမည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

အထင်မှားမှုများ၊ ပြဿနာများ တစ်မျိုးပြီးတစ်မျိုး တွေ့ရတတ်သည်။ မူလရည်မှန်းထားသည်နှင့် လက်တွေ့ကွာခြားမည်။ မိမိလက်ဝယ်ရရှိထားသည့် အခွင့်အရေးများ လက်လွှတ်ဆုံးရှုံးတတ်သည်။ မိသားစုအတွင်းစိတ်အနှောင့်အယှက်၊ ပဋိပက္ခများရှိမည်။ ရုတ်တရက်ပေါ်ပေါက်လာသော ပြဿနာများကို ပြီးမြောက်အောင်ဖြေရှင်းနိုင်မည်။ တစ်ပါးသူကတိ အလွယ်တကူမယုံစားရ။ စကားမတည်သူ၊ လှည့်ဖျားသူများနှင့် တွေ့မည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

ထူးခြားသော သတင်းစကားကောင်းများ ရရှိမည်။ ခက်ခက်ခဲခဲ ဆောင်ရွက်ထားသည်များ အဆင်ပြေမည်။ အရွေးရခက်အောင် အခွင့်အရေးနှစ်ခုပေါ်မည်။ ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။ လောင်းကစားမှုကြောင့် ငွေကုန်မည်။ ကိုယ့်ကိစ္စထက် သူတစ်ပါးကိစ္စအား ဦးစားပေးနေရမည်။ စုဆောင်းထားသည့်ငွေများ တစ်လုံးတစ်ခဲတည်း သုံးစွဲရတတ်သည်။ စီစဉ်ထားသည်တစ်မျိုး၊ လက်တွေ့တစ်မျိုးဖြစ်တတ်သည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

မိတ်ကောင်းဆွေကောင်းအကူအညီရမည်။ စုပေါင်းလုပ်ငန်း အကျိုးပေးမည်။ အတတ်ပညာနှင့် ပတ်သက်သော ကိစ္စများကို လိုက်လံဆောင်ရွက်ရမည်။ အကုန်အကျများခြင်း ကြုံမည်။ အရာရာစိတ်ပင်ပန်း လူပင်ပန်းဖြစ်ပြီးမှ အဆင်ပြေတတ်သည်။ မိဘကျန်းမာရေးချူချာမည်။ လူမျိုးကွဲအကျိုးပေးမည်။ အစားအသောက်မှားယွင်း၍ ကျန်းမာရေးအည့ံကြုံတတ်သည်။ အလုပ်အကြံအစည်အောင်မြင်မည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

အဆင်ပြေအောင်မြင်မည့် ကာလဖြစ်သည်။ ကူညီသူများ ပေါ်မည်။ ပြဿနာဟောင်းများ ဖြေရှင်းနိုင်မည်။ ယှဉ်ပြိုင်လာသူများအပေါ် အနိုင်ရမည်။ မူလအသားကျဆောင်ရွက်နေသည်များ ပြုပြင်ပြောင်းလဲရကိန်းရှိမည်။ စိတ်မာန်ကြီးခြင်း၊ ခေါင်းမာခြင်းလျှော့ပါက ပို၍အောင်မြင်မည်။ တစ်ပါးသူ မည်မျှတားဆီးစေ မိမိဆောင်ရွက်စရာရှိသည်များ ရဲရဲရှေ့တိုးဆောင်ရွက်ပါ။ အနှောင့်အယှက်များ ကျော်လွှားနိုင်မည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

လုပ်သမျှအဆင်ပြေမည်။ မျက်နှာပွင့်လန်းမည်။ အကြံအစည်ကြီးကြီးမားမားနှင့် ရှေ့တိုးဆောင်ရွက်ထားသည်များမှ အဆင်ပြေမည်။ လူလွတ်များ ချစ်ခင်သူပေါ်မည်။ အပျိုကြီး၊ လူပျိုကြီးများ အောင်သွယ်ကောင်းနှင့်ကြုံမည်။ မိသားစုနှင့်ပတ်သက်သည့် ကောင်းသတင်းကြုံမည်။ ကျန်းမာရေးအည့ံ အနည်းငယ်ရှိသည်။ အနာရောဂါဟောင်းများ ပြန်ဖြစ်တတ်သည်။ ကာလအတန်ကြာ လိုလားနေသည့် စိတ်ဆန္ဒများ ပြည့်စုံမည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

မည်မျှအခက်အခဲရှိစေ အားလုံးကို ကျော်လွှား၍ အောင်မြင်မှုရရှိမည်။ ရုတ်တရက်ပေါ်ပေါက်လာသည့် ပြန်လည်ဆက်သွယ်လာသည့် မိတ်ဟောင်း၊ ဆွေဟောင်း၊ သံယောဇဉ်ဟောင်းများကို လက်ခံရန်မသင့်။ ဘဝအတွင်းသို့တစ်ဖန်ဝင်ရောက်၍ အနှောင့်အယှက်ပေးကိန်းရှိသည်။ ဆုံးဖြတ်ထားပြီး ကိစ္စအပေါ် ရှေ့တိုးဆောင်ရွက်ရန်သာရှိသည်။ နောက်ကြောင်းမပြန်ပါနှင့်။ သစ်လွင်သော အနာဂတ်များ ထွန်းပနေသည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

အရာရာဆန်းသစ်တီထွင်ပြီး လုပ်ကိုင်လိုစိတ် ပေါ်ထွန်းနေသည်။ ဆောင်ရွက်သမျှကိစ္စအလုံးစုံ ထူးထူးခြားခြား အောင်မြင်မည်။ ကာလအတန်ကြာ စိတ်ဆင်းရဲရခြင်း၊ ငွေကုန်များခြင်း၊ ပြဿနာဖြေရှင်းရခြင်းမှ ကင်းစင်သွားမည်။ ပေါ်လာသည့်အခြေအနေအပေါ် စနစ်တကျဆုံးဖြတ်ပြီး အလိုရှိရာ ဆောင်ရွက်ပါ။ မတော်တဆထိခိုက်မှုများ ရှိတတ်သည်။ ရေနှင့်ပတ်သက်သည့် အန္တရာယ် ဂရုစိုက်ပါ။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

နာမည်ကောင်းရမည်။ လုပ်သမျှ လူသိထင်ရှားဖြစ်မည်။ စိတ်ကူးသစ်များ အကောင်အထည်ဖော်သင့်သည်။ လုပ်ငန်းခွင်မှသူများ အလုပ်တိုးချဲ့ခြင်း ပြုသင့်သည်။ မြှုပ်နှံထားသည်များမှ အကျိုးအမြတ်ကောင်းစွာ ရရှိမည်။ ခက်ခဲသောပြဿနာများကိုပိုင်ပိုင်နိုင်နိုင် ပြီးပြတ်အောင်ဆောင်ရွက်နိုင်ခြင်း အခြေအနေကောင်းများကြုံမည်။ အပြောင်းအလဲကောင်းများကြုံမည်။ အလိုရှိရာပြည့်စုံမည်။




### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

အပြောင်းအလဲများရှိမည်။ စိတ်ကူးသစ်များ လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ လမ်းသစ်ပွင့်မည်။ ငွေကုန်များမည်။ အပြိုင်အဆိုင်များကို ကျော်လွှားနိုင်မည်။ အရေးကြီးသည့်ငွေကြေးကိစ္စ၊ စာရွက်စာတမ်းကိစ္စများ စကားပြောဆိုအောင်မြင်မည်။ ပေါ်ပေါက်လာသည့် အခွင့်အရေးများကို ချက်ချင်းလက်ခံ၊ လက်ငင်း ဆောင်ရွက်ပါ။ ပြဿနာများကြုံက အချိန်မဆွဲဘဲ ချက်ချင်းဖြေရှင်းပါ။

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၂၄၂)



## အလျားလိုက်

၂။ ဦးလော်စစ်ဟန်ကို သမုတ်သောအမည်
၅။ မော်စီတုန်းခေတ်တွင် တိုးတက်မှုရခဲ့သော နယ်ပယ်တစ်ခု
၈။ အချိန်လွန်မှ ချေးငွေရသူများ
၁၀။ အသက်ကြီးသူများတွင် မှတ်ဉာဏ်ကောင်းစေသော အလုပ်တစ်ခု
၁၁။ နာမည်ကျော်အင်္ဂလိပ်စာရေးဆရာမ ဂျိန်းအော်စတင် ရေးသားသော စာအုပ်တစ်အုပ်
၁၂။ ကမ္ဘာပေါ်ရှိ လူဦးရေ ၁ ဒသမ ၃ ဘီလီယံ သုံးစွဲသောအရာ

## ဒေါင်လိုက်

၁။ ရန်ကုန်တွင် ဆေးရုံဆောက်ပေးရန် ကမ်းလှမ်းသော နိုင်ငံတစ်နိုင်ငံ
၃။ ဝက်ဘ်ဆိုက်လွှင့်တင်မည့် တက္ကသိုလ်
၄။ ၁၉၆၂ ခုနှစ် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော နိုင်ငံရေးကိစ္စ
၆။ ၁၉၄၀ ပြည့်နှစ်က အင်္ဂလိပ်လူမျိုးတစ်ဦး မြန်မာနှင့်ပတ်သက်၍ရေးသောစာအုပ်
၇။ ထားဝယ်မြို့၌ တည်ဆောက်မည့် အရာတစ်ခု
၉။ မုံရွာမြို့သစ်ပင်ကြီးများတွင် စွဲကပ်လာသောအရာ


**Smart Dictionary ကံထူးသူ**

၁။ ကိုဇော်မိုးနိုင်၊ ၁၄/ခနဖ(နိုင်)၀၀၄၅၁၃ (၄၉)၊ မဟာဇေတလမ်း၊ (၉)ရပ်ကွက်၊ ခနဖြူမြို့

**ကျန်အဖြေမှန်သူများ**

၂။ မချွေးပပမိုး၊ ၈/ခမန(နိုင်)၁၀၆၅၆၁
၃။ မသန္တာအောင်၊ ၉/လဝန(နိုင်၁၆၄၀၇၇
၄။ ဦးအောင်စိုး၊ ၅/မရန(နိုင်)၀၃၉၂၉၀
၅။ မတင်တင်စိုး၊ ၉မမ(န)နိုင် ၀၂၈၅၅၃
၆။ မင်းထက်ကျော်၊ ၁၂/ရပသ(နိုင်)၀၆၇၀၉၅
၇။ Dr.ဒေါ်တင်နွဲ့၊ ၁၁/ကဖန(နိုင်)၀၀၂၂၈၇

**ပဟေဠိ အမှတ်စဉ်(၂၄၁)အဖြေမှန်**




**အမည်** ........................................ **မှတ်ပုံတင်အမှတ်** ........................................

**နေရပ်လိပ်စာ** ........................................................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၁၉-၇-၂၀၁၃ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဘုထုံးသူ

# Free Classified

## အခမဲ့ကြော်ငြာကဏ္ဍ

**ခရုအိမ်**

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့်ကူရှင် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ အမှတ် (W-2)၊ ရန်ကင်းပန်းခြံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၇၃၀၃၇၇၇၆
၀၉-၇၃၂၀၄၃၇၄

**ဆိုင်ခန်း၊ ရုံးခန်း ငှားမည်**

ပေ(၁၃×၅၅)၊ မြေညီထပ်၊ ပြည်လမ်းမပေါ်၊ လှည်းတန်းလမ်းဆုံ၊ အထူးအဆင့်မြင့်ပြင်ဆင်ပြီး အဲကွန်းပါသည်။ လစာ(၈)သိန်း၊ တစ်နှစ်ချုပ်လျှင် လျှော့ပေးမည်။

ဖုန်း-၀၉-၄၃၀၈၃၇၈၁

**ကျော်ကြား**

မြေအိုးမီးရှည်အနှစ်၊ မာလာဟင်းအနှစ်၊ ကွေ့တီယိုအနှစ် ဝယ်ယူရရှိနိုင်ပါပြီ။

ဖုန်း-၀၉-၅၁၀၂၂၆၀

**Thu Kha Yeik**

Food Center. No.(24/4), Nawaday Road, Yawmingyi Quarter, Dagon Township, Yangon.

Ph: 09-73227010

**ဝန်ထမ်းအလိုရှိသည်**

**Kyauk Sein Nwe Trading Co.,Ltd.**

အရောင်းဝန်ထမ်း (မ-၁၀ ဦး)၊ ပညာအရည်အချင်း အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။ လိုအပ်သောစာရွက်စာတမ်းများဖြင့်(၂၇. ၇. ၂၀၁၃) ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ အမှတ်(၃၉၀)၊ အင်ကြင်းမြိုင်လမ်းသွယ်(၄)လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။

**Special Home Visit Teaching**

Teaching Young learner from International Schools, General English (Intro-Advance), IELTS (foundation & preparation), Business English and Business Affairs, Communicative Skills.

ဖုန်း-၀၉-၄၃၁၃၈၇၂၈

**ဝန်ဆောင်မှု**

**UNIQUE MUSICAL TRAINING CENTRE**

အဆိုပညာရပ်များကို ဘာသာရပ်အလိုက်အခြေခံမှအဆင့်မြင့်သည်အထိ နိုင်ငံတကာသင်ရိုးညွှန်းတမ်း နည်းစနစ်များအတိုင်း သင်ကြားပေးပါသည်။

ဖုန်း-၀၉-၄၃၀၉၃၃၆၁

**Teacher U Kyaw Min Aung**

English (4-Skills)
English 4 JOB

PH: 09 43120092

ADD:4/12 AUNGMINGALAR 1(ST) STREET,WARD (4),MAYANGONE.

**သင်ကြားသည်**

ထိုင်းဘာသာစကား အခြေခံမှစ၍ သင်ကြားပေးသည်။ ရေး၊ ဖတ်၊ ပြော ထိုင်း-မြန်မာ၊ မြန်မာ-ထိုင်း ဘာသာပြန်ပေးပါသည်။

ဖုန်း-၀၉-၄၂၀၄၁၅၈၈

**တိုက်ခန်းရောင်းမည်**

ဂမုန်းပွင့်၊ Dagon Center, City Mart အနီး မြေနီကုန်း(၅)လွှာတိုက်ခန်း (HK),ထောင့်ခန်း၊ Hall Type၊ ခန်းလုံးပြည့် ကြွေပြားခင်းပြီး။

ဖုန်း-၀၉-၄၂၁၀၆၃၂၂၄

**ရောင်းမည်**

လှိုင်သာယာဇုန်၅(လမ်းမကြီးမေးတင်) ပါဝါမီတာ ၂ လုံး၊ ကြိုးဖုန်း ၂ လုံး၊ အဆောက်အအုံ ၂လုံး၊ မြေဖို့ပြီး၊ အုတ်တံတိုင်းခတ်ပြီး မြေအကျယ်တစ်ဧကခွဲ ရောင်းမည်။

ဖုန်း-၀၉-၅၄၀၉၂၉၀

**မြေကွက်ရောင်းမည်**

အကွက်အမှတ်(၅၂၇)၊ ဗိုလ်အောင်ကျော်လမ်း (ဗိုလ်ချုပ်လမ်းနှင့် လယ်သမားလမ်းထောင့်)၊ အပြင်ပဒံ၊ လှိုင်သာယာ၊ ပေ(၄၀×၆၀)၊ ပါမစ်ရပြီး။ (၂၀၇ သိန်း)

ဖုန်း-၀၉-၄၂၀၀၃၂၀၈၆

**ရောင်းမည်**

မ/ဒဂုံ(၁၄) ရပ်ကွက်၊ ဆလုံဒူးဝါးလမ်း၊ ကျောကပ် (ပေ ၈၀× ၆၀) ထောင့်ကွက်ခြံစည်းရိုးခတ်ပြီး၊ သိန်း(၆၀၀)(ညှိနှိုင်း)

ဖုန်း-၀၉-၅၁၈၁၄၀၉

**ဆိုဒါရိုက်စက် ရောင်းရန်ရှိသည်**

ယမကာ၊ အချိုရည်နှင့် ဆိုဒါများကို ထည့်သွင်းပေးပြီး အဖုံးပိတ်ရိုက်စက်များကို ရောင်းရန်ရှိပါသည်။

ဖုန်း -၀၉-၄၂၀၁၂၄၈၁၁

**ရောင်းမည်**

Huawei-C8810 နှင့် Huawei - C8813 နှစ်မျိုးပေါင်း ၁၅၀,၀၀၀ ကျပ်၊ SD ကတ် 2GB နှင့် 8GB+Cover+ APK အစုံထည့်ပြီး ပစ္စည်းစုံ။

ဖုန်း-၀၉-၇၃၀၇၉၆၂၅

**ရောင်းမည်**

Japan Used Desktop Computer များရောင်းရန်။(8 Sets)
ရောင်းရန်တစ်စုံလျှင်၁၂၀,၀၀၀ကျပ်။

ဖုန်း-၀၁-၅၂၆၈၅၂

**ဝန်ဆောင်မှု**

Computer, Networking နှင့် ပတ်သက်သော အခက်အခဲများကို ဝန်ဆောင်မှုပေးပါသည်။

ဖုန်း-၀၉-၇၃၂၄၈၃၉၈

**ဝန်ဆောင်မှု**

iPhone, iPod Touch, iPad (iTunes account ဖွင့်ခြင်း၊ version မြှင့်ပေးခြင်း၊ Jailbreak နှင့် Myanmar Fonts၊ HD Games & Apps များ) Android Phones (HD Games & Apps များ၊ Myanmar Fonts)။

ဖုန်း-၀၉-၄၂၁၀၂၅၄၃၉

**ဝန်ဆောင်မှု**

Web Site ရေးဆွဲသည်။ MWP, Web Development Services ကုမ္ပဏီလုပ်ငန်း၊ သင်တန်းကျောင်း၊ ခရီးသွားလုပ်ငန်း အစရှိသော လုပ်ငန်းများအတွက် Web Site များကို အစအဆုံး တာဝန်ယူ ရေးဆွဲပေးလျက်ရှိပါသည်။ ဖုန်း-၀၁-၃၈၇၅၄၉

**ပြုပြင်ပေးသည်**

ရုံးခန်း၊ တိုက်ခန်း၊ အိမ်၊ အဆောက်အအုံများကို ကုန်ကျမှုသက်သာစေ၍ စိတ်ကျေနပ်မှု ရရှိစေရမည့် တည်ဆောက်မှုများကိုပြုပြင်ပေးသည်။

ဖုန်း- ၀၉ ၄၀၁၅၃၆၁၈၀

**Myanmar Pagoda Travel**

Car Rental & ပြည်တွင်း/ပြည်ပ အဆင့်မြင့်ခရီးစဉ်များ၊ ကားမျိုးစုံကို လချုပ်၊ အချိန်ပိုင်းငှားသည်။

ဖုန်း-၀၁-၅၁၈၃၅၂

**ဇေယျာမြင့်မိုရ် စာသင်စာကျက်ဝိုင်း**

မူလတန်းမှ အလယ်တန်းအထိ စနစ်ကျ စွာ သင်ကြားပေးသည်။ ၉ တန်း၊ ၁၀ တန်း ဘောဂဗေဒဘာသာ အထူးသင်ကြားသည်။

**ဆရာမညွန့်ညွန့်ဝေ (B.A (Eco))-**

ဖုန်း-၀၉-၄၃၁၁၈၅၉၀

**Saya Dennis**

General English (Intro-Advance), IELTS (foundation & preparation), Business English and Business Affairs, Communicative Skills, Grade 11.

ဖုန်း-၀၉-၄၀၁၆၀၄၃၆၅

**သင်ကြားသည်**

မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ တစ်ဦးချင်း (သို့) သီးသန့်ဝိုင်းအလိုက် အိမ်တိုင်ရာရောက် သင်ကြားပေးနေသည်။

ဖုန်း-၀၉-၇၃၂၄၈၆၂၁

**Teacher Candy**

International School, Primary 1-6, အစိုးရကျောင်း၊ ကိုယ်ပိုင်ကျောင်းသားများ ၅တန်းမှ ၁၀တန်း အထူးအိမ်သီးသန့်သင်သည်။

ဖုန်း-၀၉-၄၀၂၇၈၁၉၅၂

**သင်ကြားသည်**

၈၊ ၉၊ ၁၀ တန်း အင်္ဂလိပ် Essay @ Letter (သီးသန့်) ကိုယ်တိုင်ရေးတတ်အောင် သင်ကြားပေးသည်။

ဖုန်း-၀၉-၄၂၀၃၇၉၅၄

**သင်တန်း**

အိမ်အရောက် ကွန်ပျူတာ သင်ကြားပေးပါသည်။ Internet & Email သင်တန်းများ၊ အသက်အရွယ်အလိုက် သင်ရိုးညွှန်းတမ်း သတ်မှတ်ပေးပါမည်။

ဖုန်း-၀၉-၇၃၀၃၉၃၀၃

**မြေကွက်ရောင်းမည်**

ပေ(၂၀×၆၀)၊ ပြည်ထောင်စုလမ်းမဘေး၊ တ/မလမ်းဆုံအနီး၊ တောင်ဒဂုံမြို့နယ်။

ဖုန်း-၀၉-၅၁၀၂၀၁၄

**တိုက်ခန်းရောင်းမည်**

ပေ(၂၅×၃၅)၊ (ပ)လွှာ၊ ဒဂုံဆိပ်ကမ်းမြို့ နယ်၊ ကျပ်(၁၆၅ သိန်း)၊ အသင့်နေနိုင်။

ဖုန်း-၀၉-၅၀၉၇၄၂၄

**ခြံရောင်းမည်**

မန္တလေးမြို့(သရက်ကုန်း)၊ ၃၀× ၄၀ လမ်းကြား၊ ၅၄× ၅၅ ကြား၊ ၂၅ လမ်း။

ဖုန်း-၀၉-၇၃၄၉၁၂၉၆

**တိုက်ခန်းစပ်တူငှားရန်**

တိုက်ခန်းစပ်တူငှားရန် အမျိုးသား အလိုရှိသည်။ တစ်လ- ငါးသောင်းကျပ်

ဖုန်း-၀၉-၄၂၁၀ ၇၃၁၄၅

**ရောင်းမည်**

Toshiba Tablet 86 VEB, 99.99%new GSM/WCDMA သုံးလို့ရ၊ မြန်မာဖောင့်ပါပြီး။(၁၀၀၀၀၀)

ဖုန်း-၀၉-၄၂၅၀၂၂၆၃၃

**ငှားမည်**

စာသင်ခန်းမ ငှားမည်။
မင်္ဂလာဈေးကားမှတ်တိုင်ရှေ့။

ဖုန်း- ၀၉ ၅၀၉၆၇၉၄

7 DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013

စာမျက်နှာ(၂၆)မှ

## မြန်မာကို နားလည်ပါ

ရှမ်းပြည်နယ် ဆိုရင်လည်း ‘ဝ’နဲ့ အခြားတိုင်းရင်းသားတွေကြား မကျေလည်မှုတွေ ရှိသလို ချင်းပြည်နယ်မှာလည်း ပြည်နယ်တွင်းပြန်ဝင်လာတဲ့ ချင်းလက်နက်ကိုင်အဖွဲ့အစည်း အချို့ကိုဒေသခံတွေကလက်မခံကြောင်းဆန္ဒပြကြတယ်။ ဆိုလိုတာ နိုင်ငံတကာ လေ့လာသူတွေအနေနဲ့ အခြေအနေအားလုံးကို ဖြန့်ကြက်နားလည်ဖို့ ခဲယဉ်းတယ်။

ဒေသတစ်ခု၊ပြည်နယ်တစ်ခုမှာတင် အရေးကြီးတဲ့ အင်အားစုတွေ (Stakeholders)တစ်ခုမက ရှိတော့ နိုင်ငံခြားသားတွေ ခဏခဏ မျက်စိလည်ကြတယ်။ ဥပမာ- လစ်ဗျားဆို သူတို့အာရုံက ကဒါဖီ (Muammar Gaddafi) ဆီမှာပဲ ရှိတယ်။ ကဒါဖီကျရင်ပြီးပြီ။ ဆီးရီးယားဆိုလည်း အာဆတ် (Bashar al-Assad)ပေါ့။ အာဆတ်ကျရင် ပြီးပြီ။ အတိုက်အခံတွေ မညီညွတ်တာတော့ အသာထား။ အဲဒီလိုပဲမြောက်ကိုရီးယားဆိုကင်ဂျုံအန်း(Kim Jong-un)၊ ကျူးဘားဆို ကက်စထရို(Fidel Castro)အခုတော့ ရောလ်ကက်စထရို(Raul Castro)၊ဗင်နီဇွဲလားဆို ဟူဂိုချားဗတ်စ် (Hugo Chavez)အခုတော့နီကိုးလတ်စ်မာဒူရို (Nicolas Maduro)၊ အီရန်ဆို အာမာဒီနာဂျက်(Mahmoud Ahmadinejad) အခုတော့ ဟာဆန်ရူဟာနီ (Hassan Rouhani) စသဖြင့် အင်အားချိန်ခွင်လျှာက ထင်သာမြင်သာရှိတယ်။

စာရေးသူနဲ့ သိတဲ့ နိုင်ငံခြားသား အတော်များများဟာ ဟိုးအရင် စစ်အစိုးရလက်ထက်မှာကတည်းက မြန်မာနိုင်ငံအခြေအနေကို ဂဃနဏ နားမလည်ကြဘူး။ တစ်နိုင်ငံလုံး အုံကြွတော့မယ်။ တိုင်းပြည်ပြိုကွဲတော့မယ်။ စစ်တပ်ထဲမှာ ကွဲနေပြီစသဖြင့် အဲဒီသတင်းတွေထဲမှာပဲ လုံးချာလည်လိုက်နေကြတယ်။ စစ်အစိုးရကို နုံချာချာ၊ အတယ်လို့သဘောထားကြတယ်။ ပြည်တွင်းကလာတဲ့သူတွေဆိုလည်း ဒီလူတွေဘာမှမသိဘူးလို့ ထင်တတ်ကြတယ်။

မိတ္ထီလာ အရေးအခင်းဖြစ်ပြီးနောက် စာရေးသူဆီ အမေရိကန်အမျိုးသမီး မိတ်ဆွေတစ်ယောက်က ထင်မြင်ချက် တောင်းပါတယ်။ သူ့မှာရှိတဲ့ ပဋိပက္ခဆိုင်ရာသတင်းတွေလည်းပို့လာတယ်။ စာရေးသူက ကိုယ့်အမြင်ကို ပွင့်ပွင့်လင်းလင်းပဲ ရေးလိုက်တယ်။ စာရေးသူရဲ့ ပြန်ကြားချက်ဟာကျောင်းမှာ စာရေးသူတို့ သင်ခဲ့တဲ့ လူ့အခွင့်အရေးတို့၊ ပဋိပက္ခဖြေရှင်းရေး ပုံစံဆိုတာတွေနဲ့ ဝေးနေတော့ ဒီအမျိုးသမီး အံ့အားသင့်သွားတယ်။ ဖေ့စ်ဘွတ်ခ်မှာ တစ်ခါတွေ့ကြတော့ သူက နင့်ဆီက ဒီလိုအဖြေမျိုးရလို့ စိတ်မကောင်းပါဘူးတဲ့။ စာရေးသူလည်း ပြောလိုက်တယ်။ မြန်မာကပဲ မြန်မာကို နားလည်ပါတယ်လို့။

စာရေးသူအတွေ့အကြုံအရ နိုင်ငံခြားသားအတော်များများဟာကိုယ့်ဆီက(မြန်မာတွေဆီက) သတင်းအချက်အလက်တွေသာယူတယ်။ သူတို့ရေးချင်၊ လုပ်ချင်တဲ့အခါ သူတို့စိတ်ကြိုက် လုပ်သွားကြတာ များတယ်။ ကိုယ့်ခန့်မှန်းချက်တွေ မှန်နေရင်တောင် ခပ်ဆိတ်ဆိတ်နေတယ်။ သူတို့ဆီမှာ အားနာတယ်ဆိုတာ မရှိဘူး။ စာရေးသူပြီးခဲ့တဲ့လ အနည်းငယ်က (Time မဂ္ဂဇင်းကိစ္စမတိုင်မီ) ပြည်ပက နိုင်ငံခြားမိတ်ဆွေအချို့ဆီ အီးမေးလ်ပို့ပြီး နိုင်ငံခြားသား အတော်များများဟာ မြန်မာနိုင်ငံကို နားမလည်ဘူး။ သူတို့နားလည်တဲ့ဘက်က လိုရာဆွဲတွေးတယ်။ ဆွဲရေးတယ်။ လိုသလို သုံးသပ်တယ်။ ဒီကလူတွေ (မြန်မာနိုင်ငံသားတွေ) တင်ပြချက်တွေကိုလည်း ဂရုမစိုက်ဘူး။ ထည့်သွင်းစဉ်းစားမှုမရှိဘူး။ ဒါဟာဗိုလ်ကျစိုးမိုးခြင်း(Hegemony)တစ်မျိုးပဲလို့ဆိုပြီး ရေးလိုက်တယ်။

စာရေးသူ ပြန်ရတဲ့စာထဲမှာ စာရေးသူကို သူတို့နားလည်တဲ့ အကြောင်း၊ သူတို့အပါအဝင် စာရေးသူဟာ လက်တွေ့သမားတွေ (Realists) ဖြစ်တဲ့အကြောင်း၊ မြန်မာ့အရေးလေ့လာသူနိုင်ငံခြားသားအတော်များများဟာ လက်ရှိပကတိ အခြေအနေနဲ့ ကင်းကွာနေတဲ့ စိတ်ကူးယဉ်သမားတွေ (Idealists) ဖြစ်တဲ့အကြောင်း၊ စာရေးသူ ထောက်ပြသလို မြန်မာနိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ သိပ်မလာဘဲ အကူအညီပေးရေး နိုင်ငံတကာ အဖွဲ့အစည်းတွေ ခြေသွက်နေတာ မကောင်းတဲ့အကြောင်း ပြန်ကြားကြပါတယ်။

စာရေးသူဆိုလိုတာ ပြဿနာတစ်ရပ် ဖြေရှင်းတိုင်းမှာ အဲဒီလို မြန်မာ့အရေး လေ့လာသူတွေဆိုတဲ့ နိုင်ငံခြားသားတွေက အပ်ကြောင်းထပ်အောင် လူ့အခွင့်အရေးတို့၊ နိုင်ငံတကာ စံနှုန်းစံထားတို့ဆိုတဲ့ ဓာတ်ပြားဟောင်းကြီး ဖွင့်နေလို့ ဘာမှထူးလာမှာ မဟုတ်ဘူး။ သူတို့ဆိုလိုတဲ့ လူသားအခွင့်အရေးတွေ ပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံဆိုတာ စာရေးသူတို့ အားလုံးလိုချင်ကြပါတယ်။ ဒါပေမဲ့ အဲဒီလိုပြီးပြည့်စုံတဲ့ အခြေအနေတစ်ရပ်ဆီရောက်ဖို့ သွားတဲ့လမ်းကြောင်းက ကိုယ့်တိုင်းပြည်ရဲ့ အခြေအနေ၊ ပြည်သူတွေရဲ့ စိတ်ခံစားချက်တွေ ဆိုတာကိုလည်း သတိပြုရမှာဖြစ်ပြီး ပြဿနာတစ်ရပ်အပေါ် တွေးခေါ်ပုံ၊ တွေးခေါ်နည်း၊ ချဉ်းကပ်ပုံ၊ ချဉ်းကပ်နည်းတွေ ပြောင်းရမှာ ဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့ကို ဖယ်ချန်ထားရမယ်လို့ပြောနေတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဖြစ်နိုင်ခြေကစဖို့တော့ လိုပါတယ်။ မဟုတ်ရင် ပြဿနာတွေ ပိုရှုပ်၊ ပိုကြီးပြီး လောလောဆယ်ခံရမှာ အင်အားနည်းတဲ့သူ၊ အားနည်းတဲ့သူတွေ ဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာကို နားလည်ကြဖို့ စာရေးသူနဲ့ စပ်မိတဲ့ နိုင်ငံခြားသားတွေကို မကြာခဏပြောရပါတယ်။

တကယ်တော့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေတွေက မှန်းဆရတာ ခက်ခဲပါတယ်။ အပြင်လူတွေ မပြောနဲ့ အတွင်းထဲက လူတွေတောင် ခဏခဏ လွဲပါတယ်။ အခုလို မြန်မာ့နိုင်ငံရေးမှာ စစ်အုပ်ချုပ်ရေး ရပ်ဆိုင်းသွားတာ၊ အရပ်သားတစ်ပိုင်း အုပ်ချုပ်ရေးအဖွဲ့ ပေါ်လာတာတွေကို ကြိုတင်မှန်းဆနိုင်တဲ့ နိုင်ငံရေးသမားတွေ သိပ်နည်းခဲ့ပါတယ်။ အများစုက သံသယတွေနဲ့ပဲ တုံ့ပြန်ခဲ့ကြတယ်။ တုံ့ပြန်ချင်စရာကောင်းအောင်လည်း မြန်မာ့နိုင်ငံရေးက အကွေ့အကောက်၊ အထိမ်အဝှက်၊ အထေ့အငေါ့တွေ များခဲ့တာကိုး။ အခုလည်း နိုင်ငံတကာ လေ့လာသူဆိုသူတွေ မြန်မာ့နိုင်ငံရေးကိုထပ်ပြီး မျက်စိလည်နေကြပါပြီ။ ၂၀၁၅ ခုနှစ်ရောက်လေ ပိုရှုပ်လေ။ ပိုလည်လေ ဖြစ်ကြမှာပါ။ဘယ်လိုပဲလည်လည်၊ ဘယ်လိုပဲရှုပ်ရှုပ် မြန်မာကို နားလည်ချင်ရင် သမားရိုးကျ စဉ်းစားပုံ၊ စဉ်းစားနည်းတွေက ဖောက်ထွက်ပြီး တွေးခေါ်ကြံဆတတ်ကြဖို့လိုကြောင်းပါ။ ။

**မွန်မြတ်ဆေးခန်း** မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

ဆေးခန်းသုံး တိုင်းရင်းဆေးများသာ

ရန်ကုန်/မော်လမြိုင်

**သွေးတိုးနှင့်ဆက်နွယ်သော နှလုံးရောဂါနှင့်သွေးထဲအဆီများသူများကုသခြင်း**

-(၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီ တည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်
-(၇)ရက်သောက်သုံးပါက ခေါင်းမူး၊ခေါင်းကိုက်ခြင်း၊နားအူခြင်း၊နားလေထွက်ခြင်း၊မူးမော်ခြင်း၊စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
-(၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**

- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

လိပ်စာ–အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့ ဖုန်း–၀၁ ၂၂၅၃၃၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်–၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း–၀၉ ၄၀၁ ၅၈၅၉၄၅၊၀၉ ၃၁၁ ၈၇၇၇၆




JOKE

### ချိန်းတွေ့သင့်သူ

မိန်းကလေးများအနေဖြင့် အသက်အရွယ်အလိုက် ချိန်းတွေ့သင့်သူများကို အောက်ပါအတိုင်းတွေ့ရှိရသည်။ အသက် (၁၇) နှစ်အရွယ်၌ အပြင်ထွက်လျှင် မုန့်ဝယ်ကျွေးမည့်သူရွေးချယ်သင့်သည်။ အသက်(၂၅)နှစ်တွင်မိမိဝယ်သမျှပစ္စည်းအတွက်ငွေရှင်းမည့်သူ။ အသက်(၃၅)နှစ်တွင်နောက်နေ့မနက်စာချက်ပေးခဲ့မည့်သူ။ အသက် (၄၈) နှစ်တွင် ကလေးများအတွက် ပါနံနက်စာပြင်ဆင်ပေးသွားမည့်သူ။ အသက် (၆၆) နှစ်တွင် နံနက်စာ ဝါးစားနိုင်သေးတဲ့သူ ဟူ၍။

### ရွေးချယ်သင့်သူ

ကုမ္ပဏီတစ်ခုတွင် မိန်းမချောလေးတစ်ဦး အတွင်းရေးမှူး နေရာလာလျှောက်သည်။ သို့ဖြင့် သူဌေးက အင်တာဗျူးနေရာမှ

“အသက်ရှင်နေသူတစ်ယောက်နဲ့ သေနေတဲ့ လူတစ်ယောက်ကို စကားပြောရမယ်ဆိုရင် မင်းဘယ်သူ့ကို ရွေးချယ်မလဲ”ဟု မေးမြန်းသည်။ မိန်းမချောလေးက “အသက်ရှင်နေတဲ့လူကိုရွေးမှာပေါ့ရှင်။ သေနေတဲ့ လူက ဘာလုပ်ဖို့လဲ”ဟုပြန်ဖြေလိုက်သည်တွင် သူဌေးဖြစ်သူက “ဟာ၊ ဟုတ်တာပေါ့ကွ။ မင်းမနက်ဖြန်အလုပ်ဆင်းလို့ရပြီ”ဟု ပြောလိုက်ပါသည်။

စာမျက်နှာ(၂၅)မှ

## ဖျတ်ခနဲ ပတ္တမြား

မိုးကုတ်ကို သပိတ်ကျင်းဘက်ကမတက်ဘဲ ပြင်ဦးလွင်ဘက်ကတက်လျှင် နမ့်ပန်ချောင်းအလွန်၌ မိုင်းလုံကျောက်မဲလမ်းခွဲရှိရာ ထိုမိုင်းလုံသွားလမ်းဘေး တစ်နေရာ၌ ကျောက်တစ်လုံးရွာသားတစ်ယောက်က ပတ္တမြားကြီး တစ်လုံးကိုတွေ့ပြီး သုံးပိုင်းခွဲရာ တစ်ပိုင်းက ခိုးသူလက်ထဲသို့ရောက်၊ တစ်ပိုင်းက ကလကတ္တားသို့ရောက်ပြီး ကျန်တစ်ပိုင်းကို ပလောင်မတစ်ယောက်ကရရှိသွားရာမှ ထိုပလောင်မက ဆီ၊ ဆန်၊ ဆား၊ ငပိစသည်တို့နှင့်လဲ သဖြင့် ချင်းတွင်းက ကုန်သည်တစ်ဦး၏လက်ထဲသို့ရောက်၊ ယင်းမှတစ်ဆင့် ငမောက်ကြီးဆိုသူထံရောက်၊ ငမောက်ကြီးက ဘိုးတော်ဘုရားကိုဆက်၊ သို့ဖြင့် နန်းစဉ် ပတ္တမြား ငမောက်သည် သီပေါမင်းလက်ထက်အထိ ဆင်းသက်လာ၊ သီပေါမင်းနန်းစွန့်ရသော် သီပေါမင်းကိုယ်တိုင်ကပဲ ပတ္တမြားငမောက်ကို သိမ်းဆည်းထားသလိုလို ရွှေတိုက်ဝန်ပေါက်မြိုင်မြို့စား မင်းကြီး မင်းလှမဟာဇေယျနန္ဒကကာနယ်စလေဒင်ကို စာရင်းနှင့် ပေးအပ်ရာတွင် ပါသွားသလိုလိုနှင့် ဇာတ်သိမ်းသွားရသော ပတ္တမြားဇာတ်လမ်းပဲဖြစ်ပါသည်။

အခုတော့ မိုးကုတ်ပတ္တမြားအရောင်မှိန်စလွင့်စပြုပါပြီ။ ကုမ္ပဏီအကြီးစားကြီးတွေက စက်ယန္တရားအကြီးစားကြီးများဖြင့် တောင်ကြီးတောင်ကြားထဲသို့အရောက် ထိုးဖောက်ဝင်ရောက်လာခဲ့လေသောအခါ ဒေသခံတို့ ဘာလုပ်ရမှန်းမသိကြတော့။

‘ကုန်ကြမ်းကအစ . . . အပြင်ကို ယူသွားကြတော့ . . . မိုးကုတ်မှာ ကျောက်သွေးစားလို့တောင် မရတော့ဘူး’

‘နောက်ပြီး . . . ကျောက်ကလည်း တော်တော်လေးကို ရှားသွားပါပြီ’

သဘာဝသယံဇာတကို အခြေခံကုန်ပစ္စည်း (primary commoditics) ဟုခေါ်ရာ ယင်းသည် ဈေးကျနိုင်တက်နိုင်သည် သာမက တစ်နေ့တွင် ကုန်ခန်း၍လည်းသွားနိုင်ပေရာ နေရာဒေသတစ်ခုသည် Natural Resource dependency ခေါ် သယံဇာတကို မှီခိုမှုများလွန်းလျှင် တစ်နေ့နေ့၌ ကျဉ်းထဲကျပ်ထဲသို့ရောက်ရှိသွားတတ်စမြဲဖြစ်ပါသည်။

အခု မိုးကုတ်က ရတနာသယံဇာတများ ရှားပါးသွားရသည့်အထဲ ကုမ္ပဏီကြီးများ၏ ခြေလှမ်းကျဲကျဲကြီးများအောက်မှာ ဘာဆက်လုပ်ရမှန်းမသိသည့် အနေအထားဖြစ်ပါသည်။

တစ်မြို့လုံးအိပ်မောကျနေသည့် ပတ္တမြားမြေကနေ ညကြီးသန်းခေါင် ကျွန်တော်ထပြန်ခဲ့ရပါသည်။ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ထဲကို ရောက်တော့ ဝေလီဝေလင်း။ အေးချမ်း၍ဖော်ရွေသော မိုးကုတ်ကို ဖျတ်ခနဲသတိရမိသေးတော့။ ။

Environment
7Day News Journal
Vol.12, No.19 • JULY 17 , 2013

# အင်းလေးကန် ဒုတိယနှစ်ထိန်းသိမ်းရေးအတွက် လူမှုအဖွဲ့ အစည်းရှစ်ဖွဲ့ ရွေးချယ်

**အိဖြူမွန်**

**ရန်ကုန်၊ ဇူလိုင်-၁၃**

ဒုတိယနှစ် အင်းလေးကန်ထိန်းသိမ်းရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) က တိုင်းရင်းသား ဒေသခံများပါဝင်သည့် အခြေခံ လူမှုရေး အဖွဲ့အစည်း ရှစ်ဖွဲ့ကို ရွေးချယ်လိုက်ကြောင်း အင်းလေးကန်စီမံကိန်းမန်နေဂျာဦးထွန်းပေါ်ဦးက ပြောသည်။



*အင်းလေးကန်တွင်းတစ်နေရာ*

ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

အင်းလေးကန် ထိန်းသိမ်းရေးအတွက် ၂ နှစ်စီမံကိန်းချ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် နော်ဝေးအစိုးရက အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံ ကူညီထောက်ပံ့ခဲ့သည်။“အခုခေါက်က ဒုတိယနှစ်စီမံကိန်းဖြစ်ပါတယ်။ ဒီဇင်ဘာလလောက်ဆိုရင် စီမံကိန်းပြီးမယ်” ဟု ဦးထွန်းပေါ်ဦးက ပြောသည်။

ဒုတိယနှစ်စီမံကိန်းအကောင်အထည်ဖော်ရန်အတွက် လျှောက်လွှာတင်သည့်အဖွဲ့ ၁၆ ဖွဲ့အနက် ရှစ်ဖွဲ့ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ဓနုစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ပွေးလှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့၊ DEAR မြန်မာနှင့် တို့တောင်သူအဖွဲ့၊ မြန်မာစိုက်ပျိုးရေးအဖွဲ့နှင့် အလင်းသစ်အားမာန်၊ အင်းလေးဒေသ ၂၄ နာရီ လျှပ်စစ်မီးရရှိရေးအဖွဲ့၊ မြန်မာနိုင်ငံ စဥ့်အသင်း၊ Farm Business Development Technical အဖွဲ့တို့ဖြစ်သည်။

ဒုတိယနှစ်စီမံကိန်းတွင် သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိုက်ပျိုးရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးအစီအစဉ်များပြုလုပ်သွားမည်ဖြစ်ပြီး သီးနှံရောနှောသစ်တောဧက ၉၀၊ ဒေသခံ အစုအဖွဲ့ပိုင် သစ်တော ၇၀ ဧကထူထောင်ပေးခြင်းနှင့် အခြားလုပ်ငန်းများကို လုပ်ဆောင်မည်ဖြစ်သည်။

ပထမနှစ်စီမံကိန်းတွင် သစ်တော ၈၆၃ ဧကစိုက်ပျိုးထိန်းသိမ်းခဲ့ပြီး မြေတိုက်စားမှုနည်းပါးစေရေးအတွက် သဘာဝတော ၆၁၂ ဧက ထိန်းသိမ်းပေးခြင်း၊ တစ်နှစ်ပတ်လုံး ရေရရှိရန် ရေထွက်များမှ ပိုက်လိုင်းများဖြင့် ကျေးရွာများသို့ သွယ်တန်းသည့် အစီအစဉ်များ လုပ်ကိုင်ပေးခဲ့သည်ဟု သတင်းရရှိသည်။

## မုတ္တမပင်လယ်ကွေ့ ဒေသတွင် သစ်ဆွေးမြေ လေ့လာရန် အဆိုပြုမည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဇူလိုင်-၁၃**

သစ်ဆွေးမြေဒေသလေ့လာဆန်းစစ်ခြင်းကို မုတ္တမ ပင်လယ်ကွေ့ဒေသတွင် ပြုလုပ်ရန် Global Environment Centre (GEC) သို့ ထပ်မံအဆိုပြုတင်သွင်းသွားမည်ဟု သတင်းရရှိသည်။

မြန်မာနိုင်ငံရှိဒေသများတွင် သစ်ဆွေးမြေဒေသရှိ၊ မရှိ လေ့လာဆန်းစစ်ခြင်းကို Global Environment Centre (GEC) ၏ ရန်ပုံငွေဖြင့် လုပ်ဆောင်လျက်ရှိပြီး ယခုနှစ် ဒီဇင်ဘာတွင် ပြီးဆုံးမည်ဖြစ်ရာ အခြားနေရာများတွင် ထပ်မံလေ့လာမှုများ ပြုလုပ်ရန် ထပ်မံအဆိုပြုသွားမည်ဟု FREDA မှ ဦးအုန်းက ပြောသည်။

“သစ်ဆွေးမြေက ၂၀ ရာခိုင်နှုန်းဆိုရင်တောင် GEC က စိတ်ဝင်စားတယ်။ မုတ္တမပင်လယ်ကွေ့က စိုစွတ်တဲ့မြေဖြစ်တဲ့အတွက် ပိုလေ့လာဖို့လိုတယ်” ဟု ဦးအုန်းက ပြောသည်။

မြစ်ကြီးလေးသွယ်စီးဝင်သည့် မုတ္တမပင်လယ်ကွေ့သည် နုန်းများစု၍ အော်ဂဲနစ်မြေအမျိုးအစားဖြစ်ကာ နှစ်စဉ်ဆောင်းခိုငှက်များ လာရောက်နေထိုင်ကျက်စားလျက်ရှိသည့် အင်းတော်ကြီးနှင့် အင်းလေးဒေသများတွင်လည်း လေ့လာမှုများ ထပ်မံပြုလုပ်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ထို့အပြင် သစ်ဆွေးမြေနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနဝန်ထမ်းများကို သင်တန်းပို့ချခြင်း၊ သစ်ဆွေးမြေဒေသ၏ စွမ်းဆောင်နိုင်ချက်ထူးခြားချက်များကိုလည်း စီမံကိန်းကာလတွင် လေ့လာလုပ်ဆောင်လျက်ရှိကြောင်း ဦးအုန်းက ဆက်လက်ပြောကြားသည်။

သစ်ဆွေးမြေဒေသ လေ့လာခြင်းလုပ်ငန်းများကို မလေးရှားအခြေစိုက် Global Environment Centre (GEC) ရန်ပုံငွေဖြင့် ၂၀၁၁ နိုဝင်ဘာလမှ ၂၀၁၃ ဒီဇင်ဘာအထိ ၂ နှစ်စီမံကိန်းဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

## ဒေသခံများ ထိန်းသိမ်းထားသည့် ကျေးရွာသစ်တောကို တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအဖြစ် သတ်မှတ်မည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇူလိုင်-၁၃**

ပခုက္ကူခရိုင် မြိုင်မြို့နယ် အိုင်းမကျေးရွာမှ ဒေသခံများထိန်းသိမ်းထားသည့် ကျေးရွာသစ်တောတစ်ခုကိုချောင်းဘုံကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် မကြာမီ သတ်မှတ်မည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာနမှ သတင်းရရှိသည်။

အိုင်းမကျေးရွာရှိ ဒေသခံများနှင့် ဘုန်းတော်ကြီးက ဘေးမဲ့တောတစ်ခုအဖြစ် သတ်မှတ်ပြီး ထိန်းသိမ်းစောင့်ရှောက်ရန် တင်ပြလာမှုကြောင့် ၂၀၁၂ ခုနှစ် ကုန်ပိုင်းမှစကာ ကွင်းဆင်းတိုင်းတာခြင်း၊ လေ့လာခြင်း၊ မျိုးစိတ်များကောက်ယူခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။ ယခုတင်ပြမှုအခြေအနေမှာ နောက်ဆုံးအဆင့်ထိရောက်နေပြီး မကြာမီ အစိုးရအဖွဲ့၊ လွှတ်တော်သို့ တင်ပြကာ အတည်ပြုမည်ဟု ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းဒေသရှိ မြေလွတ်မြေရိုင်းနယ်မြေတွင်ပါဝင်သော ၈၆၅ ဧကကို ဒေသခံများက ထိန်းသိမ်းထားခြင်းဖြစ်ပြီး ယင်းဧကများအနက် ၅၄၅ ဧကကို ဘေးမဲ့တောအဖြစ် သတ်မှတ်ရန် လျာထားခြင်းဖြစ်သည်။

ယခုဘေးမဲ့တော သတ်မှတ်မည့် ဒေသတွင် ရှားပါးစာရင်းဝင် ရွှေသမင်နှင့် ရှားပါးသစ်ပင်များ ပေါက်ရောက်ပြီး မပြုန်းတီးသေးဘဲရှိနေသော ၈၆၅ ဧကရှိသည့် မြိုင်မြို့နယ် အိုင်မကျေးရွာ အနောက်ဘက်တောကို ထိန်းသိမ်းကာကွယ်ရေးအဖြစ် သတ်မှတ်သွားမည်ဟု ၂၀၁၂ ခုနှစ်က နိုဝင်ဘာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးမြင့်မောင်က ပြောသည်။

ရွှေသမင်နှင့် ရှားပါးသစ်ပင်များ အဓိကတည်ရှိသော အဆိုပါတောကို တောရဘုန်းကြီးကျောင်းက ထိန်းသိမ်းခဲ့ပြီး ထိုဒေသတွင် အမဲလိုက်ခြင်းနှင့် သစ်ပင်ခုတ်ခြင်းများ တားမြစ်ထားသည်။







# Tourism

7Day News Journal

Vol.12, No.19 • JULY 17 , 2013



အမရပူရရှိ ဦးပိန်တံတားရှုခင်း ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

## မြို့ကြီးငါးမြို့ ဇုန်ဝင်ကြေး နိုင်ငံခြားသားတစ်ဦး ၁၀ ဒေါ်လာမှ ကျပ်တစ်သောင်း ပြောင်းကောက်

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင်-၁၃**

မန္တလေးမြို့ အပါအဝင် မြို့ကြီးငါးမြို့သို့ဝင်ရောက်လည်ပတ်သည့် နိုင်ငံခြားသားများထံမှ ကောက်ခံသော ဇုန်ဝင်ကြေးကို ဇူလိုင် ၁၅ ရက်မှစ၍ ပြောင်းလဲကောက်ခံမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ဈေးနှုန်းပြောင်းလိုက်တဲ့သဘောပါပဲ။ အရင်တုန်းက တစ်ယောက်ကို ဒေါ်လာ ၁၀ ကောက်တယ်။ အခု တစ်သောင်းကျပ်စကောက်တော့မယ်"ဟုမန္တလေးမြို့၊ ရှေးဟောင်း သုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်များ ဦးစီးဌာနညွှန်ကြားရေးမှူးဦးဝင်းနိုင်က ပြောသည်။

မန္တလေးမြို့ဇုန်ဝင်ကြေးတွင် မန္တလေး၊ အင်းဝ၊ ပလိပ်နှင့် အမရပူရမြို့များပါ ပါဝင်သဖြင့် ကျပ်တစ်သောင်းကောက်ခံခြင်းမှာ နိုင်ငံခြားသား တစ်ဦးအတွက် မများကြောင်း မန္တလေးအခြေစိုက်ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

ကမ္ဘာလှည့် ခရီးသွားများ မြန်မာနိုင်ငံသို့ ဝင်ရောက်မှုများလာပြီးနောက်ပြီးခဲ့သည့်လပိုင်းမှစ၍ အင်းလေးဒေသနှင့်ပုဂံဒေသဇုန်များကိုလည်းပြောင်းလဲကောက်ခံခဲ့သည်။

## ပုဂံဟိုတယ်ဇုန်(၄)မြေကွက်ရသူများသတ်မှတ်ရက်တွင်မဆက်သွယ်က ပယ်ဖျက်မည်

**ငြိမ်းချမ်း**

**ရန်ကုန်၊ ဇူလိုင်-၁၂**

ပုဂံဟိုတယ်ဇုန် (၄) တွင် ဟိုတယ်လုပ်ငန်း လုပ်ကိုင်ရန် မြေကွက်ရရှိသူများသည် ဇူလိုင် ၃၁ ရက်နောက်ဆုံးထား ဆက်သွယ်ခြင်း မရှိပါက ဥပဒေနှင့် အညီ ပယ်ဖျက်မည်ဖြစ်ကြောင်း ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ သတင်းထုတ်ပြန်သည်။

"ဟိုတယ်လုပ်ငန်းလုပ်ကိုင်ဖို့ ပေးထားတာပါ။ အခြားဟာဆောက်လို့ မရပါဘူး။ ဇူလိုင်လနောက်ဆုံးထားပြီး အကြောင်းကြားရမှာပါ" ဟု ညောင်ဦးခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ပြောသည်။

ပုဂံ-ညောင်ဦးမြို့နယ်တွင် ဟိုတယ်ဇုန်(၁)ကိုမြင်းကပါကျေးရွာအနီး၊ ဟိုတယ်ဇုန်(၂) ကို ရွှေတွင်းရပ်၊ ဇုန်(၃) ကို ကျောက်ကူဘုရားအနီးနှင့် ဇုန် (၄)ကို ဂန့်ဂါရပ်ကွက်တို့တွင် အသီးသီးချမှတ်ထားသည်။

ဟိုတယ်ဇုန်(၄) သည် မြေကေ ၅၀၀ ကျော် ကျယ်ဝန်းပြီး လက်ရှိအချိန်ထိ ဟိုတယ်နှစ်လုံးသာ တည်ဆောက်ထားကြောင်း သတင်းရရှိသည်။

ဟိုတယ်ဇုန် (၄) မြေနေရာသည် မြေကွက်ပိုင်ရှင်က ဒေသခံများထံမှ မြေတစ်ဧကကိုးသောင်းကျပ်ဖြင့် သိမ်းယူခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ဟိုတယ်ဇုန်(၄) နေရာအတွက် မတ်လအတွင်းကလည်း ဟိုတယ်ဆောက်လုပ်ရန် မြေနေရာ ပိုင်ရှင်များ မတ်လနောက်ဆုံးထား ဆက်သွယ်ရန်နှင့် မဆက်သွယ်ပါက နိုင်ငံတော်ပိုင်သိမ်းယူမည်ဖြစ်ကြောင်းညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးက ထုတ်ပြန်ခဲ့သည်။



ပုဂံရှုခင်း ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

## ကမ္ဘာလှည့်ခရီးသွားများကို မိုးကုတ်ခရီးစဉ် စရောင်း

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင်-၁၃**

ကမ္ဘာကျော် အဖိုးတန်ကျောက်မျက်များထွက်ရှိရာ မိုးကုတ်ဒေသသို့ ကမ္ဘာလှည့်ခရီးသွားများ သွားရောက်လည်ပတ်ရန် ခရီးစဉ်များ စတင်ရောင်းချနေပြီဖြစ်ကြောင်း ခရီးသွားကုမ္ပဏီများမှ သတင်းရရှိသည်။

မိုးကုတ်ဒေသသို့သွားရောက်လည်ပတ်မည့် ကမ္ဘာလှည့် ခရီးသွားများအတွက်မန္တလေး-သပိတ်ကျင်း-မိုးကုတ်နှင့် မန္တလေး- ပြင်ဦးလွင်-မိုးကုတ်ဟူ၍ ခရီးစဉ် ရေးဆွဲထားပြီး နှစ်ညအိပ်၊ သုံးရက်ခရီးစဉ်အဖြစ်ရောင်းချနေခြင်းဖြစ်ကြောင်း မန္တလေးအခြေစိုက်ခရီးသွားလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"ကျောက်ဆေးနေတာတွေ ကျောက်ပါတဲ့မြေတွေကို ရေဆေးနေတာတွေကို ပြဖို့ရှိတယ်။ လာမယ့် အောက်တိုဘာမှာတော့ ပြင်သစ်တွေတော်တော်များများသွားဖို့ရှိတယ်" ဟု မန္တလေးဧည့်လမ်းညွှန်အသင်းမှ ပြောရေးဆိုခွင့်ရှိသူ ဦးဝင်းဇော်ဦးကပြောသည်။

မိုးကုတ်ဒေသသို့ ကမ္ဘာလှည့်ခရီးသွားများ သွားရောက်လည်ပတ်ခွင့် ပြုပြီးနောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဌေးအောင်သည် ဇူလိုင် ၁၃ရက်က အဆိုပါဒေသရှိ ဟိုတယ်၊ တည်းခိုခန်းနှင့် ခရီးသွားလုပ်ငန်းများနှင့် ဆက်စပ်သော လုပ်ငန်းများကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

မိုးကုတ်ဒေသတွင် ကမ္ဘာလှည့် ခရီးသွားများ တည်းခိုနိုင်သည့် ဟိုတယ်နှစ်လုံးသာရှိပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ယခင် မိုးကုတ်ဒေသသို့ သွားရောက်လည်ပတ်ခြင်း ခွင့်မပြုခဲ့သော်လည်း ယခုနှစ်မှစ၍ ကမ္ဘာလှည့်ခရီးသွားများ စတင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။



# Cartoon



























7 DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013

# "ဒီမိုကရေစီအသွင်ကူးပြောင်းရေး တိုက်ခိုက်နေတဲ့သူတွေကို ရှာဖွေသွားမှာပါ"

## တူနီးရှားဝန်ကြီးချုပ် အလီလာရာယတ်ဒ်နှင့် တွေ့ဆုံခြင်း


EPA

ကျော်မျိုး

တူနီးရှားဟာ အာရပ်နွေဦးရဲ့ မြစ်ဖျားဖြစ်သလို အောင်မြင်တဲ့ ဒီမိုကရေစီစနစ်ဆီ ကူးပြောင်းနေတဲ့ နိုင်ငံတစ်ခုအဖြစ်လည်း ရှုမြင်ခံနေရပါတယ်။ မကြာမီကပဲ တူနီးရှားဝန်ကြီးချုပ်ဖြစ်သူ အလီလာရာယတ်ဒ်ဟာ ဘယ်လ်ဂျီယမ်နိုင်ငံ ဘရပ်ဆဲလ်မြို့ကို ရောက်လာခဲ့ပြီး ဥရောပကော်မရှင်နဲ့ ကောင်စီများရဲ့ဥက္ကဋ္ဌများ၊ ဥရောပပါလီမန်ဥက္ကဋ္ဌတို့နဲ့ တွေ့ဆုံပါတယ်။ ဒါကြောင့် ဥရောပကိုရောက်လာခဲ့တဲ့ ဝန်ကြီးချုပ် အလီလာရာယတ်ဒ်ကို ယူရိုသတင်းက မေးမြန်းခဲ့တာတွေကို ပြန်လည်ဖော်ပြပေးလိုက်ရပါတယ်။

**ဝန်ကြီးချုပ်ခင်ဗျား အီးယူရဲ့ ဖိတ်ကြားခံရလို့ ဘရပ်ဆဲလ်ကိုရောက်လာပြီးတဲ့နောက်၊ ဒီမှာလည်း လူတွေအများကြီးနဲ့ တွေ့ဆုံပြီးတဲ့နောက် ဝန်ကြီးချုပ်အနေနဲ့ နောက်ဆုံးဖြစ်ထွန်းတိုးတက်မှုတွေကို ယူလာနိုင်ပါပြီလား ခင်ဗျာ။**

ကျွန်တော် ဘရပ်ဆဲလ်ကို ဥရောပအရာရှိတွေနဲ့ တွေ့ဖို့လာခဲ့တာပါ။ သူတို့ တောင်းဆိုမှုကြောင့် ကြွယ်ဝမှုရှိပြီး အခြေခံဥပဒေနည်းကျ အုပ်ချုပ်နေတဲ့ ဒီမိုကရေစီနိုင်ငံတစ်ခု တည်ဆောက်ရာမှာ တူနီးရှားရဲ့ အောင်မြင်မှုတွေအကြောင်း လာအသိပေးတာပါ။ တူနီးရှားတော်လှန်ရေးဟာ အာရပ်ကမ္ဘာမှာ ပထမဆုံးဖြစ်ခဲ့ပြီး အခုအချိန်ထိလည်း အအောင်မြင်ဆုံးဖြစ်ခဲ့ပါတယ်။ ဥရောပတာဝန်ရှိသူတွေက နောင်လာမယ့်ရွေးကောက်ပွဲတွေ ကျင်းပမယ့်ရက်ကို သိချင်နေပါတယ်။ ကျွန်တော်တို့ကလည်း ရွေးကောက်ပွဲကိုအနည်းဆုံးတော့ တစ်စိတ်တစ်ပိုင်းအနေနဲ့ဖြစ်ဖြစ် ဒီနှစ်ကုန်ပိုင်းနဲ့ လာမယ့် ၂၀၁၄ ဇန်နဝါရီအတွင်းမှာ ကျင်းပသွားမှာလို့ ပြောခဲ့ပါတယ်။ ဒါဟာ ကျွန်တော်တို့ လုပ်ဆောင်နေတဲ့ အခြေခံအချက်ပါပဲ။

ဖြစ်နိုင်သမျှ သိပ်မကြာဘဲ ၂ နှစ်ကနေ သုံးနှစ်အတွင်း ပိုပြီးထင်ထင်ရှားရှားဖြစ်လာမယ့် ရလဒ်တွေထွက်ဖို့အတွက် ပြုပြင်ပြောင်းလဲရေးတွေ လုပ်ဆောင်သွားဖို့ ကျွန်တော်တို့ သံန္နိဋ္ဌာန်ချထားပါတယ်။ ဒီအပြောင်းအလဲတွေကတော့ ရင်းနှီးမြှုပ်နှံမှု၊ ပုဂ္ဂလိက အများပိုင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်ရဲ့ ပါဝင်မှုကို ဘယ်လိုသုံးသပ်မလဲဆိုတာနဲ့ အခွန်ငွေတွေ ကောက်ခံသွားရေးတို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ စီးပွားရေးကလည်း ၂၀၁၂ ကစလို့ ၃ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၃ မှာတော့ ကမ္ဘာ့စီးပွားရေးအခြေအနေက တိုးတက်မှုနှုန်း သိပ်မမြင့်နိုင်ဘူးဆိုပေမယ့် လေးရာခိုင်နှုန်း ရရှိမယ်လို့ မျှော်လင့်ထားပါတယ်။

**အာရပ်ကမ္ဘာရဲ့ အခြေအနေကို ကြည့်လိုက်ရင် တူနီးရှားဟာ အာရပ်အဖွဲ့ချုပ်မှာ နေရာရထားပါတယ်။ ဆီးရီးယားနိုင်ငံမှာ ဖြစ်နေတာတွေကို ကြည့်လိုက်ရင်လည်း ဆီးရီးယားကိစ္စတွေမှာ တူနီးရှားရဲ့ တရားဝင်ရပ်တည်မှုအနေအထားတွေက ဘာတွေပါလဲ။ အထူးသဖြင့် ဂျီဟတ်ဝါဒီတိုက်ခိုက်ရေးသမားတွေဟာ တူနီးရှားကနေထွက်ခွာပြီး ဆီးရီးယားနိုင်ငံမှာ သွားတိုက်ခိုက်နေကြတာကို သိနေကြတယ် မဟုတ်လား။**

တူနီးရှားနိုင်ငံရော၊ နိုင်ငံသားတွေပါ ဆီးရီးယားနိုင်ငံမှာဖြစ်နေတဲ့ အကြမ်းဖက်မှုရပ်ဆိုင်းရေး အရှိန်မြှင့်စေမယ့် နိုင်ငံရေးဖြေရှင်းချက်တစ်ရပ်ဆီ ဦးတည်စေမယ့် မည်သည့်အားထုတ်မှုမျိုးကိုမဆို ခိုင်ခိုင်မာမာထောက်ခံနေပါတယ်။ စိုးရိမ်ပူပန်မှုတွေနဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုရင်တော့ တူနီးရှားနိုင်ငံသားအနည်းငယ်ဟာ ဆီးရီးယားမှာ သူတို့ကို ဘာတွေက စောင့်ကြိုနေတယ်ဆိုတာမသိဘဲ စွန့်စားခန်း သွားရှာကြပါတယ်။ ဒီဖြစ်စဉ်ကို ကျွန်တော်တို့တွေ့မိတဲ့အတွက် လူငယ်တွေကို ဆီးရီးယားကို သွားရောက်ခွင့်ပိတ်ပင်မှုတွေ လုပ်ထားပါတယ်။ ဒါမှသာ သူတို့တွေ အဲဒီမှာ ခံယူချက်တစ်ခုနဲ့ ဝင်တိုက်နေတာမျိုး မဖြစ်တော့အောင်ပါ။ ဆီးရီးယားနိုင်ငံက ထွက်သွားသူတွေနဲ့ အဲဒီကိုရောက်နေတဲ့သူတွေရဲ့ အကျိုးဆက်ဖြစ်လာနိုင်တာတွေအတွက်လည်း ကျွန်တော်တို့ပြင်ဆင်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ဆီးရီးယားနိုင်ငံမှာ ရောက်နေတဲ့ တူနီးရှားက စွန့်စားရေးသမားတွေကို ထိန်းချုပ်နိုင်ဖို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းတွေအတွက်လည်း လုပ်ဆောင်နေပါတယ်။ လိုအပ်တဲ့ဥပဒေတွေ ပြဋ္ဌာန်းနေပါတယ်။

**ဝန်ကြီးချုပ်ခင်ဗျား အစိုးရတစ်ရပ်ဟာ တရားသူကြီးတွေရဲ့ အလုပ်မျိုးနဲ့တော့ ရောမထားသင့်ပါဘူး။ ဒါပေမဲ့ တူနီးရှားအစိုးရအကြီးအကဲတစ်ဦးအနေနဲ့ အတိုက်အခံပါတီ Democratic Patriots' Movement ရဲ့ ခေါင်းဆောင်ဖြစ်တဲ့ ချိုကရီဘယ်လိတ်ဒ်ကိုလုပ်ကြံမှုကိစ္စမှာ ဘယ်လိုစုံစမ်းစစ်ဆေးနေလဲ ဆိုတာကိုရော ပြောပြနိုင်မလားခင်ဗျ။**

ရှေ့နေတစ်ဦးလည်းဖြစ်တဲ့ ချိုကရီဘယ်လိတ်ဒ် လုပ်ကြံခံရမှုဟာ သူ့မိသားစုကို ဦးတည်တိုက်ခိုက်တာ၊ တူနီးရှားပြည်သူတွေနဲ့ နိုင်ငံကို တိုက်ခိုက်တာသာမကဘဲ တူနီးရှားနိုင်ငံရေးဖြစ်စဉ်ကို တိုက်ခိုက်တာလည်းဖြစ်ပါတယ်။ ဒါပေမဲ့ အခုချိန်ထိတော့ ကျွန်တော်တို့ကို ဒီရာဇဝတ်မှုကိစ္စနဲ့ ပတ်သက်ပြီးတော့ အသေးစိတ်ထုတ်ဖော်နိုင်သူတွေ ရှိနေပါတယ်။ သူတို့က နောက်ကွယ်မှာ ဘယ်သူတွေရှိတယ်ဆိုတဲ့ မေးခွန်းတွေကိုလည်း ဖြေဆိုနိုင်ပါတယ်။

ဒါကတော့ ပထမကိစ္စပေါ့။ အဲဒါအပြင် ဘယ်လိတ်ဒ်ရဲ့ လုပ်ကြံခံရခြင်းကို အမှန်ပေါ်အောင်အတွက် မဟုတ်ဘဲ နိုင်ငံရေးနည်းလမ်းတွေအတွက် ပါတီတွေ၊ လူပုဂ္ဂိုလ်တွေကို တိုက်ခိုက်ဖို့အတွက် အမြတ်ထုတ်ကြတာလည်း ရှိခဲ့ပါတယ်။ ကျွန်တော်တို့အကြောင်းအရာတွေအများကြီး၊ ဆန်းစစ်မှုတွေ အများကြီး ကြားရပါတယ်။ ဒီနောက်မှာ အဲဒါတွေဟာ မတိကျဘူးဆိုတာကို လူတွေက သိသွားကြတော့ ဘယ်သူကမှ တောင်းပန်တယ်လို့ မပြောကြပါဘူး။

ဒါကြောင့်ပဲ ဒီကိစ္စကို အသုံးချပြီး မွှေနှောက်ဖို့ (သို့မဟုတ်) လူထုအမြင်တွေကို လွှမ်းမိုးနိုင်ဖို့ ၊ နိုင်ငံရေးအကျိုးအတွက် အသုံးချတာမျိုးတွေကို ကျွန်တော်တကယ်ပဲ စိတ်ပူပါတယ်။ အစိုးရအဆင့်မှာတော့ ကျွန်တော်တို့ဟာ တူနီးရှားကို နိုင်ငံရဲ့ တော်လှန်ရေးနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို တိုက်ခိုက်နေတဲ့သူတွေကို ရှာဖွေသွားမှာပါ။

**ဝန်ကြီးချုပ်ခင်ဗျား တူနီးရှားနိုင်ငံမှာ မီဒီယာဟာ အခုဆိုရင် လွတ်လပ်စွာရေးသားဖော်ပြခွင့်ရနေပါတယ်။ ဒါဟာ တော်လှန်ရေးရဲ့ အကြီးမားဆုံး အောင်မြင်မှုတွေထဲက တစ်ခုပါ။ ဒါပေမဲ့ ဒီနေ့မှာတော့ ဥရောပကော်မရှင်ရဲ့ဥက္ကဋ္ဌ ဘာရိုဆိုက တူနီးရှားနိုင်ငံမှာ လွတ်လပ်စွာ ရေးသားဖော်ထုတ်ခွင့် တိုးတက်အောင်လုပ်ဖို့ ဝန်ကြီးချုပ်ကို တောင်းဆိုထားပါတယ်။ Femen အဖွဲ့က လူငယ်တက်ကြွလှုပ်ရှားသူတွေကို စီရင်ချက်ချတာတွေနဲ့ ပတ်သက်လို့လည်း စိုးရိမ်ကြောင်း တောင်းဆိုမှုတွေ ရှိနေပါတယ်။**

တော်လှန်ရေး ပြီးတော့ တူနီးရှားနိုင်ငံရဲ့ တရားရေးစနစ်ဟာ အမြဲအခိုင်ကင်းပြီး လွတ်လပ်ခဲ့ပါတယ်။ ဥရောပမှာဆိုရင် တရားရေးစနစ်ရဲ့ ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်လာရင် နိုင်ငံရေးအရ တာဝန်ရှိသူတွေက တရားသူကြီးတွေရဲ့ ဆုံးဖြတ်ချက်တွေကိုမှတ်ချက်တွေပေးဖို့ ငြင်းဆန်လေ့ရှိပါတယ်။ ကျွန်တော်တို့သိရသလောက်လည်း ကျွန်တော်တို့ဟာ ဒီလိုအစီအစဉ်မျိုးကို လိုက်နာရတော့မှာပါ။

**နိဂုံးချုပ်ရရင် ယနေ့ကာလမှာ တူနီးရှားနိုင်ငံမှာ ရွေးကောက်ပွဲတွေ ကျင်းပဖြစ်ခဲ့ရင် အင်နာဒါပါတီ အနိုင်ရလိမ့်မယ်လို့ လူကြီးမင်း ထင်မြင်မိပါသလား။**

အင်နာဒါပါတီနဲ့ ပတ်သက်ရင် တူနီးရှားနိုင်ငံမှာရှိတဲ့ ဘယ်သူမဆိုထက် ကျွန်တော်က ပိုသိတယ်လို့ထင်နေဆဲပါပဲ။ ဒီပါတီဟာ လာမယ့်ရွေးကောက်ပွဲမှာ ဝင်ပြိုင်မယ့် အကြီးဆုံးပါတီတွေထဲက တစ်ခုပါပဲ။ ဒါပေမဲ့ သူတို့ မဲဘယ်လောက်များများရမယ် ဆိုတာကတော့ ပြောဖို့စောပါသေးတယ်။ မှန်းရခက်ပါတယ်။

**ရွေးကောက်ပွဲတွေဟာ အစွန်းရောက် ဘာသာရေးဝါဒီတွေ၊ ဂျီဟတ်ဝါဒီတွေရဲ့ လှုပ်ရှားမှုလှိုင်းတွေရော မရိုက်ခတ်နိုင်ဘူးလား။**

အခုအချိန်မှာလိုပဲ အဲဒီအခါကျရင်လည်း နှောင့်ယှက်နိုင်တဲ့ ပါတီတွေ၊ လူပုဂ္ဂိုလ်တွေ ရှိလာနိုင်တယ်။ သူတို့က နိုင်ငံရေးဖြစ်စဉ်ကို ပုံဖျက်နိုင်တယ်။ ဒါပေမဲ့ သူတို့ မရပ်တန့်နိုင်ကြဘူး။

*—Ref: Tunisia's Larayedh predicts democratic progress. Euronews: 28 June.*

7 DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013



# Leader's Profile

## အီဂျစ်ကြားဖြတ်အစိုးရခေါင်းဆောင်

## အက်ဒလီမန်ဆော

ရဲမင်း



အက်ဒလီမာမွတ်မန်ဆောသည် အီဂျစ်တရားသူကြီးတစ်ဦးဖြစ်ပြီး လက်ရှိတွင် အီဂျစ်နိုင်ငံ၏ ယာယီသမ္မတအဖြစ် တာဝန်ယူထားသူဖြစ်သည်။

အက်ဒလီမန်ဆောကို၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်တွင် ကိုင်ရိုမြို့၌ မွေးဖွားခဲ့သည်။ကိုင်ရိုတက္ကသိုလ်၊ ဥပဒေကျောင်းတွင် တက်ရောက်ခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် ဘွဲ့ရရှိခဲ့သည်။ နောက် ၂ နှစ်အကြာတွင် ဥပဒေမဟာဘွဲ့ ရရှိခဲ့သလို ၁၉၇၀ ပြည့်နှစ်တွင် ကိုင်ရိုတက္ကသိုလ်မှပင် ဘွဲ့လွန်စီမံခန့်ခွဲရေး သိပ္ပံပညာဘွဲ့ ထပ်မံရရှိခဲ့သည်။ နောက်ပိုင်းတွင် ပြင်သစ်နိုင်ငံသို့ သွားရောက်၍ Ecole nationale d'administration (ENA) ကျောင်း၌ ထပ်မံတက်ရောက်ပြီး ၁၉၇၇ ခုနှစ်တွင် ဘွဲ့ရရှိခဲ့သည်။

မစ္စတာမန်ဆောသည် အခြေခံဥပဒေဆိုင်ရာထိပ်သီးတရားရုံး၏ တရားသူကြီးအဖြစ် ၁၉၉၂ ခုနှစ်တွင် စတင်ခန့်အပ်ခံရပြီး နောက်ပိုင်းတွင် ၂၀၁၃ ခုနှစ် ဇူလိုင် ၁ ရက်အထိ ယင်းတရားရုံး၏ ဒုတိယတရားသူကြီးချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၁၃ ခုနှစ် မေလ ၁၉ ရက်တွင် သမ္မတမိုဟာမက်မော်စီက ၎င်းအား အခြေခံဥပဒေဆိုင်ရာ တရားရုံး၏ဥက္ကဋ္ဌအဖြစ်ခန့်အပ်ခဲ့သည်။ သို့သော်လည်း ၂၀၁၃ ခုနှစ်ဇူလိုင်လ ၄ ရက် နိုင်ငံ၏ သမ္မတအဖြစ်ကျမ်းသစ္စာမကျိန်ဆိုမီမှာပင် အခြေခံဥပဒေဆိုင်ရာ တရားရုံးချုပ်တရားသူကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ယင်းမတိုင်မီက အီဂျစ်နိုင်ငံတွင် ရွေးကောက်ပွဲဖြင့်တက်လာသော သမ္မတမိုဟာမက်မော်စီကို ဆန့်ကျင်၍ လူထုကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် အီဂျစ်စစ်ဘက်၊ ဘာသာရေးခေါင်းဆောင်၊ လောကီခေါင်းဆောင်များအဖွဲ့က သမ္မတမော်စီကို ရာထူးမှဖယ်ရှားပြီး အခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌ မစ္စတာမန်ဆောအား သမ္မတအဖြစ်ခန့်အပ်လိုက်ကြောင်း ကြေညာသည်။ ၎င်းအား သမ္မတအဖြစ်ခန့်အပ်ကြောင်းကို အီဂျစ်ကာကွယ်ရေးဝန်ကြီး အဗ္ဗဒူဖာတာအယ်လ်စီစီက ဇူလိုင် ၃ ရက်က ရုပ်မြင်သံကြားမှ ကြေညာခဲ့သည်။

၂၀၁၃ ခုနှစ် ဇူလိုင် ၄ ရက်တွင် နိုင်ငံ၏သမ္မတဖြစ်လာခဲ့ပြီးနောက် မစ္စတာမန်ဆောသည် ၂၀၁၂ ခုနှစ်က ရေးဆွဲခဲ့သော အခြေခံဥပဒေအရ ဖျက်သိမ်းခဲ့သော ဒုတိယသမ္မတရာထူးနေရာကို ပြန်လည်ဖန်တီးပြီး မော်စီ၏ အတိုက်အခံအဖွဲ့ခေါင်းဆောင် မိုဟာမက် အယ်ဘာရာဒီကို ဒုတိယသမ္မတအဖြစ် ခန့်အပ်ခဲ့သည်။ ဇူလိုင် ၉ ရက်တွင် စီးပွားရေးပညာရှင် ဟာဇမ်အယ်လ်ဘီဘလာဝီကိုလည်း ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။

အီဂျစ်ကြားဖြတ်အစိုးရသမ္မတ အက်ဒလီမန်ဆောသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားတစ်ဦးနှင့် သမီးနှစ်ဦး ထွန်းကားထားသည်။

*—Ref: Wikipedia*

# ဘိုလီးဘီးယားသမ္မတ လေယာဉ် ပျံသန်းခွင့် ပိတ်ခဲ့သည့် ဥရောပလေးနိုင်ငံမှ သံတမန်များ လက်တင်အမေရိကနိုင်ငံများပြန်ခေါ်ယူ

**မွန်တီဗီဒီယို၊ ဇူလိုင်- ၁၃**

ဘိုလီးဗီးယားနိုင်ငံသမ္မတ မိုရေးစ်၏ လေယာဉ်ဖြတ်သန်းခွင့်ကို ဥရောပနိုင်ငံများက ပိတ်ပင်ခဲ့ပြီးနောက် တောင်အမေရိကလေးနိုင်ငံက ၎င်းတို့၏ သံတမန်များအား ပြန်လည်ခေါ်ယူသွားမည်ဖြစ်ကြောင်းပြောကြားလိုက်သည်။

ဘိုလီးဗီးယားသမ္မတ မိုရေးစ်၏ လေယာဉ်ပေါ်တွင် အမေရိကန်နိုင်ငံမှ ထွက်ပြေးနေသူ စနိုးဒန်လိုက်ပါလာသည်ဟု မသင်္ကာသဖြင့် လေယာဉ်ဖြတ်သန်းခွင့်တားမြစ်ခံခဲ့ရပြီး ဩစတြီးယားမှတစ်ဆင့် လမ်းကြောင်းပြောင်းလဲပျံသန်းခဲ့ရသည်။ ယင်းကဲ့သို့ လေယာဉ်ပျံသန်းခွင့်ပိတ်ပင်ခြင်းမှာ နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ဘရာဇီး၊ ဗင်နီဇွဲလား၊ အာဂျင်တီးနားနှင့် ဥရုဂွေးနိုင်ငံများကပြောသည်။ ၎င်းတို့၏ သံတမန်များကို ဘိုလီးဗီးယားသမ္မတ လေယာဉ်ပျံသန်းမှု ပိတ်ပင်ခဲ့သည့် ပြင်သစ်၊ စပိန်၊ ပေါ်တူဂီနှင့် အီတလီနိုင်ငံများမှ ပြန်လည်ခေါ်ယူသွားမည်ဟုပြောသည်။

ဥရောပနိုင်ငံများက ယင်းကဲ့သို့ ဖြစ်ပွားခဲ့ရခြင်းမှာ နားလည်မှုလွဲမှားခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီးပြင်သစ်အစိုးရက တောင်းပန်ခဲ့ကာ စပိန်အစိုးရက မစ္စတာ စနိုးဒန် ယင်းလေယာဉ်ပေါ်တွင် လိုက်ပါလာသည်ဟု မိမိတို့ကို ပြောခဲ့သည့်သတင်းပေးချက်ကိုပြစ်တင်ပြောကြားသည်။

ဘိုလီးဗီးယားသမ္မတ၏ လေယာဉ်ပျံသန်းခွင့် ပိတ်ပင်ခဲ့ကြသော ဥရောပနိုင်ငံများမှ သံတမန်များကို ပြန်ခေါ်ရန် ဆုံးဖြတ်ချက်ကို ဘရာဇီး၊ အာဂျင်တီး နား၊ ဗင်နီဇွဲလားနှင့် ဥရုဂွေးနိုင်ငံများ ပါဝင်သည့် လက်တင်အမေရိကနိုင်ငံများအဖွဲ့ မာကူဆာ၏ တောင်အမေရိကနိုင်ငံများ ကုန်သွယ်မှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်သည်။ မာကူဆာအဖွဲ့အနေဖြင့် လေယာဉ်ဖြတ်သန်းခွင့်ပိတ်ပင်ခဲ့ခြင်းအတွက် ပြင်သစ်၊ အီတလီ၊ စပိန်နှင့် ပေါ်တူဂီနိုင်ငံများမှ ဖြေရှင်းချက်တောင်းပြီး လူသိရှင်ကြားတောင်းပန်ရန် တောင်းဆိုသွားမည်ဟု ဗင်နီဇွဲလားသမ္မတ နီးကိုးလတ်စ်မာဒူရိုကပြောသည်။ ဘိုလီးဗီးယားနိုင်ငံသည် လက်တင်အမေရိကနိုင်ငံများအဖွဲ့ မာကူဆာအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး လေယာဉ်ပျံသန်းခွင့်ပိတ်ပင်ခဲ့သည့်ဥရောပနိုင်ငံများမှ သံတမန်များအား ဆင့်ခေါ်ခဲ့သည်။

*—Ref: BBC*

# လျှို့ဝှက်သတင်းဖော်ထုတ်သူများကို ကာကွယ်ပေးရန် လိုအပ်ကြောင်း စနိုးဒန်ကိစ္စက ပြသနေသည် ဟု ကုလသမဂ္ဂပြောကြား

**ဂျီနီဗာ၊ ဇူလိုင်- ၁၃**



EPA

အမေရိကန်နိုင်ငံထောက်လှမ်းရေးဌာန၏ လျှို့ဝှက်သတင်းများကို ဖော်ထုတ်ခဲ့သည့် အက်ဒ်ဝပ်စနိုးဒန်၏ ကိစ္စက လျှို့ဝှက်သတင်းဖော်ထုတ်သူများကို ကာကွယ်ပေးရန်လိုအပ်ကြောင်း ပြသနေသည်ဟု ကုလသမဂ္ဂ လူ့အခွင့်အရေးထိန်းသိမ်းရေးအဖွဲ့ ခေါင်းဆောင် မစ္စစ်နာဗီပီလေးကဇူလိုင်၁၂ရက်တွင် ပြောသည်။

လူ့အခွင့်အရေးများပါဝင်နေသည့်ကိစ္စများနှင့် ပတ်သက်၍ သတင်းအချက်အလက်ထုတ်ဖော်သူများကို ကာကွယ်ပေးရန် လိုအပ်ကြောင်း စနိုးဒန်၏ ကိစ္စကပြသနေပြီး ပုဂ္ဂိုလ်ရေးကိစ္စအတွက် လူ့အခွင့်အရေးကိုလည်း လေးစားရန် လိုအပ်ကြောင်း မစ္စစ်ပီလေးက ကြေညာချက်တစ်ရပ်တွင် ပြောကြားသည်။ ထောက်လှမ်းရေးအေဂျင်စီတစ်ခု၏ လူ့အခွင့်အရေးချိုးဖောက်ခြင်းနှင့် ပတ်သက်သည့်သတင်းအချက်အလက်များသည် ယင်းအေဂျင်စီအတွင်းမှပင် အများစုထွက်ပေါ်လာကြောင်းဖော်ပြချက်ကိုထောက်ပြကာ ကုလသမဂ္ဂအခြေခံကျသော လွတ်လပ်မှုများ အရေးကျွမ်းကျင်သူမာတင်ရှီအင်အင်ကလည်း သဘောတူခဲ့သည်။

စနိုးဒန်၏ နိုင်ငံရေးခိုလှုံခွင့်အများစုပယ်ချခံရမှုကိုလည်း မစ္စစ်ပီလေးက ဝေဖန်ပြောကြားလိုက်သည်။ နိုင်ငံတကာက တရားဝင်ခွင့်ပြုထားသော နိုင်ငံရေးခိုလှုံခွင့်ပေးနိုင်သည့် ဥပဒေကို နိုင်ငံအားလုံးလေးစားစေလိုကြောင်း နိုင်ငံရေးခိုလှုံခွင့်ပေးရန်ဆုံးဖြတ်ရာတွင်လည်း နိုင်ငံတကာ၏ တရားဝင်ဥပဒေများအတိုင်းဆုံးဖြတ်ကြစေလိုကြောင်း ၎င်းကပြောသည်။

တောင်အမေရိကန်နိုင်ငံတစ်နိုင်ငံသို့ မသွားရောက်နိုင်မီ ရုရှားနိုင်ငံတွင် ယာယီနိုင်ငံရေးခိုလှုံခွင့်တောင်းခံလိုကြောင်း စနိုးဒန်က ပြောကြားထားပြီး ဗင်နီဇွဲလား၊ ဘိုလီးဗီးယားနှင့် နီကာရာဂွါနိုင်ငံတို့က ၎င်းကို နိုင်ငံရေးခိုလှုံခွင့်ပြုမည်ဟု ပြောကြားထားသည်။

*—Ref: AFP*

# လူသားချင်းစာနာမှု အကူအညီ ပေးပို့နိုင်ရန် ဆီးရီးယားတိုက်ပွဲများ ခေတ္တရပ်ဆိုင်းထားရန် ကြက်ခြေနီအဖွဲ့ တောင်းဆို

**ဘေရွတ်၊ဇူလိုင်-၁၃**

ဆီးရီးယားသမ္မတအာဆတ်၏ တပ်ဖွဲ့များနှင့် ဟွမ်းစ်မြို့ရှိ သူပုန်များ၏ တိုက်ပွဲများကြား ပိတ်မိနေသည့် ဒေသခံများထံသို့ အသက်ကယ်အကူအညီများ ပေးပို့နိုင်ရန် တိုက်ပွဲများရပ်တန့်ထားရန် ကြက်ခြေနီအဖွဲ့က ဇူလိုင် ၁၂ ရက်တွင် တောင်းဆိုလိုက်သည်။

သူပုန်များသိမ်းပိုက်ထားသည့် ဟွမ်းစ်မြို့ကိုပြန်လည်သိမ်းပိုက်ရန် ဆီးရီးယားစစ်တပ်က လက်နက်ကြီးများဖြင့် တိုက်ခိုက်ခြင်း၊ လေကြောင်းအသုံးပြုတိုက်ခိုက်နေခြင်းကြောင့် ဟွမ်းစ်မြို့ရှိ ပြည်သူထောင်ပေါင်းများစွာ အသက်အန္တရာယ်ကြုံတွေ့နေရကြောင်း နိုင်ငံတကာကြက်ခြေနီအဖွဲ့ (ICRC)က ပြောသည်။

ဟွမ်းစ်မြို့သို့အစားအစာနှင့် ဆေးဝါးထောက်ပံ့ရေးပစ္စည်းများ ပေးပို့ခွင့်ပြုရန် ဆီးရီးယားအာဏာပိုင်များကို တိုက်တွန်းကြောင်း ဆီးရီးယားနိုင်ငံရှိ (ICRC)ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မဂ်နီဘာ့တ်က ပြောကြားသည်။ ဟွမ်းစ်မြို့မှထွက်ခွာလိုသူအရပ်သားများကို လက်နက်ကိုင်အုပ်စုများက ထွက်ခွာခွင့်ပြုရန်လည်း တိုက်တွန်းထားကြောင်း ICRC က ပြောသည်။

ICRC၏တွဲဖက်အဖွဲ့အစည်းဖြစ်သော ဆီးရီးယားအာရပ်အနီရောင်လခြမ်းအဖွဲ့မှ စေတနာ့ဝန်ထမ်းများသည် ဆီးရီးယားအစိုးရတပ်များနှင့် သူပုန်တပ်များ၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည်။ပဋိပက္ခများကြောင့်သေဆုံးသူ ထောင်ပေါင်းများစွာရှိသည့်အပြင် ဒေသတွင်း အကြမ်းဖက်မှုများကြောင့် ရွှေ့ပြောင်းနေထိုင်ရသူ လေးသန်းခန့်ရှိမည်ဟု အကူအညီပေးရေးအဖွဲ့များက ခန့်မှန်းထားပြီး ၎င်းတို့အနက် အများစုမှာ ငွေကြေးမရှိဘဲ အကူအညီများလိုအပ်နေကြောင်းကယ်ဆယ်ရေးအဖွဲ့များက ပြောသည်။

*—Ref: Reuters*

7 DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013

# မြောက်ကိုရီးယား ရေကြီးမှု လူရာပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်

**ဆိုးလ်၊ဇူလိုင်-၁၃**

ပြီးခဲ့သည့်သုံးရက်အတွင်း မြောက်ကိုရီးယားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနှစ်ဦးသေဆုံးပြီး လူရာပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်သွားကြောင်း နိုင်ငံပိုင်မီဒီယာက ပြောကြားသည်။

"နိုင်ငံအလယ်ပိုင်းမှာ ရေကြီးမှု အပျက်အစီးတွေ ဖြစ်ပေါ်ခဲ့ပါတယ်"ဟု ကိုရီးယားဗဟိုသတင်းအေဂျင်စီ (KCNA)က ကနဦးရရှိသော စာရင်းအင်းများကို ကိုးကား၍ ပြောကြားသည်။

တောင်ဟန်ကျွန်းပြည်နယ်၊ မြောက်ဟွမ်ဂီးပြည်နယ်နှင့် ကန်ဝမ်ပြည်နယ်များတွင် လယ်မြေဧက အမြောက်အမြား ရေလွှမ်းခံခဲ့ရသည်ဟု KCNA က ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံမှ အဆင့်မြင့်စိုက်ပျိုးရေးနည်းပညာနှင့် အခြေခံအဆောက်အအုံ ရှားပါးမှုကြောင့် နိုင်ငံ၏လူဦးရေ ၂၄ သန်း ရှန်းကန်နေရသလို ရာသီဥတု မကောင်း၍ ပိုမိုဆိုးရွားခဲ့ရသည်။

ပြီးခဲ့သည့်ဩဂုတ်လအတွင်း ဆိုလီဗန်တိုင်ဖွန်း ဝင်ရောက်မှုကြောင့် မြောက်ကိုရီးယားနိုင်ငံတွင် လူ ၄၈ ဦး သေဆုံးခဲ့ပြီး ၅၀ ကျော် ထိခိုက်ဒဏ်ရာရ (သို့မဟုတ်) ပျောက်ဆုံးခဲ့သည်။ လူသေဆုံးမှုများအပြင် လူနှစ်သောင်း အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး လယ်ယာမြေနှင့် သီးနှံဧကပေါင်းများစွာ ပျက်စီးခဲ့ကြောင်း KCNA က ပြောကြားသည်။ *—Ref:AFP*



KAZUHIRO NOGI/AFP

*ဇူလိုင် ၉ ရက်က တိုကျိုမြို့အနီး ယိုကိုဟားမားဒေသတွင် ဆိုက်ဘီးရီးယားထာဝရရေခဲပြင်ဒေသမှ နှစ်ပေါင်း ၃၉၀၀၀ သက်တမ်းရှိ "ယူကာ"ဟု အမည်ပေးထားသော မွေးထူရှေးသတ္တဝါကြီးကိုတွေ့ရစဉ်။ အေးခဲထားသော ယင်းသတ္တဝါကို ဇူလိုင် ၁၃ ရက်ကမှ စက်တင်ဘာ ၁၆ ရက်အထိ ပြသထားမည်ဖြစ်သည်။*

# ဂျပန်ကာကွယ်ရေးအစီရင်ခံစာ အချက်အလက်များ မျက်ကွယ်ပြုထားဟု တရုတ်ပြောကြား

**ဘေဂျင်း၊ဇူလိုင်-၁၃**

ဂျပန်နိုင်ငံက တရားဝင်အစိုးရကာကွယ်ရေး အစီရင်ခံစာမှာ အမှန်တရားနှင့်မကိုက်ညီဘဲဘေဂျင်းအား ခြိမ်းခြောက်မှုဟု မမှန်မကန် ဖော်ပြထားကြောင်း တရုတ်နိုင်ငံက ပြောကြားပြီး ဂျပန်ကို ရှုတ်ချလိုက်ကြောင်း နိုင်ငံပိုင်မီဒီယာတွင် ဖော်ပြသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏ စက္ကူဖြူစာတမ်း အစီရင်ခံစာမှ ပြီးခဲ့သည့်နှစ်အတွင်း အရှေ့တရုတ်ပင်လယ် လူမနေသောကျွန်းများနှင့်ပတ်သက်၍ တအို့နွေးနွေးရှိခဲ့သော အငြင်းပွားမှုဖြစ်ပေါ်ပြီးနောက်ပိုင်းပထမဆုံးထုတ်ပြန်သော အစီရင်ခံစာဖြစ်သည်။

စာတမ်းမှာ အချက်အလက်များကို လျစ်လျူရှုထားပြီး တရုတ်နိုင်ငံ၏ စစ်ရေးခြိမ်းခြောက်မှုကို အသားပေးဖော်ပြထားသည်ဟု တရုတ်ကာကွယ်ရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဂန်ယန်ရှန်းကို ကိုးကား၍ ဆင်ဟွာသတင်းက



ဖော်ပြသည်။

ဇူလိုင် ၉ ရက်တွင် တိုကျိုက အတည်ပြုပေးလိုက်သောစာတမ်းမှာ ဂျပန်ကာကွယ်ရေးစွမ်းရည်များနှင့် ဒေသဆိုင်ရာလုံခြုံရေးကို ဖော်ပြထားသော နှစ်စဉ်ထုတ်ပြန်သည့် အစီရင်ခံစာဖြစ်သည်။

တစ်စုံတစ်ခုဖြစ်သွားနိုင်သည်ဟု တိုကျိုကပြောကြားသော အပြုအမူအတွက်လည်း ဘေဂျင်းကို အစီရင်ခံစာတွင် ပြစ်တင်ပြောကြားထားသည်။ အစီရင်ခံစာက ဖော်ပြထားသော ဥပမာများတွင် ဂျပန်နိုင်ငံ၏ ရေပိုင်နက်နှင့် လေပိုင်နက်ကို ချိုးဖောက်မှုများကို ဖော်ပြထားသည်။

*—Ref: AFP*

# အင်ဒိုနီးရှားတွင် အရာရှိကြီးများ၏ အတွင်းရေးမှူးများကို အမျိုးသားများဖြင့် အစားထိုးမည်

**ဂိုရွန်တာလို၊ဇူလိုင်-၁၃**

အိမ်ထောင်ရေးဖောက်ပြန်မှုကိစ္စအများအပြားရှိခဲ့၍ ၎င်းတို့၏ အတွင်းရေးမှူးများကို အမျိုးသားများဖြင့်အစားထိုးရန် အင်ဒိုနီးရှားပြည်နယ်အုပ်ချုပ်ရေးမှူးတစ်ဦးက ၎င်း၏ထိပ်တန်းအရာရှိကြီးများကို အမိန့်ပေးလိုက်သည်။

"အစိုးရရုံးအကြီးအကဲတွေဟာ သူတို့ရဲ့ အတွင်းရေးမှူးတွေနဲ့ အိမ်ထောင်ရေးဖောက်ပြန်မှုတွေ ရှိနေတယ်ဆိုတဲ့ သတင်းတွေ ကျွန်တော့်ဆီ ရောက်လာတယ်"ဟု ဆူလာဝဆီကျွန်း ဂိုရွန်တာလိုပြည်နယ်အုပ်ချုပ်ရေးမှူး ရပ်စလီဟာဘီဘီက ပြောသည်။

"သူတို့က အတွင်းရေးမှူးတွေကို မိန်းမထက်တောင် ပိုပြီးဂရုစိုက်ကြတယ်။ တာဝန်နဲ့ခရီးသွားရာကနေ ရေမွှေးတွေ၊ တံဆိပ်ကောင်းကောင်း လက်ပွေ့အိတ်တွေ အတွင်းရေးမှူးတွေကိုပေးပြီး သနားစရာမိန်းမတွေကတော့ ဘာမှမရကြဘူး"ဟု မစ္စတာ ရပ်စလီက ပြောသည်။

အမိန့်ကို မလိုက်နာသူများအပေါ် ပြစ်ဒဏ်ပေးခြင်း မရှိသော်လည်း ၎င်း၏ညွှန်ကြားချက်များကို လက်အောက်ကလူများ လိုက်နာကြလိမ့်မည်ဟု မစ္စတာရပ်စလီက ယုံကြည်ထားသည်။ ၎င်း၏ပြည်နယ်အစိုးရတွင် အမျိုးသမီးအတွင်းရေးမှူးထားရှိသူ အရာရှိ ၅၀ ခန့်ရှိသည်ဟုလည်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ပြီးခဲ့သောနှစ်အတွင်းကလည်း ၎င်း၏ပြည်နယ်မှ အမျိုးသားဝန်ထမ်း ၃,၂၀၀ ၏ လစာများကို ၎င်းတို့ဇနီး၏ ဘဏ်စာရင်းထဲသို့ထည့်သွင်းရန် ဂိုရွန်တာလိုပြည်နယ်အစိုးရက တောင်းဆိုခဲ့သည်။ ယင်းမှာအိမ်ထောင်ရေးဖောက်ပြန်မှုကို ထိန်းချုပ်ရန်အတွက်ဟု ပြောကြားခဲ့သည်။ *—Ref:AFP*



7 DAY NEWS JOURNAL

# Entertainment

Vol.12, No.19 • JULY 17 , 2013

## ကောလာဟလက မဟုတ်ဘူးဆိုတာ အကုန်သိနေတော့ ဆက်လျှောက်မယ့်လမ်းကို ထိခိုက်မယ်လို့ မထင်ပါဘူး

**ယွန်းဝတီလွင်မိုးနှင့် တွေ့ဆုံခြင်း**

ဖွဲ့ညက်

နိုင်ငံကျော် အနုပညာရှင် လွင်မိုးသမီးအဖြစ် ငယ်ရွယ်စဉ်အချိန်ကတည်းက ပရိသတ်တွေက ရင်းနှီးခဲ့ပါတယ်။ ဖခင်ဖြစ်သူက အနုပညာအလုပ်တွေ နားလိုက်တဲ့အခါမှာ ဖခင်ရဲ့အနုပညာအမွေကို ဆက်ခံမယ့်မျိုးဆက်သစ်တစ်ဦးအဖြစ် ပရိသတ်အများစုက မျှော်လင့်တောင့်တလာပါတယ်။ ဒါပေမဲ့ ယွန်းဝတီကတော့ ဓာတ်ပုံမော်ဒယ်အဖြစ် ရပ်တည်လိုပြီး ရုပ်ရှင်ဇာတ်ကားများမရိုက်ကူးလိုသေးကြောင်း ပရိသတ်ကို အသိပေးပြောကြားထားပါတယ်။ ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားများမှာ ပါဝင်သရုပ်ဆောင်ခြင်းမရှိပေမယ့်လည်း သူမကို ဘောလ်ဘုတ်တွေ၊ သီချင်းအမ်တီဗီတွေမှာ ချစ်စရာဟန်အပြုံးလေးတွေနဲ့ သရုပ်ဆောင်ပေးခဲ့ပြီး ပရိသတ်ရဲ့အချစ်တွေကို ရရှိနေတဲ့ ယွန်းဝတီလွင်မိုးနဲ့ တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်များကို ဖော်ပြပေးလိုက်ပါတယ်။

စာ(၄၁)သို့



ဓာတ်ပုံ-လင်းထွန်း(Leopard Photography)



## နိုဝင်ဘာမှာ အယ်လ်ဘမ်သစ်ထွက်ရှိမယ့် လေဒီဂါဂါ

**လော့စ်အန်ဂျလိစ်၊ ဇူလိုင်-၁၃**

ကမ္ဘာကျော်တေးသံရှင် လေဒီဂါဂါသည် လာမည့်နိုဝင်ဘာ ၁၁ ရက်တွင် Artpop အမည်ရတေး အယ်လ်ဘမ်သစ်ဖြန့်ချိမည်ဖြစ်ကြောင်း ၎င်း၏ဖေ့စ်ဘွတ်ခ်စာမျက်နှာ၌ ရေးသားဖော်ပြထားသည်။ ယင်းအယ်လ်ဘမ်တွင် တေးဂီတ၊ ပန်းချီ၊ ဖက်ရှင်နှင့် နည်းပညာပိုင်းဆိုင်ရာ Application တို့ကို ပေါင်းစပ်ဖော်ပြထားမည်ဖြစ်သည်။

Artpop အယ်လ်ဘမ်ကြိုတင်မှာယူမှုသည် စက်တင်ဘာ ၁ ရက်တွင် စတင်မည်ဖြစ်သည်။ ယင်းအယ်လ်ဘမ်တွင် လေဒီဂါဂါ၏ ဖန်တီးတီထွင်မှုပိုင်းအပြင် အခြားအနုပညာရှင်များ၏ အားဖြည့်ဖန်တီးမှုကိုပါ ကြည့်ရှုခံစားရမည်ဖြစ်သည်။

လေဒီဂါဂါသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် မတော်တဆ ဒဏ်ရာရမှုကြောင့် ခွဲစိတ်ကုသမှု ခံယူခဲ့ပြီး ၎င်း၏ Born This Way Tour ကမ္ဘာလှည့်ဖျော်ဖြေပွဲ ၂၂ ပွဲကို ဖျက်သိမ်းခဲ့ရသည်။ မျှားမကြာမီထွက်ရှိမည့် Artpop အယ်လ်ဘမ်တွင် ဂရမ်မီငါးဆုရှင် လေဒီဂါဂါ၏ စတုတ္ထမြောက်အယ်လ်ဘမ်ဖြစ်သည်။—Ref: ABC News

## ဂီတစာဆိုလွှမ်းပိုင်

ဖွဲ့ညက်

**ရန်ကုန်၊ ဇူလိုင်-၁၃**

ဒိုးပုံအမ်တီဗီကို ဩဂုတ်လတွင် ထွက်ရှိနိုင်မည်ဖြစ်ပြီး တစ်ကိုယ်တော်ခွေ "ဂီတစာဆိုလွှမ်းပိုင်" အတွက်လည်း ပြင်ဆင်နေကြောင်း လွှမ်းပိုင်က ပြောသည်။

ဒိုးပုံ၏ အမ်တီဗီရိုက်ကူးခြင်းလုပ်ငန်းများအားလုံး ပြီးစီး၍ ပရိသတ်ထံ ဩဂုတ်လအတွင်း ပို့ပေးနိုင်မည်ဖြစ်ပြီး Audio ထက် ပရိသတ်အားပေးမှု ပိုမိုရရှိရန် မျှော်လင့်ထားကြောင်း ၎င်းက ပြောသည်။

"သီချင်းအပုဒ်တိုင်းကို ကြိုးစားပြီး အကုန်အကျခံ ရိုက်ကူးထားတယ်။ အဓိကကတော့ အခွေ Quality ကို ကောင်းစေချင်လို့ပါ" ဟု ဒိုးပုံအမ်တီဗီနှင့်ပတ်သက်၍ လွှမ်းပိုင်က ပြောသည်။

ယင်းအခွေထွက်ရှိပြီးလျှင် တစ်ကိုယ်တော်ခွေဖြစ်သော "ဂီတစာဆိုလွှမ်းပိုင်" ကို စီစဉ်မည်ဖြစ်ပြီး ယင်းအခွေအတွက် သီချင်းများအဆင်သင့်ဖြစ်နေကြောင်း ၎င်းကဆိုသည်။

ဒိုးပုံအမ်တီဗီမပြီးမီအချိန်အထိ ဖျော်ဖြေပွဲများ အတွဲခွေများတွင် ပါဝင်သီဆိုမှုမရှိ၍ စီးရီးထွက်ရှိမှု ခြားနေသောကြောင့် ပရိသတ်နှင့် အဆက်အသွယ်မပြတ်စေရန် တစ်ကိုယ်တော်ခွေကိုလည်း အမြန်ဆုံးထွက်ရှိနိုင်ရန် ကြိုးစားသွားမည်ဟု လွှမ်းပိုင်က ပြောသည်။

ဒိုးပုံ Audio သည် ၂၀၁၂ က ထွက်ရှိခဲ့ကာ ပရိသတ်အားပေးမှု ရရှိခဲ့ပြီး အောင်မြင်မှုရရှိခဲ့ရာ ယင်းအခွေ၏ အမ်တီဗီကိုလည်း ပရိသတ်များက မျှော်လင့်နေကြသည်။






7DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013

# အမေရိကကို တစ်လခွဲကြာ ဖျော်ဖြေရေးသွားမယ့် R ဇာနည်

ကြူကြူဟန်

**ရန်ကုန်၊ ဇူလိုင်-၁၃**

တစ်လခွဲကျော်ကြာမြင့်မည့်အမေရိကန်နိုင်ငံဖျော်ဖြေရေးခရီးစဉ်ကို ဇူလိုင် နောက်ဆုံးပတ်တွင် စတင်မည်ဖြစ်ကြောင်း အဆိုတော် Rဇာနည်က ပြောသည်။

The Trees တီးဝိုင်းနှင့်အတူ ချစ်ကောင်း၊ ဂရေဟမ်၊ ဝိုင်းစုခိုင်သိန်း၊ အေသင်ချိုဆွေတို့ပါဝင်ကာ မြို့ ၁၀မြို့တွင် ဖျော်ဖြေမည်ဖြစ်ပြီး The Trees တီးဝိုင်း၏ ပထမဆုံးအမေရိကခရီးစဉ်ဖြစ်ကြောင်း Rဇာနည်က ပြောသည်။

"အမေရိကားပွဲသွားပြီးတော့ ပြန်လာတာနဲ့ လက်ခံထားတဲ့ပွဲတွေရှိတယ်။ အဲ့ဒါဆက်လုပ်မယ်။ နောက်ထပ် own tune တစ်ခွေလုပ်နေတာခြောက်ပုဒ်ပြီးပြီ။ အဲ့ဒါဆက်လုပ်မယ်။ လောလောဆယ်တော့ Music FC မှာ ဘောလုံးကန်နေတယ်" ဟု R ဇာနည်က ပြောသည်။

ယခုခရီးစဉ်မှာ Rဇာနည်၏ တတိယအကြိမ်မြောက် အမေရိကခရီးစဉ်ဖြစ်ပြီး ၂၀၀၉၊ ၂၀၁၀ ပြည့်နှစ်များတွင်လည်း သွားရောက်ခဲ့သည်။ ခရီးမှပြန်ရောက်ပြီးမကြာမီ ဘန်ကောက်သို့သွားရောက်ဖျော်ဖြေဦးမည်ဖြစ်ကြောင်း Rဇာနည်က ပြောသည်။

R ဇာနည်က Music FCတွင် တစ်ပတ်နှစ်ရက်ကစားဖြစ်ပြီး မကြာသေးမီက မြစိမ်းမြန်မာ ဆောက်လုပ်ရေးကြော်ငြာကို မိသားစုလိုက် သရုပ်ဆောင်ရိုက်ကူးခဲ့ကြောင်း သိရသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)



# အစာမရှိရင် သီချင်းမဆိုနိုင်တဲ့ Sister အဖွဲ့

**ဆိုးလ်၊ ဇူလိုင်-၁၂**

ကေပေ့ါပ်မိန်းကလေးအဆိုတော်အဖွဲ့တစ်ဖွဲ့ဖြစ်သော Sister အဖွဲ့သည် ပိန်ခြင်း၊ ဝခြင်းထက် အစာမရှိလျှင် သီချင်းမဆိုနိုင်သောကြောင့် အစာကိုအချိန်မှန်အပြည့်အဝစားသည်ဟု အင်တာဗျူးတစ်ခု၌ ဖြေကြားလိုက်သည်။

Sister အဖွဲ့ Mnet တေးဂီတရုပ်သံလိုင်း၏ M! Countdown အစီအစဉ်၌ သီဆိုကပြဖျော်ဖြေပြီးနောက် အင်တာဗျူးတစ်ခုပြုလုပ်ခဲ့သည်။ ၎င်းတို့၏ အင်တာဗျူးကို ကိုရီးယားစားသောက်ဆိုင်တစ်ဆိုင်အတွင်း စားသောက်ရင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။ အင်တာဗျူးစဉ်အတွင်း ၎င်းတို့စိတ်ထဲရှိသည့် အကြောင်းအရာများကို လွတ်လပ်ပွင့်လင်းစွာ ဖြေကြားခဲ့ပြီး စားသောက်နေချိန်၌လည်း အခြားမိန်းကလေးအဆိုတော်အဖွဲ့များကဲ့သို့မဟုတ်ဘဲ ပန်းကန်ထဲရှိ အစားအစာများကို အားပါးတရ စားသောက်ကြသည်ဟု ဆိုသည်။

၎င်းတို့၏ စားသောက်မှုပုံစံနှင့် ပတ်သက်၍ မေးမြန်းရာ၌ "ကျန်းမာတဲ့ရုပ်သွင်ရှိဖို့ အစားကောင်းကောင်းစားဖို့ လိုတယ်။ ဝိတ်မတက်အောင် အစာကိုအရမ်းထိန်းစားနေမယ်ဆိုရင် ကျန်းမာတဲ့သွင်ပြင်သိပ်မရနိုင်ဘူး။ ပြီးတော့ကျွန်မတို့က အစာမရှိဘဲနဲ့လည်း သီချင်းမဆိုနိုင်ဘူး။ လှုပ်ရှားမှုအရမ်းများတော့ စားထားတဲ့အစာတွေကြောင့် ဝိတ်တက်တာလည်းမရှိဘူး။ ဝိတ်ကျတာလည်းမရှိဘူး" ဟု Sister အဖွဲ့သားများက ပြောကြားသည်။

ကေပေ့ါပ်မိန်းကလေးအဆိုတော်အဖွဲ့များကြားတွင် Sister အဖွဲ့သည် ဆွဲဆောင်မှုအရှိဆုံး အဖွဲ့အဖြစ် သတ်မှတ်ခံထားရသူများဖြစ်ပြီး ၎င်းတို့၏ ဂီတပိုင်းဆိုင်ရာကျွမ်းကျင်မှုအပြင် ကျန်းမာကြံ့ခိုင်သော ခန္ဓာကိုယ်ပုံပန်းသဏ္ဍာန်ကြောင့် လူကြိုက်များသည့် အဖွဲ့လည်းဖြစ်သည်။

—Ref: Kpop Starz






စာ(၃၉)မှ

# ယွန်းဝတီလွင်မိုးနှင့် တွေ့ဆုံခြင်း

**ညီမလတ်တလောမှာ အနုပညာလှုပ်ရှားမှုအနေနဲ့ ဘာတွေလုပ်ဖြစ်နေလဲ။**

ကြော်ငြာဓာတ်ပုံတွေ ရိုက်ထားတာတွေရှိတယ်။ နောက် မဂ္ဂဇင်း၊ ဂျာနယ်တွေအတွက်လည်း ရိုက်ဖြစ်တယ်။ လောလောဆယ် ဂီတဗီဒီယိုအနေနဲ့တော့ ရိုက်ထားတာမရှိသေးပါဘူး။

**ညီမရဲ့ဖေ့စ်ဘွတ်ခ်မှာဆိုရင် မိသားစုရဲ့ လှုပ်ရှားမှုဓာတ်ပုံတွေကို အမြဲတမ်းတွေ့ရတယ်။ အဲ့ဒီအတွက် ဖေ့စ်ဘွတ်ခ်ကို တစ်နေ့မှာ ဘယ်နနာရီလောက် အချိန်ပေးပြီး သုံးဖြစ်လဲ။**

အားတိုင်းသုံးဖြစ်တယ်။ ဖေ့စ်ဘွတ်ခ်က သမီးရဲ့ပရိသတ်တွေနဲ့လည်း အမြဲတမ်းဆက်သွယ်ဖြစ်တယ်။ အဲဒီတော့ အမြဲတမ်းလိုလို ရှိပါတယ်။

**ဖေ့စ်ဘွတ်ခ်သုံးတာကရော ညီမရဲ့ နေ့စဉ်ဘဝဖြတ်သန်းမှုကို ဘယ်လောက်အထိ အထောက်အပံ့ပေးလဲ။**

အများကြီးပေးပါတယ်။ အခုတလောဆို သမီးသူငယ်ချင်းတွေနဲ့တောင် ဖုန်းသိပ်မပြောဖြစ်ဘူး။ ဖေ့စ်ဘွတ်ခ်ကနေပဲပြောဖြစ်တယ်။ ပြည်ပမှာရောက်နေတဲ့ အမျိုးတွေ၊ အသိတွေနဲ့ ဆက်သွယ်ဖို့ဆိုရင်လည်း ဖေ့စ်ဘွတ်ခ်က အရမ်းအသုံးဝင်ပါတယ်။

**ဖေ့စ်ဘွတ်ခ်မှာဆိုရင် ပရိသတ်တွေက သူတို့ရေးတာလေးတွေကို အသိအမှတ်ပြုစေချင်ကြတယ်။ အဲဒီအတွက်ညီမကဘယ်လိုတုံ့ပြန်ပေးဖြစ်လဲ။**

ပေးဖြစ်ပါတယ်။ သူတို့ရေးတာက နှစ်ရာ၊ သုံးရာလောက်ရှိတယ်။ အရမ်းများတဲ့အတွက် ဖတ်တော့ဖတ်ဖြစ်တယ်။ တစ်ယောက်ချင်းဆီကို reply ပြန်လုပ်ဖို့ မလွယ်ဘူးလေ။ အဲဒါကြောင့် ဟိုးအောက်ဆုံးမှာ အားလုံးကိုကျေးဇူးတင်ပါတယ်လို့ အဲဒီလိုမျိုးတော့ ရေးပေးဖြစ်ပါတယ်။

**ညီမအနေနဲ့ အရင်တုန်းကတော့ ဓာတ်ပုံမော်ဒယ်အဖြစ်နဲ့ ရပ်တည်ဖို့ပဲရှိတယ်လို့ ပြောဖူးတယ်။ အခုရော အရင်ဆုံးဖြတ်ချက်အတိုင်းပဲလား။ မိဘတွေကရော ဘယ်လိုအကြံပေးတာရှိလဲ။**

Photo Model အဖြစ်ပဲဆက်လုပ်ဖြစ်မှာပါ။ ဒါတောင် နောက်ပိုင်းမှာ ပိုလျှော့ဖို့ရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ညီမအခု ကျောင်းအသစ်လည်းပြောင်းမယ်။ High School Level လည်း ဖြစ်သွားပြီဆိုတော့ ပိုပြီးကြိုးစားရတော့မယ်။ အနုပညာအလုပ်ကို လျှော့ရမယ်ထင်တယ်။ ရုပ်ရှင်တွေဘာတွေ ရိုက်တာတော့ မလုပ်ဖြစ်ဘူး။

**ညီမပါဝင်သရုပ်ဆောင်ထားတဲ့ ကြော်ငြာတွေ၊ ဗီစီဒီတွေကိုကြည့်ပြီးတော့ရော စိတ်ထဲမှာ ဘယ်လိုခံစားရလဲ။ မိဘတွေကရော ဘယ်လိုသုံးသပ်ပေးလဲ။**

Photo Model က ဓာတ်ပုံဆိုတော့ လွယ်တယ်။ သရုပ်ဆောင်တာကျတော့ သမီးတကယ်ကြိုးစားခဲ့ရတယ်။ အဲ့ဒီဟာကို ပရိသတ်တွေက ကြိုက်တယ်ဆိုရင် သမီးအရမ်းပျော်ပါတယ်။ ကျေနပ်ပါတယ်။ သရုပ်ဆောင်တာဆိုရင် မေမေတို့ ဖေဖေတို့က ပြောပြတယ်။ ဒီမှာဘယ်လို သရုပ်ဆောင်ဆိုပြီး ပြောပြတာလေးတွေ ရှိပါတယ်။ နောက်တစ်ပုဒ်သာရိုက်ဖြစ်ခဲ့မယ်ဆိုရင်လည်း ဒီထက်ပိုကောင်းအောင် ကြိုးစားမယ်ပေါ့။ ဗီစီဒီအနေနဲ့ကလည်း ခြောက်ပုဒ်လောက်ပဲ ရိုက်ဖြစ်ခဲ့ပါတယ်။

**ကျောင်းလည်းပြောင်းတော့မယ်ဆိုတော့ အခုညီမရဲ့ ပညာရေးအကြောင်းကို ပြောပြပေးပါဦး။**

အခုလာမယ့် ဩဂုတ်လထဲမှာ ကျောင်းပြောင်းဖို့ရှိတယ်။ အမေရိကန်ပုံစံသင်တဲ့ကျောင်းပါ။ အခုနှစ်တက်ရမှာက ကိုးတန်းပါ။ ပြည်ပမှာကျောင်းတက်ဖို့ကိစ္စကတော့ ပြန်စဉ်းစားနေတယ်။ အခုပြောင်းမယ့်ကျောင်းမှာက နောက်ထပ်လေးနှစ်ဆက်တက်ရဦးမယ်။ အဲဒီတော့ လေးနှစ်အတွင်းမှာ ဒီကို ဘယ်တက္ကသိုလ်တွေလာဖွင့်မလဲဆိုတာမသိသေးတော့ နည်းနည်းစောင့်ကြည့်ဦးမယ်။ အဲဒါကြောင့် ပြည်ပမှာ ကျောင်းတက်ဖို့ကိစ္စကို လောလောဆယ် မစီစဉ်ဖြစ်သေးဘူး။ ပြည်ပမှာ ကျောင်းတက်ရင် အိမ်နဲ့လည်းဝေးရမယ်။ မိဘတွေနဲ့လည်း ခွဲရမှာဆိုတော့ အိမ်နဲ့လည်း မဝေးချင်ဘူး။ မိဘတွေနဲ့အတူတူနေပြီး ကျောင်းတက်ချင်တယ်။

**အလုပ်တစ်ခုလုပ်မယ်ဆိုရင်ရော ဘယ်သူနဲ့တိုင်ပင်ဖြစ်လဲ။ ပညာရေးဘက်ကိုရော မိဘတွေဆန္ဒက ဘာကိုလုပ်စေချင်လဲ။**

ဘယ်အလုပ်ကိုမဆို မေမေနဲ့ပဲ တိုင်ပင်ဖြစ်တယ်။ မေမေက အလုပ်တွေလက်ခံတာ၊ ငြင်းတာကို မေမေပဲလုပ်တယ်။ ပညာရေးမှာတော့ ဘယ်လိုင်းရွေးမလဲပေါ့။ သမီးက Business ဘက်ဆိုရင်လည်းအောင်မြင်အောင်လုပ်ပေါ့။ သမီးလိုတာ အကုန်လုံးဖြည့်ဆည်းပေးမယ်၊ ရအောင်လုပ်ပေါ့။ အဲဒီလိုမျိုး အကူအညီပေးတယ်။ သင်ကြားပေးပါတယ်။

**အခုဆိုရင် ဦးလွင်မိုးက အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်အဖြစ် ရပ်တည်နေတယ်ဆိုတော့ အရင်လို အနုပညာအလုပ်တွေ ပြန်လုပ်စေချင်လား။ ညီမရဲ့ဆန္ဒက ဘယ်လိုရှိလဲ။**

ဖေဖေကအခုဆိုရင် စီးပွားရေးလုပ်ငန်းနဲ့က use to ဖြစ်နေပြီ။ ဖေဖေ့သဘောပါပဲ။ နှစ်ခုစလုံးကိုတော့ အားပေးတယ်။ စီးပွားရေးလိုင်းကိုတော့ ပိုပြီးအားပေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေက စီးပွားရေးလိုင်းကို ရွေးချယ်ပြီးပြီ၊ သေသေချာချာ စဉ်းစားပြီးဆုံးဖြတ်ထားတာဆိုတော့ ဖေဖေ့ကို ယုံကြည်ပါတယ်။ နောက်ပြီး သမီးရဲ့ ရည်မှန်းချက်အနေနဲ့ကလည်း စီးပွားရေးလုပ်ငန်းရှင် (Business Woman) ဖြစ်အောင်ကြိုးစားမှာပါ။

**လူငယ်တစ်ယောက်ဖြစ်တော့ နေ့စဉ်ဘဝတွေကိုရော ဘယ်လိုဖြတ်သန်းဖြစ်လဲ။**

မိသားစုတဲ့အချိန်ပေးပြီး နေဖြစ်တယ်။ သူငယ်ချင်းတွေနဲ့ အပြင်သွားမယ်ဆိုရင်လည်း ညအရမ်းမနက်ဘူးပေါ့။ ည ၆ နာရီမကျော်ခင်ဆိုရင် သွားစားဖြစ်တယ်။ ရုပ်ရှင်တွေကြည့်ဖြစ်တယ်။ တစ်ခါတလေကျတော့လည်း အခွေတွေဝယ်ပြီး အခန်းထဲမှာ တစ်ယောက်တည်း အေးအေးဆေးဆေးကြည့်ဖြစ်တယ်။ ဒါက ကျောင်းပိတ်ထားတဲ့အချိန်တွေဆိုတော့လေ။ ကျောင်းတက်ရင်တော့ အရမ်းအလုပ်ရှုပ်မယ် ထင်တယ်။ ကျောင်းစာကိုပဲ အာရုံစိုက်ရမယ်ထင်တယ်။

**သူငယ်ချင်းတွေနဲ့ အပြင်သွားတဲ့အခါမှာရော ပရိသတ်တွေက ယွန်းဝတီလွင်မိုးအနေနဲ့နှုတ်ဆက်တာတွေက စိတ်အနှောင့်အယှက်ဖြစ်လောက်တဲ့အထိ ကြုံဖူးလား။**

စိတ်အနှောင့်အယှက်ဖြစ်တာတော့ မရှိပါဘူး။ ဒါပေမဲ့ ရုပ်ရှင်ရုံတွေမှာ သွားကြည့်ရင် အကုန်လုံးဝိုင်းကြည့်ပြီးနေကြတော့ လွတ်လွတ်လပ်လပ်တော့ နေလို့မရဘူးပေါ့။ သူတို့ကြည့်နေတယ်ဆိုတော့ စိတ်ထဲမှာတစ်မျိုးတော့ ဖြစ်တာပေါ့။ အကုန်လုံးဝိုင်းကြည့်ပြီး သမီးနာမည်ကို တိုးတိုး တိုးတိုး ပြောနေတာဆိုတော့ စိတ်ထဲမှာ ခုသလိုတော့ဖြစ်တတ်ပါတယ်။ စိတ်အနှောင့်အယှက်ဖြစ်တာမျိုးတော့ မရှိပါဘူး။ လွတ်လပ်မှုဆုံးရှုံးတာကလွဲလို့ပေါ့။

**မြန်မာနိုင်ငံက ရုပ်ရှင်သရုပ်ဆောင်တွေထဲမှာရော ဘယ်သူ့ကိုအကြိုက်ဆုံးလဲ။ ဘာကြောင့်ကြိုက်တာလဲ။**

သမီးက ဖေဖေ့ကို အကြိုက်ဆုံးပဲ။ မင်းသမီးထဲမှာတော့ မဖွေးဖွေးကို အကြိုက်ဆုံးပါပဲ။ မဖွေးဖွေးကို ကြိုက်တာက သူကစိတ်သဘောထားလည်းကောင်းတယ်။ စိတ်သဘောလည်းဖြူတယ်။ သူ့ပင်ကိုစတိုင်နဲ့ သူနေတယ်။ သူများပုံစံကိုလည်း လိုက်မခိုးဘူး။ ပြီးတော့ခင်ဖို့လည်း အရမ်းကောင်းတယ်။

**မြန်မာနိုင်ငံမှာအခုဆိုရင် နိုင်ငံခြားကားတွေကို ပရိသတ်တွေ အရမ်းအားပေးကြတယ်။ ညီမရော ဘယ်ဇာတ်ကားတွေ သွားကြည့်ဖြစ်လဲ။**

Pee Mak ဆိုရင် သူငယ်ချင်းတွေကို လိုက်ပို့လိုက်၊ မေမေတို့ကို လိုက်ပို့လိုက်၊ မေမေ့သူငယ်ချင်းတွေကိုလည်း လိုက်ပို့လိုက်နဲ့ ရုပ်ရှင်ရုံမှာ သုံးခါတောင်ကြည့်ဖြစ်တယ်။ World WarZ ကိုလည်း ဟိုရက်ကကြည့်ဖြစ်တယ်။ Despicable Me 2 ဆိုတဲ့ ကာတွန်းကားကိုလည်း မကြာခင်သွားကြည့်ပါမယ်။ ရုပ်ရှင်ရုံတွေထဲမှာ တော်တော်များများ သွားကြည့်ဖြစ်တယ်။

**ညီမရဲ့ ဝတ်စုံဒီဇိုင်းတွေကိုရော ဘယ်သူက စီစဉ်ပေးလဲ။ ဖက်ရှင်အတွက် ညီမအနေနဲ့ရော လေ့လာဖြစ်လား။**

ဖက်ရှင်မဂ္ဂဇင်းတွေ ဖတ်ဖြစ်တယ်။ အင်တာနက်မှာလည်း ကြည့်ဖြစ်တယ်။ နိုင်ငံခြားက နာမည်ကြီးမော်ဒယ်တွေ ဝတ်တဲ့ပုံစံတွေ၊ Brand ဆိုဘယ်လိုဝတ်တယ်၊ ဂျင်းဆိုရင် ဘာနဲ့ လိုက်တယ်။ ဘယ်အရောင်နဲ့လိုက်တယ်။ အဲဒါမျိုးကြည့်ဖြစ်ပါတယ်။ သူငယ်ချင်းတွေနဲ့အပြင်သွားရင်လည်း ဒါလေးဝတ်ကြည့်မယ် လိုက်တယ်၊ မလိုက်ဘူး အဲဒီလိုမျိုး သူငယ်ချင်းတွေဆီက အကြံဉာဏ်လည်းယူဖြစ်ပါတယ်။

**Celebrity တစ်ယောက်လိုဖြစ်လာတော့ ကောလာဟလတွေကြုံရင်ရော ဘယ်လိုဖြေရှင်းဖြစ်လဲ။ ကောလာဟလက ကိုယ်ဆက်လျှောက်မယ့်လမ်းကိုရော ထိခိုက်မှုရှိနိုင်လား။**

ကောလာဟလကတော့ အကုန်ကြုံရတာပဲလေ။ သတင်းမှားပြီးလည်း ရောက်လာတတ်တယ်။ ဘယ်လိုရှင်းလဲဆိုတော့ မီဒီယာကနေတစ်ဆင့်လည်း ရှင်းပြတာတွေလုပ်တယ်။ သမီးကတော့ ဖေ့စ်ဘွတ်ခ်က Fan Page မှာလာရေးရင် ဒါမဟုတ်ပါဘူးပေါ့။ အဲဒီလို ရှင်းပြဖြစ်တယ်။ အဓိကကတော့ ကောလာဟလဆိုတာ မဟုတ်ဘူးဆိုတာ အကုန်သိနေတာဆိုတော့ ကိုယ်ဆက်လျှောက်မယ့်လမ်းကို ထိခိုက်မှုရှိမယ်လို့တော့ မထင်ပါဘူး။

**ညီမကို အားပေးတဲ့ ပရိသတ်ကို ဘာများပြောချင်ပါသေးလဲ။**

အားပေးတဲ့ ပရိသတ်ကြီးအားလုံးကို ကျေးဇူးတင်ပါတယ်။ ဝါသနာအရရော ဖေဖေ့သမီးတစ်ယောက်အနေနဲ့ရော ပရိသတ်တွေရဲ့ဆန္ဒအရရော Photo Model တော့ ဆက်လုပ်ဖြစ်မှာပါ။

**ကျေးဇူးတင်ပါတယ်။**

# ပခုံးဒဏ်ရာတွေတစ်ဖက်နဲ့ရန်ပုံငွေ ဖျော်ဖြေပွဲ ပြုလုပ်တဲ့ မာရီယာကာရေး



**နယူးယောက်၊ ဇူလိုင်-၁၅**

ကမ္ဘာကျော်တေးသံရှင် အဆိုတော် မာရီယာကာရေးသည် ပြီးခဲ့သော သီတင်းပတ်က ပခုံးအဆစ်လွဲပြီး နံရိုးတစ်ချောင်းအက်သည့် ဒဏ်ရာများ ရရှိထားသော်လည်း ဇူလိုင် ၁၃ ရက် ညပိုင်းတွင် စတိတ်ရှိုးဖျော်ဖြေပွဲပြုလုပ်ခဲ့သည်။

မာရီယာကာရေးသည် ပြီးခဲ့သော ဇူလိုင် ၇ ရက်က Beautiful သီချင်းအတွက် ဗီဒီယိုရိုက်ကူးစဉ် လိမ့်ကျခဲ့သောကြောင့် ပခုံးအဆစ်လွဲသွားပြီး နံရိုးတစ်ချောင်းအက်သွားခဲ့သည်။ သို့ရာတွင် ဒဏ်ရာရရှိထားသော မာရီယာသည် ဟာရီကိန်းဆန်ဒီဒုက္ခသည်များ ရန်ပုံငွေမြှင့်တင်ရန်အတွက် နယူးယောက်မြို့ စင်ထရယ်ပါ့ခ်တွင်ကျင်းပသော ၂၀၁၃ ခုနှစ် MLB All-Star ပရဟိတ ရန်ပုံငွေဖျော်ဖြေပွဲ၌ NY Philharmonic သံစုံတီးဝိုင်းနှင့်အတူ ဖျော်ဖြေတင်ဆက်ခဲ့သည်။ ဒဏ်ရာကြောင့် နာကျင်သည့်ဝေဒနာကို ခံစားနေရသော်လည်း ယခုပွဲဖျော်ဖြေခွင့်ကို မည်သို့မျှ အဆုံးရှုံးမခံနိုင်ဟု မာရီယာက ပြောကြားသည်။

"ဒီလိုကမ္ဘာကျော်တီးဝိုင်းအဖွဲ့နဲ့ ဖျော်ဖြေခွင့်ရတဲ့အတွက် တကယ်ဂုဏ်ယူမိပါတယ်။ ဒီအခွင့်အရေးကို လက်လွှတ်ဆုံးရှုံးမခံနိုင်ပါဘူး"ဟု မာရီယာကာရေးက ၎င်း၏ Instagram အွန်လိုင်းစာမျက်နှာတွင် ရေးသားခဲ့သည်။ ယင်းအွန်လိုင်းစာသားနှင့်အတူ စတိတ်စင်ပေါ်၌ ၎င်းဖျော်ဖြေတင်ဆက်နေသည့်ဓာတ်ပုံကိုပါတင်ထားသည်ဟု သိရသည်။ မာရီယာကာရေး၏ ဒဏ်ရာများမှာ မျှော်လင့်ထားသည်ထက် ပိုမိုပြင်းထန်သည်ဟု ၎င်း၏ ခင်ပွန်းဖြစ်သူ နစ်ခ်ကန်နွန်က ပြောကြားထားပြီး မာရီယာမှာ သံချပ်ကာတပ်သားတစ်ဦးကဲ့သို့ ရဲစွမ်းသတ္တိရှိသူဟုလည်း ပြီးခဲ့သော သီတင်းပတ်က ချီးမွမ်းထားသည်။Xin MSN




ဓာတ်ပုံ-ဗိုလ်ဗိုလ်ဝင်း

## ''ခံစားခွင့်တွေက အရင်ကထက် ပိုမိုရရှိလာခဲ့ပေမယ့် ကျွန်တော့်အတွက်ကတော့ နိုင်ငံအသင်း အောင်မြင်မှုမရရှိသေးတဲ့အတွက် တာဝန်မကျေသေးဘူးလို့ ခံယူထားပါတယ်''

# ကြည်လင်းနှင့် တွေ့ဆုံခြင်း

ဗိုလ်ဗိုလ်ဝင်း

၂၀၁၂ ဘောလုံးရာသီအတွက်မြန်မာနေရှင်နယ်လိဂ်အကောင်းဆုံးဘောလုံးသမားဆုကို ၂ နှစ်ဆက်တိုက်ချန်ပီယံ ကွင်းလယ်တိုက်စစ်ကစားသမား ကြည်လင်းက ရရှိခဲ့သည်။ ကြည်လင်းအနေဖြင့် နိုင်ငံအသင်းနှင့်အောင်မြင်မှုမရသေးသော်လည်း ၎င်း၏ရန်ကုန်ယူနိုက်တက်မှ သုံးကြိမ်ဆက် MNL ချန်ပီယံဖြစ်ရန် အခြေအနေကောင်းနေသည်။ ဒေသတွင်းအားကစားမီဒီယာများက ယခုနှစ်ပိုင်းအတွင်း စောင့်ကြည့်ခြင်းခံနေရသော ကြည်လင်းနှင့် ဇူလိုင် ၁၅ ရက်တွင် မေးမြန်းထားသည်များမှ စာဖတ်ပရိသတ်အတွက် ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**အကောင်းဆုံးဆု ရတဲ့အတွက် ခံစားချက်လေးကို အရင်ပြောပြပါ။**

ကျွန်တော် အဲဒီလိုရဖို့ အများကြီးကြိုးစားခဲ့ရပါတယ်။ ကိုယ်ကြိုးစားသလောက်ဖြစ်လာတော့ အရမ်းဝမ်းသာပါတယ်။

**ဆီးဂိမ်းမတိုင်မီ ငါးလလောက်အလိုမှာ ဒီဆုရလိုက်တယ်။ အကောင်းဆုံးဆုက စိတ်ဓာတ်ခွန်အားပိုဖြစ်စေလား။ တာဝန်ပိုကြီးလာတယ်လို့ရော ခံစားမိလား။**

ဒီလိုမျိုးစိတ်ကတော့ ဆုမရခင်ကတည်းကရှိပြီးသား။ ဒါကိုယ့်အလုပ်ပဲလေ။ ဒါပေမဲ့ ခုလိုအကောင်းဆုံးဆုရလိုက်တဲ့အတွက် ကိုယ့်အတွက်ပိုပြီးအင်အားလည်းဖြစ်စေတယ်။ ပိုကြိုးစားရမယ့်စိတ်ရှိလာတာကတော့ အမှန်ပါပဲ။

**လက်ကျန်ပွဲလေးပွဲကျန်ချိန်မှာ ရန်ကုန်အသင်းအနေနဲ့ အမှတ်ပေးဇယားကို ဦးဆောင်နေပြီး သုံးနှစ်ဆက်ချန်ပီယံဆုအတွက် ဘယ်လောက်ယုံကြည်မှုရှိထားပြီလဲ။**

မြန်မာနေရှင်နယ်လိဂ်ချန်ပီယံလိဂ် သုံးနှစ်ဆက်ချန်ပီယံအတွက်တော့ အများကြီးယုံကြည်မှုရှိနေပါပြီ။

**မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင်အသင်းတွေရဲ့ ပြိုင်ဆိုင်မှုအပေါ် ဘယ်လိုမြင်ပါသလဲ။**

ပြိုင်ပွဲဝင်အသင်းတွေ ပြိုင်ဆိုင်မှုကတော့ နည်းနည်းချင်းပဲ တိုးတက်နေတယ်လို့ ထင်ပါတယ်။ အသင်းတိုင်းက ပြိုင်ဆိုင်မှုရှိလာရင်တော့ ပွဲကလည်း ကြည့်လို့ကောင်းမယ်။ ပရိသတ်အတွက်လည်း ကြည့်လို့ကောင်းမယ်။ မြန်မာနေရှင်နယ်လိဂ်အတွက်လည်း အများကြီးတိုးတက်လာမယ်လို့ ထင်ပါတယ်။

**ကြည်လင်းအနေနဲ့ ရန်ကုန်ယူနိုက်တက်အသင်းမှာ အောင်မြင်မှုတွေရရှိနေပေမယ့် အောင်မြင်မှုမရရှိသေးတဲ့ နိုင်ငံအသင်းအတွက် ခံယူချက်ကို သိချင်ပါတယ်။**

နိုင်ငံအသင်းမှာ ကျွန်တော်ပါဝင်ခွင့်ရရင် အကောင်းဆုံးပေးဆပ်သွားမှာပါ။

**ဆုကြေးစားစနစ်ပြောင်းလိုက်ပြီးနောက် ဘောလုံးသမားတွေရဲ့ ခံစားခွင့်တွေ အရင်ကထက် ပိုရရှိလာခဲ့ပေမယ့် နိုင်ငံအသင်းကတော့မအောင်မြင်သေးတဲ့အပေါ်မှာ အကြွေးတစ်ခုတင်နေတယ်လို့ရော ခံစားမိလား။**

ခံစားခွင့်တွေက အရင်ကထက် ပိုမိုရရှိလာခဲ့ပေမယ့် ကျွန်တော့်အတွက်ကတော့ နိုင်ငံအသင်းအောင်မြင်မှုမရရှိသေးတဲ့အတွက် တာဝန်မကျေသေးဘူးလို့ ခံယူထားပါတယ်။ ခုလာမယ့် ဆီးဂိမ်းမှာ နိုင်ငံအတွက် ချန်ပီယံဆုရအောင် ကြိုးစားသွားမှာပါ။

**ဆီးဂိမ်းပြိုင်ပွဲဝင်မယ့် မြန်မာယူ-၂၃ အသင်းအနေနဲ့ ခြေစမ်းပွဲလေးပွဲကစားပြီးချိန်မှာတော့ ပွဲတိုင်းရှုံးနိမ့်ထားပါတယ်။ အသင်းပြင်ဆင်မှုအပိုင်းမှာ ဘာတွေအခက်အခဲတွေရှိနေလဲ။**

ယူ-၂၃ အသင်းအတွက် အခက်အခဲကတော့ လိဂ်ပြိုင်ပွဲကလည်းရှိနေတဲ့အတွက် စုစည်းလေ့ကျင့်ချိန်နည်းပါးတဲ့အတွက် ကစားသမားချင်းနားလည်မှုနည်းပါးနေတာလို့ ထင်ပါတယ်။ ဒါပေမဲ့ ယူ-၂၃ အသင်းကို မကြာခင်ပြန်လည်စုစည်းတော့မှာဖြစ်ပြီး ဆီးဂိမ်းမတိုင်မီအချိန် လေးလလောက်စုစည်းလေ့ကျင့်တော့မှာဖြစ်တဲ့အတွက် ဒီအခက်အခဲပြေလည်သွားမယ်လို့ ထင်ပါတယ်။

**ဘောလုံးသမားတွေအနေနဲ့ ဝင်ငွေကောင်းလာတော့ ရုပ်ပိုင်းဆိုင်ရာအလှအပတွေကို ဦးစားပေးကြတယ်လို့ ဝေဖန်မှုတွေအပေါ် ဘာပြောချင်ပါသလဲ။**

ကျွန်တော့်အမြင်ကတော့ ဘောလုံးသမားတစ်ယောက်အနေနဲ့ ကွင်းထဲမှာ စွမ်းဆောင်ရည်ကောင်းနေဖို့လိုအပ်သလို ဝတ်စားဆင်ယင်မှုအပိုင်းတောက်ပြောင်မှု (ခုခေတ်စကားနဲ့ ပြောရရင် လန်းလန်းလေး)ဖြစ်အောင်လည်း နေထိုင်သင့်တယ်လို့ ထင်ပါတယ်။ ဒီလိုမျိုးတွေလုပ်နေလို့ ဘောလုံးသမားကောင်းတစ်ယောက်မဟုတ်ဘူးလို့တော့ မဆိုင်ဘူးလို့ ထင်ပါတယ်။ ဒါပေမဲ့ ကိုယ့်ရဲ့ဘောလုံးစွမ်းရည်ကိုတော့ အမြဲတမ်းအကောင်းဆုံးဖြစ်အောင် ကြိုးစားနေရမှာပါ။

**ဂျေလိဂ်က ဂျပန်ကလပ်အသင်းတာဝန်ရှိသူတစ်ဦးက မြန်မာဘောလုံးသမားတွေကို ခေါ်ယူချင်ပေမယ့် ကစားသမားတွေရဲ့ ကိုယ်ပေါ်မှာထိုးထားတဲ့တက်တူးအရုပ်တွေကြောင့် အခက်အခဲရှိစေတယ်လို့ ပြောသွားတဲ့အပေါ် ဘာပြောချင်ပါသလဲ။**

ဒါကတော့ သူတို့ကလပ်ရဲ့အမြင်ပေါ့။ ကျွန်တော်တို့လည်း မသိနိုင်ဘူးလေ။ အရုပ်ထိုးတာကလည်း နှစ်သက်လို့ ထိုးတာပေါ့။ ဘောလုံးအလုပ်ကလည်း ဘောလုံးအလုပ်ပေါ့။ မတူဘူးလို့ ထင်ပါတယ်။

**ကြည်လင်းရဲ့ အနှစ်သက်ဆုံး ဘောလုံးသမားတွေရှိရင် ပြောပြပေးပါ။**

ပြည်တွင်းမှာတော့ဆရာ ဦးမျိုးလှိုင်ဝင်းပါ။ ပြည်ပမှာကတော့ အရင်က ဘရာဇီးက ရိုနယ်ဒိုဖြစ်ပြီး ခုကတော့ အင်္ဂလန်က ရွန်းနီဖြစ်ပါတယ်။

**ခုချိန်ထိ ကြည်လင်းရဲ့ အကောင်းဆုံးပွဲစဉ်က ဘယ်ပွဲစဉ်ဖြစ်မလဲ။**

၂၀၁၂ မြန်မာနေရှင်နယ်လိဂ်နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ရန်ကုန်-ရောဝတီပွဲစဉ်ပါ။ ရန်ကုန်အသင်းက (၄-၀)ဂိုးနဲ့ နိုင်ခဲ့ပြီး ကျွန်တော်ပထမဆုံးဟက်ထရစ်သွင်းယူတဲ့ပွဲစဉ်ပါ။

**ပရိသတ်အတွက် ဘာပြောချင်ပါသလဲ။**

ဘောလုံးဆိုတာကတော့ အရှုံးနဲ့ အနိုင်ဆိုတာတော့ ရှိတာပေါ့နော်။ လက်ရွေးစင်အသင်းမအောင်မြင်သေးပေမယ့် အားပေးနေတဲ့ ပရိသတ်အားလုံးကို ကျေးဇူးအထူးတင်လျက်ပါ။ လာမယ့်ဆီးဂိမ်းမှာလည်း မြန်မာဘောလုံးအသင်းကို အားပေးကြဖို့ကိုလည်း မေတ္တာရပ်ခံချင်ပါတယ်။ ကျွန်တော်တို့ကလည်း အကောင်းဆုံးကြိုးစားပါမယ်လို့ ။


Samsung
GALAXY MEGA
Stay Smart, Live Large
SAMSUNG
SAMSUNG
with Large 5.8" / 6.3" Screen
Qualcomm snapdragon
Powerful processors
Samsung
GALAXY MEGA
5.8"qHD / 6.3" HD Super Clear LCD
Optimized wide UX
Smart Services & Features
Samsung Customer Service Plaza : အမှတ်(၁၉၅)၊ မဟာဗန္ဓုလပန်းခြံလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - (၀၁) ၃၇၈ ၂၃၆၊ ၃၇၈ ၂၃၇

7DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013

# မြန်မာ – ဩစတြေးလျ အမျိုးသမီးဘော်လီဘောလက်ရည်စမ်းပွဲများ ရန်ကုန်တွင်ယှဉ်ပြိုင်မည်



*မြန်မာ့လက်ရွေးစင်အမျိုးသမီးဘော်လီဘောအသင်း*

ဓာတ်ပုံ - နစ်ကီ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင်-၁၃**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) အတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘော်လီဘောအသင်းသည် ဩစတြေးလျအမျိုးသမီးဘော်လီဘောအသင်းနှင့် ရန်ကုန်မြို့တွင် လက်ရည်စမ်းပွဲနှစ်ပွဲ ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ လက်ရည်စမ်းပွဲနှစ်ပွဲကို လာမည့်စက်တင်ဘာ ၃၀ နှင့် အောက်တိုဘာ ၁ ရက်တို့တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၌ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ သိရှိရသည်။

"ဩစတြေးလျအမျိုးသမီးဘော်လီဘော အသင်းအနေနဲ့ လာမယ့်စက်တင်ဘာလမှာ အာဆီယံနိုင်ငံတွေနဲ့ ချစ်ကြည်ရေးလက်ရည်စမ်းခရီးစဉ်ရှိပါတယ်။ ဒီခရီးစဉ်အတွင်း ဆီးဂိမ်းအတွက် ပြင်ဆင်နေတဲ့ မြန်မာအမျိုးသမီးဘောလီဘောအသင်းနဲ့လည်း ရန်ကုန်မှာ လက်ရည်စမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်" ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

၂၀၁၃ ဆီးဂိမ်းအတွက် ရည်ရွယ်၍ မြန်မာအမျိုးသမီး ဘော်လီဘောအသင်းကို ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်ကာ ပဏာမလက်ရွေးစင် ၁၈ ဦးဖြင့် ရန်ကုန်မြို့တွင် စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်နေခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးဘော်လီဘောအသင်းသည် ၂၀၁၃ ဆီးဂိမ်း မတိုင်မီ အာရှကလပ်ပြိုင်ပွဲ၊ အရှေ့တောင်အာရှ ဂျူနီယာပြိုင်ပွဲ၊ ကမ္ဘောဇလားလက်ရည်စစ်ပြိုင်ပွဲနှင့် ထိုင်းပြည်တွင်းလိဂ်ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ထို့ပြင် မြန်မာအမျိုးသမီးဘော်လီဘောအသင်းကို ပြီးခဲ့သည့် ဇွန်လမှစတင်ကာ ထိုင်းနည်းပြဘင်သန်းက နည်းပြချုပ်အဖြစ် စတင်တာဝန်ယူ ကိုင်တွယ်နေသည်။ လက်ရှိပဏာမအသင်းကို အတွေ့အကြုံရှိ လူဟောင်းနှင့် လူငယ်မျိုးဆက်သစ်ထက်ဝက်ခန့်စီ ဖွဲ့စည်းထားခြင်းဖြစ်ပြီး ထိုင်းနည်းပြဆရာကိုင်တွယ်ပြီးနောက်ပိုင်း နည်းစနစ်ပိုင်းဆိုင်ရာ တိုးတက်မှုများရှိကြောင်း မြန်မာအမျိုးသမီး ဘော်လီဘောအသင်းနည်းပြ ဦးသိန်းဆွေက ပြောသည်။

# မြန်မာယူ – ၂၃ ဘောလုံးအသင်း တောင်ကိုရီးယားနိုင်ငံတွင် သုံးပတ်ကြာသွားရောက်လေ့ကျင့်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ဇူလိုင်-၁၂**

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃ ဘောလုံးအသင်းသည် တောင်ကိုရီးယားနိုင်ငံ၌ သီတင်းပတ်သုံးပတ်ကြာ ပူးတွဲလေ့ကျင့်မှုများ သွားရောက်ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာယူ-၂၃ အသင်းသည် လာမည့် အောက်တိုဘာ ၁၇ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်၍ ပူးတွဲလေ့ကျင့်မှုများပြုလုပ်မည်ဖြစ်ပြီး အဆင့်မြင့်ကလပ်အသင်းများနှင့်လည်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

"တောင်ကိုရီးယားခရီးစဉ်က အပြန်မှာ ဂျပန်နိုင်ငံကိုလည်း ဝင်ရောက်ဖို့ရှိပြီး ဂျပန်ကလပ်အသင်းတွေနဲ့ခြေစမ်းပွဲတွေယှဉ်ပြိုင်ကစားဖို့လည်း စီစဉ်နေပါတယ်" ဟု မြန်မာအသင်းမန်နေဂျာ ဦးတင်မြင့်အောင်ကပြောသည်။

မြန်မာယူ-၂၃ အသင်း ၂၀၁၃ မြန်မာလိဂ်ပွဲစဉ်များပြီးဆုံးချိန် ဩဂုတ် ၁၁ ရက်တွင် စတင်စခန်းသွင်းလေ့ကျင့်မည်ဖြစ်ပြီး စက်တင်ဘာ ၆ ရက်တွင် ဟောင်ကောင်လက်ရွေးစင်အသင်းနှင့်လည်းကောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် ဗီယက်နမ်-၂၃ အသင်းနှင့်လည်းကောင်း ရန်ကုန်မြို့၌ ခြေစမ်းပွဲများယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

"မြန်မာယူ-၂၃ အသင်းအနေနဲ့ စခန်းသွင်းလေ့ကျင့်ချိန်ကာလအတွင်း ဆီးဂိမ်းအတွက် အရန်ပြင်ဆင်ထားတဲ့ ယူ-၂၃(ခ) အသင်းနဲ့ ပူးတွဲလေ့ကျင့်မှုနဲ့ ခြေစမ်းပွဲတွေ ယှဉ်ပြိုင်ကစားဖို့လည်း စီစဉ်ထားပါတယ်"ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

မြန်မာယူ-၂၃ ဘောလုံးအသင်းသည် ၂၀၁၃ ဆီးဂိမ်ပြိုင်ပွဲအတွက် ရည်ရွယ်၍ ပြီးခဲ့သည့် မေလအတွင်းက ပဏာမလက်ရွေးစင်ကစားသမား ၃၀ ဖြင့် လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ခြေစမ်းပွဲလေးပွဲ ယှဉ်ပြိုင်ကစားခဲ့ရာတွင် လေးပွဲစလုံးရှုံးနိမ့်ထားသည်။

မြန်မာယူ-၂၃ အသင်းကို တောင်ကိုရီးယားလူမျိုး မစ္စတာပတ်ဆောင်ဟွာက နည်းပြချုပ်အဖြစ် ကိုင်တွယ်သွားမည်ဖြစ်သည်။ ပတ်ဆောင်ဟွာသည် ပြီးခဲ့သည့် ဇွန် ၁၆ ရက်မှစတင်ကာ ခွင့်ဖြင့် နေရပ်သို့ပြန်သွားခဲ့ပြီး ဇူလိုင် ၁၉ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013



# အီရတ်နိုင်ငံ ကာကွက်မြို့တွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၁၁ ဦး သေဆုံး

**ကာကွက်၊ ဇူလိုင်-၁၃**

အီရတ်နိုင်ငံတောင်ပိုင်း ကာကွက်မြို့ရှိလက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို ဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံးလူ ၁၁ဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့နှင့် သတင်းဌာနများက ပြောသည်။

ဘဂ္ဂဒက်မြို့ မြောက်ဘက် ကီလိုမီတာ ၂၅၀ အကွာရှိ ကာကွက်မြို့တောင်ပိုင်းတွင် မွတ်ဆလင်တို့၏ ရာမဒန်ဥပုသ်လအတွင်း ဥပုသ်ဖြေပြီးနောက် လူအများစုဝေးရာ လက်ဖက်ရည်ဆိုင်တစ်ခုတွင် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုကို မည်သည့်အဖွဲ့ကလုပ်ဆောင်ခဲ့ကြောင်း ပြောကြားခြင်းမရှိပေ။

"ကျွန်တော့်ဆိုင်ရဲ့ မျက်နှာချင်းဆိုင်ဘက်ကိုသွားဖို့ကဖီးဆိုင်ကကျွန်တော်ထွက်ခဲ့တယ်။ ပေါက်ကွဲမှုဖြစ်တော့ ကျွန်တော့်ဆိုင်ကမှန်တွေကွဲပြီး မှန်ကွဲတွေကြောင့် ကျွန်တော်ဒဏ်ရာရတယ်။ ဗုံးပေါက်ကွဲတဲ့နေရာကို ကျွန်တော်ပြေးသွားတော့ အလောင်းတွေ ရုပ်ပျက်ဆင်းပျက် ပြန့်ကျဲနေတယ်"ဟု ဗုံးပေါက်ကွဲမှုကို ကိုယ်တိုင်ကြုံတွေ့သူ မိုဟာမက်ဆိုသူက ပြောသည်။

ကာကွက်မြို့သည် အီရတ်နိုင်ငံ၏ ရှီးဟိုက်ဦးဆောင်သော ဗဟိုအစိုးရနှင့် နိုင်ငံမြောက်ပိုင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မပါဝင်လိုသော ကာ့ဒ်လူမျိုးစုများကြား အငြင်းပွားမှု အဓိကဖြစ်ပေါ်ရာနေရာဖြစ်သည်။

ပြီးခဲ့သည့် ဇွန်လအတွင်းက အီရတ်နိုင်ငံတစ်ဝန်းတွင် စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် အနည်းဆုံးလူပေါင်း ၇၆၁ ဦး သေဆုံးခဲ့ရကြောင်း ကုလသမဂ္ဂ၏ ပြောကြားချက်အရ သိရသည်။

—*Ref: Reuters*



MARWAN IBRAHIM/AFP

*ဇူလိုင် ၁၃ ရက်က အီရတ်နိုင်ငံမြောက်ပိုင်း ကာကွက်မြို့ရှိ လူများပြည့်နေသော ကဖီးဆိုင်တွင် အသေခံဗုံးခွဲမှုဖြစ်ပေါ်ပြီး သွေးများစွန်းပေနေသော မြေပြင်ကို မြူနီစပယ်လုပ်သားတစ်ဦး ကြည့်ရှုစစ်ဆေးနေစဉ်*

# ဗဟိုအာဖရိကနိုင်ငံအား အကူအညီပေးမည်ဟု ကုလနှင့် အီးယူ ကတိပြု

**ကာဂါဘန်ဒိုရို၊ဇူလိုင်-၁၃**

သူပုန်များက အာဏာလွှဲပြောင်းရယူပြီး အကျပ်အတည်းဒုက္ခများရင်ဆိုင်နေရပြီး လက်နက်ကိုင်များက အရပ်သားများကိုလပေါင်းများစွာ ပစ်မှတ်ထားနေသည့် ဗဟိုအာဖရိကနိုင်ငံမှ ဒုက္ခသည်များအား ကူညီပေးသွားမည်ဟု ကုလသမဂ္ဂနှင့် အီးယူ အကူအညီပေးရေး အကြီးအကဲများက ပြောကြားသည်။

မြို့တော်ဘန်ဂူအီမြောက်ဘက်မိုင် ၂၂၀ အကွာရှိကာဂါဘန်ဒိုရိုမြို့လေးမှာ တောနက်ထဲတွင် တည်ရှိပြီး ယင်းမြို့တွင် နေထိုင်သူများမှာ အနီးအနား၌ရှိသော တောအုပ်နှင့် လယ်ကွင်းများတွင် နေထိုင်သော လက်နက်ကိုင်များ၏ တိုက်ခိုက်မှုမှ အမြဲတမ်းလိုလို ထွက်ပြေးနေရသည်။

ဆီလီကာသူပုန်အဖွဲ့က နိုင်ငံ့အာဏာကို ရယူပြီးနောက်ပိုင်း လူ ၂၆,၀၀၀ နေထိုင်သော ယင်းမြို့ရှိ စာသင်ကျောင်း၊ အစိုးရရုံးနှင့် ကုလအေဂျင်စီရုံးတို့မှာ တစ်စစီဖြစ်နေသည်။

"ဒီမှာဘာတွေဖြစ်နေလဲဆိုတာကို နိုင်ငံတကာအသိုင်းအဝိုင်းက အာရုံစိုက်လာအောင် ကျွန်တော်တို့ လုပ်ဆောင်ပေးမယ်"ဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဌာန ဒုတိယအကြီးအကဲဗာလာရီအာမော့စ်က ဒေသခံများအား ပြောကြားသည်။

သူပုန်ခေါင်းဆောင် မိုက်ကယ်ဒီဂျိုတိုဒီယာ ဦးဆောင်၍ ကြားဖြတ်အစိုးရတက်လာပြီးနောက်ပိုင်း ၎င်း၏သေနတ်သမားများက လက်စားချေသတ်ဖြတ်ခြင်းနှင့် အခြားဆိုးရွားသော လုပ်ရပ်များကို ကျူးလွန်ခဲ့သည်။ နိုင်ငံအဝန်း ကျန်းမာရေးလုပ်ငန်းများ ပြိုလဲလုဖြစ်နေပြီး လုယက်တိုက်ခိုက်မှုများ နေ့စဉ်ဖြစ်ပေါ်နေသည်။

နယ်စည်းမထား ဆရာဝန်များအဖွဲ့ (MSF)ကလည်း နိုင်ငံတကာအသိုင်းအဝိုင်းက ယခင်ပြင်သစ်ကိုလိုနီဟောင်းကုန်းတွင်းပိတ်နိုင်ငံ၏ ပြဿနာများကို လျစ်လျူရှုထားသည်ဟု ယခုသီတင်းပတ်အတွင်း စွပ်စွဲထားသည်။

—*Ref: Reuters*

# ၅၅ ကာရက်ရှိစိန်ပွင့် အမေရိကန် သဘာဝသမိုင်းပြတိုက်တွင်ပြသ

**နယူးယောက်၊ဇူလိုင်-၁၂**

၁၉ ရာစုက ပေါ်ထွန်းခဲ့သော ၅၅ ကာရက်အလေးချိန်ရှိ ရွှေဝါးစိန်တစ်ပွင့်ကို နယူးယောက်မြို့ရှိ အမေရိကန်သဘာဝသမိုင်းပြတိုက်၌ ယာယီပြသထားသည်။

ကင်ဘာလေစိန်ဟု အမည်မှည့်ခေါ်ထားသော ယင်းစိန်ကို ၁၈၆၈ ခုနှစ်မတိုင်မီက တောင်အာဖရိကတိုက် ကင်ဘာလေမိုင်းတွင်းမှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ စတင်တွေ့ရှိချိန်က ၄၉၀ ကာရက်အလေးချိန်ရှိပြီး ၁၉၂၁ ခုနှစ်တွင် ၇၀ ကာရက်အရွယ်အစားအထိ သွေးလိုက်သည်။ ထို့နောက် ၁၉၅၈ ခုနှစ်တွင် ယခုအလေးချိန် ၅၅ ကာရက်အထိ ထပ်မံသွေးလိုက်ရာ အလွန်ရှန်းလဲ့တောက်ပပြီး အချိုးအစားကျနသော အခြေအနေထိ ရောက်ရှိလာသည်။

၅၅ ကာရက်အလေးချိန်ရှိ ရှိန်ပိန်ရောင် ထောင့်မှန်စတုဂံပုံစိန်သည် ၁ ဒသမ ၂၅ လက်မရှည်လျားပြီး လုံးဝနီးပါးအပြစ်အနာအဆာကင်းမဲ့သည့် စိန်ဖြစ်သည်ဟု ပြခန်းတာဝန်ခံ ဂျော့ဟာလိုးက ပြောကြားသည်။ ယင်းစိန်ကို ပိုင်ရှင်ဖြစ်သူ ဘရုအက်ဖ်စတာ့ထရက်စ်ထံမှ ခေတ္တခဏငှားရမ်းပြသထားခြင်းဖြစ်သည်။ —*Ref: AP*

# မားစ်ရောဂါပြန့်ပွားမှုကာကွယ်ရေး လိုက်နာရန်အချက်များ ဆော်ဒီအစိုးရက ဘုရားဖူးများအတွက်ထုတ်ပြန်

**မက္ကာ၊ဇူလိုင်-၁၃**

ဆော်ဒီအာရေဗျနိုင်ငံ မြို့တော်မက္ကာရှိဘာသာရေးအဆောက်အအုံများသို့ လာရောက်လည်ပတ်သော ဘုရားဖူးများသည် လူရှုပ်ထွေးသောနေရာများတွင် သွားလာရာ၌ ဆားစ်ရောဂါနှင့် အလားသဏ္ဌာန်တူသော မားစ်ရောဂါပြန့်ပွားမှုကို ကာကွယ်ရန်အတွက် မျက်နှာဖုံးအကာများ ဝတ်ဆင်သွားလာကြရန် တာဝန်ရှိသူများက မေတ္တာရပ်ခံထားသည်။

ဆော်ဒီကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကျန်းမာရေးအတွက် လိုက်နာရန် အချက်များတွင် အသက်အရွယ်ကြီးသူများ(သို့မဟုတ်)ရောဂါရှိနေသူများအနေဖြင့် ယခုကာလတွင် ၎င်းတို့၏ ဘုရားဖူးခရီးစဉ်များကို ရွှေ့ဆိုင်းရန် အကြံပြုထားသည်။ ဆော်ဒီတွင် မားစ်ရောဂါကြောင့် သေဆုံးသူဦးရေမှာ ၃၈ ဦးအထိ ရှိသွားပြီဖြစ်သည်။ မွတ်ဆလင်ဘာသာဝင် ဘုရားဖူးများသည် တစ်နှစ်လျှင် တစ်ကြိမ်ခန့် ဆော်ဒီရှိ အစ္စလာမ်ဘာသာရေး အထွတ်အမြတ်နေရာများတည်ရှိရာမက္ကာမြို့တော်သို့ လူဦးရေသန်းနှင့်ချီ၍ လာရောက်ပြီး ဘုရားဖူးလေ့ရှိသည်။ မက္ကာတွင် ယခုနှစ်အောက်တိုဘာ၌ ကမ္ဘာအဝန်းမှ ဘုရားဖူးခရီးသည် သန်းပေါင်းများစွာ လာရောက်မည်ဟု ခန့်မှန်းထားသည်။

ဆော်ဒီကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော သတိပေးချက်များတွင် ဘုရားဖူးများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းမှုများကို ဂရုစိုက်ရန်၊ နှာချေခြင်း၊ ချောင်းဆိုးခြင်းများဖြစ်ပါက တစ်ရှူးများ ဆောင်ထားရန်၊ လိုအပ်သော အခြားအချက်များကို ဂရုပြုရန် တိုက်တွန်းထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထုတ်ပြန်ချက်အရ လက်ရှိအချိန်အထိ တစ်ကမ္ဘာလုံးတွင် မားစ်ရောဂါကူးစက်မှုပေါင်း ၈၀ ခန့်ရှိပြီး ၄၄ ဦး သေဆုံးပြီဖြစ်သည်။

—*Ref: BBC*




7 DAY NEWS JOURNAL
Vol.12, No.19 • JULY 17 , 2013


# နှစ်သုံးဆယ်သက်တမ်းရှိနျူစက်ရုံပိတ်ပေးရန် ဂရင်းပိစ်အဖွဲ့ တောင်းဆို

**ပါရီ၊ ဇူလိုင်-၁၅**

သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေး(GreenPeace)မှအဖွဲ့ဝင် ၂၀ ကျော်သည် ပြင်သစ်နိုင်ငံတောင်ပိုင်း EDF နျူကလီးယားဓာတ်အားပေးစက်ရုံခြံစည်းရိုးအား ကျော်တက်၍ ယင်းစက်ရုံပိတ်ပစ်ရန် တောင်းဆိုခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်လှုံ့ဆော်ရေးအဖွဲ့ကပြောကြားသည်။

အနီရောင်ဝတ်စုံများနှင့် တက်ကြွလှုပ်ရှားသူများသည် နေဝင်ခါနီးအချိန်တွင် စက်ရုံအတွင်းဝင်ရောက်၍ အဝါရောင်နှင့် အနက်ရောင်ပိတ်စာတန်းကိုနံရံတစ်ခုတွင်ချိတ်ဆွဲခဲ့ပြီး ယင်းစာတန်း၌ သမ္မတဟော်လန်ဒီ၏ ဓာတ်ပုံနှင့်အတူ "နျူကလီးယား မတော်တဆမှုဘေးဒုက္ခသမ္မတဖြစ်ချင်သလား" ဟုမေးခွန်းထုတ်ထားသည်။

"ဒီလိုလုပ်ခြင်းအားဖြင့် ပြင်သစ်နိုင်ငံမှာ အန္တရာယ်အရှိဆုံး စက်ရုံငါးခုမှာ ပါဝင်တဲ့ အဲဒီစက်ရုံကို ပိတ်ပစ်ဖို့ရာ သမ္မတဟော်လန်ဒီကို သတင်းစကားပါးချင်တာပါ" ဟုပြင်သစ်နိုင်ငံ ဂရင်းပိစ်အဖွဲ့ နျူကလီးယားရေးရာတာဝန်ခံ ယန်းနစ်ရိုဆီလက်သည် ထုတ်ပြန်ချက်တွင်ဖော်ပြသည်။



PHILIPPE DESMAZES/AFP

*ပြင်သစ်နိုင်ငံအရှေ့တောင်ပိုင်း ပီရယ်လတ်မြို့မှ ထရီကတ်စတင် အရီဗာနျူစက်ရုံတွင် ဂရင်းပိစ်အဖွဲ့မှ တက်ကြွလှုပ်ရှားသူတစ်ဦးကို ဖမ်းချုပ်ရန် ကြိုးစားနေသော ပြင်သစ်ရဲများ*

EDF စက်ရုံမှပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးကမူ ဂရင်းပိစ်တက်ကြွလှုပ်ရှားသူများစက်ရုံ၏ ဓာတ်ပေါင်းဖိုအနီးရောက်ရှိသွားသည်ဆိုခြင်းကိုငြင်းဆိုပြီး လူပေါင်း ၁၇ဦးကို အခွင့်မရှိဘဲဝင်ရောက်မှုဖြင့် ဖမ်းဆီးခဲ့ကြောင်း ပြောကြားသည်။အခြားလူများမှာ လှေကားများနှင့် အဆောက်အအုံတန်းများတွင် တွယ်ကပ်နေကြသည်ဟု ၎င်းကပြောသည်။

EDF စက်ရုံသည် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ် ကတည်းက ဆောက်ထားပြီး အလွန်အန္တရာယ်များကြောင်း ဂရင်းပိစ်တက်ကြွလှုပ်ရှားသူများကပြောသည်။

—*Ref: Reuters*

# ဆီးရီးယား၌ ပျောက်ဆုံးနေသော သတင်းထောက်နှစ်ဦး အသက်ရှင်ဆဲဟု ပြင်သစ်ကာကွယ်ရေးဝန်ကြီးပြော

**ပါရီ၊ဇူလိုင်-၁၅**

ဧပြီလဆန်းက ဆီးရီးယားနိုင်ငံ၌ ပျောက်ဆုံးသွားသော ပြင်သစ်သတင်းထောက်နှစ်ဦးမှာ အသက်ရှင်ဆဲဖြစ်သည်ဟု ပြင်သစ်ကာကွယ်ရေးဝန်ကြီးက ဇူလိုင် ၁၄ ရက်တွင်ပြင်သစ်မီဒီယာအဖွဲ့အစည်းများအား ပြောကြားသည်။

Europe 1 ရေဒီယိုသတင်းထောက် ဒီဒါဖရန့်စစ်နှင့် တစ်သီးပုဂ္ဂလဓာတ်ပုံသတင်းထောက်အက်ဒက်အဲလစ်တို့သည် ဆီးရီးယားနိုင်ငံမြောက်ပိုင်း အလီပိုမြို့အနီး၌ ဧပြီလဆန်းပိုင်းတွင် ပြန်ပေးဆွဲခံရခြင်းကြောင့် ပျောက်ဆုံးသွားခြင်းဖြစ်သည်ဟုပြင်သစ် အာဏာပိုင်များက မှတ်ယူထားသည်။

ပြင်သစ် အာဏာပိုင်များသည် ၎င်းတို့နှစ်ဦး အသက်ရှင်သေးသည်ဟူသော သတင်းအစအနများ ရရှိထားကြောင်းနှင့် ၎င်းတို့လွတ်မြောက်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးက ပြင်သစ်မီဒီယာများနှင့် ပြုလုပ်သော အင်တာဗျူးတစ်ခု၌ ပြောကြားသည်။

အဆိုပါသတင်းထောက်နှစ်ဦး ပျောက်ဆုံးမှုကို ဇွန် ၇ ရက်က အတည်ပြုပေးခဲ့ပြီး ပျောက်ဆုံးရသည့် အသေးစိတ်အကြောင်းရင်းမှာမရှင်းလင်းသော်လည်းပြန်ပေးဆွဲခံရခြင်းဖြစ်သည်ဟု ကောက်ချက်ချထားကြသည်။ အဆိုပါသတင်းထောက်နှစ်ဦး လွတ်မြောက်ရေးအတွက်ထင်ရှားသော ပြင်သစ်သတင်းထောက် ဖလောရန့်အက်ဘန်နက် ဦးဆောင်သော ထောက်ပံ့ရေးကော်မတီတစ်ခုကို ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း Europe 1 သတင်းဌာနက ပြောကြားသည်။

—*Ref:AFP*

နောက်ကျောဖုံး မှ

## ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေး ရွေးကောက်ပွဲ ထပ်မံအနိုင်ရရန် အလားအလာကောင်း

ဂျပန်နိုင်ငံ၏အဓိကအတိုက်အခံပါတီဖြစ်သော ဂျပန် ဒီမိုကရက်တစ်ပါတီ (DPJ)အား မဲပေးလိုသူများမှာ စစ်တမ်းကောက်ယူမှုကို ပြန်လည်ဖြေကြားခဲ့သူ ၈ ရာခိုင်နှုန်းတွင် ၇ ရာခိုင်နှုန်းရှိပြီး ၎င်းတို့အနက် သုံးပုံတစ်ပုံခန့်မှာ မည်သည့်ပါတီကိုမှမထောက်ခံကြပေ။

ရှင်ဇိုအာဘေး(၅၈)နှစ် ဦးဆောင်သော LDP ပါတီသည် ၂၀၁၂ဒီဇင်ဘာလအတွင်းကျင်းပခဲ့သော ရွေးကောက်ပွဲတွင် ဩဇာအာဏာကြီးသော အောက်လွှတ်တော်ကို သိမ်းပိုက်နိုင်ခဲ့ပြီး ရှင်ဇိုအာဘေးသည်လည်း ဝန်ကြီးချုပ်အဖြစ်ဒုတိယအကြိမ်တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့သည်။

အကယ်၍ ယခုအထက်လွှတ်တော်ရွေးကောက်ပွဲတွင် အာဘေး၏ LDP ပါတီသာ အနိုင်ရရှိခဲ့ပါက အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ကို ဆန့်ကျင်ဘက်ပါတီတစ်ခုချင်းစီက ချုပ်ကိုင်ထားမှု ခြောက်နှစ်တာကာလ အဆုံးသတ်သွားစေမည်ဖြစ်သည်။

—*Ref: Reuters*

နောက်ကျောဖုံး မှ

## စစ်ဘက်ဆိုင်ရာ သတင်းပေါက်ကြားမှုများ ကာကွယ်ရန် တောင်ကိုရီးယားကာကွယ်ရေး ဝန်ထမ်းများ စမတ်ဖုန်းတွင် အက်ပလီကေးရှင်း ထည့်သွင်းရ

အတည်ပြုပြောကြားသည်။ ယင်း Application သည် ကင်မရာနှင့် အသံဖမ်းယူမှုများ အသုံးပြုခြင်းကို တားဆီးပြီး စမတ်ဖုန်းများမှတစ်ဆင့် သတင်းပေါက်ကြားမှုကို ကာကွယ်နိုင်ပြီး ပြင်ပမှ လူများ ကာကွယ်ရေးဝန်ကြီးဌာန အာဏာပိုင်များ၏ ကိရိယာများထဲသို့ ခိုး၍ဝင်ရောက်ခြင်းကို တားဆီးနိုင်ကြောင်း ကာကွယ်ရေး ဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်ကင်မင်ဆူးက သတင်းထောက်များအား ပြောသည်။

ယင်း Application ကို ယခုအခါကာကွယ်ရေးဝန်ကြီးဌာန ရုံးဝင်းအတွင်းတွင်သာ သုံးစွဲပြီး နောင်တွင် တောင်ကိုရီးယားစစ်သားအားလုံး ထည့်သွင်းရမည်ဖြစ်ကြောင်း အာဏာပိုင်များကပြောသည်။ ယင်း Application တွင် သုံးစွဲ မှု ဆိုင်ရာ အပြစ်အနာအဆာတစ်ခုဖြစ်ပေါ်ခဲ့ပြီး နောက်တွင်လည်း အဆင့်မြှင့်တင်ပေးရန် အာဏာပိုင်များက ကတိပြုခဲ့သည်။

—*Ref: AFP*

နောက်ကျောဖုံး မှ

## ဟစ်တလာပုံပန်းချီရေးဆွဲမိ၍ ထိုင်းတက္ကသိုလ်တောင်းပန်

Simon Wisenthal စင်တာ၏ ဂျူးလူ့အခွင့်အရေးလှုပ်ရှားသူတစ်ဦးက လူမျိုးတုံးသတ်ဖြတ်သူ ဟစ်တလာသည် ထိုင်းလူငယ်များအတွက် စံပြပုဂ္ဂိုလ်တစ်ဦးဖြစ်နေပါသလားဟူ၍ မေးခွန်းထုတ်ခဲ့သည်။ ထိုင်းနိုင်ငံ၏ အဆင့်မြင့်တက္ကသိုလ်တစ်ခု၌ ကမ္ဘာကျော်လူသတ်သမားအား ယခုကဲ့သို့ အများပြည်သူသိဖော်ပြခြင်းအတွက် စိတ်ပျက်မိသည်ဟု ၎င်းကပြောကြားသည်။

ထိုင်းနိုင်ငံရှိ ကျောင်းအချို့တွင်လည်း ၂၀၀၇ နှင့် ၂၀၁၁ ခုနှစ်များတွင် နာဇီတပ်သားများ၏ စစ်ရေးပြလမ်းလျှောက်ဟန်များနှင့် နာဇီယူနီဖောင်း ဝတ်ဆင်ခြင်းများပြုလုပ်ခဲ့သောကြောင့် တောင်းပန်မှုများပြုလုပ်ခဲ့ရသည်ဟုသိရသည်။

—*Ref: AFP*

နောက်ကျောဖုံး မှ

## အီရန်အပေါ် ကန်အရေးယူမှုမတိုင်မီ လုပ်ရှားရဖွယ်ရှိဟုအစ္စရေးပြောကြား

ထို့အပြင်မစ္စတာနေတန်ညာဟုကဝါရှင်တန်ထက်စာပါက အစ္စရေးအတွက် အချိန်ဇယားတိုတောင်းကြောင်းနှင့် အီရန်၏ အငြင်းပွားဖွယ်နျူအစီအစဉ်ကို ရပ်တန့်ရေး တစ်ကိုယ်တော်လုပ်ဆောင်သွားရဖွယ်ရှိကြောင်း ၎င်းကပြောသည်။

"ကျွန်တော်တို့နာရီတွေဟာ အမေရိကန်နဲ့ မတူတဲ့နှုန်းနဲ့ သွားနေတယ်။ အမေရိကန်ထက် ကျွန်တော်တို့က ပိုနီးတယ်။ အန္တရာယ်ပိုများတယ်။ ဒါကြောင့်လည်း အီရန်ကို ဘယ်လိုရပ်တန့်မလဲဆိုတာ ကျွန်တော်တို့ဖြေရှင်းရတယ်။အမေရိကန်မကိုင်တွယ်မီမှာ လုပ်ဆောင်ရနိုင်တယ်"ဟု မစ္စတာနေတန်ညာဟုကပြောကြားသည်။

ထို့အပြင် အီရန်၏ နျူကလီးယားပေါ်လစီမှာသမ္မတသစ်လက်ထက်တွင်လည်း ပြောင်းလဲသွားဖွယ်မရှိကြောင်း ဩဂုတ် ၃ရက်တွင် အာဏာရယူမည့် အီရန်နျူကလီးယားညှိနှိုင်းရေးမှူးဟောင်းနှင့် ရွေးကောက်ခံသမ္မတဟတ်ဆန်ရိုဟာနီအား ရည်ညွှန်းပြောကြားသည်။ အီရန်သမ္မတသစ်သည် ရှေ့တွင်ပြုံးနေသော်လည်း နောက်ကွယ်တွင်ဗုံးထုတ်လုပ်မည်သာဖြစ်ကြောင်းနေတန်ညာဟုကပြောကြားသည်။

—Ref: AFP

ဝိဘဝတီ HOSPITAL โรงพยาบาลวิภาวดี
www.vibhavadimyanmar.com
JCI အသိအမှတ်ပြု နိုင်ငံတကာအဆင့်မီ ဝိဘဝတီဆေးရုံကြီး (ထိုင်းနိုင်ငံ ၊ ဘန်ကောက်မြို့)
မီးယပ်သားဖွားဆိုင်ရာ နှင့် သားသမီးရရှိစေရန် အထူးဆောင်ရွက်ကုသပေးမှု (IVF) ဌာနတို့မှ ကုသအောင်မြင်မှုနှုန်း ပျမ်းမျှ ၆၃ % ရရှိထားသော IVF procedure ၊ IUI ၊ PESA ကုထုံးများဖြင့်
• မမွေးဖွားမီ ကလေး၏ ကရိုမိုဆုန်းဆိုင်ရာရောဂါများ ကြိုတင်စစ်ဆေးခြင်း
• သားအိမ်ထုတ်ခြင်း ၊ သားဥအိမ်ထုတ်ခြင်း ၊ သားအိမ်အတွင်းရှိ အလုံးထုတ်ခြင်း နှင့် . . .
• သားသမီးရရှိရေးအတွက် လိုအပ်သောခွဲစိတ်ကုသမှုများအား ခေတ်မီမှန်ပြောင်းသုံး လေဆာစက်များဖြင့် အနုစိတ်ခွဲစိတ် ကုသပေးခြင်း
• အမျိုးသမီးရောဂါဆိုင်ရာ ကင်ဆာရောဂါအမျိုးမျိုးကို အထူးကုသပေးခြင်း • အသက် ၃၉ နှစ်အောက်အမျိုးသမီးများ သားကြောဖြတ်ထားခြင်းအား သားသမီးရရှိစေရန် သားကြောပြန်ဆက်ပေးခြင်းတို့ကို အောင်မြင်စွာ ကုသပေးလျက်ရှိပါသည်။
မြန်မာပြည် ရုံးချုပ် ။ ။ အမှတ် (၂၁၄- ပထပ်-ညာ) ၊ ဝေဇယန္တာလမ်းမကြီး ၊ သင်္ဃန်းကျွန်းမြို့နယ် ၊ ရန်ကုန်မြို့။ Ph/ Fax: ၀၉-၇၃၁-၃၈၀၅၃ ၊
Hot line: ၀၉-၂၀၁၁-၇၇၂၊ ၀၉-၇၃၁-၆၅၀၄၅ vibhavadimyanmar@gmail.com မြစ်ကြီးနား ကိုယ်စားလှယ် - မနိလာကျော် - Ph: ၀၉-၂၄၀-၂၁၄၃



အိမ်ထောင်ရေးသုခပြည့်စုံပြီး အောင်မြင်သောမိသားစုဘဝ ပိုင်ဆိုင်စေဖို့ Top-Roll (တော့ပ်ရိုး) သောက်ကြစို့ ...
Korean Ginseng
Multivitamins & Minerals
Top-Roll
Soft Caps.
အိမ်ထောင်ရှင်များအတွက်
ခွန်အားပြည့်ကိုရီးယားဂျင်ဆင်းအားဆေး
100 mg
Top-Roll
DAE HWA PHARM.CO.,LTD.
MARKETED BY:
AA MEDICAL PRODUCTS LTD.
TEL : (01) 249590, 2-3/ 391644-50




CHILDREN'S
TYLENOL®
paracetamol
160 mg/5 ml
ကမ္ဘာ့အဆင့်၊
အမေရိကန်တွင် အရောင်းရဆုံး ...
မိခင်တိုင်း ယုံကြည်အားထားရတဲ့
အကောင်းဆုံး တိုင်လီနော® ကလေးများနာ အမြန်ပျောက်ဆေးရည်
TYLENOL
paracetamol
SUSPENSION
For relief of children's fever and pain
60 ml
janssen
MYAN Reg. No. R1705A9508

International
Vol.12, No.19 • JULY 17 , 2013

## အီရန်အပေါ် ကန့်အရေးယူမှု မတိုင်မီ လုပ်ရှားရဖွယ်ရှိဟု အစ္စရေး ပြောကြား

**ဝါရှင်တန်**- အီရန်နိုင်ငံသည် နျူးကလီးယားလက်နက်ထုတ်လုပ်ရန်ပို၍ နီးစပ်လာကြောင်းနှင့် အစ္စရေးနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံက အရေးယူမှုမတိုင်မီ စတင်လှုပ်ရှားရဖွယ်ရှိသည်ဟု အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ညာဟု ကစီဘီအက်စ်သတင်းဌာန၏ Face The Nation အစီအစဉ်တွင် ပြောကြားသည်။

"သူတို့ဟာ အနီရောင်မျဉ်းနား တဖြည်းဖြည်းတိုးကပ်လာပါတယ်။ မျဉ်းကို ကျော်တော့မကျော်သေးပါဘူး"ဟု နေတန်ညာဟုက ပြောကြားပြီး "သူတို့ဟာ ဗုံးထုတ်လုပ်ဖို့ပိုပြီး နီးစပ်လာတယ်။ အဲဒီအတွက် ဒီလိုဖြစ်ခွင့်ပေးမှာမဟုတ်ဘူးဆိုတာကို ရှင်းရှင်းလင်းလင်း ပြောထားရပါမယ်"ဟုဆက်ပြောသည်။ စာမျက်နှာ ၄၆ ››



YOSHIKAZU TSUNO/AFP

*တိုကျိုရှိ Ci:Z Labo ဖြူတီဆလွန်းတွင် အလှပြုပြင်နည်းသစ်တစ်ခုကို သရုပ်ပြသည့်အနေဖြင့် မျက်နှာတွင် ပက်ကျိုများတင်၍ နမူနာပြသနေသော အမျိုးသမီးတစ်ဦး။ အဆိုပါဖြူတီဆလွန်းပိုင်ရှင် မနာမီတက်ကာမူရာက ပက်ကျိုများမှ ထွက်ရှိသော အကျိအချွဲများသည် မျက်နှာရှိ အစက်အပြောက်များ၊ နေလောင်ဒဏ်များကို ကုသနိုင်သည်ဟု ဆိုသည်။*

## ဟစ်တလာပုံ ပန်းချီရေးဆွဲမိ၍ ထိုင်းတက္ကသိုလ် တောင်းပန်

**ဘန်ကောက်၊ ဇူလိုင်-၁၅**

ထိုင်းနိုင်ငံ၏နာမည်ကြီးတက္ကသိုလ်တစ်ခုမှ ကျောင်းသားများက ဘွဲ့နှင်းသဘင်ကျင်းပပွဲများအတွက် အာဇာနည်သူရဲကောင်းများအကြောင်း ဖော်ပြသော ပိုစတာတစ်ခုတွင် အဒေါ့ဖ်ဟစ်တလာပုံ ပန်းချီကားတစ်ကား ဖန်တီးရေးဆွဲလိုက်သောကြောင့် ယင်းတက္ကသိုလ်တာဝန်ရှိသူများက ဇူလိုင် ၁၅ ရက်တွင် တောင်းပန်စကားပြောကြားသည်။



GETTY IMAGES

ဘန်ကောက်မြို့ Chulalongkorn တက္ကသိုလ်တာဝန်ရှိသူများက ပြီးခဲ့သော သီတင်းပတ်တွင် စူပါမင်း၊ လင်းနို့လူသား၊ လူသန်ကြီးဟော့တို့နှင့်အတူ ရေးဆွဲဖော်ပြသော နာဇီခေါင်းဆောင် ဟစ်တလာ၏ ပန်းချီကားနှင့်ပတ်သက်၍ တောင်းပန်စကားပြောကြားပြီး နောင်တရမိသည်ဟု ပြောကြားခဲ့သည်။

ယင်းတက္ကသိုလ်၏ ရေးဆွဲဖော်ပြချက်ကို အပြစ်တင်သော အမေရိကန် Simon Wiesenthal စင်တာသို့ ဟစ်တလာပုံ ရေးဆွဲဖော်ပြချက်သည် ကျောင်းသားများ၏ သတိပေါ့ဆမှုသာဖြစ်ကြောင်းနှင့် နောင်အခါ ယင်းကဲ့သို့ အမှားများ မကျူးလွန်မိစေရန် သတိပေးပြီးဖြစ်ကြောင်း ထိုင်းတက္ကသိုလ်က အမေရိကန် SW စင်တာသို့တောင်းပန်စာရေးသားခဲ့သည်။

စာမျက်နှာ ၄၆ ››

## ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေး ရွေးကောက်ပွဲ ထပ်မံအနိုင်ရရန် အလားအလာကောင်း

**တိုကျို၊ ဇူလိုင်-၁၅**

ဇူလိုင် ၁၅ ရက်တွင် မဲပေးရလဒ်များ မထွက်ပေါ်မီ နောက်ဆုံးစစ်တမ်းကောက်ယူမှုများအရ ဇူလိုင် ၁၄ ရက်က ကျင်းပခဲ့သည့် အထက်လွှတ်တော်ရွေးကောက်ပွဲတွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ အာဏာရပါတီသည် အနိုင်ရနိုင်သော အခြေအနေတွင် ရှိနေဆဲဖြစ်သည်။

မစ္စတာအာဘေး၏ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP) အား ထောက်ခံမှုသည် အခြားသော ပါတီများထောက်ခံခြင်းထက် များစွာသာလွန်ကြောင်း ယင်း စစ်တမ်းကောက်ယူမှုများအရ သိရသည်။



ဇူလိုင် ၁၃ နှင့် ၁၄ ရက် မဲပေးသူများ၏ ကြိုက်နှစ်သက်မှုကို အဆာဟိနှင့် မိုင်နီချီ နေ့စဉ်သတင်းစာတို့က ထုတ်ပြန်ရာတွင် LDP ပါတီအား မဲပေးလိုသူများ အရေအတွက်သည် ၃၇ ရာခိုင်နှုန်းမှ ၄၃ ရာခိုင်နှုန်းအထိရှိကြောင်း ပြသနေသည်။ စာမျက်နှာ ၄၆ ››

## စစ်ဘက်ဆိုင်ရာ သတင်းပေါက်ကြားမှုများ ကာကွယ်ရန် တောင်ကိုရီးယားကာကွယ်ရေးဝန်ထမ်းများ စမတ်ဖုန်းတွင် အက်ပလီကေးရှင်း ထည့်သွင်းရမည်

**ဆိုးလ်၊ ဇူလိုင်-၁၅**

စစ်ဘက်ဆိုင်ရာ သတင်းပေါက်ကြားမှုများမှ ကာကွယ်ရန် ကင်မရာများကဲ့သို့ အဓိကကျသော လုပ်ဆောင်ချက်များကို တားမြစ်သည့် စမတ်ဖုန်း Application များထည့်သွင်းကြရန် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ဝန်ထမ်းများအား ဇူလိုင် ၁၅ ရက်တွင် အမိန့်ချမှတ်လိုက်သည်။

ဇူလိုင် ၁၅ ရက်မှစ၍ မိုဘိုင်းဖုန်းစီမံခန့်ခွဲမှုကိရိယာဟုခေါ်သော ယင်း Application ထည့်သွင်းထားခြင်းမရှိဘဲ ဝန်ထမ်း ၁၅၀၀ ကို ၎င်းတို့၏ စမတ်ဖုန်းများအား ရုံးခန်းများအတွင်းသို့ ယူ ဆောင်ခွင့်မပြုတော့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းကဲ့သို့ အမိန့်ချမှတ်လိုက်ပြီး နောက် ဇူလိုင် ၁၅ ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်း ၂၀ ရာခိုင်နှုန်းသည် ယင်း Application ထည့်သွင်းထားခြင်းမရှိသောကြောင့် အဝင်ဝတွင် ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းခဲ့ကြရကြောင်း အာဏာပိုင်များကပြောသည်။

ပုဂ္ဂလိကရေးသတင်းပေါက်ကြားမှုကို စိုးရိမ်သည့် ဝန်ထမ်းအနည်းငယ်ခန့်က ယင်း Application ထည့်သွင်းရန် ငြင်းဆန်ခဲ့ကြောင်း ယွန်ဟပ်သတင်းဌာန၏ ဖော်ပြချက်ကို ကာကွယ်ရေးဝန်ကြီးဌာနက စာမျက်နှာ ၄၆ ››

